# စိတြ္တအဂ္ဂ

နှင်းဇေကာရီ




www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အံ့ဖွယ်နိဒါန်း

ပျောက်ဆုံးသူ

မသေသေးပင်

မသင်္ကာဖွယ်လူရိပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## အံ့ဖွယ်နိဒါန်း

တစ်နေ့သ၌ ...

ကျွန်ုပ်နေထိုင်ရာ ရန်ကုန်မြို့ ဗားကရာချောက်အနီးမှ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသို့ စာပို့သမားသည် ရောက်ရှိလာပြီး ပါဆယ်ထုပ်တစ်ထုပ်ကို ပေးအပ်လေသည်။

ကျွန်ုပ်လည်း ယင်းပါဆယ်ထုပ်ကို ဖောက်လိုက်လေလျှင် စာရွက်တစ်ရွက်နှင့်အတူ ညီညာသေသပ်သော လက်ရေးဖြင့် အင်္ဂလိပ်လို ရေးသားထားသော ဖူးစကတ်စာရွက်တစ်ထပ်ကို တွေ့ရလေသည်။

အဆိုပါ ဖူးစကတ်စာရွက်များကို အနှောင့်တစ်ဖက်၌



www.burmeseclassic.com

www.burmeseclassic.com



ဘန်ချည်ကြိုးဖြင့် သပ်ရပ်စွာချုပ်ထားပြီး အပေါ်ဆုံးစာမျက်နှာပေါ်တွင် ခဲတံအနီဖြင့် Snow Queen's Story ဟူ၍ အင်္ဂလိပ်ပန်းစာလုံးများ အသုံးပြုကာ လှပစွာ ရေးထိုးထားလေသည်။

"အင်း ... နှင်းဘုရင်မရဲ့အကြောင်းဆိုပါလား၊ ဘယ်လိုလူကများ ဒါတွေရေးပို့လိုက်ပါလိမ့်၊ အင်္ဂလိပ်စာလက်ရေးလက်သား ကြည့်ရတာကတော့ ပညာတတ်ထဲက ဖြစ်ပုံရတယ်"

ကျွန်ုပ်လည်း ဇဝေဇဝါအတွေးဖြင့် စာရွက်ခေါက်လေးကို ဖွင့်ဖတ်လိုက်လေသည်။

စာမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါ၏။

ဆရာအဂ္ဂဝဏ္ဏခင်ဗျား -

ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ် စွန့်စားခန်းဝတ္ထုရေးဆရာများထဲက ဆရာအဂ္ဂဝဏ္ဏ ရေးသားတဲ့ဝတ္ထုတချို့ကို ဖတ်မိရာမှ ဆရာတို့လို ဂမ္ဘီရစာရေးဆရာတွေ စိတ်ဝင်စားမှာ ကေန်ကျိန်းသေ သေချာလှတဲ့ ကျွန်တော့်ရဲ့ ကိုယ်တွေ့ဖြစ်ရပ်တို့ကို ဖြစ်ရပ်အမှန်အတိုင်း အပိုအလိုမရှိ၊ အပိုချဲ့ကားခြင်း၊ လျှို့ဝှက်ထိမ်ချန်ထားခြင်းမရှိဘဲ ရေးသားပေးပို့လိုက်ရပါတယ်။

ကျွန်တော် တွေ့ကြုံခံစားခဲ့ရတဲ့ လွန်စွာကြောက်မက်အံ့သြဖွယ်ဖြစ်ရပ်များဟာ တကယ်ဖြစ်ခဲ့တာတွေပါ ဆရာ။





အဲဒီဖြစ်ရပ်တွေကို ဆရာ့အနေနဲ့ ဝတ္ထုအဖြစ် ပြန်လည်ရေးသားလိုပါကလည်း ရေးသားနိုင်ပါတယ် ဆရာ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ မယုံနိုင်ဖွယ်ဖြစ်ရပ်များဟာ ဆရာ့ရဲ့ဝတ္ထုရေးသားခြင်းလုပ်ငန်းမှာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပြီး ကျွန်တော့်ရဲ့ မှတ်တမ်းစာအုပ်ကို ပေးပို့လိုက်ရခြင်း ဖြစ်ပါတယ် ဆရာ။

လေးစားလျက်

ဒေါက်တာရန်နိုင်စိုး (K.S.M)

ရိက္ခာတော်ရသစ်တောမင်းကြီးချုပ်

ပေးပို့သူ၏အမည်နှင့် အဆင့်အတန်းကို ဖတ်လိုက်မိသည်တွင် ကျွန်ုပ်မှာ လွန်စွာ အံ့သြသွားရတော့၏။

အဲဒီအငြိမ်းစားသစ်တောမင်းကြီးချုပ်မှာ ဗြိတိသျှအစိုးရလက်ထက်တွင် ရုက္ခဗေဒဆိုင်ရာဘက်၌ လွန်စွာ ကျော်ကြားထင်ရှားသော ပညာရှင်ကြီးဖြစ်ရာ ယင်းသို့သော လူကြီးလူကောင်းပုဂ္ဂိုလ်မျိုး ရေးထိုးမှတ်တမ်းတင်ထားသည့် ဖြစ်ရပ်တို့မှာ ကေန်အစစ်အမှန် ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များဖြစ်ကြောင်း ယုံမှားသံသယဝင်စရာမရှိဟု ကျွန်ုပ် ယုံကြည်မိတော့၏။

သို့ဖြင့် မြန်မာနိုင်ငံ၏ရုက္ခဗေဒပညာရပ်ဘက်တွင် နေလို



www.burmeseclassic.com

www.burmeseclassic.com



လလိုထင်ရှားကျော်ကြားလှသည့် ရက္ခဗေဒပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ရ ဒေါက်တာရန်နိုင်စိုး၏ မှတ်တမ်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုကြည့်မိပါတော့၏။

ယင်းမှတ်တမ်းစာအုပ်ကိုဖတ်ရှုပြီးသည့်အခါမှာမူ ကျွန်ုပ်တို့ စာရေးသူများ၏ စိတ်ကူးစိတ်သန်းဖြင့် စိတ်ကူးဉာဏ် ထုတ်ကာ ရေးသားသည့် စိတ်ကူးယဉ်ဝတ္ထုများထက် အချို့သော တကယ့်ဖြစ်ရပ်တို့မှာ များစွာ ပိုမိုဆန်းကြယ်လှကြောင်း ကျွန်ုပ် လက်ခံလိုက်ရတော့၏။

သူ၏မှတ်တမ်းကို ဖတ်ရှုရသည့်အခါမှာလည်း အံ့ဩ တုန်လှုပ်ခြင်း အဖျှတရသ၊ ထိတ်လန့်ချောက်ချားခြင်း ဘယာနက ရသတို့ကို ရင်တဖိုဖို အသည်းတအေးအေးဖြင့် ခံစားရသလို ကြည်နူးနှစ်သက်ခြင်း သိင်္ဂါရရသနှင့် ကျေနပ်ဘဝင်ကျခြင်း သန္တရသတို့ကိုပါ တသိမ့်သိမ့် ခံစားရပါသည်။

ကျွန်ုပ်ကဲ့သို့ စာဖတ်သူများလည်း အပြည့်အဝ ခံစားနိုင်ကြစေရန် ရည်သန်လျက် နေ့စဉ်မှတ်တမ်းဆန်ဆန် ရေးသားမှတ်တမ်းတင်ထားသည့် ဒေါက်တာရန်နိုင်စိုး၏ Snow Queen's Story ဟူသော ဖြစ်ရပ်မှန် ထူးခြားဖြစ်စဉ်များကို အခြေခံကာ ရသဝတ္ထုအသွင်ဖြင့် ရေးဖွဲ့တင်ဆက်လိုက်ရပါကြောင်း။

**စာရေးသူ**



## ပျောက်ဆုံးသူ

ကျွန်ုပ်သည် ရန်ကုန်ကောလိပ်ကျောင်းမှ ဘီ–အက်စ်–စီတန်းအောင်မြင်ပြီးနောက် ကွယ်လွန်သွားပြီးဖြစ်သည့် ကျွန်ုပ်၏ မိဘများထားရစ်ခဲ့သော အမွေအနှစ်ငွေတို့ကိုအသုံးချကာ အိန္ဒိယပြည် (Dehra dun) ဒါရာဒွန်းမြို့ရှိ တက္ကသိုလ်၌ သစ်တောပညာရပ်တို့ကို ဆက်လက် ဆည်းပူးသင်ယူခဲ့လေသည်။

ကျွန်ုပ်သည် ပင်ကိုဗီဇအရ သစ်ပင် သစ်တောတို့နှင့် ပတ်သက်၍ လွန်စွာ စိတ်ဝင်စား ဝါသနာပါသူဖြစ်ရကား ယင်း တက္ကသိုလ်မှာပင် မဟာဘွဲ့ရပြီးနောက် မတင်းတိမ်နိုင်သေးဘဲ ပါရဂူတန်းကိုပါ ဆက်လက်တက်ရောက်ခဲ့လေသည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းတက္ကသိုလ်မှ ရုက္ခဗေဒဆိုင်ရာ ပါရဂူတန်းတွင် တက်ရောက်သင်ကြားနေသူတို့မှာ ကျွန်ုပ်အပါအဝင် သင်တန်းသားသုံးဦးသာရှိလေသည်။

တစ်ဦးမှာ အိန္ဒိယလူမျိုး မဟာရာဇာတစ်ဦး၏တူဖြစ်သူ ချန္ဒရာဒမ်ဖြစ်ပြီး နောက်တစ်ဦးမှာ တိဗက်လူငယ်တစ်ဦးဖြစ်သူ ဆာဝါပင် ဖြစ်ပါ၏။

သူတို့နှစ်ဦးစလုံးမှာ ရုက္ခဗေဒဆိုင်ရာပညာရပ်တွင် လွန်စွာ ထူးချွန်သူများဖြစ်ပြီး ထိုဘာသာရပ်အပေါ် စိတ်ဝင်စားဝါသနာပါမှုမှာလည်း ကျွန်ုပ်ထက်သာချင်သာမည် ယုတ်လျော့ခြင်းမှု မရှိကြချေ။

ဆိုရလျှင် တော်ရုံဖွဲ့သတ္တိ ဝါသနာဖြင့် မတက်ရောက်နိုင်သည့် ရုက္ခဗေဒဆိုင်ရာ သုတေသနတန်းကို တက်ရောက်လျက်ရှိသော ကျွန်ုပ်တို့သုံးဦးစလုံးမှာ သစ်ပင်တို့ကို သက်ရှိလူသားများနှယ် ခင်တွယ်သံယောဇဉ်ရှိသူများ ဖြစ်ကြပေ၏။

တက္ကသိုလ်အဓိပတိနှင့် အဖွဲ့ထံ ပါရဂူဘွဲ့ယူ စာတမ်းများ ရေးဖွဲ့တင်သွင်းရမည့် ကျွန်ုပ်တို့ကျောင်းသားသုံးဦးအား အနီးကပ်ကြီးကြပ်လမ်းညွှန်မှုများပေးရန် တက္ကသိုလ်အာဏာပိုင်တို့မှ တာဝန်ပေးအပ်ထားသည့် ကျွန်ုပ်တို့၏ဆရာ မစ္စတာ





ဂူလစ်ရမ်မှာလည်း သဘောကောင်းပြီး သစ်ပင်တို့ကို သက်ရှိများနှယ် သဘောထားသူဖြစ်ပေ၏။

သို့ဖြင့် အတွဲညီ ဝါသနာတူလှသည့် ကျွန်ုပ်တို့ဆရာတပည့်လေးယောက်မှာ သုတေသနလုပ်ငန်းအတွက် အိန္ဒိယမြောက်ပိုင်းရှိ ဟိမဝန္တာတောင်တန်းကြီးပေါ် တက်ရောက်ကာ ထူးခြားလှသည့် သစ်ပင်သစ်တောတို့ကို ပျော်ပျော်ကြီး လေ့လာလျက် ရှိကြတော့၏။

ကထိက မစ္စတာဂူလစ်ရမ် ဦးဆောင်သည့် ကျွန်ုပ်တို့သုတေသနအဖွဲ့သည် ပေတစ်သောင်းကျော်မြင့်မားသော ဟိမဝန္တာရေခဲဖုံးတောင်တန်းများဆီသို့ စာသင်နှစ် နောက်ဆုံးနှစ်တွင် နှစ်ကြိမ် တက်ရောက်ကာ သုတေသနပြုကြရာ ဒုတိယအကြိမ် ၁၅–ရက်ကြာခန့် တက်ရောက်သည်တွင် ထူးခြားသောအဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါ၏။

ယင်းထူးခြားသည့်အဖြစ်အပျက်သည်ကား ကျွန်ုပ်၏ အတန်းဖော်သူငယ်ချင်း တိဗက်ကလေး ဆာဝါတစ်ယောက် နှင်းဖုံးတောင်တန်း သစ်တောအုပ်များအကြား သစ်ပင်သစ်တောတို့ကို စူးစမ်းလေ့လာရင်း သုံးရက်ကြာ ပျောက်ဆုံးသွားခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ကျွန်ုပ်တို့နှင့်အတူပါလာသော အထမ်းသမားများ လမ်းပြနှင့် ကထိကဆရာတို့မှာ တောင်စွယ်တစ်ခုအောက်၌ ရွက်ဖျင်တဲများထိုးထားသည့် ယာယီစခန်းတွင် ရှိနေကြစဉ် ကျွန်ုပ်တို့ကျောင်းသားသုံးဦးသည် စခန်းနှင့် မနီးမဝေးရှိ နှင်းဆွတ်သစ်တောအုပ်အစပ်၌ ရေခဲမှိုပင်များကို လေ့လာစူးစမ်းလျက် ရှိခဲ့လေ၏။

ကျွန်ုပ်တို့ကျောင်းသားသုံးဦးသည် စိတ်ဝင်စားစွာ လေ့လာ ကြည့်ရှုကြရင်း လူချင်းကွဲသွားကြသလို ကြည်လင်တောက်ပလျက်ရှိသည့် နေရောင်ညှိုးမှိန်ကျသွားသည်ကို သတိမပြုလိုက်မိကြချေ။

နေရောင်ခြည်ကား ဟိုတစ်ကွက် သည်တစ်ကွက် ပြန်လင်းလာရာ ဝန်းကျင်၏သဘာဝပြောင်းလဲမှုကို ကျွန်ုပ် သတိမပြုမိချေ။

တကယ်တော့ နှင်းရိပ်ဆီးတိမ်တို့သည် ရေခဲဖုံးတောင်ထွတ်အဖျားတို့မှ တလိပ်လိပ် လိမ့်ဆင်းလာလျက် ရှိချေပြီ။

သို့သော် ခဏအကြာမှာပင် တဝေါဝေါမြည်ဟည်းကာ နှင်းခဲနှင်းဖတ်၊ နှင်းလုံးဆီးခဲများ လွင့်ပါလာသည့် လေပြင်းတို့ တိုက်ခတ်လာလေရာ ကျွန်ုပ်မှာ ထိုအခါမှ နှင်းမုန်တိုင်းကြီး





ကျတော့မည်ကို သတိပြုမိပြီး တူးဆွ စူးစမ်းနေသော မှိုကျင်းထဲမှ ကပျာကသီ တက်လာမိတော့၏။

ယင်းအချိန်တွင် ကျွန်ုပ်၏ပတ်ဝန်းကျင်ပတ်လည်၌ ရှိနေသည့် ရေခဲတောင်တန်းတောင်ထွတ်တို့နှင့် ကျွန်ုပ်၏အကြားတွင် နှင်းမည်းဆီးတိမ်များ တရိပ်ရိပ် ပြေးဝင်လာကြရာ နေရောင်ခြည်သည်လည်း လုံးဝ ဆုတ်ယုတ်ပျောက်ကွယ်သွားပြီ ဖြစ်ပါ၏။

'ဝေါ ဝေါ ဝေါ'

ကြောက်မက်ဖွယ် အော်မြည်သံကြီးနှင့် နှင်းမုန်တိုင်းမှာ တရကြမ်း ပြေးဝင်လာတော့ရာ ကျွန်ုပ်သည် နီးရာတောင်ကမ်းပါးလေကွယ်ရာသို့ ကသောကမျော ပြေးဝင်ရလေသည်။

ထို့နောက် ကျောက်တောင်ကမ်းပါးယံ၏ အချိုင့်အဟိုက်များထဲ အတင်းတိုးဝင်ခိုကပ်နေရလေ၏။

တော်ပေသေး၏။ နှင်းမုန်တိုင်းကြီးမှာ သုံးနာရီခန့်သာ တိုက်ခတ်ပြီး စဲသွားတော့သည်။

ညနေစောင်းခဲ့ပြီမို့ ဝန်းကျင်တွင် ပြန်လည်လင်းကျင်း မလာလှချေ။

ကျွန်ုပ်သည်ကား တစ်ကိုယ်လုံး သွေးခဲမတတ် ချမ်းတုန်နေသဖြင့် စခန်းချရာဆီသို့ ကြိုးစားကာ ဒယီးဒယိုင် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းသွားပြီး စခန်းမှ မီးဖိုမီးရောင်ကို လှမ်းမြင်ရသည့် ရေခဲငုတ်ကြီးတစ်ခုအနီးအရောက်တွင် ဆီးမြှုပ်တို့အထဲ ဟပ်ထိုးလဲကျကာ သတိလစ်သွားပါတော့၏။

ကျွန်ုပ် မည်မျှကြာအောင် သတိလစ်နေသည်မသိ သတိပြန်ရလာချိန်တွင် ကျွန်ုပ်၏ပါးစပ်ထဲသို့ ပြင်းရှရှ ဘရန်ဒီအရက်တို့ကို တစ်စုံတစ်ဦးက လောင်းထည့်ပေးလျက်ရှိလေသည်။

ကျွန်ုပ်၏လည်ချောင်းတစ်လျှောက်သို့ ပူရှစွာ ဘရန်ဒီအရက်တို့ စီးဝင်သွားပြီးမှ ကျွန်ုပ်သည် လန်းဆန်းကြည်လင်လာပြီး ကောင်းကောင်းကြီး သတိရလာတော့၏။

''တပည့် ... သတိရလာပြီလားကွ''

ဘရန်ဒီပုလင်းကိုကိုင်လျက် ကျွန်ုပ်ကို ကရုဏာမျက်လုံးတို့ဖြင့် ငုံ့ကြည့်နေသော ဆရာမစ္စတာဂူလစ်ရမ်အား ကျွန်ုပ်သည် အတန်ကြာ ငေးကြောင်ကြည့်ရင်း မည်သို့မည်ပုံ သတိလစ်သွားခဲ့ရသည်ကို ပြန်လည်အမှတ်ရလာတော့၏။

''ဆ ဆရာ ... ဆာဝါနဲ့ ချန် ... ချန္ဒရာဒမ်တို့ရော ဘယ်မှာလဲ ဆရာ''

ဆရာမစ္စတာဂူလစ်ရမ်က ကရုဏာအပြုံးဖြင့် ကျွန်ုပ်ကို





ပြုံး၍ငုံ့ကြည့်ရင်း လေသံအေးအေးဖြင့် နှစ်သိမ့်စကားဆိုလေသည်။

''ချန္ဒရာဒမ်က မင်းထက်အရင် စခန်းကို ပြန်ရောက်လာတယ် တပည့်ရဲ့၊ ဆာဝါကိုတော့ အထမ်းသမားအဖွဲ့က လိုက်ရှာနေကြတုန်းပဲ၊ ဒါပေမဲ့ မစိုးရိမ်ပါနဲ့ကွာ ... သူလည်း ဟိမဝန္တာတောင်တန်းရဲ့တစ်ဖက်မှာရှိတဲ့ ရေခဲလွှမ်းဒေသ တိဗက်က လာခဲ့တာပါ၊ နှင်းမုန်တိုင်း အတွေ့အကြုံ သူ့မှာ ရှိပါတယ်၊ လိုက်ရှာနေတဲ့အဖွဲ့နဲ့ သူ မကြာခင် ဆုံတွေ့သွားပါလိမ့်မယ်''

ကျွန်ုပ်၏ကိုယ်ပေါ်သို့ ဂွမ်းစောင်ကြီးတစ်ထည် ထပ်ခြုံပေးရင်း နှစ်သိမ့်စကားဆိုနေသည့် ဆရာ၏မျက်ဝန်းတို့အထဲတွင်မှု စိုးရိမ်သောကအရိပ်ကို ကျွန်ုပ် တွေ့လိုက်ရ၏။

ခဏအကြာမှာမူ ကျွန်ုပ်သည် ပြန်လည်အိပ်ပျော်သွားပါတော့သတည်း။

⁂

ကျွန်ုပ် ပြန်လည်နိုးထလာတော့ နောက်တစ်နေ့နံနက်မိုးစင်စင်လင်းနေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးဖြင့် မျက်နှာသစ်ပြီးနောက် ဆရာဂူလစ်ရမ်နှင့် ချန္ဒရာဒမ်တို့က ကျွန်ုပ်ကို ရေခဲကြက်သားဖြင့်ပြုတ်ထားသော ဆန်ပြုတ်တိုက်လေသည်။

ဆန်ပြုတ်ပူပူကိုသောက်ရင်း အားပြည့်လာသည့်ကျွန်ုပ်သည် ရွက်ဖျင်တဲအတွင်း ဝေ့ဝိုက်ကြည့်ရှု အကဲခတ်ကာ ဆာဝါကို ရှာဖွေကြည့်ရာ သူ၏အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

"တပည့် ... မင်း ဆာဝါကိုရှာနေတာလား၊ သူ့ကို ခုထက်ထိတော့ မတွေ့သေးဘူးကွာ"

"ဟာ ... ဒီနေ့မနက်အထိ မတွေ့သေးဘူးလား ဆရာ"

"ဟုတ်တယ်ကွာ"

"ဒါ ... ဒါဆို သူ့အတွက် စိုးရိမ်ရပြီပေါ့"

ဤတွင် မျက်စိမျက်နှာမကောင်းလှသည့် ချန္ဒရာဒမ်က ဝင်ပြောသည်။

"အေးကွာ ... အဲဒီကောင်ဟာ ရေခဲတောင်တွေရဲ့ အကြောင်းကို ငါတို့ မင်းတို့ထက် ပိုသိတယ်ကွ၊ ခု ဘာဖြစ်လို့ အဲလိုဖြစ်သလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ... ငါရော ဆရာရော ဒီနေ့ ဆာဝါကို တစ်နေကုန် ထွက်ရှာကြမယ်"





"ငါလည်း လိုက်မယ်"

ကျွန်ုပ်က စိတ်အားထက်သန်စွာပြောသော်လည်း ဆရာဂူလစ်ရမ်က လက်မခံချေ။

"တပည့် ... မင်း လိုက်လို့မဖြစ်ဘူး၊ မင်း အားနည်းပြီး အဖျားဝင်နေသေးတယ်၊ စခန်းမှာပဲ ဆေးသောက်ပြီး နွေးနွေးထွေးထွေးနေရစ်ပါကွာ၊ ဆရာတို့ပဲ လိုက်ရှာပါ့မယ်"

သို့ဖြင့် ကျွန်ုပ်သည် ဆာဝါကို ကူညီရှာဖွေမှုမပြုနိုင်ချေ။ အဖွဲ့သားများမှာ သုံးရက်လုံးလုံး ကြိုးစားပမ်းစား ရှာဖွေသော်လည်း ဆာဝါကို မတွေ့ရချေ။

ရေခဲတောင်တန်းဒေသတို့၏ ထုံးစံအတိုင်း နှင်းမုန်တိုင်းကျပြီးလျှင် ရက်အတော်ကြာ ရာသီဥတု သာယာလေ့ရှိရာ ဤမျှရာသီဥတု သာယာသည့်တိုင် ဆာဝါကို အစအနမျှပင် ရှာဖွေမတွေ့ရှိရာ ယင်းအခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ်ပင် ဖြစ်ပါ၏။

"အင်း ... ဆာဝါတော့ နှင်းမုန်တိုင်းမိပြီး ဆီးနှင်းတွေရဲ့အောက် ရောက်သွားပြီနဲ့တူပါရဲ့"

သဘောကောင်းပြီး သတ္တိရှိကာ ထက်မြက်သည့် ဆိုတီဗက်လေးကို ကျွန်ုပ်က ညီငယ်တစ်ယောက်နှယ် ခင်မင်လျက်ရှိရာ သူ၏ကံကြမ္မာဆိုးဝါးမှုအတွက် ကျွန်ုပ်မှာ ဖြေဖြမဆည်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရတော့၏။

သို့သော် စတုတ္ထမြောက်နေ့ မွန်းတည့်အချိန်ခန့်တွင် ဆရာဂူလစ်ရမ်၏ ဝမ်းသာအားရ အော်ဟစ်လိုက်သံကို ကျွန်ုပ် ကြားလိုက်ရပါတော့၏။

"ဟာ . . . ဆာ၀ါ ဆာ၀ါ ပြန်လာပြီဟေ့"

ရွက်ဖျင်တဲထဲတွင် စိတ်မကောင်းစွာ လဲလျောင်းနေသည့် ကျွန်ုပ်သည် ဝမ်းသာအားရ လူးလဲထကာ ရွက်ဖျင်တဲထဲမှ အပြေးထွက်ခဲ့မိတော့၏။

မယုံနိုင်ဖွယ်ပင် လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ အသွင်ဖြင့် ဆာ၀ါသည် ပြုံးလျက် စခန်း၏ဝဲဘက်တောင်စွန်းပေါ်မှ လမ်းပြနှင့်အတူ တစ်လှမ်းချင်းဆင်းလာရင်း လက်တစ်ဖက်ကို ဝှေ့ယမ်း နှုတ်ဆက်လာနေသည်ကို တွေ့ရလေသည်။

ချန္ဒရာဒမ်နှင့် အထမ်းသမားအချို့မှာ သူ့ထံပြေးသွားကာ ဝမ်းသာအားရ ပြေးဖက်ကြိုဆိုကြလေသည်။

ကျွန်ုပ်သည်လည်း အပြေးအလွှားသွားရောက်ပြီး တိဗက်လေးကို အားပါးတရ ပွေ့ဖက်ကြိုဆိုလိုက်မိတော့၏။

"ဆာ၀ါ . . . တော်ပါသေးရဲ့ကွာ၊ မင်းကို သုံးရက်လုံးလုံး ရှာမတွေ့လို့ ငါတို့ စိတ်အရမ်းပူနေတာကွ"





ဆရာဂူလစ်ရမ်ကလည်း သူ့တပည့်ကို ဖက်ရမ်းကြိုဆိုလေသည်။

"ဆာ၀ါ သုံးရက်လုံးလုံး ဘယ်ရောက်နေတာလဲကွာ၊ ငါတို့ကတော့ မင်းကို ရှာမတွေ့တော့ဘူးဆိုပြီး လက်လျှော့တော့မလို့ကွ၊ ဘုရားမတာပဲ၊ တော်ပါသေးရဲ့ ငါ့တပည့် ဘာမှမဖြစ်လို့"

"ဆရာတို့ကို ကျေးဇူးဘင်ပါတယ်၊ မုန်တိုင်းကျတော့ ကျွန်တော် ကျောက်တောင်စွန်းတစ်ခုအပေါ်က ပန်းမွှေးပင်အုပ်စုနားမှာရောက်နေတာ ဆရာရဲ့၊ ကထိုးကောင်လေးတစ်ကောင် ပန်းမွှေးပွင့်တွေ စားနေတာတွေ့လို့ စိတ်ဝင်စားပြီး အနားတိုးကြည့်ဖို့ ကြိုးစားနေတုန်း နှင်းမုန်တိုင်းဆင်လာတာကို သတိမထားမိလိုက်ဘူး၊ ကတိုးကောင် ရုတ်ခနဲ ထွက်ပြေးသွားမှ ဆီးနှင်းရိပ်တွေ တက်ပြီး မှောင်လာတာကို သတိပြုမိတော့တယ် . . .၊

ဒီတင် လေကွယ်ရာကို ပြေးကပ်ဖို့ ကြိုးစားတော့ နောက်ကျသွားပြီ၊ ကျွန်တော် ကျောက်တောင်စွန်းကို ကွေ့ပတ်အပြေး မုန်တိုင်းကျလာပြီး လေအဟုန်ကြောင့် ကျောက်တောင်စွန်းပေါ်ကနေ လွင့်ကျသွားတယ် ဆရာ၊ ကျွန်တော်ကျတဲ့နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆီးမြှုပ်တွေရှိနေလို့ ဒဏ်ရာတော့ မရဘူး၊ ဒါပေမဲ့ . . . တောင်စောင်းအတိုင်း ဆက်လိမ့်သွားရာက သစ်တောအုပ်တစ်ခုရဲ့ အစပ်ကို ရောက်သွားတယ် ဆရာ . . . ၊

အဲဒီအချိန်မှာပဲ နှင်းမုန်တိုင်းက ကျလာနေတော့ ကျွန်တော်လည်း အဲဒီတောအုပ်ကို ဖြတ်သွားရာက ကျောက်တောင်ခြေတစ်ခုဆီ ရောက်သွားပြီး ကျောက်ဂူတစ်လုံးတွေ့တာနဲ့ ဝင်ခိုနေလိုက်တယ် ဆရာ . . . ၊

မုန်တိုင်းစဲသွားတော့ စခန်းဆီပြန်လာဖို့ ကြိုးစားပေမယ့် မျက်စိလည်နေတာနဲ့ အဲဒီကျောက်ဂူမှာပဲ ပြန်ခိုခိုနေရတယ် ဆရာ၊ အဲဒီဂူကြီးထဲမှာပဲ မီးဖိုပြီး ရေခဲဘဲငန်းကြီးတစ်ကောင် ရလိုက်လို့ ရိက္ခာအတွက် အဲဒီငန်းကိုပဲ ကင်စားရတယ် ဆရာ . . . ၊

ဒီနေ့မနက်မှာတော့ ရိက္ခာလည်း ပြတ်သွားလို့ စခန်းဆီ မရောက်ရောက်အောင် ပြန်မယ်လို့ ဆုံးဖြတ်ပြီး မနက်မိုးလင်းကတည်းက ထွက်လာတာဆရာရဲ့၊ ကံကောင်းလို့ လမ်းပြကြီးနဲ့ တွေ့ပြီး ဒီကိုပြန်ရောက်လာတာပါပဲ၊ ကျွန်တော့်ကို အားလုံး စိတ်ပူပြီး နေ့တိုင်းလိုက်ရှာနေကြတယ်လို့ လမ်းပြကြီးက ပြောပါတယ်''





''အေးကွယ် . . . ဘာပဲဖြစ်ဖြစ် ငါ့တပည့် ခုလို ဘေးမသီ ရန်မခဘဲ ဆရာတို့ဆီ ပြန်ရောက်လာတာကို ဆရာ ဝမ်းသာလို့ မဆုံးပါဘူးကွာ၊ ခုမှ အားလုံး သက်ပြင်းကြီးတွေ ချပြီး ပျော်နိုင်ကြပြီကွ . . . ဟား ဟား ဟား''

ကျွန်ုပ်တို့လည်း ဆရာနှင့်အတူ လိုက်လှဲဝမ်းမြောက်စွာ ရယ်မောမိကြတော့၏။

ယင်းသို့ ဆာဝါတစ်ယောက် နှင်းမုန်တိုင်းကြောင့် သုံးရက်ခန့် ပျောက်ဆုံးသွားရခြင်းမှာ ကျွန်ုပ်၏ဘဝ အနာဂတ် ကံကြမ္မာကို အကြီးအကျယ် ပြောင်းလဲစေမည်ဖြစ်ကြောင်း ထိုစဉ်က ကျွန်ုပ် စိုးစဉ်းမျှ မရိပ်မိခဲ့ပေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

**မသေဆေးပင်**

နှစ်ကုန်သည့်အခါဝယ် ကျွန်ုပ်တို့၏သုတေသန သင်တန်းများလည်း ပြီးဆုံးသွားပြီး ပါရဂူဘွဲ့အတွက် ကျွန်ုပ်တို့ တင်သွင်းသော ကျမ်း (Thesis) များနှင့်ပတ်သက်၍ ပါမောက္ခကြီးများ၏ မေးမြန်းစစ်ဆေးမှုတို့ကို ကောင်းစွာ ဖြေဆိုတင်ပြပြီးသည်ဖြစ်ရာ ပါရဂူဘွဲ့ကို ဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် ရယူရန်သာ ကျန်ရှိတော့၏။

ယင်းအချိန်မှာပင် ကမ္ဘာကြီး၏အခြေအနေသည် လည်းကောင်း၊ ကျွန်ုပ်၏မွေးရာဇာတိ မိခင်တိုင်းပြည် မြန်မာပြည်သည် လည်းကောင်း ကျွန်ုပ်ရောက်ရှိနေသည့် အနောက်မဇ္ဈိမဒေသ





(ခေါ်) အိန္ဒိယပြည်ကြီးသည်လည်းကောင်း အခြေအနေများ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားရာ ဒါရာဒွန်းတက္ကသိုလ်သည်လည်း ဘွဲ့နှင်းသဘင် အခမ်းအနားကို မကျင်းပနိုင်သေးပေ။

ထိုသို့သောအခြေအနေကို ဖန်တီးသည့် အဓိကတရားခံမှာ ဖက်ဆစ်အာဏာရှင် ဟစ်တလာပင် ဖြစ်ပါ၏။

ဟစ်တလာသည်ကား ကမ္ဘာကြီးတစ်ခုလုံးကို သူ၏ နာဇီအလံဖြင့်လွှမ်းကာ စိုးမိုးအုပ်ချုပ်ရန်အကြံဖြင့် ဂျာမန် တပ်မတော်ကို ကျူးကျော်စစ်များ ဆင်နွှဲစေပြီး ဥရောပတိုက်ရှိ နိုင်ငံအချို့ကို စတင်သိမ်းယူလျက်ရှိရာမှ –

ယခုအခါ အီရတ်၊ အီရန်၊ ဆီးရီးယား စသည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်ကြိုးကုတ်လာတော့၏။

နာဇီအာဏာရှင်ကြီး ဟစ်တလာမှာ ထိုမျှနှင့် အားမရနိုင်သေးဘဲ အိန္ဒိယပြည်နှင့် နီးစပ်သည့် အာဖဂန်နစ္စတန်ကိုပါ ကျူးကျော်လာရာ အိန္ဒိယပြည်ကြီးကို အုပ်စိုးထားသည့် ဗြိတိသျှတို့နှင့် ထိပ်တိုက်တိုးမိပြီး ဗြိတိသျှအင်္ဂလိပ်နှင့် အပေါင်းအပါ မဟာမိတ်တို့ကတစ်ဖက်၊ အင်အားကြီးမားလှသည့် ကုမ္ပဏီက တစ်ဖက် ရင်ဆိုင်တိုက်ပွဲများ ဆင်နွှဲလာကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အာဏာရှင် နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် ဝင်ရိုးစွန်းသုံးနိုင်ငံအဖြစ် ဖွဲ့စည်းထားသည့် ဂျပန်တို့က အင်ဒိုချိုင်းနားကျွန်းဆွယ်တင်မက မြန်မာနိုင်ငံထဲကိုပါ ကျူးကျော် ဝင်ရောက် သိမ်းပိုက်လာခဲ့လေသည်။

ထို့အပြင် ကိုရွှေဂျပန်တို့သည် မြန်မာပြည်ကို ဖြတ်ကျော်ကာ နယ်နိမိတ်ချင်း ဆက်စပ်နေသည့် အိန္ဒိယပြည်ထဲ ကျူးကျော်ဝင်ရောက်လာကြရာ အင်ဖာဟူသော မြို့ကလေးအနီးတွင် ရင်ဆိုင်တိုက်ပွဲကြီးများ ဆင်နွှဲကြတော့၏။

ထို့ကြောင့် အိန္ဒိယတစ်ပြည်လုံးမှာ စစ်ရေးစစ်ရာများ ပြင်ဆင်ထားလျက် လှုပ်လှုပ်ရှားရှားဖြစ်နေရာ တက္ကသိုလ်အားလုံးကိုလည်း အခြားသောကျောင်းများနည်းတူ ပိတ်ထားလိုက်ကြရလေသည်။

ထိုသို့ တိုင်းပြည်အခြေအနေ၊ နိုင်ငံရေးအခြေအနေ လှုပ်လှုပ်ရှားရှားဖြစ်လာသည်နှင့်အမျှ ကျွန်ုပ်တို့သည်လည်း ပါရဂူဘွဲ့ကို ဘွဲ့နှင်းသဘင်စင်ပေါ်တက်ယူရန် အလားအလာမှာ များစွာ ဝေးကွာလျက်ရှိတော့၏။

မဟာရာဂျာတစ်ဦး၏တူဖြစ်သူ ချန္ဒရာဒမ်ကိုမူ သူ၏ဆွေမျိုးသားချင်းတို့က အနီးအပါးမှ မြို့ထိ လာရောက်ခေါ်ငင်





သွားပြီဖြစ်၏။

သို့ဖြင့် ကျွန်ုပ်နှင့် ဆာဝါတို့မှာ ဒါရှာဒွန်းမြို့လေးမှာပင် သောင်တင်လျက်ရှိရာ တစ်နေ့တွင်မူ တီဗက်ကလေးဆာဝါက ထူးခြားသောစကားပြောလာတော့၏။

"အစ်ကိုစိုး ... ကိုယ့်တိုင်းပြည်လည်း ကိုယ်မပြန်ဖြစ်၊ ဒီမှာလည်း ဘာမှအလုပ်မရှိဘဲ နေရမယ့်အတူတူ တစ်သက်တာလုံး အကျိုးရှိစေမယ့်အလုပ်ကို ကျွန်တော်တို့ တတ်ထားတဲ့ပညာနဲ့ စွန့်စားပြီး လုပ်စမ်းကြည့်ရအောင်လား"

သူ၏စကားက ထူးခြားနေသဖြင့် ကျွန်ုပ်လည်း သူ့မျက်နှာကို စေ့စေ့ကြည့်ကာ စူးစမ်းလိုက်ရာ ဆာဝါမှာ ပြုံးတေ့တေ့လုပ်နေလေသည်။

"ဘာလဲ ... တောထဲသွား သူဟောင်းသီးကို အသက်သွင်းပြီး မိန်းမယူတာမ်းကစားဖို့လား"

ကျွန်ုပ်လည်း သူ့ကို ရယ်သလိုမောသလို ပြန်ပြောလိုက်မိလေ၏။

ယင်းအခိုက်မှာပင် ဆာဝါ၏မျက်နှာသွင်ပြင်သည် ပြုံးတေ့တေ့အသွင်မှ လေးနက်သောအသွင်သို့ ရုတ်ခြည်းပြောင်းလဲသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် နောက်နေတာမဟုတ်ဘူး အစ်ကိုစိုး၊ တကယ်ပြောနေတာ၊ ကျွန်တော်တို့ ရေခဲတောင်တန်းတွေအပေါ် နောက်ဆုံးအကြိမ် သုတေသနခရီးထွက်တုန်းက ကျွန်တော် သုံးရက်လောက် ပျောက်သွားခဲ့တာကို အစ်ကိုစိုး မှတ်မိသေးသလား''

''ဟာ ... ဘယ်မေ့ပါ့မလဲကွာ''

''အဲဒီတုန်းက ကျွန်တော်ဟာ မျက်စိလည်ပြီး ကျောက်ဂူကြီးတစ်ခုထဲ ရောက်သွားခဲ့တယ် အစ်ကိုစိုးရ''

''အေး ... ငါတို့ သိတယ်လေ၊ မင်း စခန်းပြန်ရောက်ရောက်ချင်း ပြောပြခဲ့တာပဲ''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ ... အဲဒီတုန်းက ကျွန်တော် ဘယ်သူ့မှမပြောဘဲ ချန်ထားခဲ့တဲ့ လျှို့ဝှက်ချက်တစ်ခု ရှိခဲ့တယ်ဗျ''

''ဟေ''

ကျွန်ုပ်က သူ နောက်နေသလားဟူသော သံသယဖြင့် သူ့မျက်နှာကို စူးစမ်းသလိုကြည့်လိုက်ရာ သူ့မျက်နှာက တည်ကြည်လွန်းနေသဖြင့် ကျွန်ုပ်လည်း စိတ်ဝင်စားသွားမိတော့၏။

''မင်း တကယ်ပြောနေတာလား၊ ဘယ်လိုလျှို့ဝှက်ချက်





ရှိခဲ့တာလဲကွ''

ထိုအခါ ... သူက တစ်စုံတစ်ရာ အလေးအနက် ပြောလိုဟန်ဖြင့် ကိုယ်ကို ရှေ့သို့ကိုင်းကာ နံဘေးဝန်းကျင်ကို မျက်စိကစားကြည့်လိုက်တော့၏။

သူ့ဟန်ပန်က သူပြောမည့်စကားကို ကျွန်ုပ်ကလွဲ၍ အခြားသူတစ်စုံတစ်ဦး ကြားသွားမှာကို လွန်စွာစိုးရိမ်သည့်အသွင်မျိုး ဖြစ်သည်။

ကျွန်ုပ်နှင့်သူ ထိုင်လျက်စကားပြောနေသည့်နေရာမှာ ကျွန်ုပ်တို့ ငှားရမ်းနေထိုင်သော ပုဂ္ဂလိကအဆောင်တစ်ခု၏ အပေါ်ထပ်ရှိ ညှိခန်းထဲမှာဖြစ်၏။

ကျွန်ုပ်တို့နေထိုင်သည့်အဆောင်မှာ ဒါရာဒွန်းမြို့စွန် တစ်နေရာတွင်ရှိပြီး အုတ်ပတ်ကာတက် ပျဉ်ထောင်အိမ်ရှည်ကြီး ဖြစ်၏။

အိမ်ရှင်မိသားစုသုံးဦးမှာ အောက်ထပ်တွင် နေထိုင်ကြပြီး အပေါ်ထပ်၌ အိပ်ခန်းဆယ်ခန်းဖွဲ့စည်းကာ တက္ကသိုလ်ကျောင်းသားများကိုသာ ငှားရမ်းသည့် သီးသန့်အဆောင်ဖြစ်ချေ၏။

ယခုအခါ ဒါရာဒွန်းမြို့ရှိ တက္ကသိုလ်ကောလိပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တပိတ်ထားသဖြင့် အဆောင်နေတက္ကသိုလ်ကျောင်းသားတို့မှာ မိမိတို့၏ဇာတိမြို့ရွာသို့ ပြန်ကုန်ကြရာ ဇာတိရပ်ရွာ၌ ဆွေမျိုးသားချင်းမရှိသလို နောက်ဆံတင်းစရာ မည်သည့်သံယောဇဉ်မှ မရှိသော ကျွန်ုပ်တို့နှစ်ဦးတည်းသာ အဆောင်အပေါ်ထပ်၌ ကျန်ရှိနေခြင်း ဖြစ်ပါ၏။

ထိုနေ့ ညနေစောင်းက ကျွန်ုပ်နှင့်ဆာဝါတို့သည် အိမ်ပေါ်ထပ် သီးသန့်ဧည့်ခန်းထဲရှိ ပြတင်းပေါက်အနီးမှ ကြိမ်ဆက်တီခုံတို့တွင် ထိုင်လျက် စကားစမြည်ပြောဆိုနေကြခြင်း ဖြစ်လေသည်။

''ဘာပြောမှာလဲ ... ပြောမှာပြောစမ်းပါကွ၊ ဘယ်သူမှ မရှိပါဘူး''

''မဟုတ်ဘူး ... တံခါးဝမှာ လူရိပ်လိုလို တွေ့လိုက်လို့''

ထို့နောက် ဆာဝါက ရှေ့သို့ ကိုယ်ကိုကိုင်းလျက် အသံ ကို နှိမ့်ချစွာ ခပ်တိုးတိုးပြောလေသည်။

''ကျွန်တော် အဲဒီဂူကြီးရဲ့ အတွင်းပိုင်းတစ်နေရာမှာ မသေဆေးပင်တွေကို တွေ့ခဲ့တယ်ဗျ၊ သူက ဂူကြီးရဲ့အမိုး မျက်နှာကြက်နားက ကျောက်နံရံတွေမှာ တွယ်ကပ်ပေါက်နေတာဗျ၊





သေတော့မသေချာဘူး၊ အနားကပ်ကြည့်နိုင်မှ အဲဒီဆေးပင်တွေ ဟုတ်နိုင်,မဟုတ်နိုင် သိမယ်''

''ဘာ ... မသေဆေးပင် ဟုတ်လား''

''ဟုတ်တယ် အစ်ကိုစိုး၊ ဆေးဝိဇ္ဇာဓိုရ်တွေ အငမ်းမရ ရှာဖွေနေတဲ့ သိဒ္ဓိဆယ်ပါးထဲက အာယုသိဒ္ဓိ ပြီးစေတဲ့ အဖိုးတန်ဆေးပင်တွေဗျ''

''မင်းဟာက ဟုတ်ရဲ့လားကွ''

''အင်း ... ဟုတ်,မဟုတ်ဆိုတာကတော့ အဲဒီဂူကြီးဆီ ပြန်သွားပြီး ကြည့်ရမှာပဲဗျ၊ ဒါကြောင့် ... စွန့်စားရမယ်လို့ ကျွန်တော် ပြောတာပေါ့''

''မဟုတ်ပါဘူး၊ ငါဆိုလိုတာက အဲဒီဂူကြီးထဲမှာ အပင်တချို့ကို မင်း တွေ့ချင်တွေ့ခဲ့မှာပေါ့၊ ဒါပေမဲ့ ... အဲဒီအပင်တွေဟာ မသေဆေးပင်တွေဆိုတာ ဟုတ်ပါ့မလားကွ၊ ငါလည်း အပင်ပေါင်း သောင်းနဲ့ချီ လေ့လာပြီးပါပြီကွာ ...၊

အနောက်တိုင်း, အရှေ့တိုင်း ရုက္ခဗေဒဆိုင်ရာ ကျမ်းပေါင်းစုံလည်း ဖတ်ရှုလေ့လာ ဖူးပါတယ်၊ မသေဆေးပင်ဆိုတာ မရှိပါဘူး''

ကျွန်ုပ်က သူ၏စကားကို ငြင်းပယ်လိုက်သည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တိဗက်ကလေးမှာ ဖွဲ့မလျှော့ဘဲ ကျွန်ုပ်အား စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

"ဒီလိုအစ်ကိုစိုးရ ... တိဗက်မှာရှိတဲ့ ကျွန်တော် မှီတင်းနေထိုင်ခဲ့တဲ့ ရှောင်လင်ကျောင်းတော်ကြီးဟာ အတော်ကို အိုနေပြီခင်ဗျ၊ ရှေးမန်ချူးဘုရင်တွေလက်ထက်ကတည်းက တည် ခဲ့တဲ့ ကျောင်းတော်ကြီးမို့ လက်ရာကအစ ရှေးသိပ်ဆန်တယ်၊

အဲဒီရှောင်လင်ကျောင်းတော်ကြီးအထဲက အမှိုက်သရိုက် တွေကို လှည်းဖို့ ဘုန်းတော်ကြီးက ကျွန်တော့်ကို တာဝန်ပေး ခဲ့တယ်ဗျ၊ ဒါကြောင့် ... ကျွန်တော်ဟာ နှစ်ရက်ခြား သုံးရက် ခြားဆိုသလို ကျောင်းတော်ကြီးအနှံ့ သန့်ရှင်းရေးလုပ် လှည်းကျင်း လေ့ရှိရာက ...၊

တစ်နေ့မှာတော့ ကျောင်းတော်ကြီးရဲ့အတွင်းက အခန်း လွတ်တစ်ခုထဲမှာ စာတိုက်ပုံးတစ်ပုံးကို မမျှော်လင့်ဘဲ တွေ့ရ တော့ အဲဒီအခန်းထဲဝင်ပြီး စာတိုက်သေတ္တာကို ဖွင့်ကြည့်ခဲ့တယ် အစ်ကိုစိုးရ ...၊

အဲဒီ မှန်စီရွှေချရှေးစာတိုက်သေတ္တာထဲမှာ ကတ္တီပါစနဲ့ ထုပ်ပြီး ချိပ်လောင်းထားတဲ့ ရှေးဟောင်းတိဗက်လားမားကြီးတွေ ရဲ့ ကျမ်းစာအုပ်ခုနစ်အုပ်ကို တွေ့ရတယ်ခင်ဗျ ...၊





ကျွန်တော်လည်း အဲဒီကျမ်းတွေကို တစ်ခုပြီးတစ်ခု ဖွင့်ဖောက်ကြည့်မိတယ်ဗျ၊ အဲဒီထဲက ကျွန်တော် စိတ်အဝင် စားဆုံးကတော့ အာယုသိဒ္ဓိဆေးပင်အကြောင်း သေချာဖော်ပြ ထားတဲ့ကျမ်းပါပဲ အစ်ကိုစိုးရေ ...၊

ဒါနဲ့ ကျွန်တော်လည်း ကျမ်းထဲက ဖော်ပြချက်တွေကို သေသေချာချာ လေ့လာမှတ်သားခဲ့တယ်လေ ...၊

ဒါပေမဲ့ ... အဲဒီ မသေဆေးပင်ကို ကျွန်တော် ဘယ် တော၊ ဘယ်တောင်မှာမှ မတွေ့ခဲ့ပါဘူး၊ ခုတော့ မမျှော်လင့်ဘဲ အဲဒီအာယုသိဒ္ဓိဆေးပင်ကို ရတော့မယ် ထင်ပါရဲ့ဗျာ"

"မောင်ရင်တွေ့ခဲ့တာ အဲဒီအပင်ဟုတ်ချင်မှ ဟုတ်မှာ လေ"

"ဒါကြောင့် ... သေချာအောင် သွားကြည့်ရမယ်လို့ ကျွန်တော် ပြောခဲ့တာပေါ့ အစ်ကိုစိုးရဲ့"

"အဲဒီအပင်ရဲ့အစွမ်းသတ္တိက ဘာလဲ"

"သူက အသက်ရှည်စေတယ်တဲ့ အစ်ကိုစိုး၊ အဲဒီဆေး ပင်ရဲ့ ပဥ္စငါးပါးကိုကြိတ်ပြီး သတ္တုရည်ကျအောင် ကျိုသောက်ရင် သောက်တဲ့အချိန်က အရွယ်အတိုင်း အရွယ်ရင့်အိုမသွားတာ မျိုးမရှိဘဲ အသက်ရှည်စေတယ်တဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထက်ပိုပြီးထူးခြားတာက အဲဒီ အာယုသိဒ္ဓိအပင်ကနေ ပွင့်တဲ့အပွင့်ကို ထောင်းကြိတ်အရည်ညှစ်ပြီး လောလောလတ်လတ် သေဆုံးသွားသူရဲ့သွေးထဲ သူ့ရဲ့ပန်းပွင့်ရည်ကို ထိုးသွင်းပေးနိုင်ရင် ခန္ဓာကိုယ်ရဲ့ ယန္တရားအားလုံး ပြန်ရှင်သန်နိုးထလာစေတယ်တဲ့ဗျ၊ ဆိုလိုတဲ့သဘောက လောင်စာဆီခမ်းလို့ စက်သေပြီးရပ်သွားတဲ့ အင်ဂျင်ထဲ လောင်စာဆီဖြည့်ပြီး စက်ပြန်နှိုးရင် စက်ပြန်နိုးတဲ့သဘောမျိုးပေါ့"

"တယ်ဟုတ်ပါလား၊ သေပြီး ဘယ်လောက်အကြာမှာ အဲဒီလိုလုပ်လို့ရသလဲ"

"သေပြီးတဲ့နောက် လူ့ခန္ဓာကိုယ်ထဲက ကလီစာအွေး ဆဲလ်တွေ မပျက်စီး မပုပ်ဆွေးသရွေ့ ပြန်ရှင်လာအောင် လုပ်နိုင်တယ်တဲ့ အစ်ကိုစိုးရ"

"အင်း ... အတော်စိတ်ကူးယဉ်ဆန်တဲ့ အပင်ပါလား"

"သူက ကျွန်တော်တို့ ရုက္ခဗေဒအခေါ်မှာတော့ ပိုင်ပေရစီး (Piperaceac) လို့ခေါ်တဲ့ ကွမ်းပင်, ငရုတ်ကောင်းပင်တို့လို နွယ်ပင်မျိုးပဲ အစ်ကိုစိုး၊ ဒါကြောင့် သူ့ရဲ့ပန်းပွင့်မှာ လိင်တစ်မျိုးတည်း၊ ဒါမှမဟုတ် နှစ်မျိုးစလုံးပါနိုင်ပြီး သန္ဓေအိမ်မှာ အခန်းတစ်ခန်းပဲရှိမယ်ဗျ၊ ဝတ်ဆံနှစ်ခု၊ ဒါမှမဟုတ် သုံးခုရှိနိုင်ပြီး





အစေ့မှာတော့ အယ်လဗျူမင်ကို တွေ့နိုင်မယ်လေ"

"ဟုတ်ပါပြီလေ၊ အဲဒီအပင်လို့ ယူဆရတဲ့အပင်တွေဆီ မောင်ရင်သွားတော့မယ်ပေါ့"

"ဟုတ်ကဲ့ သွားမယ်၊ အဲဒီလိုသွားပြီး အဲဒီအပင်ကို ရရင် ရှေးဟောင်းတိဗက်ကျမ်းစာလာအတိုင်း တကယ်စွမ်း,မစွမ်း သုတေသနပြုလုပ်ရမယ်၊ ဒါပေမဲ့ အဲဒီခရီးမှာ အစ်ကိုစိုးလိုက်မှ ဖြစ်မယ်၊ ကျွန်တော့်အနေနဲ့ ယုံကြည်စိတ်ချ အားကိုးရမယ့်သူဟာ အစ်ကိုစိုးပဲရှိတယ်"

အမှန်တော့ ဆာဝါပြောပြသည့်အပင်မှာ သူပြောသလို အစွမ်းထက်လိမ့်မည်ဟု ကျွန်ုပ်မယုံကြည်ပေ။

သို့သော် တစ်နေ့ တစ်နေ့ အဆောင်အပေါ်ထပ် ပြတင်းပေါက်အနီးမှာထိုင်ရင်း ပြင်ပလောကကိုကြည့်မောလျက်ရှိရာမှ စိတ်လက်လန်းဆန်းသွားစေရန် ဆာဝါသွားမည့်ခရီးတွင် အဖော်အဖြစ် လိုက်ပါဖို့ ဆုံးဖြတ်လိုက်မိတော့၏။

သို့ဖြင့် ကျွန်ုပ်တို့သည် ဟိမဝန္တာရေခဲတောင်တန်းတို့ဆီသို့သွားရန် ဟန်ပြင်ရတော့၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## မသင်္ကာဖွယ်လူရိပ်

နောက် ရက်သတ္တပတ်ခန့်အကြာတွင် ကျွန်ုပ်နှင့် ဆာဝါ တို့သည် ကျောပိုးအိတ်ကိုယ်စီလွယ်ပိုးလျက် စားရေရိက္ခာခြင်း တောင်း တစ်လုံးစီသယ်ဆောင်ကာ ဒါရာဒွန်း (Dehra Dun) မြို့မှနေ၍ အရှေ့တောင်ဘက်ဆီသို့ ဦးတည်ကာ ဂျစ်ကားတစ်စီး စင်းလုံးငှားပြီး တောလမ်းခရီးအတိုင်း ခရီးထွက်ခဲ့ကြတော့၏။

ကျွန်ုပ်တို့သည် နံနက်စောစော ဝေလီဝေလင်းအချိန်က တည်းက ခရီးစတင်ခဲ့ရာ လမ်း၌ ရွာတစ်ရွာမှာနားကာ ကား သမားနှစ်ဦးနှင့်အတူ နံနက်စာစားကြပြီးနောက် မနားတမ်း ခရီး ဆက်ခဲ့ကြပါ၏။





တောလမ်းခရီးသည်ကား ကြမ်းသည်ထက်ကြမ်းလာပြီး လျှင် လမ်း၌ ကားဘီးပေါက်သေးသဖြင့် ညနေစောင်းမှသာ ဗြဟ္မပုတ္တရ (Brahma Putra) မြစ်ကမ်းပါးရှိ ရှာဝါယာဟူသော ရွာလေးသို့ ရောက်ရှိသွားတော့သည်။

ကျွန်ုပ်တို့သည် ရွာလူကြီးဆီသို့ သွားရောက်ကာ ဤရွာ တွင် တစ်ညတာတည်းခိုခွင့်ပြုပါရန် ဟိန္ဒူစတန်နီဘာသာစကား ဖြင့် ပြောပြခွင့်တောင်းပြီး မြို့မှဝယ်လာသည့် စားသောက်ဖွယ် အချို့ကို လက်ဆောင်အဖြစ် ပေးအပ်လိုက်လေသည်။

ရွာလူကြီးလည်း လွန်ခဲ့သောခြောက်လခန့်က သူ့ရွာ တွင် ကျောင်းသားများအဖြစ် တည်းခိုဖူးသည့် ကျွန်ုပ်တို့ကို မှတ်မိရကား လိုက်လှဲဝမ်းသာစွာ သူ့အိမ်မှာပင် တည်းခွင့်ပြုခဲ့ လေ၏။

သို့ဖြင့် နောက်နေ့နံနက်မှာပင် ကားသမားတို့ကို ကားခ ကျန်ငွေရှင်းပေးကာ ပြန်လွှတ်လိုက်ပြီး ရွာလူကြီးစီစဉ်ပေးသည့် ကုတ်တို့လှေဖြင့် ဗြဟ္မပုတ္တရမြစ်ကို ဖြတ်ကူးခဲ့ရလေသည်။

ဗုဒ္ဓစာပေတွင် ထင်ရှားလှသည့် ဗြဟ္မပုတ္တရမြစ်ကြီးကို ဖြတ်ကူးခဲ့ပြီးနောက် ကက်မန်းဟူသောရွာလေးသို့ ရောက်ရှိသွားပါ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှ ကျွန်ုပ်တို့ သုတေသနခရီးသွားတိုင်း ငှားနေကျ လမ်းပြမှုဆိုးကြီး ဘန်ဖုံးအား လမ်းပြအဖြစ် ငှားရမ်းကာ အထမ်းသမားနှစ်ဦးကိုပါ ထပ်ခေါ်ပြီး ရိက္ခာစိုအချို့ ဝယ်ယူဖြည့်တင်းရလေသည်။

ယင်းနောက်တွင်မူ ကျွန်ုပ်တို့သည် မြောက်စူးစူးအရပ်သို့ တောလမ်းခရီးအတိုင်း ခြေလျင်သွားကြရာမှ နှစ်မိုင်ခန့်အရောက်တွင် ဟိမဝန္တာတောင်တန်းကြီးပေါ်သို့ စတင်တက်ခဲ့ကြပါတော့၏။

အမြင့်ပေတစ်သောင်းကျော်သည့် တောင်လက်မောင်းကြီးအတိုင်း တစ်နေကုန်ခရီးနှင်ခဲ့ကြပြီးသည့်နောက်မှာမူ ညနေစောင်းအချိန်၌ ဆီးနှင်းဖုံးလွှင်ပြင်ကြီးဆီ ရောက်ရှိသွားကြပါတော့သည်။

ထိုနေ့ညက တောစပ်မှာပင် ညအိပ်ရပ်နားလိုက်ကြ၏။

နောက်နေ့နံနက်တွင်မူ ကျွန်ုပ်တို့သည် အန္တရာယ်ကြီးမားလှသည့် ရေခဲလွှမ်းသော သစ်တောနှင့် ရေခဲတောင်တန်းပေါ် စတင်ဖြတ်ကျော် တက်ရောက်ကြပါတော့သည်။

"ဆရာတို့က ဒီရေခဲတောင်တွေဘက် မကြာခဏ လာတယ်နော်၊ ဒီလိုအန္တရာယ်များလှတဲ့ရေခဲတောင်တွေက သစ်ပင်တွေကိုမှ ဘာဖြစ်လို့လာပြီး လေ့လာကြတာလဲဗျ၊ အခြားနေရာတွေမှာလည်း သစ်ပင်သစ်တောတွေ ရှိတာပဲ"

ရေခဲချောင်းတစ်ခု၏ကမ်းစပ်နားတွင် နံနက်စာစားရန် ခေတ္တစခန်းချရပ်နားကြစဉ် လမ်းပြကြီးဘန်ဖုံးက သူသိလိုသည်ကို ဟိန္ဒူစတန်နီဘာသာစကားဖြင့် မေးမြန်းလိုက်လေသည်။

ကျွန်ုပ်က ရှင်းပြမည်ပြုစဉ် ဆာဝါက ဦးအောင်ဖြေလိုက်လေသည်။

"ကျွန်တော်တို့တက္ကသိုလ်မှာတက်တဲ့ အခြားကျောင်းသားတွေက အပူပိုင်းသစ်တောတွေ၊ သမပိုင်းဒေသတွေမှာ ပေါက်ရောက်တဲ့အပင်တွေကို လေ့လာပြီးကြပြီဗျ၊ ဒီလို ရေခဲတောင်တန်းတွေမှာမှ ပေါက်ရောက်တဲ့အပင်တွေရဲ့အကြောင်းကို လေ့လာစူးစမ်းဖို့တာဝန်ယူရဲသူ မရှိဘူးဗျ၊ ဒါကြောင့် . . . ကျွန်တော်တို့က တာဝန်ယူပြီး လေ့လာဖို့ ရောက်လာကြတာဗျ ဘန်ဖုံးရဲ့"

ကျွန်ုပ်က ရေနွေးကျိုနေကြသည့် အထမ်းသမား နှစ်ယောက်ကို လှမ်းငေးကြည့်နေစဉ်မှာပင် ဆာဝါက လမ်းပြကြီး ဘန်ဖုံးအား သိလိုသည်များ မေးမြန်းတော့သည်။

"ဒီမှာ ဘန်ဖုံး . . . ဒီလို ရေခဲတောင်တွေရဲ့အပေါ်မှာ ထူးထူးခြားခြား အစွမ်းထက်တဲ့ သစ်ပင်တွေ ရှိဘူးလားဗျ"





www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဘာဖြစ်လို့မရှိရမှာလဲဗျ၊ ဒီရေခဲတောင်တန်းတွေမှာ သဘာဝအလျောက် ပေါက်ရောက်တဲ့ ဂျင်ဖင်းတို့, ခန်းတောက်မြစ်တို့, မချစ်ဥတို့ဆိုတာ အင်မတန်မှ ဆေးဖက်ဝင်အစွမ်းထွက်လှတဲ့ အပင်တွေပဲဗျ၊ ပြီးတော့ ရှားပါးလှတဲ့ သစ်ခွတွေ, မှိုတွေလည်း ရှိတယ်ဗျ"

"ဟုတ်ပါပြီဗျာ၊ အဲဒီဟာတွေထက်ပိုပြီး ထူးထူးခြားခြား အပင်တွေရော မရှိဘူးလားဗျ"

ဤတွင် လမ်းပြကြီးဘန်ဒုံးက ဝါးဆေးတံကြီးကိုခဲကာ နှစ်ဖွာသုံးဖွာ ဖွာလိုက်ပြီးမှ စဉ်းစဉ်းစားစားဖြင့်ဖြေသည်။

"အင်း ... အင်မတန်ထူးထူးခြားခြား အစွမ်းထက်တဲ့ အပင်တချို့ ရှိတယ်လို့ ကျုပ်ရဲ့အဘိုး ပြောဖူးတယ်ဗျ"

"ကျုပ်ရဲ့အဘိုးကလည်း ကျုပ်လို နှင်းတောင်မုဆိုးကြီးပဲဗျ။ တစ်ခါမှာတော့ အဘိုးက ပြောဖူးတယ်၊ ဒီဟိမဝန္တာ တောင်တန်းကြီးပေါ်က ရေခဲဖုံးတောင်တစ်လုံးရဲ့အတွင်းက ဂူကြီးထဲမှာ အသက်ရှည်စေတဲ့ အပင်တစ်မျိုးရှိတယ်တဲ့ဗျ၊ အဲဒီအပင်ဟာ ငါးနှစ်လောက်မှတစ်ခါ အပွင့်ပွင့်တာတဲ့ဗျ"

လမ်းပြကြီးဘန်ဒုံး၏စကားကိုကြားရလျှင် ဆာဝါ၏မျက်ဝန်းတို့မှာ အရောင်တဖျပ်ဖျပ် တောက်လက်သွားကာ ...





စိတ်အားတက်ကြွစွာ မေးလိုက်သည်။

"ဟုတ်လား ... အဲ အဲဒီအပင်ကို ခင်ဗျားရဲ့အဘိုးက တွေ့ခဲ့သလား"

"မတွေ့ပါဘူး။ အဘိုးလည်း ရှေးကဘိုးဘေးတွေ၊ မုဆိုးဟောင်းကြီးတွေ ပြောတာဆိုတာ ကြားဖူးတာပါ၊ ပြီးတော့ အဘိုးက ပြောသေးတယ်ဗျ၊ ဒီဟိမဝန္တာရေခဲတောင်ကြီးတွေရဲ့ တစ်နေရာမှာ ရှေးဟောင်းလူမျိုးတစ်စု ရှိတယ်တဲ့ဗျ၊ သူတို့ကိုတော့ အဘိုးကိုယ်တိုင် တွေ့ဖူးခဲ့တာတဲ့ဗျ"

"ဘာလဲ ... လူရိုင်းတွေလား၊ လူရိုင်းတွေကတော့ ဒီလို လူသူအရောက်အပေါက်နည်းလှတဲ့ တောတောင်တွေထဲမှာ ခုခေတ်အထိ ရှိနေဆဲပဲလေ၊ သမုဒ္ဒရာတွေထဲက ခုခေတ်လူသားတွေ မရောက်ဖူးတဲ့ ကျွန်းတွေမှာလည်း လူရိုင်းတွေရှိတာပဲ၊ တချို့လူရိုင်းတွေဆို လူသားတောင် စားကြတယ်၊ အာဖရိကတိုက် တောနက်တွေထဲမှာလည်း ရှိဆဲပဲဗျ"

"မဟုတ်ဘူး၊ အဘိုးတွေ့ခဲ့တဲ့သူတွေက လူရိုင်းတွေ မဟုတ်ဘူးတဲ့ဗျ၊ လူယဉ်ကျေးတွေတဲ့ဗျ၊ ရှေးဟောင်း[illegible]သည် တစ်စုတဲ့၊ အားလုံး ခြောက်ယောက်ဟဲ့၊ ချပ်ဝတ်တန်ဆာတွေ ဝတ်ထားကြပြီး ရှေးဟောင်းသက္ကတဘာသာစကားမျိုး ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ အဘိုးကတော့ သူတို့ရဲ့စကားကိုနားမလည်ဘူး''

''ခင်ဗျားရဲ့အဘိုး တောလိုက်ရင်း ထိပ်တိုက်တွေ့ခဲ့တာ ပေါ့ ဟုတ်လား''

''ထိပ်တိုက်တွေ့တာ မဟုတ်ဘူးဗျ၊ အဘိုးက ကျောက်လိုဏ်ခေါင်းကြီးတစ်ခုထဲဝင်ပြီး ကျောက်သွေးရှာနေတုန်း ကျောက်လိုဏ်ခေါင်းလမ်းတစ်ခုအတိုင်း လျှောက်လာကြတဲ့ အဲဒီလူတွေရဲ့စကားသံကြားကတည်းက ကျောက်ချပ်တစ်ခုရဲ့ နောက်ထဲ ဝင်ပုန်းနေလိုက်တာတဲ့ဗျ၊ ခဏအကြာမှာပဲ ထင်းရှူးဆီမီးတိုင်ကိုကိုင်ပြီး ချပ်ဝတ်တန်ဆာတွေ ဝတ်ထားတဲ့လူစုဟာ ကျောက်လိုဏ်လမ်းအတိုင်း စကားတပြောပြောနဲ့ လျှောက်သွားတာ မြင်ရတာနဲ့ နောက်က အသာလိုက်ချောင်းကြည့်တယ်တဲ့ဗျ၊ အဲဒီလူတွေဟာ ဝက်ပါလို ရှုပ်ထွေးနေတဲ့ ကျောက်လိုဏ်လမ်းတွေထဲ အေးအေးဆေးဆေး ဝင်သွားကြတယ်တဲ့ဗျ၊ အဘိုးလည်း အံ့အားသင့်ပြီး လိုက်ကြည့်ဖို့လုပ်တော့ ကျောက်လိုဏ်တွေက ပိုရှုပ်ထွေးလာလို့ ဝက်ပါထဲ ဝင်မိသလိုဖြစ်ပြီး ပြန်မထွက်နိုင်မှာစိုးတာနဲ့ ပြန်ထွက်ခဲ့ရတယ်တဲ့ဗျ၊ ထူးခြားတာက အဲဒီလူခြောက်ယောက်ထဲက ရှေ့ဆုံးလူရဲ့လက်ထဲမှာ နွယ်ပင်လိုအပင်တစ်မျိုးကို တယုတယ ဂရုစိုက်ကိုင်သွားတာ တွေ့ရတယ်တဲ့ဗျ''





''ဗျာ နွယ်ပင် ဟုတ်လား၊ ကွမ်း . . . ကွမ်းပင်တို့၊ ငရုတ်ကောင်းပင်တို့လိုလား''

ဆာဝါက အံ့ဩစွာ အငမ်းမရ အလောတကြီးမေးလိုက်ရာ ဘန်ဒုံးလည်း သူ့မျက်နှာကို နားမလည်သလို လှည့်ကြည့်လေသည်။

''ဟုတ်တယ် . . . အဘိုးပြောတာကတော့ ငရုတ်ကောင်းပင်လို့ ထင်တာပဲတဲ့၊ ဒါထက် ဆရာ . . . အဲဒီလိုအပင်မျိုးမှန်း ဘယ်လိုလုပ်သိတာလဲ''

''အဲ . . . ဘာရယ်မဟုတ်ပါဘူးဗျာ၊ ရှေးရှေးလူတွေသုံးတဲ့ ဆေးပင်ဝါးပင်တွေဟာ နွယ်ပင်တွေဖြစ်တတ်လို့ပါ''

ထို့နောက်မှာမူ အထမ်းသမားတို့က စွပ်ပြုတ်အိုးဆူပြီးမို့ ထမင်းစား၍ရပြီဖြစ်ကြောင်း လှမ်းပြောကြရာ စကားပြတ်သွားကြပြီး ကျွန်ုပ်တို့သည် ရေခဲချောင်းစပ်ရှိ ကျောက်တုံးများအပေါ် ထိုင်နေရာမှ ထရပ်လိုက်ကြရတော့၏။

လမ်းပြကြီးဘန်ဒုံးထံမှ ထူးခြားသောစကားများကို ကြားရပြီးချိန်မှစ၍ ဆာဝါမှာ စိတ်အတော် လှုပ်ရှားနေပုံရလေသည်။ သူက ရေခဲတောင်တွေဘက် လှမ်းမျှော်ကြည့်ရင်း တစ်စုံတစ်ရာအတွက် စိတ်စောနေပုံရရာ သူ့ကိုအကဲခတ်ကြည့်ပြီး ကျွန်ုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကိုသာ အခါခါ ချနေမိပါတော့သတည်း။

※

"ဟုတ်ပြီ . . . ဒီနေရာဟာ ဟိုတစ်ခါ ကျုပ်တို့ စခန်းချခဲ့တဲ့နေရာပဲ"

ကျောက်တောင်စွယ်တစ်ခု၏ဘေးမှ နှင်းဖုံးလွင်ပြင်ကို လမ်းပြကြီး ဘန်ဒုံးက ညွှန်ပြလိုက်ရာ ကျွန်ုပ်တို့သည် ထိုနေရာမှာပင် ရွက်ဖျင်တဲတို့ကို ထိုးကာ ကျောက်တောင်စွယ်လေကွယ်ရာနှင့်ကပ်လျက်နေရာတွင် ထင်းခြောက်များရှာပြီး မီးဖိုလိုက်ကြတော့၏။

ကျွန်ုပ်နှင့် ဆာဝဲတို့က ရွက်ဖျင်တဲတစ်လုံးဖြင့် သီးခြားအိပ်စက်ကြရာ ထိုညက ညစာစားကြပြီး ရွက်ဖျင်တဲအတွင်း၌ မအိပ်စက်မီ လဲလျောင်းနေကြစဉ် ဆာဝဲက စကားစလေသည်။

"အစ်ကိုစိုး . . . နေ့ခင်းတုန်းက ဘန်ဒုံးပြောတဲ့စကားကို ဘယ်လိုသဘောရသလဲဗျ"

"ဘာလဲ . . . သူ့အဘိုး ဟိုလူတွေကို တွေ့ခဲ့တယ်ဆိုတဲ့





စကားလား"

"ဟုတ်တယ်ဗျ၊ သူပြောတာ ဖြစ်နိုင်မလား"

"အင်း . . . ခက်တာက . . . သေသွားတဲ့သူ့အဘိုးပြောတာကို သူက ပြန်ပြောတာလေ၊ ကိုယ်တိုင်တွေ့ခဲ့တဲ့သူက ကိုယ်တို့ကို တိုက်ရိုက်ပြောတာမှ မဟုတ်ဘဲ၊ ဘယ်လိုယုံကြည်လက်ခံလို့ရမှာလဲ"

"ဒါပေမဲ့ . . . သူ့အဘိုးပြောပုံက ဆက်စပ်မှုရှိနေတယ်ဗျ၊ ဟိုလူခြောက်ယောက်ကို တွေ့ခဲ့ရတုန်းက လူတစ်ယောက်ကိုင်သွားတဲ့ အပင်ဟာ နွယ်ပင်ဆိုတော့ ကျွန်တော်တွေ့ခဲ့တဲ့ ကျောက်ဂူကြီးရဲ့မျက်နှာကြက်က အပင်တွေနဲ့ သွားတူနေတယ်၊ အဲဒီလူတွေဟာလည်း ဂူလိုဏ်လမ်းထဲမှာ သွားလာနေတာဆိုတော့ ဆက်စပ်မှုရှိနေတယ် အစ်ကိုစိုးရဲ၊ တစ်ဆင့်ပြောတယ်ဆိုတာနဲ့ပဲ မယုံလို့ဖြစ်မလား"

"ဆာဝဲ . . . မင်းလည်း ပါရဂူဘွဲ့ရပညာတတ်ပဲ၊ ငါ သိပ်မပြောချင်ဘူး၊ သရဲခြောက်တဲ့အကြောင်း ပြောသူတွေကို မင်းလည်း ကြုံဖူးတာပဲ၊ ကိုယ်တိုင် သရဲခြောက်ခံရတဲ့သူက ပြောတယ်ဆိုတာ အင်မတန် ရှားတယ်၊ တစ်ဆင့်ပြောတာတွေချည်း ကြုံရတယ်မဟုတ်လား၊ မသေဆေးပင်အကြောင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ပြောတာတွေဟာလည်း တစ်ဆင့်ကြားပဲ၊ ဒဏ္ဍာရီတွေပဲ မဟုတ်လား''

ဤတွင် ဆာဝါက လူးလဲထထိုင်လိုက်ကာ –

''ဒါဆို ... ရှေးခေတ်က ရှောင်လင်ကျောင်းတော်ရဲ့ လားမားတွေ ကမ္ပည်းထိုးထားခဲ့တဲ့ မှတ်တမ်းတွေကိုရော ဒဏ္ဍာရီတွေလို့ ဆိုချင်သလား''

ဟု ခပ်ဆတ်ဆတ်မေးလိုက်လေသည်။

ကျွန်ုပ်က လက်ဖဝါးနှစ်ဖက်ကိုယှက်ကာ ဦးခေါင်းနောက်ဘက်တွင် ခုလိုက်လျက် ရွက်ဖျင်တဲခေါင်မိုးကို မော့ကြည့်ရင်း သက်ပြင်းချလိုက်မိလေသည်။ ပြီးမှ သူ့ကို ခပ်အေးအေး ပြောလိုက်၏။

''အင်း ... ခက်တယ် ဆာဝါ၊ ရှေးဟောင်းသမိုင်းတို့၊ ရာဇဝင်တို့ဆိုတာတွေဟာလည်း ဒဏ္ဍာရီတွေ ဖြစ်နေတတ်တယ်''

''ကျွန်တော်ကတော့ ရှောင်လင်ကျောင်းတော်ရဲ့ မှတ်တမ်းတွေကိုယုံကြည်တယ်''

''ဟုတ်ပါတယ်၊ မောင်ရင့်ကို မယုံကြည်နဲ့လို့ မပြောပါဘူး၊ ဒါပေမဲ့ ကိုယ်တို့ ထေရဝါဒဘာသာရေးကျမ်းတွေမှာလည်း





အဋ္ဌကထာဆရာတွေက ချဲ့ကားရေးတာတွေ ရှိတာပဲကွ''

''ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကျွန်တော်ကိုယ်တိုင် မသေဆေးလို့ ယူဆနိုင်တဲ့ဆေးပင်ကို တွေ့ခဲ့တာရယ်၊ လမ်းပြကြီးဘန်ဒုံးရဲ့ ပြောပြချက်တွေရယ်၊ ရှောင်လင်ကျောင်းတော်က မှတ်တမ်းတွေရယ်ကို အခြေခံပြီး အဲဒီ မသေဆေးပင်ကို မတွေ့တွေ့အောင် ရှာမှာပဲဗျာ''

''အေးပါ ... ရှာပါ၊ မင်း အဲဒါရှာဖို့ ဒီကိုလာခဲ့တာ မဟုတ်လား''

''ရှာမှာပဲ ... ရှာမှာပဲ၊ အဲဒီ မသေဆေးပင်ကို မတွေ့တွေ့အောင် ရှာမယ်၊ ရှာလို့တွေ့ရင် သုတေသနပြုကြည့်မယ်၊ သုတေသနပြုပြီးလို့ အောင်မြင်သွားရင် လူ့သက်တမ်းတွေကို စိတ်ကြိုက်ဆွဲဆန့်နိုင်ပြီ၊ ဒါဆို ကျွန်တော်တို့ဟာ ကမ္ဘာ့လူသားတွေကို အကျိုးအများကြီးပြုနိုင်တဲ့ ကမ္ဘာကျော်ဆေးပညာရှင်ကြီးတွေ ဖြစ်သွားမှာပဲ အစ်ကိုစိုး၊ အဲဒါဆို မကောင်းဘူးလားဗျာ''

''ဟား ဟား ဟား''

ဆာဝါ အားပါးတရရယ်နေစဉ်မှာပင် ကျွန်ုပ်က ရွက်ဖျင်တဲ၏နံဘေးမှ လူတစ်ဦး ဖြတ်သွားသည်ကို ရွက်ဖျင်သားအပေါ် ဖျတ်ခနဲ ထင်သွားသည့်အရိပ်ကို မြင်လိုက်ရသဖြင့် လဲလျောင်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ချက်ချင်း လူးလဲထပြီး ရွက်ဖျင်တဲအတွင်းမှထွက်ကာ နံဘေးဝန်းကျင်သို့ ကြည့်လိုက်၏။

ဆာဝါပါ ရွက်ဖျင်တဲအတွင်းမှ ထွက်လာပြီးကြည့်သည်။

''အစ်ကိုစိုး ဘာလဲဗျ၊ ဘာလဲ''

''လူတစ်ယောက် ကိုယ်တို့တဲဘေးက ဖြတ်သွားလို့''

ရွက်ဖျင်တဲသုံးလုံး ဖိုခုံလောက်ဆိုင်ရှိနေရာ၏အလယ်တွင် မီးလင်းဖိုရှိနေပြီး မီးလင်းဖိုအနီးမှ ကျောက်တုံးတစ်တုံးပေါ်တွင် အထမ်းသမားမီဂါက အမဲပစ် ပြောင်းရှည်သေနတ်ကို မြေဝယ်ထောက်လျက်ထိုင်ကာ ကင်းစောင့်လျက်ရှိနေသည်ကို တွေ့ရ၏။

လမ်းပြကြီးဘန်ဒုံး၏ရွက်ဖျင်တဲနှင့် အထမ်းသမား နီဘီ တစ်ဦးတည်းအိပ်နေသည့် ရွက်ဖျင်တဲတို့မှာ လှုပ်ရှားမှုမဲ့စွာ ငြိမ်သက်လျက်ရှိလေ၏။

ကျွန်ုပ်က ကျွန်ုပ်တို့ကို ပြုံးတုံးကြောင်တောင် လှမ်းကြည့်နေသည့် မီဂါထံ လှမ်းလျှောက်သွားပြီး ဟိန္ဒူစတန်နီ ဘာသာစကားဖြင့် မေးမြန်းလိုက်၏။

''စောစောက ငါတို့ရွက်ဖျင်တဲနား ဘယ်သူလာသေးသလဲ၊ မင်း လာသလား''





''ကျွန်တော် မလာပါဘူး၊ တစ်ချိန်လုံး ဒီမှာပဲ ထိုင်နေတာ၊ ဘရားဆပ်တို့ရွက်ဖျင်တဲနားလည်း ဘယ်သူမှ မလာပါဘူး''

''မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့အရိပ်ကို တွေ့လိုက်တယ်၊ ဒီရွက်ဖျင်တဲတွေထဲက ဘယ်သူ ထွက်လာသေးသလဲ''

''မထွက်လာပါဘူး''

ကျွန်ုပ်မှာ ငြိမ်သက်နေသည့် ရွက်ဖျင်တဲနှစ်လုံးကို မချင့်မရဲကြည့်ရုံသာ တတ်နိုင်တော့၏။

''အစ်ကိုစိုး . . . လူရိပ်တွေ့လိုက်တယ်ဆိုတာ ဟုတ်ရဲ့လား''

ဆာဝါက ကျွန်ုပ်ကို အင်္ဂလိပ်လိုမေးလိုက်၏။ ကျွန်ုပ်နှင့် ဆာဝါတို့အချင်းချင်း စကားပြောလျှင် အင်္ဂလိပ်လိုသာပြောလေ့ရှိ၏။

''ကိုယ်တွေ့လိုက်ရတာတော့ အမှန်ပဲ၊ မီးလင်းဖိုရဲ့ အရောင်ကြောင့် လူတစ်ယောက်ရဲ့ပခုံးနဲ့ခေါင်းပိုင်းကို ရိပ်ခနဲ တွေ့လိုက်ရတယ်''

''ကျွန်တော်တို့ ချက်ချင်းထွက်ကြည့်တော့လည်း ဘာ လှုပ်ရှားမှုမှ မတွေ့ရပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . စဉ်းစားရ အတော်ခက်တယ်"

ကျွန်ုပ်မှာ မကျေမနပ်ဖြင့် ရွက်ဖျင်တဲထဲ ပြန်ဝင်ခဲ့ရလေသည်။

ဆာဂါကတော့ ကျွန်ုပ်မျက်စိအမြင်မှားခြင်းဖြစ်သည်ဟု ယူဆပုံရသလားမသိ၊ ဘာမျှမပြောတော့ဘဲ အိပ်စက်သွားတော့၏။

ကျွန်ုပ်မှာသာ တစ်စုံတစ်ယောက်သည် ကျွန်ုပ်တို့၏ ရွက်ဖျင်တဲအနီး ချဉ်းကပ်ကာ ကျွန်ုပ်တို့၏ပြောစကားများကို ချောင်းမြောင်းနားထောင်ခဲ့သည်ဟု ယူဆယုံကြည်သဖြင့် စိတ်ထဲဝယ် စနိုးစနောင့်ဖြင့် မကျေမချမ်း ဖြစ်နေရပါတော့သတည်း။

✻ ✻ ✻

# အခန်း (၂)

မသေဆေးပင်ဂူ

မရဏာထောင်ချောက်

ကယ်တင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

**မဒေါ်သေဆေးပင်ရှ**

နောက်တစ်နေ့နံနက်တွင် နံနက်အဆာပြေအဖြစ် အမဲခြောက်ကြော်၊ အာလူးပူရီနှင့် ဒိန်ခဲတို့ကို စားသောက်ကြပြီးနောက် ကျွန်ုပ်နှင့်ဆာဝါတို့သည် ကျောပိုးအိတ်ကိုယ်စီလွယ်လျက် ပစ္စတိုတစ်လက်စီ ခါးမှာချိတ်ကာ အရှေ့စူးစူးအရပ်ဆီသို့ ခရီးစတင်ထွက်ခဲ့ပါတော့သည်။

အရှေ့အရပ်ဆီမှ နံနက်ဦးနေရောင်ခြည်ကြောင့် ရေခဲတောင်အားလုံးမှာ စိန်သားစိန်နှစ်နှယ် အရောင်အလျှံတို့ ထွက်လျက် လက်လက်တောက်နေတော့၏။

နှင်းခဲတို့ဖွဲ့စည်းကပ်ခဲနေသည့် ကျောက်တုံးကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်များကို ကွေ့ဝိုက်ကျော်ဖြတ်ကာ ရေခဲပြင်ထုထဲ ပင်စည် ဝက်ခန့် နစ်မြုပ်နေသော ထင်းရှူးပင်တို့ကြားမှနေ၍ တောင်လက်မောင်းတစ်ခုပေါ် တစ်နာရီနီးပါးမျှ တက်လာခဲ့ကြပြီးနောက် တောင်စွန်းတစ်ခု၌ ခေတ္တနားကြရလေသည်။

"ဆာဝါ . . . ငါတို့ လမ်းပြကြီးလည်းမခေါ်ဘဲ ထွက်ခဲ့ရတာ ရှေ့ဆက် ဖြစ်မှဖြစ်ပါ့မလား၊ အပြန်လမ်းကို မင်း မှတ်မိရဲ့နော်"

ကျွန်ုပ်က ကျောက်စွန်းတစ်ခုအပေါ် မေးထိုင်ရင်း မေးလိုက်ရာ ဆာဝါက သူ၏လက်ထဲမှ သံလိုက်အိမ်မြှောင်လေးကို မြှောက်ပြလိုက်၏။

"မပူပါနဲ့ အစ်ကိုစိုးရဲ့၊ ဒီမှာ သံလိုက်အိမ်မြှောင်ပါတာပဲ၊ အခု အရှေ့စူးစူးအရပ်ကိုလာခဲ့တာပဲ၊ ပြီးရင် ဟောဟိုရှေ့က ရေခဲလွင်ပြင်ထဲ မြောက်စူးစူးအရပ်ဆီ ဦးတည်လျှောက်လှမ်းသွားရမယ်၊ ခြေလှမ်းကိုတော့ ခုကတည်းကစပြီး မှတ်သွားရမယ်ဗျ"

သူက ပြုံးလျက်ပြောပြီးနောက် အနီးရှိ ထင်းရှူးပင်၏ အကိုင်းတစ်ခုတွင် ဖဲကြိုးစအနီလေးကို ပတ်ချည်လိုက်၏။

ဆာဝါသည်ကား ထူးချွန်ထက်မြက်သော လူငယ်တစ်ဦး





ဖြစ်သောကြောင့် ဤခရီးမစမီကပင် ကြိုတင်ပြင်ဆင်ရာ၌ ယင်းသို့သော အမှတ်အသားပြုရန် ဖဲကြိုးနီနီဝါဝါတို့ကို ကြိုတင်စုဆောင်းထည့်ယူလာခဲ့ပေ၏။

လှေကြိုးတစ်ခွေကိုလည်း သူက မမေ့မလျော့ ယူဆောင်လာကာ စလွယ်သိုင်းလွယ်လာသေး၏။

ထို့နောက်မှာမူ ကျွန်ုပ်တို့သည် အနိမ့်ပိုင်းရေခဲလွင်ပြင်ထဲသို့ တရွေ့ရွေ့ ဆင်းသက်လာခဲ့ပါတော့သည်။

ကျွန်ုပ်တို့သည် ရေခဲပြင်မာမာတို့ကို တုန်ဖြင့် ထောက်စမ်းလျက် ရေခဲလွင်ပြင်အား သတိကြီးစွာထားကာ ဖြတ်သန်းခဲ့ကြလေ၏။

တုန်ဖြင့် ထောက်စမ်းရသည်မှာ ရေခဲပုံးထဲ ကျွံကျမည်ကို စိုးရိမ်ရ၍ ဖြစ်သည်။

မနှေ့ည သန်းခေါင်ယံကျော်ကျော်ခန့်မှ စပြီး မိုးသောက်လုလုအထိ လေပြင်းများကျခဲ့ရာ လေနှင့်အတူ လွင့်ပါလာသည့် ဆီးနှင်းခဲများ၊ ရေခဲအဖြစ် ခဲသွားကြသည်၌ အနည်မထိုင်သေးချိန် ကျောက်သားပမာ မမာမကျောသေးချိန်တွင် နင်းမိပါလျှင် ရေခဲလွှာတို့ကွဲကြေကာ ရေခဲပုံးထဲ ကျွံကျသွားပါက အသက်ရှင်ရန် မျှော်လင့်ချက် လုံးဝမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် မိမိရေခဲပုံးထဲ နက်ရှိုင်းစွာ ကျွံကျသွားပြီးသည်နှင့် အပေါ်မှ ဆီးနှင်းထုက သိပ်သည်းစွာ ဖုံးလွှမ်းသွားမည် ဖြစ်သောကြောင့်ပင်။

ဤသို့ဖြင့် ရေခဲပုံးထဲ ကျွံကျသူမှာ အရှင်လတ်လတ် ဆီးနှင်းရေခဲတို့၏ ဖုံးလွှမ်းသင်္ဂြိုဟ်ခြင်း ခံသွားရမည်ဖြစ်ပါ၏။

ကျွန်ုပ်တို့သည် ရေခဲလွင်ပြင်ကို ဖြတ်သန်းခဲ့ပြီးနောက် တွင်မူ လေပြင်းက တိုက်ခတ်လာပြီး နှင်းသီးနှင်းခဲများက လေနှင့်အတူ ဝဲပျံကျလာတော့သည်။

ကျွန်ုပ်တို့သည် လေကွယ်ရာကိုရှာရန် ကျောက်တောင်ကြောတစ်ခုကို ကွေ့ပတ်သွားကြရာမှ ရေခဲဖုံးကျောက်တောင်ကြီးနှစ်ခု၏ လမ်းကြားထဲ ရောက်ရှိသွားပါတော့၏။

ယင်းရေခဲတောင်ကြားမှနေ၍ လှမ်းကြည့်လိုက်လေလျှင် ဟိုးအဝေး၌ နေရောင်ထင်းထင်းကျနေသဖြင့် စိန်ရောင်တဖျပ်ဖျပ် လက်နေသည့် ရေခဲတောင်ချွန်းကြီးတစ်ခုကို ပြာလွင်သော မိုးကောင်းကင်နောက်ခံပြုလျက် လှပစွာ တွေ့ရပေသည်။

ထိုရေခဲတောင်ချွန်းကြီး၏သဏ္ဌာန်မှာ ဦးချိုတစ်ချောင်းထောင်ကွေးလျက်ရှိသည့် ကြံ့ကြီးတစ်ကောင်၏ဦးခေါင်းနှင့် တူလှပေ၏။

ခု နှစ် စဉ် ကြယ် စာ ပေ



"ဟာ အစ်ကိုစိုး ... အဲ အဲဒီကျောက်တောင်ကြီးပဲဗျ၊ ကျွန်တော် ဂူအောင်းခဲ့တာ"

ဆာဝါသည် နေရောင်ခြည်အောက်မှာ ဖွေးဖွေးလက်လျက် တောင်ထိပ်တစ်ခုလုံး ရေခဲဖုံးနေသော ကျောက်တောင်ကြီးကို ဝမ်းသာအားရကြည့်ရင်း ကျောက်တောင်လမ်းကြားထဲ အပြေးဆင်းသွားရာ ရုတ်တရက် ရေခဲပုံးကိုနင်းလိုက်မိဟန်ဖြင့် ယယ်သံပါအောင်အော်လျက် ရေခဲဆီးနှင်းထဲ ကျွံကျသွားကာ ကျွန်ုပ်၏မြင်ကွင်းမှ ရုတ်ခြည်းပျောက်ကွယ်သွားတော့၏။

ကျွန်ုပ်သည် လွန်စွာ ထိတ်လန့်တုန်လှုပ်သွားပြီး သူ၏ နာမည်ကို အော်ဟစ်ခေါ်ကာ သူ ကျွံကျရာဆီသို့ စိုးရိမ်တကြီး ပြေးသွားလိုက်တော့၏။

"ဆာဝါ ဆာဝါ ဆာဝါ"

တကယ်တော့ ဆာဝါသည် ရေခဲချောက်ထဲ ကျွံကျသွားခြင်းဖြစ်ရာ ပေနှစ်ဆယ်ခန့်နက်သည့် ချောက်အောက်ခြေမှ ရေခဲပြင်ပေါ်ဝယ် မှောက်လျက် လဲကျငြိမ်သက်နေတော့၏။

ကံအားလျော်စွာပင် ကျွန်ုပ်တို့သည် လေကွယ်ရာအရပ်တွင် ရောက်နေသဖြင့် ဆီးနှင်းခဲတို့က ယင်းချောက်ကိုဖုံးရန် လွင့်ဝဲပြေးလာခြင်းမရှိချေ။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပေနှစ်ဆယ်ခန့်အမြင့်မှ ကျောက်သားနယ်မာကျောလှသည့် ရေခဲကြမ်းပြင်ပေါ် ပြုတ်ကျခြင်းဖြစ်သဖြင့် ဆာဝါတစ်ယောက် ကျိုးပဲ့သွားပြီလား၊ သေများသွားပြီလားဟု ကျွန်ုပ် စိုးရိမ်ကာ ရတက်မအေးဖြစ်သွားရတော့၏။

''ဆာဝါ ဆာဝါ ဆာဝါ''

ကျွန်ုပ်က ရေခဲချောက်အစပ်တွင် ဒူးထောက်ငုံ့ကာ ချောက်ထဲသို့ စိုးရိမ်တကြီး အော်ဟစ်ခေါ်နေမိတော့၏။

''ဆာဝါ ဆာဝါ ဆာဝါ''

ကျွန်ုပ်၏အဆက်မပြတ်ခေါ်သံမှာ ရေခဲချောက်ထဲဝယ် လိုဏ်သံပေါက်လျက် ပဲ့တင်ထပ်မြည်ဟည်းလျက် ရှိချေသည်။

''ဆာဝါ ဆာဝါ ဆာဝါ''

ခဏအကြာဝယ် ဆာဝါသည် လှုပ်လာပြီး ခပ်ဖြည်းဖြည်း ထထိုင်လိုက်ကာ အပေါ်သို့မော့ကြည့်လိုက်တော့၏။

''ဆာဝါ ဆာဝါ ...မင်း ဘာမှမဖြစ်ဘူးနော်''

ဆာဝါက ခပ်ဖြည်းဖြည်းထရပ်ပြီး သူ၏ကိုယ်ပေါ်မှ ဆီးနှင်းခဲ ဆီးနှင်းဖတ်တို့ကို လက်ဖြင့်သပ်ချရင်း ကျွန်ုပ်ကို မော့ကြည့်ကာ အော်ပြောလိုက်သည်။

''ဘာ ဘာမှမဖြစ်ဘူး''





သူ ဘာမျှမဖြစ်သဖြင့် ကျွန်ုပ် ဝမ်းသာသွားရ၏။ သို့သော် သူ့ကို ယင်းအလုံပိတ်ရေခဲချောက်ထဲမှ ကယ် မထုတ်နိုင်ပါက သူ ထိုအထဲမှာအေးခဲပြီး သေသွားနိုင်သည်။

ကျွန်ုပ် စိုးရိမ်ပူပန်စွာ ခေါင်းခြောက်နေစဉ်မှာပင် ဆာဝါသည် ဆီးနှင်းခဲတို့ကပ်နေသည့် ကျောက်တုံးတစ်တုံးကို ကောက်ယူလိုက်ကာ ယင်းကျောက်တုံးကို လျှော်ကြိုးဖြင့်ချည်လိုက်လေသည်။

ထို့နောက် သူက ချောက်အပေါ်သို့ ပစ်တင်မည့်ဟန်ပြုရာ ကျွန်ုပ်လည်း ချောက်နှုတ်ခမ်းနားမှ နောက်ဆုတ်ကာ ခွာပေးလိုက်ရတော့၏။

'ဗိုး'

'ဘုတ်'

လျှော်ကြိုးချည်ထားသည့် ကျောက်တုံးသည် ကျွန်ုပ်၏ အနီးသို့ကျလာရာ ကျွန်ုပ်လည်း လျှော်ကြိုး၏အစကို ကျောက်တုံးမှ ဖြည်ဖြုတ်လိုက်ပြီး ချောက်ထဲမှ လျှော်ကြိုးကို အတန်ငယ် ဆွဲယူလိုက်လေသည်။

ယင်းနောက် ကျွန်ုပ်သည် လျှော်ကြိုး၏အစကို ကျောက်ချွန်းတစ်ခုတွင် ခိုင်မာစွာရစ်ပတ်ချည်လိုက်လေသည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆာဝါ ...အပေါ်မှာ ကြိုးကိုချည်ထားပြီးပြီ၊ မင်း ကြိုးကိုဆွဲပြီး တက်လာနိုင်မှာလား"

ကျွန်ုပ်က ချောက်ထဲငုံ့ကြည့်ကာ အော်ဟစ်မေးလိုက်လေလျှင် သူက ကျွန်ုပ်ကို လက်ဝှေ့ယမ်းပြလိုက်ပြီးနောက် ကြိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရေခဲတို့ကပ်ငြိနေသည့် ချောက်နံရံကို ခြေနှစ်ဖက်ဖြင့် ကန်တက်စပြုလေ၏။

ဆာဝါသည် လျှော်ကြိုးကို လက်တစ်ဖက်ပြီးတစ်ဖက် ဆုပ်ကိုင်လျက် ကျောက်နံရံကို ခြေကန်ကာ ကြိုးစားတက်လာတော့သည်။

"ဟုတ်ပြီ ဆာဝါ ...ကြိုးစားပြီးတက်"

ကျွန်ုပ်က ချောက်နှုတ်ခမ်းမှနေ၍ အဆက်မပြတ် အော်ဟစ်အားပေးလျက်ရှိရာ ဆာဝါလည်း ကြိုးစားတက်လေလျှင် ချောက်နှုတ်ခမ်းအစပ်အနီးသို့ ရောက်ရှိလာတော့၏။

သို့သော် သူသည် အားကုန်ပင်ပန်းသွားဟန်ရှိပြီး ကြိုးအတိုင်း ပြန်လည်လျှောကျမည်သို့ ဖြစ်နေတော့သည်။

ကျွန်ုပ်လည်း ကျောက်ချွန်းဝယ်ချည်ထားသည့်ကြိုးကို လက်တစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်လျက် ချောက်ထဲသို့ ငုံ့ကိုင်းကာ ဆာဝါ၏လက်တစ်ဖက်ကို ဖမ်းကိုင်လိုက်တော့၏။





ပြီးလျှင် သူ့ကို အားစိုက်ကာဆွဲတင်ရာ ဆာဝါသည် ချောက်နှုတ်ခမ်းနှင့်ကပ်လျက် ဒရွတ်တိုက်ပါလာတော့သည်။

သူ၏လက်သည်ကား ရေခဲတမျှ အေးစက်လျက်ရှိပြီး မေးကခိုက်ခိုက်တုန်လျက်ရှိရာ ဤရေခဲချောက်ထဲမှသာ သူ့ကို အချိန်မီမကယ်တင်နိုင်ခဲ့လျှင် မိနစ်ပိုင်းအတွင်းမှာပင် ဆာဝါသည် သေဆုံးခဲ့ရမည်မှာ သေချာလှပေ၏။

ကျွန်ုပ်က သူ့ကိုချောက်အပေါ်သို့ လုံးလုံးလျားလျား ရောက်အောင် ဆွဲတင်ပြီးသည့်အခါမှာမူ သူသည် မလှုပ်မယှက်ဖြင့် ဆီးနှင်းပြင်ထဲ ပက်လက်လန်နေရာမှ ကျွန်ုပ်အား ကျေးဇူးတင်သည့်မျက်လုံးတို့ဖြင့် ငေးကြည့်လိုက်ပြီးနောက် မျက်ခွံတို့ပိတ်ကာ သတိလစ်သွားပါတော့သတည်း။

❋

ကျွန်ုပ်သည် ကျောပိုးအိတ်နှစ်လုံးကို လွယ်ပိုးရင်း ဆာဝါကို ပခုံးထက်၌ ထမ်းကာ လေကွယ်ရာကျောက်တောင်နံရံကြီး၏ ဂူတစ်လုံးထဲသို့ လှမ်းလျှောက်ဝင်ခဲ့ပြီး သူ့ကို ဂူကြမ်းပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



အသာချထားလိုက်ရ၏။

ဆာဝါသည်ကား တစ်ကိုယ်လုံး အေးခဲတောင့်တင်းစ ပြုလာပြီဖြစ်သည်။

ကျွန်ုပ်လည်း ယင်းကျောက်ဂူအစပ်မှာ တွေ့ရသည့် သစ်ကိုင်းခြောက်အချို့နှင့် သစ်ရွက်ခြောက်တို့ကို လျင်မြန်စွာ စုပုံကာ ဘောင်းဘီအိတ်ထဲမှ ဖစ်ပိုမီးခြစ်ကို ထုတ်ခြစ်လျက် မီးမွှေးလိုက်တော့၏။

မီးပုံက တဟဲဟဲတောက်လောင်လာသည်တွင် ဆာဝါကို မီးပုံအနားသို့ တိုးရွှေ့ထားလိုက်ရသည်။

ခဏအကြာမှာပင် မီးဖို၏အနွေးဓာတ်ကြောင့် ဆာဝါ၏ ကိုယ်သည် ပျော့ပျောင်းလာကာ ညည်းညူစပြုလာတော့၏။

"အင်း ‥ ဟင်း ဟင်း ဟင်း"

ကျွန်ုပ်လည်း ကျောပိုးအိတ်တစ်လုံးထဲမှ ဘရန်ဒီပုလင်း ပြားလေးကိုထုတ်ကာ သူ၏ပါးစပ်ထဲသို့ ဘရန်ဒီအနည်းငယ် လောင်းထည့်ပေးလိုက်လေသည်။

ခဏအကြာမှာမူ ဆာဝါမှာ ကောင်းစွာသတိရလာပြီး လဲလျောင်းနေရာမှ ထထိုင်လိုက်နိုင်တော့၏။

"ကျွန်တော် ခဏသေသွားတယ် ထင်တယ်"





ကျွန်ုပ်က သူ့ကိုပြုံးကြည့်လိုက်ပြီး -

"မသေဆေးပင်ကို တွေ့ရင် မင်း ထပ်မသေရတော့ပါ ဘူး"

ဟု ပြောလိုက်မိပါတော့၏။

⁂

ရေခဲတောင်တန်းကြီးတို့၏ ထုံးစံအတိုင်း ရာသီဥတု အခြေအနေက မာယာများလှသည်။ တစ်နေရာ၌ လေပြင်းတို့ တိုက်ခတ်ကာ နှင်းခဲနှင်းမှုန်တို့ လွင့်ပျံလျက်ရှိစဉ် အခြားတစ်နေ ရာတွင် နေရောင်ခြည် လင်းလက်ပူနွေးနေတတ်၏။

ယခု နေရောင်ခြည်လင်းလက်နေရာမှ ချက်ချင်းဆို သလို နှင်းမိုးမှောင်ကြီးကျလာတတ်သည်။

ကျွန်ုပ်နှင့်ဆာဝါသည် လေပြင်းများ တိုက်ခတ်နေသော တောင်ကြားချိုင့်ဝှမ်းကို သတိကြီးစွာဖြင့် ဖြတ်ကျော်လာပြီးနောက် တောင်လက်မောင်းတစ်ခုကို ကျော်ဖြတ်ပြီးလျှင်မူ ပေထောင်ပေါင်း ခန့်မြင့်မည့် ကြီးဦးခေါင်းပုံ ရေခဲဖုံးကျောက်တောင်ကြီး၏အခြေသို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရောက်သွားပါတော့၏။

ယင်း ကျောက်တောင်ကြီး၏ဝန်းကျင်တွင် နေခြည်ဖြာကျလျက်ရှိပြီး ဆာဝါခိုအောင်းခဲ့သည့် ကျောက်လိုဏ်ဂူကြီး၏အဝ အနီးမှ ရေခဲလွှင်ပြင်မှာ တံလျှပ်တို့ ဖျပ်ဖျပ်လက်ထွက်ပေါ်လျက်ရှိကာ အငွေ့ဖြူဖြူတို့လည်း တလူးလူး တလွန့်လွန့် ထွက်ပေါ်မြူးတူးလျက်ရှိကြချေ၏။

"ဒီဂူကြီးပဲ အစ်ကိုစိုး၊ ကျွန်တော် ခိုအောင်းခဲ့တာ"

"မင်း နားဦးမလား၊ ဂူထဲ တန်းဝင်ကြမလား"

"မနက်စာ စားကြရင်ကောင်းမယ်"

"အေး ... ဟုတ်တယ်၊ ငါလည်း ဆာတာပဲ"

ထို့နောက် ကျွန်ုပ်တို့သည် ကျောက်လိုဏ်ဂူကြီး၏ အဝနားမှာပင် ထိုင်နားလိုက်ကြကာ ကျောပိုးအိတ်ထဲမှ ပေါင်မုန့်များနှင့် အသားဘူးတစ်ဘူးစီ ထုတ်ယူလိုက်ကြ၏။

သို့လျှင် ကျွန်ုပ်တို့သည် နံနက်စာကို ပြီးလွယ်စီးလွယ်စားသောက်လိုက်ကြပြီးနောက် အားအင်လည်း အတော်ပြည့်သွားပြီ ဖြစ်သဖြင့် ဂူလိုဏ်ကြီးထဲဝင်ရန် စတင်လှုပ်ရှားကြတော့သည်။

ကျွန်ုပ်တို့သည် ကျောပိုးအိတ်တို့ထဲမှ စတွန်းကင်းမီးအိမ်တို့ကို ထုတ်ကာ မီးညှိလိုက်ကြပြီးနောက် မှောင်ပိန်းလျက်ရှိသော





ဂူလိုဏ်ကြီးထဲသို့ သတိထားကာ တစ်လှမ်းချင်း ဝင်ရောက်ခဲ့ကြတော့၏။

ယင်းသို့ ဂူလိုဏ်ထဲဝင်ရင်း ဆာဝါက ဂူနံရံတစ်ဖက်၏အောက်ခြေတွင် ဖဲပြားအဝါရောင်၏အပိုင်းအစလေးများ ညှပ်ထားသည်ကို လေးငါးလှမ်းတွင် တစ်ခုနှုန်း ချထားခဲ့လေသည်။ ဤသို့ သူပြုလုပ်ရခြင်းမှာ ဂူလိုဏ်အဝသို့ ပြန်ထွက်လျှင် အဆင်ပြေစေရန်ဖြစ်၏။

ကျွန်ုပ်တို့သည် အတော်ကြီးကို ကျယ်ဝန်းလိုက်၊ ကျဉ်းမြောင်းသွားလိုက် ဖြစ်နေသည့် သဘာဝဂူလိုဏ် ကွေ့ကွေ့ကောက်ကောက်ကြီးထဲ နာရီဝက်ခန့် ဝင်ရောက်လာပြီးသည့်နောက်မှာမူ အမိုးမျက်နှာကြက် မြင့်မားလှသည့် ဂူလိုဏ်၏တစ်နေရာသို့ ရောက်ရှိသွားပါတော့၏။

"ဟုတ်တယ် ... ဒီနေရာပဲ၊ ဒီနေရာပဲ၊ ဒီမှာတွေ့လား ... ဒီကျောက်ဂူရဲ့နံရံမှာ ကျွန်တော့်ရဲ့နာမည် အတိုကောက် အက်စ်ဒဗလျူလို့ ဓားမြှောင်နဲ့ထွင်းထားခဲ့တာ၊ ဒီနေရာမှ ဒီနေရာပဲဗျ"

ဆာဝါက ဝမ်းသာအားတက်စွာ ပြောလိုက်ပြီးနောက် ရုတ်ခြည်းဆိုသလိုပင် သူ၏အသံတိတ်သွားရာ ကျွန်ုပ်က မီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကို မြှောက်ကိုင်လျက် သူ့ဘက်သို့လှည့်ကြည့်လိုက်မိတော့၏။

ဆာဝါမှာ ကျွန်ုပ်ကိုမကြည့်ဘဲ ဂူလိုဏ်ကြီး၏အမိုး မျက်နှာကြက်ကို ပါးစပ်အဟောင်းသားဖြင့် မော့ကြည့်လျက် ရှိလေသည်။

သူက စတွန်းကင်းမီးအိမ်ကိုချထားပြီး အမဲလိုက်ဓာတ်မီး ငါးတောင့်ထိုးဖြင့် မျက်နှာကြက်ဆီ ထိုးကြည့်လျက် ရှိလေသည်။

''အစ် အစ်ကိုစိုး . . . မရှိတော့ဘူးဗျ၊ ကျွန်တော်တွေ့ခဲ့တဲ့ မသေဆေးပင်တွေ မရှိတော့ဘူး''

ကျွန်ုပ်လည်း လက်နှိပ်ဓာတ်မီးဖြင့် သူထိုးရာဆီသို့ လိုက်ထိုးကြည့်ရာ မည်းမှောင်နေသည့် ကျောက်ဂူ၏မျက်နှာကြက်နှင့် ဂူနံရံမှ ကျောက်ချပ်လွှာတို့ကိုသာ တွေ့ရလေသည်။

''အဲဒီကျောက်ချပ်လွှာတွေအထဲကနေ နွယ်တက်နေတာဗျ၊ ခု မရှိတော့ဘူး''

''အဲဒီအပင်တွေကို မင်း တကယ်တွေ့ခဲ့တယ်ဆိုရင်တော့ ငါတို့ထက်ဦးအောင် တစ်ယောက်ယောက်က လာယူသွားတာနဲ့ တူတယ်ကွ''

''ဘယ်သူက ယူမှာလဲ အစ်ကိုစိုးရဲ့''





''ဒါတော့ မသိဘူးလေကွာ၊ လေ့လာကြည့်ရမှာပေါ့၊ အဲဒီကျောက်ချပ်လွှာတွေကို အရင်တက်ကြည့်ချင်တယ်ကွာ''

''ကောင်းပြီ တက်ကြည့်လေ''

ထို့နောက် ကျွန်ုပ်တို့သည် လျှော်ကြိုးကို ကွင်းလျောလုပ်ကာ မျက်နှာကြက်အနီးမှ ကျောက်ချပ်လွှာတို့ဆီ ပစ်တင်လိုက်ကြတော့၏။

လျှော်ကြိုး၏ကွင်းလျောက ကျောက်ချပ်လွှာတစ်ခုကို ကောင်းစွာ ချိတ်စွပ်လိုက်ပြီးသည့်အခါမှာမူ ဆာဝါက ကြိုးကို ဆွဲလျက် ဂူနံရံအား ခြေကန်ကာ ရှေ့မှ ဦးစွာတက်သွားတော့သည်။

သူ အပေါ်မျက်နှာကြက်အနီး ရောက်ရှိသွားမှ ကျွန်ုပ်က နောက်မှလိုက်တက်သွားလိုက်တော့၏။

ဆာဝါတစ်ယောက် မသေဆေးပင်များတွေ့ခဲ့သည် ဆိုသော ကျောက်ချပ်လွှာတို့အတွင်းသို့ လက်နှိပ်မီးဖြင့်ထိုးကာ ကျွန်ုပ်ကြည့်လိုက်ရာ စွယ်တော်ရွက်နှင့်သဏ္ဍာန်တူပြီး ကွမ်းရွက်၏ စိမ်းဖန့်ဖန့်အရောင်မျိုးရှိသော သစ်ရွက်နှစ်ရွက်နှင့် နွယ်တစ်နွယ်ကိုသာ တွေ့ရလေ၏။

''ဒီကျောက်အက်ကြောင်းကြားတွေထဲကနေ ဒီအပင်



www.burmeseclassic.com

www.burmeseclassic.com



တွေ ထွက်လာပုံရတယ်''

''ဟုတ်မယ် အစ်ကိုစိုး၊ တစ်ခု သတိထားမိသလား''

''ဘာလဲ''

''ဒီကျောက်ချပ်တွေရဲ့နေရာက အပူချိန်ရဲ့အနေအထား ကိုလေ''

ဆာဝါပြောမှ ကျွန်ုပ်လည်း သတိပြုမိတော့၏။ ယခု ကျွန်ုပ်ရောက်ရှိနေသောနေရာမှာ ပေနှစ်ဆယ်နီးပါးခန့် မြင့်သော ကျောက်ဂူကြီး၏အမိုးမျက်နှာကြက်နှင့် နီးကပ်နေသည့်နေရာ ဖြစ်ပြီး အပူချိန်မှာ သုညဒီဂရီအောက်လည်းမရောက်၊ ထို့ထက် လည်း ပို၍ပူနွေးခြင်းမရှိဘဲ ခပ်စိမ့်စိမ့်အေးနေသည့် အနေအထား မျိုးဖြစ်သည်။

မသေဆေးပင်ဆိုသည့်အပင်မျိုးပေါက်ခဲ့ရာ ကျောက် သားနံရံသည်လည်း ရေညှိတက်ခြင်း၊ စိုထိုင်ခြင်းမရှိဘဲ ချော ပြောင်နေကာ အေးစိမ့်စိမ့်သာ ရှိလေသည်။

ဤကျောက်ချပ်လွှာတို့၏အောက်ဘက်နှင့် ဘေးဘက်ရှိ ကျောက်ချပ်လွှာများမှာမူ ရေညှိများ အထပ်ထပ်တက်လျက် ကြမ်းတမ်းခက်ထရော်သော ကျောက်သားမျက်နှာပြင်များ ဖြစ် သည်ကို သတိပြုမိပေသည်။





''ဟုတ်တယ် ဆာဝါ၊ ဒီနေရာက ကျောက်သားတွေရဲ့ အနေအထားနဲ့ လေထုအပူချိန် ကျောက်သားတွေရဲ့ အပူချိန် တို့က အတော်ထူးခြားနေတာပဲ''

''ဒါကြောင့်လည်း ပိုင်ပေရစီး (Piperaceac) အနွယ်ဝင် ဒီမသေဆေးပင်တွေ ဒီနေရာမှာမှ ထူးထူးခြားခြား လာပေါက်နေ တာဖြစ်မယ် အစ်ကိုစိုးရ''

''နေပါဦး . . . ဒီသစ်ပင်ဟာ မသေဆေးပင်ဆိုတာ သေ ချာလို့လား၊ ကဲ . . . အောက်ရောက်မှ သေချာကြည့်ကြတာပေါ့''

သို့ဖြင့် ကျွန်ုပ်တို့သည် လျှော်ကြိုးကိုအားပြုကာ ကျောက်ချပ်လွှာတို့၏ထိပ်ကို နှင်းရင်း ဂူလိုဏ်ကြီး၏ ကြမ်းပြင်ဆီ ပြန်လည် ဆင်းသက်ခဲ့ကြတော့၏။

ဂူလိုဏ်ကြီး၏ကြမ်းပြင်ဆီ ပြန်ရောက်သည့်တွင် စတွန်း ကင်းမီးအိမ်၏အလင်းရောင်ဖြင့် ရရှိလာသည့် သစ်ရွက်နှစ်ရွက် ပါ။ နွယ်ပင်အား သေချာလေ့လာစူးစမ်းကြည့်လိုက်ကြသည်။

''အရွက်ရဲ့သဏ္ဌာန်ကတော့ ကွမ်းရွက်လို နှစ်လွှာ ပေါင်းမှ တစ်ရွက်ဖြစ်တဲ့ အသွင်မျိုးကွ''

''ဟုတ်တယ် အစ်ကိုစိုး၊ အရောင်အဆင်းကတော့ ကွမ်း ရွက်ကြမ်းနဲ့တူတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ...ဒါပေမဲ့ သူ့ရဲ့အရွက်အသားက ကတ္တီပါလို သိပ်နူးညံ့တာပဲ''၊

''ဒီအပင်တွေကို လာနုတ်သွားတုန်းက ဒီတစ်နွယ် ကျန်ခဲ့တာ ဖြစ်မယ်ဗျ''

''ဟုတ်တာပေါ့၊ ကဲ ...ဒီအပင်ဟာ မင်းလိုချင်လှတဲ့ မသေဆေးပင် ဟုတ်ရဲ့လား ကြည့်ပါဦး''

''ဟုတ်တယ်ထင်တယ် အစ်ကိုစိုးရ၊ ဘာဖြစ်လို့လဲဆိုတော့ ရှောင်လင်ကျောင်းတော်ကြီးက ကျမ်းစာအုပ်ထဲမှာ အရွက်က နှစ်လွှာစပ်လို့ ရေးထားတယ်ဗျ၊ စွယ်တော်ရွက်နဲ့တူတယ်လို့တော့ ရေးမထားဘူး''

''အင်း ...မောင်ရင်ရဲ့ယူဆချက်တွေနဲ့တော့ ဒီအပင်ဟာ အတော်နီးစပ်လာနေပြီ''

''ကျွန်တော်ကတော့ ဒါဟာ မသေဆေးပင် ဖြစ်ရမယ်လို့ ယုံကြည်တယ်ဗျ၊ နောက်တစ်ခုပြောရဦးမယ်၊ အဲဒီမသေဆေးပင်ဟာ ရာသီသုံးပါးခံတယ်လို့ မှတ်တမ်းရေးထိုးထားတယ် အစ်ကိုစိုးရဲ့''

''အင်း ...ရာသီသုံးပါး ခံမခံတော့ လက်တွေ့စမ်းသပ်ကြည့်လို့ရတဲ့အရာပဲ၊ ရော့ ရော့ ...သေချာသိမ်း





ထား''

ကျွန်ုပ်က နွယ်ပင်လေးကို ဆာဝါ၏လက်ထဲသို့ ထည့်လိုက်ပြီးနောက် မီးအိမ်ကို ကိုင်မြှောက်လျက် အနီးအနားမှ ဂူကြမ်းပြင်အနှံ့ လှေ့လာကြည့်ရှုမိလေသည်။

ထိုရောအခါ ပေနှစ်ဆယ်ခန့်ကွာမည့် ခပ်လှမ်းလှမ်းမှ ဂူကြမ်းပြင်၏ ဝဲဘက်နံရံအောက်ခြေတစ်နေရာဝယ် မီးအိမ်၏ မီးရောင်ကြောင့် တလက်လက် တောက်ပနေသည့်အရာတစ်ခုကို တွေ့လိုက်ရရာ ထိုအရာကို ကောက်ယူကြည့်ရှုလိုက်မိတော့၏။

''ဟာ ...ဒါ စိန်ဖြူလေးပဲ၊ အနှစ်အသား အတော်ကောင်းတဲ့အပြင် စိန်သွေးထားပုံက လက်ရာမြောက်လှပါလားကွ''

ဆာဝါသည်လည်း ကျွန်ုပ်၏လက်ထဲမှ စိန်ပွင့်လေးကို အသာယူကြည့်လိုက်တော့၏။

''ဟုတ်တယ် ...အတော်လက်ရာမြောက်တယ်၊ ဒီလို စိန်သွေးအတတ်မျိုးတတ်သူတွေဟာ အရိုင်းအစိုင်းတွေ လုံးဝမဖြစ်နိုင်ဘူး အစ်ကိုစိုး''

''မင်းဆိုလိုတာက''

''ဒီစိန်ပွင့်လေးရဲ့ပိုင်ရှင်တွေဟာ ယဉ်ကျေးမှုအတော်



www.burmeseclassic.com

www.burmeseclassic.com



လေး အဆင့်မြင့်သူတွေပဲ ဖြစ်ရမယ်လို့ထင်တယ် အစ်ကိုစိုး၊ သူတို့ဟာ ဒီနေရာကိုရောက်လာပြီး မသေဆေးပင်တွေကို နုတ်ယူသွားသူတွေပဲ ဖြစ်မယ်''

''အင်း ...မင်းပြောတာ ဖြစ်နိုင်ပါတယ်''

''ဖြစ်နိုင်တာမှ လမ်းပြကြီးဘန်ဒုံးရဲ့အဘိုးဟာ ကျောက်ဂူကြီးတစ်လုံးထဲက လိုဏ်လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းသွားနေတဲ့ ရှေးဟောင်းနန်းတွင်းအဝတ်အစားမျိုးနဲ့ လူခြောက်ဦးကိုတွေ့ခဲ့ဖူးတယ်ဆိုတာဟာလည်း လုံးဝ ဖြစ်နိုင်တာပဲ''

''အဲဒါတော့ ငါလည်း ကံသေကံမ မပြောနိုင်ဘူး၊ ကဲ ...အခု ငါတို့ ဘာဆက်လုပ်ကြမလဲ''

''ဘန်ဒုံးတွေ့ခဲ့တယ်ဆိုတဲ့ လူခြောက်ယောက်ဟာ ဟောဒီဂူလိုဏ်ကြီးရဲ့ အတွင်းပိုင်းတစ်နေရာမှာ လျှို့ဝှက်နေထိုင်သူတွေ ဖြစ်နိုင်တယ် အစ်ကိုစိုး၊ ဒီတော့ လက်တစ်ကမ်းလောက်သာကွာဝေးတော့တဲ့ အဲဒီလူတွေရဲ့အကြောင်းကိုသိအောင် စူးစမ်းလေ့လာသင့်တယ်၊ ပြီးတော့ သူတို့ကိုတွေ့ရင် မသေဆေးပင်ကို ကျွန်တော်တို့ရပြီ''

''ဒါဆို ...မောင်ရင်က ဒီဂူလိုဏ်ကြီးရဲ့ အတွင်းပိုင်းဆီ





တိုးဝင်လေ့လာမယ်ပေါ့ ဟုတ်လား''

''ဟုတ်တယ် အစ်ကိုစိုး''

''ကောင်းကွာ၊ ကဲ ...မင်းရဲ့သဘောပဲ၊ မင်းရှာချင်တယ်ဆိုတော့လည်း ရှာပေါ့''

သို့ဖြင့် ကျွန်ုပ်တို့သည် မီးအိမ်တို့၏ မီးစာတို့ကို မြှင့်လိုက်ကြပြီးနောက် ဂူလိုဏ်ကြီး၏အတွင်းပိုင်းသို့ တဖြည်းဖြည်းဝင်ရောက်ခဲ့ကြပါတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## မရဏဆောင်ချောက်

ကျွန်ုပ်တို့သည် ကျောက်စက်ပန်းဆွဲများ တွဲကျ ရွဲကျနေသည့် သဘာဝဂူလိုဏ်ကြီးထဲ သတိဝီရိယကြီးစွာ ဝင်ရောက်လာကြရာ၌ ဆာဝါက လမ်းတစ်လျှောက် ဖဲကြိုးအဝါရောင်အစလေးများကို ဝဲဘက်ဂူနံရံနားကပ်လျက် ဆယ်ပေခန့်တွင်တစ်စ ဆယ်ပေခန့်တွင်တစ်စ ချထားခဲ့ရန် မမေ့လျော့သလို ကျည်အပြည့်ထိုးထားသည့် ပစ္စတိုသေနတ်ကို လက်ယာဘက်လက်၌ အသင့်ကိုင်ထားရန်လည်း မမေ့လျော့ကြချေ။

ယင်းပစ္စတိုတို့နှင့် ကျည်ကပ်တို့သည်ကား ဤခရီးမစတင်မီ ဒါနာဒွန်းတက္ကသိုလ်တက်နေစဉ်ကပင် ဗြိတိသျှအစိုးရထံ





အခွန်ဆောင်လျက် ကျွန်ုပ်တို့ လိုင်စင်ဖြင့် တရားဝင်ကိုင်ဆောင်ထားခဲ့သော လက်နက်များပင် ဖြစ်ပါ၏။

ကျွန်ုပ်ရော ဆာဝါပါ သေနတ်ပစ်ရသည်ကို ဝါသနာပါလှသဖြင့် ဒါရာဒွန်းမြို့စွန်ရှိ ဂေါ်ရခါးစစ်တပ်၏ သေနတ်ပစ်ကွင်းတွင် နှစ်ပတ်လျှင်တစ်ကြိမ်ခန့် သွားရောက်ကာ သေနတ်ပစ်လေ့ကျင့်နေကျဖြစ်၏။ ယင်းသို့ ပစ္စတိုပစ်ရာ၌ ဆာဝါထက်ကျွန်ုပ်က လက်ပိုဖြောင့်ကာ နှစ်ဆယ့်ငါးပေခန့်အကွာမှ လေပေါ်လွင့်ဝဲလျက်ရှိသည့် ဒင်္ဂါးပြားကို မှန်အောင်ပစ်နိုင်ပေ၏။

ထို့အတူ ကိုက်နှစ်ဆယ်ခန့်အကွာမှ စက်ကွင်း၏ဗဟိုချက်ပတ်လည်ကို စွဲအောင်လည်း ပစ်နိုင်ပေ၏။

ပစ္စတိုပစ်ရာ၌ ဆာဝါသည် ကျွန်ုပ်လောက် လက်မှန်းမတည့်သော်လည်း ရှောင်လင်ကျောင်းထွက်ပီပီ ဓားပေါက်ရာတွင်မူ ကျွန်ုပ်ထက် များစွာပိုမိုကျွမ်းကျင်လှပေသည်။ ပေနှစ်ဆယ်ခန့်အကွာမှ မြောက်လွင့်နေသည့် သစ်တော်သီး၊ ပန်းသီးတို့ကို ထက်ခြမ်းကွဲအောင် မလွဲစတမ်း ပစ်ပေါက်နိုင်သူဖြစ်ကာ ဆယ့်ငါးပေခန့်အကွာ၌ နံရံတွင် လက်ကားယားခြေကားယားဖြင့် ရပ်နေသူ၏အသားနှင့် နှစ်လက်မ သုံးလက်မအကွာ [illegible]ကိုယ်ပတ်ပတ်လည်အနှံ့ ဓားများစိုက်ဝင်အောင် တိမ်း[illegible]ခြင်းမရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေါက်နိုင်စွမ်းသူလည်း ဖြစ်ပါ၏။

ဒါရာဒွန်းတက္ကသိုလ်တက်ရောက်နေစဉ်က ကျွန်ုပ်တို့ အပျော်[illegible]မ်းလေ့ကျင့်ခဲ့မှုများမှာ ယခုတော့ များစွာအသုံးကျကာ အားထားဖွယ်လည်း ဖြစ်နေချေပြီ။

ကျွန်ုပ်တို့နှစ်ဦးစလုံးမှာ ကိုယ်ခံပညာရပ်တို့ကိုလည်း မိမိတို့၏ ရိုးရာအလိုက် လူပျိုပေါက်အရွယ်မှ စတင်လိုက်စား လေ့ကျင့်ခဲ့ကြသူများ ဖြစ်သည့်အပြင် စွန့်စားမှုကို ဝါသနာပါသူ များဖြစ်ခြင်းကြောင့်လည်း ဤအန္တရာယ်များမြောင်လှသော ဟိမ ဝန္တာခရီးကြမ်းကြီးကို ထွက်ဖြစ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့ဝင်ရောက်ခဲ့သည့် ဂူလိုဏ်ကြီးသည်ကား အတွင်းသို့ နက်ရှိုင်းစွာရောက်လေ ဂူလိုဏ်လမ်းခွဲများစွာ တွေ့ရ လေဖြစ်ပြီး အချို့ ဂူလိုဏ်လမ်းတို့မှာ အောက်ဘက်သို့ နိမ့်ဆင်း သွားလျက် မြေအောက်ရေစီးကြောင်းတစ်ခုခုတွင် အဆုံးသပ် သွားလေ့ရှိလေသည်။

အဆိုပါရေစီးကြောင်းတို့သည်လည်း အချို့ရေစီးကြောင်း တို့မှာ ရေများအတော်ခဲနေသည့် ရေခဲချောင်းများဖြစ်နေကာ အချို့ရေစီးကြောင်းတို့မှာမူ တဝေါဝေါဖြင့် တသွင်သွင်စီးဆင်းနေ သည့် ရေအေးစီးကြောင်းများ ဖြစ်ပေ၏။





ယင်းရေအေးစီးကြောင်းတို့မှာ လွန်စွာကြည်လင်ကာ တစ်တောင်ကျော်ကျော်ခန့်အရွယ်အစားရှိ ရွှေဝါရောင်၊ အနီ ရောင်၊ ကျောက်ငါးကြင်းကြီးများ လူးလာကူးခတ်သွားကြသည်ကို အတိုင်းသား မြင်နေရပေ၏။

တချို့သောရေစီးကြောင်းတို့မှာမူ ရေပူစီးကြောင်းများ ဖြစ်ပြီး အပူငွေ့တို့ပင် ထောင်းထောင်းထနေသည်ကို တွေ့ရပေ သည်။

ကျွန်ုပ်တို့သည် လိုဏ်အချို့ကို ဝင်လိုက်ပြန်ထွက်လိုက် ဖြင့် စမ်းတဝါးဝါး စူးစမ်းလျက် ခရီးနှင်နေခဲ့ကြရာ သတိရ၍ လက်ပတ်နာရီကိုကြည့်လိုက်သည်တွင် ညနေငါးနာရီကျော်ပြီ ဖြစ်ကြောင်း သတိပြုမိလိုက်တော့၏။

"ဆာဝါရေ . . . ညနေငါးနာရီထိုးပြီကွ၊ ငါတို့ ရေအေးစီး ကြောင်းတစ်ခုအနားမှာ ညစာစားကြပြီး ရေနွေးစီးကြောင်းတစ်ခု ရဲ့အနားမှာ ညအိပ်မှဖြစ်မယ်ကွ"

သို့ဖြင့် ကျွန်ုပ်တို့သည် ညစာကို ပေါင်မုန့်၊ အသား[illegible] တို့ဖြင့်သာ ဖြစ်သလိုစားသောက်လိုက်ကြပြီး ခပ်နွေးနွေး[illegible]များ ရှိရာ ရေနွေးစီးကြောင်းတစ်ခုအနီး၌ ဂူနံရံကို မှီ[illegible]လျက် နှီးနှီး ကြားကြား အိပ်စက်လိုက်ကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်တွင်မူ ကျွန်ုပ်တို့သည် ဂူလိုဏ်လမ်းများထဲ ဆက်လက်ဝင်ရောက်လေ့လာကြရာ ဂူအမိုးများပေါ်မှ တွဲရရွဲကျနေသည့် ကျောက်စက်ပန်းဆွဲများကြား၌ တွဲလွဲခိုနေကြသော သားစားလင်းနို့များ၏ ရန်မူမှုကို ကြုံရသေး၏။

ထိုအခါ ကျွန်ုပ်တို့ အသင့်ဆောင်လာခဲ့သည့် မီးရှူးတို့ကို ထွန်းညှိကာ ခြောက်လှန့်လိုက်ရလေသည်။

တစ်ဖန် အဆိပ်ပြင်းလှသည့် ရေခဲပင့်ကူများ ကျောက်ကြို ကျောက်ကြားမှ ထွက်လာသည်ကို ကြုံရပြန်ရာ သူတို့ရန်မှ လွတ်အောင် မနည်းပြေးခဲ့ရသေးသည်။

"ဆာဝါရေ ... ကြာလေ အန္တရာယ်ထူပြောလေ ဖြစ်လာပါလား"

"ဟုတ်တယ် အစ်ကိုစိုး၊ ကျွန်တော်တို့တော့ မသေဆေးပင်မရဘဲ စောစောစီးစီးသေရမယ် ထင်ပါရဲ့"

ကျွန်ုပ်တို့သည် လက်လျှော့ကာ ဤဝက်ပါဂူလိုဏ်ကြီးထဲမှ ပြန်ထွက်ရန် စဉ်းစားရချေပြီ။ သို့သော် နောက်ဆုံးဝင်ရောက်ခဲ့သည့် ဂူလိုဏ်ထဲ ခြေလှမ်းလေးငါးဆယ်ခန့် ဝင်ရောက်ခဲ့ပြီး အချိုးအကွေ့တစ်ခုကို ချိုးကွေ့လိုက်သည်နှင့် လူတို့ပြုလုပ်ထားသည့်ကျောက်သားလှေကားထစ်များကို တွေ့လိုက်ရရာ ခြေလှမ်း





တို့ကို ရုတ်တရက် ရပ်တန့်လိုက်မိကြတော့သည်။

"ဟော အစ်ကိုစိုး ... ဒီ ဒီနေရာမှာ လူတွေနေထိုင်တာ သေချာပြီဗျ"

"အေး ... ဟုတ်တယ်၊ လှေကားထစ်တွေ လုပ်ထားပုံက အတော်သပ်ရပ်တာပါလား"

"ယဉ်ကျေးမှု အတော်အဆင့်မြင့်တဲ့လူတွေဖြစ်မယ် အစ်ကိုစိုး၊ လှေကားထစ်တွေကို သရိုးကိုင်ထားပုံက တော်တော်သေသပ်ပြီး အဆင့်မြင့်တယ်ဗျ"

"အေး ... ဟုတ်တယ်၊ သူတို့က ဒီဂူလိုဏ်တွေထဲမှာ နေကြတာနဲ့တူတယ်၊ သတိတော့ထားမှ"

ကျွန်ုပ်တို့သည် လွန်စွာ စိတ်ဝင်စားလျက်ရှိကြပြီး စတွန်းကင်းမီးအိမ်တို့ကို သိမ်းလိုက်ကာ လက်နှိပ်မီးတို့ကိုဖွင့်ပြီး သတိကြီးစွာထားလျက် ကျောက်သားလှေကားထစ်များအတိုင်း တစ်ထစ်ချင်း နင်းတက်ခဲ့ကြတော့၏။

နောက်ထပ် ဂူလိုဏ်လမ်းချိုးကို ချိုးကွေ့လိုက်ပြီးသည့်နောက်မှာမူ ဂူနံရံတို့တစ်လျှောက် ကြေးမီးတိုင်တို့ ချိတ်ဆွဲထားကာ မီးတို့ ထွန်းညှိထားသည်ကို တွေ့ရလေသည်။

"ဟော ... ဆာဝါရေ ... ငါတို့တော့ လျှို့ဝှက်လူသား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပက်ပင်းတိုးပြီပေါ့''

ကျွန်ုပ်တို့သည် တကယ်တမ်း လျှို့ဝှက်လူသားတို့နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရတော့မည်ဆိုတော့ လွန်စွာ စိတ်ဝင်စားခြင်းနှင့်အတူ လွန်စွာလည်း စိတ်လှုပ်ရှားရင်ခုန်နေမိပါတော့၏။

''ကဲ . . . ဘယ်လိုလုပ်ကြမလဲ အစ်ကိုစိုး''

''ဘယ်လိုလုပ်ရမလဲ . . . ဒီအထိရောက်လာမှတော့ ရှေ့ဆက်တိုးရုံပေါ့၊ မောင်ရင်ပဲ သူတို့နဲ့ဆုံရရင် မသေဆေးပင်ရဖို့ နီးပြီဆို''

သို့ဖြင့် ကျွန်ုပ်တို့သည် မထူးဇာတ်ခင်းကာ ရှေ့ဆက်တိုးလာကြလေလျှင် သေသပ်ချောပြောင်နေသော ကျောက်သားလှေကားထစ်တို့၏အဆုံး၌ ကျောက်သားတံခါးချပ်ကြီးတစ်ချပ်ပိတ်ဆီးလျက်သား တွေ့လိုက်ရတော့၏။

ယင်းတံခါးချပ်ကြီးကို တွေ့ရသည့်တွင် ကျွန်ုပ်နှင့်ဆာဝါတို့မှာ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြတော့သည်။

ကျောက်သားတံခါးချပ်ကြီးပေါ်၌ ရုပ်ပုံမျိုးစုံကို လက်ရာမြောက်စွာ ထွင်းထုထားရာ ယင်းရုပ်ပုံတို့မှာ ၁၂-လရာသီ၏ရာသီအရုပ်များဖြစ်ကြသော ဆိတ်ရုပ်၊ နွားရုပ်၊ လူယောကျ်ားမိန်းမရုပ်ပုံ၊ ပုစွန်လုံးပုံ၊ ခြင်္သေ့ပုံ၊ မိန်းမပျိုပုံ၊ ချိန်ခွင်ပုံ၊ ကင်းမ





လက်မည်းပုံ၊ မြင်းတစ်ပိုင်း လူတစ်ပိုင်းပုံ၊ သမင်ခေါင်းနှင့် ငါးကိုယ်လုံးပုံ၊ ရေထမ်းသမားပုံ၊ အမြီးချင်း ခေါင်းချင်းဆက် ငါးနှစ်ကောင်ပုံတို့ ဖြစ်ကြပေသည်။

''ဆာဝါရေ . . . ဒီဂူအောင်းလူသားတွေဟာ တော်တော်ကို ယဉ်ကျေးမှုနဲ့ အတတ်ပညာမြင့်သူတွေပဲ၊ နက္ခတ္တဗေဒကိုတောင် နားလည်တယ်ဆိုတော့ သူတို့ရဲ့အတတ်ပညာနဲ့ ဉာဏ်ရည်ဟာ အတော်ကြီးကို မြင့်မားတာပဲ''

''ဟုတ်တယ် . . . လူရုပ်ပုံတွေကိုကြည့်စမ်း အစ်ကိုစိုး အဝတ်အစားတွေက ပဒေသရာဇ်ခေတ် အိန္ဒိယနန်းတွင်းသူ နန်းတွင်းသားတွေရဲ့ အဝတ်အစားမျိုးပဲဗျ''

ဆာဝါက ကျောက်သားတံခါးချပ်ကြီးကို တွန်းဖွင့်လိုက်ရာ မည်သည့်မြည်သံမှပင် ထွက်ပေါ်လာခြင်းမရှိဘဲ တံခါးချပ်ကြီးက အသာအယာပင် ပွင့်သွားပါတော့၏။

ဤသို့ လေးလံလှသည့် ကျောက်တံခါးချပ်ကြီး စိုးစဉ်မျှပင် မြည်သံမထွက်ဘဲ အသာအယာပွင့်သွားသည်ကို ကြည့်ခြင်းအားဖြင့် ဤဂူလိုဏ်ကြီးထဲတွင် နေထိုင်သူတို့မှာ နေထိုင်မှုပုံစံလွန်စွာစနစ်ကျပြီး အဆောက်အအုံဆောက်လုပ်ခြင်းအတတ်ကို ကျွမ်းကျင်ကြကြောင်း သိသာနိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ကျောက်တံခါးဝကို ကျော်ဖြတ်ခဲ့ကြပြီး အတွင်းသို့ လှမ်းဝင်ခဲ့သည်တွင် ကြမ်းပြင်နံရံနှင့် မျက်နှာကြက်တို့မှာ ကျောက်သလင်းကဲ့သို့သော ပြောင်ချောနေသည့် ကျောက်သားပြင်များဖြင့် အဆင့်မြင့်စွာ ပြုပြင်ထားသည်ကို အံ့အားသင့်ဖွယ် တွေ့မြင်ရတော့သည်။

ထင်းရှူးဆီမီးရောင်တို့ လင်းထိန်လျက်ရှိပြီး ကျောက်သားပြင်တို့ ချောပြောင်လင်းလက်နေသည့် စင်္ကြံအတိုင်း စိုးတထိတ်ထိတ်ဖြင့် လှမ်းဝင်လာသော ကျွန်ုပ်တို့မှာ လျှောက်လှမ်းလာခဲ့ရာ စင်္ကြံ၏အဆုံးတွင် ခန်းမကျယ်တစ်ခုအတွင်းသို့ ရောက်ရှိသွားကြပြီး ပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်ဝန်းသည့် လေးထောင့်ခန်းမကြီး၏အလယ်၌ ကျောက်သားစားပွဲတစ်လုံးကို တွေ့ရတော့သည်။

ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသော လေးထောင့်စားပွဲပေါ်တွင် ရွှေကလပ်တစ်ခုကိုတွေ့ရပြီး ယင်းရွှေကလပ်ထဲ၌ တဖျပ်ဖျပ်တောက်လက်နေသည့် ကျောက်မျက်ရတနာမျိုးစုံကို အံ့သြဘနန်း တွေ့ရှိကြရတော့၏။

"ဟာ အစ်ကိုစိုး . . . ရတနာတွေပါလားဗျ"

ဆာဝါသည် အံ့သြခြင်းများစွာဖြင့် ရှေ့သို့ အလော





တကြီး တိုးသွားပြီး ကျောက်သားစားပွဲကို လက်တစ်ဖက်ဖြင့် ကိုင်လျက် ခါးကုန်းကာ ရွှေကလပ်ထဲသို့ ငုံ့ကြည့်လိုက်လေသည်။

"ဆာဝါ . . . အဲဒါဟာ ထောင်ချောက်ဖြစ်နေမယ်နော်၊ ရတနာတွေကို သွားမကိုင်နဲ့"

ကျွန်ုပ်၏သတိပေးချက်ကား နောက်ကျသွားပြီဖြစ်ပါ၏။ ဆာဝါ ကျောက်သားစားပွဲကို ကိုင်လိုက်သည်နှင့် ယင်းစားပွဲသည် ကျောက်သားကြမ်းပြင်ထဲသို့ တရွေ့ရွေ့ နိမ့်ကျသွားပြီး စားပွဲတစ်လုံးလုံးအောက်ထဲသို့ လုံးလုံးလျားလျား ရောက်ရှိသွားသည်နှင့် လေးထောင့်အပေါက်ကြီးထဲမှ အငွေ့ဖြူဖြူများ အလိပ်လိုက်ထွက်လာတော့၏။

"အဟွတ် ဟွတ် ဟွတ်"

ကျွန်ုပ်တို့နှစ်ယောက်မှာ ယင်းအငွေ့ဖြူဖြူတို့ကို ရှူရှိုက်မိသည်နှင့် ချောင်းဆိုးမိကြပြီး အသက်ရှူကျပ်သည်ထက် ကျပ်လာရာမှ ခေါင်းသည်လည်း မူးဝေလာကာ အေးစက်စက်ကျောက်ကြမ်းပြင်ထက်သို့ ခွေလဲကျလျက် သတိလစ်သွားပါတော့သတည်း။

ကျွန်ုပ်နှင့်ဆာဝါတို့သည် မည်မျှကြာအောင် မေ့လျော့သွားကြသည်မသိ။ ကျွန်ုပ်တို့၏မျက်နှာများပေါ်သို့ လွန်စွာ အေး



www.burmeseclassic.com

စက်သည့် ရေများ ဖြန်းခနဲ ဖြန်းခနဲ ကျရောက်လာသည့်အခါ လန့်ဖျပ်ပြီး သတိရလာကြရတော့၏။

ထိုအခါ ကျွန်ုပ်ရော ဆာဝါပါ ခြေထောက်နှစ်ချောင်း ပူးချည်ခံထားရသလို လက်ပြန်ကြိုးပါ အတုပ်ခံထားရလျက် အေးစက်လှသည့် ကျောက်ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက် လဲလျောင်းလျက်ရှိနေကြောင်း တွေ့ရတော့သည်။

"ထစမ်း ထစမ်း ... တိရစ္ဆာန်ကောင်တွေ"

ရေးဟောင်း သက္ကတဘာသာစကားဖြင့် အော်ဟစ် မောင်းမဲသံကြီးကြားလိုက်ရပြီး လေထဲ၌ ကျာပွတ်ဝှေ့ယမ်း ရိုက်ခတ်သံ တရွှမ်းရွှမ်းကိုပါ ကြားလိုက်ရရာ ကျွန်ုပ်ရော ဆာဝါပါ ဖရိုဖရဲ လဲကျလျက်ရှိနေကြရာမှ လေးလံနေဆဲ မျက်ခွံများကို အတင်းဖွင့်ရင်း အားယူကာ လူးလဲထထိုင်လိုက်ကြရတော့၏။

ထိုအခါ ကျွန်ုပ်တို့သည် ဆယ့်ငါးပေပတ်လည်ခန့်မျှသာ ရှိမည့် အုတ်တိုက်အခန်းထဲရောက်ရှိနေကြပြီး လေးဖက်လေး တန် အလုံပိတ် လေးထောင့်အခန်းထဲတွင် တံခါးမတစ်ခုသာ ပွင့်ဟလျက်ရှိသည်ကို သတိပြုမိတော့၏။

ယင်းတံခါးပေါက်၏ရှေ့တွင်လည်း အုတ်နံရံကိုသာ တွေ့ရပြီး ထိုအုတ်နံရံမှနေ၍ ရောင်ပြန်ဟပ်လျက်ရှိသော နေ၏





အလင်းရောင်က ကျွန်ုပ်တို့ရှိရာ အခန်းကျဉ်းထဲဝယ် အနည်းငယ်သာ လင်းကျင်းလျက်ရှိလေသည်။

ကျွန်ုပ်နှင့်ဆာဝါတို့သည် အုတ်နံရံအား ကျောမှီလျက် ထိုင်လိုက်ကြရာ ကျွန်ုပ်တို့၏ ရှေ့နှစ်လံခန့်အကွာတွင် အသားညိုညိုနှင့် ထောင်ထောင်မောင်းမောင်း ကြံ့ခိုင်လှသော ယောက်ျားတစ်ဦးသည် မားမားကြီးရပ်လျက်ရှိပြီး သူက လက်ထဲမှ ကျာပွတ်ကို လေထဲ၌ တရွှမ်းရွှမ်းရိုက်ခတ်လျက်ရှိလေသည်။

ထိုသူ၏ ရုပ်ရည်သည် မေးရိုးကားကား၊ မုတ်ဆိတ်ပါးမြိုင်းမွေးကြမ်းကြမ်းတို့နှင့် အတော်ခက်ထန်ရိုင်းပျသည့်အသွင်မျိုးဖြစ်ပြီး ဆံပင်နက်နက်ကြမ်းကြမ်းတို့ကို ဦးခေါင်းနောက်ဘက်သို့ လှန်ဖြီးထားကာ နောက်စေ့နေရာ၌ သူ၏ (Ponytail) ဆံပင်ကို ငွေကွင်းတစ်ခုဖြင့် စွပ်လျက် စုချည်ထားကြောင်း တွေ့ရလေသည်။ ယင်းအပြင် ထိုသူသည် ငွေသားစလွယ်တစ်ခုကို လွယ်ထားသေး၏။

ထိုသူ၏နံဘေး၌ အရပ်ပုပျပ်ပျပ် ဂင်တိုတိုနှင့် ရုပ်ကြမ်းကြမ်း လူတစ်ဦးသည် လက်ထဲတွင် သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားဟန်ရှိသော ရေပုံးအပိုင်းကိုဆွဲကိုင်ရင်း ငြိမ်ငြိမ်ကြီးရပ်နေလေသည်။ သူကမူ ကြေးဝါစလွယ်ကို လွယ်ထားလေသည်။

www.burmeseclassic.com



ယင်းလူနှစ်ဦးစလုံးမှာ ခန္ဓာကိုယ်အပေါ်ပိုင်း ဗလာကျင်းထားပြီး ဖဲဘောင်းဘီအနက်ရှည်ပွပွတို့ကို ဝတ်ထားကာ သားရေကြိုးများဖြင့် ရစ်ပတ်ထားသော သားရေဖိနပ်ကြီးများ စီးထားကြလေသည်။

''ဂမ်လီ ... ငါတို့ရဲ့သီးသန့်နယ်ကိုမှာ ရှာရှာပေါက်ပေါက် ကျူးကျော်ဝင်လာရဲတဲ့ တိရစ္ဆာန်ကောင်တွေရဲ့ ခြေထောက်က ကြိုးတွေကို ဖြည်ပေးလိုက်''

ဤတွင် ကျွန်ုပ်ရော ဆာဝါကိုပါ တုပ်နှောင်ထားသည့် ခြေထောက်ကြိုးတို့ကို ဂင်တိုတိုနှင့် ဂမ်လီဆိုသောလူက ဓားမြှောင်တစ်ချောင်းဖြင့် လာရောက်ဖြတ်တောက်ပေးလိုက်တော့၏။

''ကဲ တိရစ္ဆာန်ကောင်တွေ ... ထစမ်း၊ သင်တို့ကို ငါတို့ရဲ့ဘုရင်ကြီး ဂူလစ်ခမ်ရဲ့ရှေ့မှောက် အရောက်ပို့ရမယ်''

ထိုအခါ ဂမ်လီက ကျွှာပွတ်နှင့်လူအား လှည့်ကြည့်ကာ

''သူတို့က ကျုပ်တို့ရဲ့ ဘာသာစကားကို နားမလည်ကြဘူး၊ ရှင်းပြမနေပါနဲ့၊ ဆွဲခေါ်သွားရုံပေါ့ တပ်မှူး''

ဟုပြောရင်း ကျွန်ုပ်တို့၏ လက်မောင်းတစ်ဖက်အား ပြတ်တူဖြင့်ညှပ်သည့်နှယ် ခပ်တင်းတင်းဆုပ်ကိုင်လျက် အတင်းဆွဲထူတော့၏။





''ဟုတ်တယ်၊ ဒီတိရစ္ဆာန်ကောင်တွေ ဘာမှ နားလည်မှာ မဟုတ်ဘူး၊ ဆွဲခေါ်ခဲ့ ဂမ်လီ''

ထို့နောက် တပ်မှူးဆိုသူနှင့် ဂမ်လီတို့သည် ကျွန်ုပ်တို့အား ကျဉ်းမြောင်းလှသည့် အုတ်နံရံနှစ်ဖက်ကြားရှိ စကြံအတိုင်း ဆွဲခေါ်သွားကြရာ ကိုက်နှစ်ဆယ်ခန့် သွားမိလေလျှင် သံတိုင်များဖြင့် ခိုင်ခံ့စွာ တည်ဆောက်ထားသည့် သံတံခါးမကြီးဆီ ရောက်ရှိသွားပါတော့၏။

ယင်းတံခါးမကြီး၏အပြင်ဘက်တွင် ဓားကောက်ကြီးကို ခါးတွင်ချိတ်ထားသည့် အစောင့်တစ်ဦး ရပ်စောင့်လျက်ရှိရာ ကျွန်ုပ်တို့ထွက်လာသည်ကိုမြင်သည်နှင့် အပေါ်ပိုင်းခန္ဓာကိုယ် ဗလာကျင်းထားပြီး ငွေရောင်ခါးပတ်ပတ်ကာ ဖဲဘောင်းဘီရှည်ပွပွကို သားရေဖိနပ်ဖြင့် တွဲစီးထားသည့် ထိုအစောင့်က သံတံခါးရွက်၏ မင်းတုပ်ကို ဂျောင်းခနဲ ဆွဲဖွင့်ပေးလိုက်လေသည်။ သူသည်လည်း ဂမ်လီကဲ့သို့ပင် ခပ်ရိုင်းရိုင်းကြမ်းကြမ်းဆံပင်တို့က ဂုတ်ထောက်လျက် ပခုံး၌ ကြေးစလွယ်လွယ်ထားလေ၏။

ကျွန်ုပ်တို့သည် အကျဉ်းထောင်ဟု ယူဆရသော ရုပ်တိုက်အဆောက်အအုံအတွင်းမှ ထွက်လိုက်ရသည်ဖြင့် ရုတ်တရက် မထင်မှတ်ဘဲ တွေ့လိုက်ရသည့်ဝန်းကျင်မြင်ကွင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားရတော့၏။

ကျွန်ုပ်တို့၏ရှေ့ဝယ် အုတ်ကျောက်တို့ဖြင့် စနစ်တကျ တည်ဆောက်ထားသော လှပသည့်အဆောက်အအုံများ စိမ်းလန်းသော သစ်ပင်များနှင့် ရောင်စုံဖူးပွင့်နေသည့် ပန်းခင်းပန်းချုံတို့ကို ပန်းချီကားကြီးတစ်ချပ်နှယ်တွေ့မြင်ရလေသည်။

ယင်းလှပသော အဆောက်အအုံတို့သည် အချို့က အမိုးခုံးခုံးများ၊ အချို့က လေးထောင့်အမိုးများဖြစ်ကြပြီး ကျောက်ဖြူသား တိုင်လုံးတို့က ထိုအမိုးတို့ကို ထောက်မထားရာ အဆောက်အအုံတို့မှာ နေရောင်အောက်ဝယ် လွန်စွာလှပခံ့ညားလျက်ရှိလေသည်။

အကြီးအသေး အရွယ်အစားမညီညာသော်လည်း သူ့ပုံစံနှင့်သူ လှပသော ယင်းအဆောက်အအုံတို့သည် မြေပြန့်တောင်စောင်းတောင်ကုန်းတို့အပေါ်၌ ခမ်းနားစွာ တည်နေကြပေ၏။

ကျောက်အုတ်တိုက်များ၊ ပန်းခြံများဖြင့် လှပခမ်းနားစွာ ဖွဲ့စည်းထားသည့် ယင်းမြို့ကလေး၏ အရပ်ရှစ်မျက်နှာဝန်းကျင်တွင် ရေခဲဆီးနှင်းတောင်ကြီးများ ဝန်းရံလျက်ရှိလေသည်။

ဤမြို့ကလေးသည်ကား ရေခဲဆီးနှင်းတောင်တို့ ထုထပ်ရာ ဟိမဝန္တာရေခဲတောင်တို့၏အလယ်တွင် တည်နေဟန်





ရှိသော်လည်း ရာသီဥတုသည် အေးမြခြင်းမရှိဘဲ နွေးစိမ့်စိမ့်လေးဖြစ်နေသဖြင့်လည်းကောင်း၊ မြို့လေးတစ်မြို့လုံးနီးပါးကို ကွန်ကရစ်များ၊ ကျောက်ပြားများ ခင်းထားသည့်တိုင် ယင်းကွန်ကရစ်ကျောက်ပြားတို့မှ လွတ်နေသည့်နေရာ၌ အနီရောင်စွေးစွေးမြေကြီးတို့ကိုသာ တွေ့ရပြီး ရေခဲဆီးနှင်းတို့ကို မတွေ့ရသဖြင့် လည်းကောင်း ကျွန်ုပ်တို့မှာ အံ့သြ၍မဆုံးနိုင်အောင် ခံစားနေရတော့၏။

ထိုအပြင် ထူးခြားမှုနောက်တစ်ခုမှာ မြို့အနှံ့ ခင်းထားသည့် ကွန်ကရစ်များ၊ ကျောက်ပြားခင်းလမ်းများ၏ ဘေးတစ်ဖက်တစ်ချက် ဆယ်ကိုက်ခန့်ကွာနေရာတိုင်း၌ ကျောက်ဖြူတိုင်များ စိုက်ထူထားသည်ကိုတွေ့ရပြီး ယင်းကျောက်ဖြူတိုင်တို့၏ ထိပ်အဝတို့မှ အငွေ့ဖြူဖြူတို့ အဆက်မပြတ် ထွက်လျက်ရှိခြင်းပင်။

ယင်းအငွေ့ဖြူဖြူတို့သည် အတော်အတန် ပူနွေးကြရာ ထိုအပူငွေ့တို့ကြောင့် ဝန်းကျင်တစ်ခုလုံးမှာ ပူနွေးနေခြင်းဖြစ်ပေ၏။

ထိုအငွေ့ဖြူဖြူတို့သည် ကောင်းကင်ယံသို့တက်သွားပြီး တိမ်သဖွယ် မြို့လေးပေါ်၌ အုံ့ဖွဲ့လျက်ရှိရာ ရေခဲတောင်တန်းများ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ နေရောင်ခြည်အတော်ကြီးကျရောက်သည့်အချိန်မျိုးမှလွဲ၍ အလင်းရောင်တို့က ယင်းတိမ်ဖြူဖြူကို ထွင်းဖောက်နိုင်မှုရှိပုံ မရချေ။

သို့ကြောင့်လည်း ဤမြို့လေးကို တော်ရုံဖြင့် ပြင်ပကမ္ဘာမှ လူများ မမြင်မတွေ့နိုင်ကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အကျဉ်းထောင်ရှိရာ တောင်ကုန်းလေးပေါ်မှနေ၍ ကျောက်သားလှေကားထစ်များအတိုင်း တစ်လှမ်းချင်းလှမ်းဆင်းလာကြရာ မြို့သူမြို့သားအချို့မှာ ကျွန်ုပ်တို့ကိုမြင်သည်နှင့် တောင်ကုန်းလေးအောက်ခြေဆီ ဝိုင်းအုံရောက်ရှိလာကြပြီး ကျွန်ုပ်တို့အား အထူးအဆန်းအခြားကမ္ဘာမှ ရောက်ရှိလာသည့် သတ္တဝါများနှယ်သဘောထားပြီး စိတ်ဝင်စားစွာ ကြည့်ရှုကြလေ၏။

"ဟယ် ... ပြင်ပကမ္ဘာကလာတဲ့ သူလျှိုတွေတဲ့"

"ငါတို့ရဲ့ကမ္ဘာကို ဖျက်ဆီးဖို့လာတဲ့သူတွေပဲ ဖြစ်မယ်၊ သင်းတို့ကို အရှင်ထားလို့မဖြစ်ဘူး"

"ဟုတ်တယ် ... ကျုပ်တို့ရဲ့ ငြိမ်းချမ်းမှုကို ဖျက်ဆီးမယ့်ရာမရဲ့ မျိုးနွယ်တွေပဲ၊ အသားတွေက ဝါဝါတွေ"

"အသားဝါတွေ၊ အာရိယန်တွေ၊ သင်းတို့ဟာ ငါတို့





ဘိုးဘွားတွေရဲ့ မဟာရန်သူရာမရဲ့မျိုးနွယ်တွေပဲ၊ သင်းတို့ကို အရှင်ထားလို့ မဖြစ်ဘူး၊ သင်းတို့ကြောင့် ငါတို့ မျိုးနွယ်တွေ ဒီရေခဲတောင်တန်းတွေထဲမှာ အကျဉ်းကျသလို ရောက်ခဲ့ရတာ၊ ခုတစ်ခါ လာပြီး ဒုက္ခပေးကြပြန်ပြီ၊ သင်းတို့ကို ရှင်းပစ်၊ ရှင်းပစ်"

ဝိုင်းအုံလာသူတို့မှာ တဖြည်းဖြည်းများလာပြီး အချို့မြို့သူမြို့သားတို့၏လက်ထဲတွင် ဓားကောက်ကြီးများ၊ လှံတံများပါပါလာကြရာ ကျွန်ုပ်နှင့် ဆာဝါမှာ နေရင်းထိုင်ရင်း ဘာမသိညာမသိဖြင့် ဝိုင်းဝန်းရိုက်နှက်ထိုးခုတ်ခံရမည့်ကိန်း ဆိုက်နေတော့၏။

သို့သော် ကျွန်ုပ်တို့အား ခေါ်ဆောင်လာသည့် တပ်မှူးက လက်ထဲမှကျာပွတ်ကြီးကို ဝှေ့ယမ်းလိုက်ပြီး လေထဲမှာ တရွှမ်းရွှမ်းဖြင့် ရိုက်လိုက်ကာ သူတို့၏ဘာသာစကားဖြင့် အော်ဟစ်မောင်းမဲလိုက်တော့သည်။

"ဟေ့ ... ဖယ်ကြစမ်း၊ ဖယ်ကြစမ်း၊ သင်းတို့ကို ငါတို့ရဲ့ ဘုရင်ကြီး ဂူလစ်ခမ်က စီရင်ချက်ချလိမ့်မယ်၊ သင်တို့ စီရင်ပိုင်ခွင့် မရှိဘူး၊ ဖယ်ကြ၊ လမ်းဖယ်ကြ"

ခြင်္သေ့ကြီးတစ်ကောင် ဟိန်းသည့်နှယ် တပ်မှူးက ဟိန်းဟောက်မာန်မဲလိုက်သည်နှင့် ကျွန်ုပ်တို့အား ဝိုင်းအုံလာသူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ရှဲထွက်သွားကြတော့၏။

သူတို့သည်ကား တပ်မှူးကြီးကို အတော်လေးစား ကြောက်ရွံ့ပုံရကြလေ၏။

"တပ်မှူးကြီးရမ်ဘာရဲ့အမိန့်ကို နာခံကြပေ့၊ လမ်းဖယ် ပေးလိုက်ကြ"

ထို့နောက်တွင်ကား တပ်မှူးရမ်ဘာက ကျွန်ုပ်တို့အား ကျောက်ပြားခင်းလမ်းတစ်လမ်းအတိုင်း ခေါ်သွားတော့ရာ မြို့သူ မြို့သားတို့မှာ ကျွန်ုပ်တို့ကို ခပ်လှမ်းလှမ်းမှသာ လှမ်းငေးကြည့် နေကြတော့၏။

မကြာမီပင် ကျွန်ုပ်တို့သည် ပေငါးဆယ်နီးပါးခန့် မြင့် သည့် တောင်ကုန်းလေးတစ်လုံးပေါ်သို့ ကျောက်ဖြူသားလှေကား ထစ်များ အတိုင်းတက်သွားကြရာ ကျောက်ပြားခင်းရင်ပြင်ကျယ် တစ်ခုဆီသို့ ရောက်ရှိသွားကြပါတော့၏။

အလျားပေတစ်ရာ၊ အနံပေသုံးဆယ်ခန့်ကျယ်ဝန်းသည့် ရင်ပြင်ဝယ် ခန္ဓာကိုယ်အပေါ်ပိုင်း၌ ဗလာကျင်းထားကာ ကြေး စလွယ်များလွယ်ထားကြသည့် စစ်သည်တို့က အဲမောင်း၊ လှံတံ ရှည်တို့ကို စွဲကိုင်ထားလျက် စောင့်ကြပ်နေကြသည်ကို တွေ့ရ လေသည်။





ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် ကျောက်ဖြူပြားခင်း ရင်ပြင်၏အလယ်ခန့်ရှိ ကျောက်ဖြူသားလှေကားထစ်များ၏ ခြေရင်းသို့ ရောက်ရှိသွားပါတော့၏။

ယင်းကျောက်ဖြူသားလှေကားရင်း ဘေးတစ်ဖက်တစ် ချက်တွင် ကျောက်ဖြူသားဖြင့် ထုဆစ်ထားသည့် ခြင်္သေ့ရုပ်ကြီး တစ်ရုပ်စီကို ခံ့ညားစွာတွေ့ရလေသည်။

အနီးခြင်္သေ့ကျောက်ဆစ်ရုပ်တုကြီးတို့၏ဘေးတွင် ငွေ သား စလွယ်လွယ်ကာ ဓားကောက်ကြီးတစ်လက်စီ ခါး၌ ချိတ် ဆွဲထားကြသော စစ်သည်တစ်ဦးစီ မားမားကြီးရပ်စောင့်နေကြ ပြီး လှံတစ်ချောင်းစီကို ရှေ့တွင်ထောက်ထားကြလေသည်။

တပ်မှူးကြီးရမ်ဘာက ကျောက်ဖြူသားလှေကားထစ် တို့ကို နင်းတက်ကာ ကျွန်ုပ်တို့ကို ဦးဆောင်ခေါ်သွားရာ ယင်း လှေကားထစ်တို့အဆုံးတွင် ကျောက်ဖြူသားတိုင်လုံးရှည်ကြီးများ ဖြင့် ခမ်းနားစွာတည်ဆောက်ထားသော မုခ်ဦးတစ်ခု၏ရှေ့သို့ ရောက်ရှိသွားပါတော့၏။

ထိုမုခ်ဦး၏ဘေးတစ်ဖက်တစ်ချက်တွင် ငွေစလွယ်လွယ် ထားသည့် စစ်သည်လေးဦးစီရပ်လျက် စောင့်ကြပ်နေကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ယင်းမုခ်ဦးရှေ့တွင် ရပ်လိုက်ကြသည်နှင့် မုခ်ဦး၏အတွင်းဘက်မှ ရွှေစလွယ်လွယ်ထားသော ခပ်ဝဝလူကြီး တစ်ဦး ထွက်လာတော့၏။ ဤအနီလူကြီးသည်ကား တပ်မှူး ရမ်ဘာထက် ရာထူးပိုမိုကြီးပုံရလေ၏။

အဘယ်ကြောင့်ဆိုသော် ထိုလူကြီးကို တွေ့ရသည်နှင့် တပ်မှူးရမ်ဘာက ကျောက်သားကြမ်းပြင်ဝယ် ဒူးတစ်ဖက် ထောက်ထိုင်လိုက်လျက် အရိုအသေပြုလိုက်သောကြောင့်ပါ တည်း။

ကျွန်ုပ်တို့၏လက်မောင်းတစ်ဖက်စီကို ပြုတ်တူဖြင့် ညှပ် သလို ဆုပ်ကိုင်လျက် ခေါ်လာသူ စစ်သည်ဂမ်လီကလည်း ကျောက်သားကြမ်းပြင်ပေါ် ဒူးတစ်ဖက်ထောက်ကာ အရိုအသေ ပြုလိုက်ရာ ကျွန်ုပ်တို့ပါ သူနှင့်အတူ ဒူးတစ်ဖက်ထောက်ပြီးသား ဖြစ်သွားကြရတော့၏။

"တပ်မင်းခင်ဗျား ... ဘုရင်ကြီးရဲ့ရှေ့တော်မှောက်ဆီ သွင်းဆက်ဖို့ ကျူးကျော်သူတိရစ္ဆာန်တို့ကို နရသိန်အကျဉ်းထောင် ကနေ ခေါ်ဆောင်လာခဲ့ပါတယ်"

တပ်မှူးကြီးရမ်ဘာက ဦးခေါင်းကို ညွှန်လျက် လျှောက် ထားတင်ပြလိုက်လျှင် ခြေကားယားခွရပ်လျက် ခါးထောက်ကာ





ကျွန်ုပ်တို့အား စူးစူးရဲရဲကြည့်နေသည့် ရွှေစလွယ်နှင့် လူဝဝကြီး သည် ဦးခေါင်းကြီးကို တဆတ်ဆတ်ညိတ်လိုက်ပြီးနောက် ရှေ့မှ လမ်းဖယ်ပေးလိုက်တော့၏။

"ကောင်းပြီ ကောင်းပြီ ... နန်းတော်ထဲဝင်ပေတော့ တပ်မှူးရမ်ဘာ၊ ဘုရင်မင်းမြတ်က ရာဇဝတ်သားတွေကို စီရင် အမိန့်ချမှတ်ဖို့ စောင့်မျှော်နေပါတယ်"

"ဟုတ်ကဲ့ တပ်မင်း"

ထို့နောက် တပ်မှူးကြီးရမ်ဘာသည် ကျွန်ုပ်တို့အား ကျောက်ဖြူသားနန်းတော်ကြီးထဲသို့ ခေါ်သွားတော့၏။

ယင်းနန်းတော်ကြီး၏ဘေးနှစ်ဖက်နှင့် မျက်နှာစာတို့တွင် ကျောက်ဖြူသားတိုင်လုံးကြီးများရှိပြီး အတွင်းဘက်နံရံမှာမူ မီးခိုး ရောင်နှင့် အဖြူရောင် ကျားကွက်များဖော်ထားသည့် ကျောက် သားနံရံဖြစ်ကာ ထိုနံရံကြီး၏အလယ်၌ ရောင်စုံကျောက်မျက် ရတနာတို့ဖြင့် စီခြယ်ထားသည့် ကျောက်ပလ္လင်ကြီးတည်ရှိလေ သည်။

ယင်းပလ္လင်ကြီး၏ အမိုးဇီတန်မှာ ရွှေဝါရောင်ဖဲသားဖြင့် ချုပ်လုပ်ဖြန့်ကြက်ထားပြီး ပလ္လင်ကြီး၏ဝဲယာတို့တွင် ရွှေဝါရောင် ဖဲသားလိုက်ကာများ ချထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပလ္လင်ကြီး၏နောက်ဘက် တံကဲမှာမူ ကျောက်သားတို့ကို ပန်းကနုတ်များ ထုဆစ်ထားခြင်းဖြစ်ပြီး ထိုလှပသောပန်းကနုတ်များထဲတွင် ပတ္တမြား၊ နီလာ၊ မြကျောက်စိမ်း စသည့်ကျောက်မျက်ရတနာတို့ မြှုပ်သွင်းထားရာ နေ့အလင်းရောင်ကြောင့် ဖျတ်ခနဲ ဖျတ်ခနဲ ပြိုးပြက်လက်လျက်ရှိတော့၏။

ကျောက်ဖြူသားပလ္လင်ကြီးထက်မှ ကတ္တီပါဖုံး ထူထူကြီးပေါ်တွင်မူ အသက်ငါးဆယ်ကျော်ခန့်ရှိမည်ဖြစ်သော မုတ်ဆိတ်ကျင်စွယ်အပြည့်ဖြင့် ခပ်ဝဝဖိုင့်ဖိုင့်လူကြီးတစ်ဦးသည် စိန်သားလက်ကိုင်ရိုးဖြင့် ပြုလုပ်ထားသည့် သားမြီးကိုကိုင်စွဲလျက် တင်ပလ္လင်ချိတ်ထိုင်ရင်း ကျွန်ုပ်တို့ ဝင်ရောက်လာကြသည်ကို စူးစူးရဲရဲစိုက်ကြည့်လျက်ရှိလေသည်။

ထိုလူကြီးသည် ဦးခေါင်းထက်၌ ရွှေသရဖူကို ဆောင်းထားပြီး ကတ္တီပါအစိမ်းရောင်လက်ပြတ်အင်္ကျီကို ဝတ်ဆင်ထားကာ ခန္ဓာကိုယ်အောက်ပိုင်းတွင်မူ ရတနာမျိုးစုံ စီခြယ်ထားသည့်ရွှေခါးပတ်ပြားကြီးနှင့် ရွှေဝါရောင်ဖဲဘောင်းဘီရှည်ကို ဝတ်ဆင်ထားပေ၏။

ဤထူးဆန်းသောဒေသ၏ သက်ဦးဆံပိုင်ဘုရင်ဖြစ်ပုံရသည်။ ထိုလူကြီးသည် ရတနာမျိုးစုံစီခြယ်ထားသော ရွှေစလွယ်နှစ်ခုကို ရင်ဘတ်နေရာ၌ ကန့်လန့်ဖြတ်လျက် ပခုံးတစ်ဖက်စီမှလွယ်ထားပြီး လက်ကောက်ဝတ်တို့၌ ကျောက်မျက်ရတနာတို့စီခြယ်ထားသော ရွှေလက်ပတ်ကြီးများကိုလည်း ခမ်းနားစွာဝတ်ဆင်ထားသေး၏။





တပ်မှူးကြီးရမ်ဘာသည် ကော်ဇောခင်းကျောက်ကြမ်းပြင်ပေါ်တွင် ဒူးတစ်ဖက်ထောက်ထိုင်လျက် ဘုရင်မင်းမြတ်အားအရိုအသေပြုလိုက်ရာ စစ်သည် ဂမ်လီရော၊ ကျွန်ုပ်တို့အကျဉ်းသားနှစ်ယောက်ပါ အလိုအလျောက် ရှေးနည်းတူ အရိုအသေပြုပြီးသား ဖြစ်သွားကြရပေတော့၏။

တပ်မှူးကြီးရမ်ဘာက ဦးခေါင်းကို အတန်ငယ်ညွတ်၍လျက် ဘုရင်မင်းမြတ်အား လျှောက်တင်လေသည်။

''ဘုရင်မင်းမြတ်ထံ ပြင်ပကမ္ဘာမှ ကျူးကျော်လာသူတိရစ္ဆာန်တို့ကို အပြစ်ပေးစီရင်နိုင်စေရန် ဆက်သအပ်ပါတယ်ခင်ဗျား''

တပ်မှူးကြီးရမ်ဘာ လျှောက်တင်လိုက်သည်တွင် ဘုရင်ကြီးသည် ကျွန်ုပ်တို့ကို စူးစူးရဲရဲကြည့်ရင်း လက်ယာဘက် လက်ထဲမှ သားမွေးမြီးယပ်ကို လက်ဝဲလက်ဝါးပေါ်သို့ တဖျပ်ဖျပ်ရိုက်ခတ်လျက်မှ မေးခွန်းထုတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



''သင်းတို့ကို ဘယ်ပုံဘယ်နည်းနဲ့ ဘယ်နေရာမှာ ဖမ်းမိသလဲ တပ်မှူးရမ်ဘာ''

''မှန်ပါ ... အရှင့်သမီးတော် ရံရွေတော်သက်တော်စောင့်တွေနဲ့ နတ်သစ်ရွက်သွားခူးရာကအပြန် သင်းတို့ ကျူးကျော်ဝင်ရောက်လာတဲ့ ခြေသံပဲ့တင်ရိုက်မှုကို အရှင့်သမီးတော် မင်းသမီးလေး ရေဘက္ကာ ကြားသိပြီး အရှင့်သမီးတော်ရဲ့ ညွှန်ကြားချက်အရ မဟာတံခါးဝမှာ မာယာသုံးဖမ်းဆီးနိုင်ခဲ့တာပါ အရှင်မင်းမြတ်''

ဤတွင် ရာဇပလ္လင်ထက်မှ ဘုရင်မင်းမြတ်က ပြုံးလိုက်လေသည်။

''အိမ်း ... ဒါကြောင့်လည်း သမီးတော်လေးကို အားကိုးရပေတာပါ ကဲ ကဲ သမီးတော်လေးကို ခေါ်စမ်းပါဦး၊ အတွင်းတော်ဝန်''

ဘုရင်ကြီးက သားမြီးယပ်ကို ဝှေ့ရမ်းကာ အမိန့်ပေးလိုက်လေလျှင် ရာဇပလ္လင်၏ဝဲဘက်၌ ခစားနေကြသည့် ရွှေစလွယ်ရော၊ ခေါင်းမွေးတို့ပါ ဖွေးဖွေးဖြူနေသည့် အသက်ကြီးကြီးလူကြီးက ပုဆစ်တုပ်ဝပ်တွားလျက် ထိုင်နေရာမှ ကုန်းကုန်းကုန်းကုန်းဖြင့် ဝဲဘက်သို့ ထထွက်သွားပြီးလျှင် ကတ္တီပါလိုက်ကာ





ကြီးများ၏နောက်ဘက်ရှိ ဝင်ပေါက်တစ်ပေါက်ထဲသို့ အလျင်စလိုဝင်ရောက်သွားတော့၏။

ဘုရင်မင်းမြတ်ကား ကျွန်ုပ်တို့နှစ်ယောက်ကို ရွံ့ရှာစက်ဆုပ်သော မျက်လုံးတို့ဖြင့် စူးစူးရဲရဲကြည့်လိုက်ပြီး သူ၏မှူးမတ်တို့ကို ခက်မာစွာ မေးခွန်းထုတ်လေသည်။

''မှူးမတ်များ ... ကျုပ် လူမှန်းသိတတ်စအရွယ်လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်လောက်ကစပြီး ကျုပ်တို့ရဲ့အေးငြိမ်းတဲ့ဒေသကို ဖျက်ဆီးဖို့ ရောက်ရှိလာသူသုံးဦးကို တွေ့ကြုံဖူးခဲ့ပြီ၊ ပထမနှစ်ဦး ရောက်ရှိလာပုံကို သင်တို့မှတ်မိကြရဲ့လား''

''မှတ်မိပါတယ် မင်းကြီး''

ရာဇပလ္လင်၏ရှေ့ဘက် ဝဲယာရှိ ကော်ဇောပေါ်၌ ပဆစ်တုပ်လျက် ရှေ့သို့ ကိုယ်ကိုကိုင်းကာ ခစားနေကြသည့် မှူးမတ်အားလုံးက တစ်ပြိုင်နက် ဖြေကြားလိုက်ကြတော့၏။

''အိမ်း ... ကျုပ်ငယ်စဉ် ဆယ့်နှစ်နှစ်သားအရွယ်က လူတစ်ယောက် ရောက်ရှိလာဖူးတယ်၊ သူက ကတိုးကောင်တွေကို လိုက်ဖမ်းရင်း မျက်စိလည် လမ်းမှားရောက်လာသူလို့ ပြောတယ်၊ ရေခဲချောင်းတစ်ခုထဲ ခြေချော်ကျရာက မြေအောက်ရေစီးအတိုင်း ကျုပ်တို့ရဲ့ကမ္ဘာထဲ ရောက်ရှိလာသူပါပဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျုပ်ရဲ့ ဖခမည်းတော်က စစ်ဆေးတော့ သူဟာ ကျုပ်တို့ရဲ့ဒေသကို သိလည်းမသိဘူး၊ ရှိတယ်လို့လည်း မကြားဖူးဘူးလို့ ပြောတယ်၊ ဟိမဝန္တာရေခဲတောင်တွေပေါ်မှာ ကတိုးလိုက်တဲ့ မုဆိုးအလုပ် လုပ်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ရှိ သွားပြီတဲ့၊ ဒါတောင် ကျုပ်တို့ရဲ့ငြိမ်သက်ရာ ကမ္ဘာရှိမှန်း သူမသိခဲ့ပါဘူးတဲ့၊ မျက်စိလည် လမ်းမှားပြီး အားပြတ်ခဲ့ရာက ရေခဲချောင်းထဲ ခြေချော်ပြုတ်ကျလို့ ဒီကိုရောက်လာရတာပါတဲ့၊ သူဟာ ကျူးကျော်သူ မဟုတ်ဘူး၊ ဒါကြောင့် ခွင့်လွှတ်ပါလို့ တောင်းပန်တယ်...၊

ဒါနဲ့ ကျုပ်ရဲ့ဖခမည်းတော်က သူဟာ မုဆိုးတစ်ဦးဖြစ်ကြောင်း သက်သေပြနိုင်သလားလို့မေးတယ်၊ သူကလည်း ပြနိုင်ပါတယ်လို့ ရဲရဲကြီးဖြေတယ် ...၊

အဲဒီမှာတင် ဖခမည်းတော်က အဲဒီမုဆိုးကြီးကို လေးတစ်လက်နဲ့ မြားကျည်တောက်တစ်ဘူးပေးပြီး အနောက်စူးစူးက ကျောက်တံခါးကို ဖွင့်ပေးလိုက်တယ်၊ သင်ဟာ မုဆိုးဆိုရင် အဲဒီလေးနဲ့မြားကို အသုံးပြုပြီး အဲဒီတောင်ကြားလမ်းအတိုင်း လွတ်အောင်ဖောက်ထွက်ပေတော့လို့ ဖခမည်းတော်က မိန့်လိုက်တယ် ...၊

အဲဒီမုဆိုးကြီး လေးမြားကို အသင့်ကိုင်ပြီး အနောက်





ဘက် မရဏတောင်ကြားလမ်းထဲ ဝင်သွားတာကို ဖခမည်းတော်က ကျုပ်တို့နဲ့အတူ မျှော်စင်တောင်ကုန်းပေါ်ကနေ ရှုစားနေခဲ့တယ် ...၊

တောင်ကြားလမ်းထဲ မုဆိုးကြီးဝင်ရောက်သွားပြီး မကြာပါဘူး ...ဝဲယာကျောက်တောင်ကြီးတွေရဲ့အလယ်လောက်မှာရှိတဲ့ ကျောက်ဂူတွေထဲကနေ သွေးဆာနေတဲ့ လင်းယုန်ငှက်ကြီးတွေ ဝဲပျံထွက်လာတော့တယ် ...၊

အဲဒီလင်းယုန်တွေဟာ လူသားတွေရဲ့ အသွေးအသားကလီစာတွေကို အင်မတန်ကြိုက်ကြတယ်၊ အထူးသဖြင့် လူ့မျက်လုံးတွေကို သူတို့ တပ်မက်ကြတယ်၊ လူ့လည်ချောင်းသွေးကို သူတို့ ချင်ခြင်းတပ်ကြတယ်၊ လူ့ရဲ့ဦးနှောက်ကိုတော့ အကြိုက်ဆုံးပါပဲ ...၊

သူတို့ဟာ ကျုပ်တို့ ဒြာဝိဒိယန်မြို့သူမြို့သားတွေကိုတော့ အန္တရာယ်မပြုနိုင်ကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့မြို့ရဲ့ မြေပထဝီအောက်က စဉ်ဆက်မပြတ်ထွက်နေတဲ့ ဝိညာဉ်ဖြူအငွေ့တွေကြောင့်ပါပဲ ...၊

ဝိညာဉ်ဖြူအငွေ့တွေဟာ မြေကထွက်ပြီး လေထုနဲ့သစ်သီးသုံးလုံးစာအချိန်လောက်ထိ တွေ့လိုက်တာနဲ့ သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

တွေအတွက် အဆိပ်ဖြစ်သွားလေတော့ သင်းတို့ ဝိညာဉ်ဖြူ တိမ်သလ္လာတွေထဲ ဖြတ်ဖောက်ဝင်ရောက်မှုမပြုရဲကြဘူးလေ၊ ဒါကြောင့် သူတို့ဟာ သွေးဆာနေပေမယ့် ကျုပ်တို့ကို ရန်မပြုဝံ့ကြဘူး ...။

အဲဒီသွေးဆာနေတဲ့ မရဏာလင်းယုန်ကြီးတွေဟာ မုဆိုးကြီးကိုလည်းတွေ့ရော သူတို့ရဲ့အသိုက်တွေထဲကနေ တောင်ပံခတ်သံ တဖြန်းဖြန်းနဲ့ အားရဝမ်းသာ ထွက်ပျံလာကြပြီး မုဆိုးကြီးကို သားတစ်တစ်ခုလို သဘောထား ထိုးသုတ်ဖို့ ဝိုင်းဝန်းဝဲပျံအုံခဲလာကြတော့တယ် ...။

မုဆိုးကြီးဟာ ပထမတော့ မြှားနဲ့ပစ်ပစ်ချတာပေါ့၊ မုဆိုးကြီးရဲ့လက်ချက်နဲ့ မရဏာလင်းယုန်ကြီးငါးကောင်လောက် မြှားချက်မှန်ပြီး သေဆုံးသွားခဲ့ကြရတယ် ...၊

ဒါပေမဲ့ ... တိုးလို့များပြားလာတဲ့ လင်းယုန်ကြီးတွေဟာ မုဆိုးကြီးရဲ့လက်တစ်ကမ်းနား ဝဲပျံဝိုင်းအုံလာခဲ့ကြပြီ ...၊

နောက်ဆုံးမှာတော့ မုဆိုးကြီးဟာ လေးနဲ့မြှားကို အသုံးချလို့ မရတော့ဘဲ လေးနဲ့မြှားကျည်တောက်တို့ကို ပစ်ချလိုက်တယ်၊ သူ့ရဲ့ခါးမှာ ချိတ်ထားတဲ့ တောလိုက်ဓားမြှောင်ကို သားရေဓားအိမ်ကနေ ခပ်မြန်မြန်ဆွဲထုတ်လိုက်ပြီး မရဏာလင်းယုန်ကြီး





တွေကို မနားတမ်း တိုက်ခိုက်တော့တယ် ...။

ဒါပေမဲ့ ခဏအကြာမှာပဲ ရှေ့ကိုမဲပြီး တိုက်ခိုက်နေတဲ့ မုဆိုးကြီးရဲ့နောက်စေ့ကို လင်းယုန်ကြီးတစ်ကောင်က အတောင်ပံနဲ့ ရိုက်ထည့်လိုက်တော့တယ် ...၊

ဖောင်းဆိုတဲ့အသံနဲ့အတူ မုဆိုးကြီးဟာ ရှေ့ကို စိုက်ဆင်းသွားပြီး မြေပြင်ပေါ် လဲကျလူးလိမ့်သွားတော့တယ်၊ သူလည်း လဲကျသွားရော လင်းယုန်ကြီးတစ်ကောင်က သူ့ရဲ့မျက်နှာပေါ် ဝဲပျံလာပြီး သူ့ရဲ့မျက်လုံးကို ဖောက်ထုတ်လိုက်တော့တယ် ...၊

မုဆိုးကြီးရဲ့ ငယ်သံပါအောင် အော်လိုက်သံဟာ ကျောက်တောင်နံရံတွေကို ပဲ့တင်ရိုက်ထွက်ပေါ်လာတယ်၊ အဲဒီနောက်မှာတော့ မရဏာလင်းယုန်ကြီးတွေဟာ မုဆိုးကြီးရဲ့ခန္ဓာကိုယ်ပေါ် ဝိုင်းအုံလာကြပြီး မျက်လုံးကိုဖောက်တဲ့ကောင်ကဖောက်, လည်မျိုကို ကိုက်ဖောက်တဲ့ကောင်က ဖောက်နဲ့ တစ်ကိုယ်လုံးကို ဝိုင်းဝန်းထိုးဆိတ် စားသောက်လိုက်ကြတဲ့အခါ မုဆိုးကြီးဟာ ငယ်သံပါအောင် အသံနက်ကြီးနဲ့အော်ရင်း လူးလိမ့်ရုန်းကန်နေတော့တယ်၊ သူ့ရဲ့ မချိမဆံ့အော်သံတွေရဲ့ ပဲ့တင်သံတွေကို ကျုပ်တို့ကြားရတယ်၊ မကြာပါဘူး .. သူ့ရဲ့အော်သံ တိုးသွားပြီး တောင်ကြားလမ်းဟာ ပြန်လည်တိတ်ဆိတ်သွားတော့တယ်၊


www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကျုပ်တို့ရဲ့ အေးငြိမ်းတဲ့ကမ္ဘာထဲ ကျူးကျော်ရောက်ရှိလာတဲ့ မှဆိုးကြီးတစ်ယောက်ကို မပြန်လမ်းပို့ခဲ့ရတာ၊ ကျုပ် ဆယ့်နှစ်နှစ်သားလောက်က ကိုယ်တိုင်တွေ့ကြုံခဲ့ရတယ် မှူးကြီးမတ်ကြီးတို့ရဲ့''

''မှန်ပါ ... ဘုရင်မင်းကြီး''

''နောက် ဖခမည်းတော် နတ်ရွာစံပြီးတဲ့နောက် ကျုပ် နန်းတက်ခဲ့ပြီး နှစ်နှစ်အကြာမှာပဲ လူတစ်ယောက်ဟာ မိုးပေါ်က နေ ရုတ်တရက်ကျလာတာ မှူးကြီးမတ်ကြီးတို့ မှတ်မိရဲ့မဟုတ်လား''

''မှတ်မိပါတယ် အရှင်မင်းကြီး၊ သူနဲ့အတူ''

''တော်တော့ အမတ်ကြီး၊ ကျုပ် လိုရာကိုပဲပြောမယ်၊ သင် နားထောင်ပါ၊ မလိုအပ်ဘဲရှည်လာတဲ့ လျှာတို့ဟာ သွေးသံတရဲရဲနဲ့ ဖြတ်တောက်တာခံရတတ်တယ်''

''မှန် မှန်ပါ ... အရှင်မင်းကြီး၊ ကျွန်တော်မျိုး ကြောက်ရွံ့လှပါတယ်၊ ဆင်ခြင်ပါ့မယ်''

''အဲဒီမိုးပေါ်ကကျလာတဲ့သူ့ရဲ့ဘဝနိဂုံးကိုရော မှူးကြီး မတ်ကြီးများ မှတ်မိရဲ့မဟုတ်လား''

''မှတ် မှတ်မိပါတယ် မင်းကြီး၊ သူက သူ့ကိုယ်သူ





အင်ဂျင်နီယာတစ်ယောက်တဲ့၊ ဆောက်လုပ်ရေးလုပ်ငန်းကို ကျွမ်းကျင်သူလို့ ဆိုပါတယ် အရှင်မင်းကြီး''

''ကျွန်တော်မျိုးတို့လည်း အဲဒီလူကို မှတ်မိပါတယ် အရှင်မင်းကြီး၊ သူဟာ မိုးပေါ်မှာပျံနေတဲ့ယာဉ် ပျက်ကျရာက မှီခိုလိုဟာကြီး ခိုစီးပြီး ရောက်လာသူပါ''

''ဟုတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့ငြိမ်းအေးလှတဲ့ သီးသန့်ကမ္ဘာထဲ ရောက်လာသူကို အသက်နဲ့အတူ ပြန်လွှတ်ပေးဖို့ မဖြစ်နိုင်ဘူး၊ ထုံးစံမရှိဘူး၊ ကျုပ်တို့ရဲ့လက်နဲ့လည်း သူ့ကို မစီရင်လိုဘူး၊ ဒီတော့ သူ့ကြမ္မာကို သူဖန်တီးပေးမယ့် အလုပ် လုပ်ခိုင်းလိုက်တယ် ...၊

သူ့ကိုလုပ်ခိုင်းလိုက်တဲ့အလုပ်ကတော့ ကျုပ်တို့ဒေသရဲ့ မြောက်စူးစူးအရပ်မှာရှိတဲ့ ချောက်ကူးတံတားကို ပြုပြင်ခိုင်းလိုက်တာပါပဲ၊ အဲဒီချောက်ကူးတံတားက လူတစ်ယောက်ကူးသာရုံပဲ ရှိတယ်၊ ဒါကြောင့် တံတားကိုချဲ့ချင်တယ်၊ ဘယ်လိုချဲ့ရမလဲ ဆိုတာ လေ့လာပြီး ပြုပြင်ချဲ့ထွင်ပေးပါ၊ အဲဒီအလုပ်ကို အောင်မြင်အောင် လုပ်နိုင်ရင် ပြန်လွှတ်ပေးမယ်လို့ ကျုပ်ပြောလိုက်တယ် ...၊

အဲဒီလူဟာလည်း မသတ်ဘဲ ပြန်လွှတ်ပေးမယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားပြီး မြောက်ဘက်တံတားကို သွားရောက် လေ့လာတော့တယ် . . . ။

တကယ်တော့ အဲဒီတံတားဟာ ချောက်အစပ်မှာ ပေါက်နေတဲ့ သစ်ရိုင်းပင်ကြီး နှင်းမုန်တိုင်းကြောင့် လဲပြိုကျရာက ချောက်အစပ်နှစ်ခုအပေါ် ကန့်လန့်ဖြတ်တင်နေတာပါပဲ . . . ။

အဲဒီသစ်လုံးတံတားပေါ်မှာ ရေခဲတွေ ကျိုးပေါင်းတက်ပြီး ဖြတ်ထနေတယ်၊ ရုတ်တရက်ကြည့်ရင် ကျောက်သားလို ခိုင်ခံ့တယ်လို့ ယူဆရတယ်၊ တကယ်လည်းခိုင်ခံ့ခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီတံတားဖြစ်နေတဲ့ သစ်ရိုင်းတုံးကြီးဟာ နှစ်ကြာလာပြီမို့ အလယ်မှာ ခေါင်းပွဖြစ်ပြီး ဆွေးနေပြီ၊ ဒါကြောင့် အဲဒီနေရာက ရေခဲကျိုးပေါင်းဟာလည်း လူတစ်ယောက်ရဲ့အလေးချိန်ကို ခံနိုင်လောက်အောင် မကြံ့ခိုင်တော့ဘူး . . . ။

အဲဒီလို ရေခဲကျိုးပေါင်းတက် သစ်လုံးတံတားရဲ့အကြောင်း ကောင်းကောင်းကြီးမသိတဲ့ ပြင်ပကမ္ဘာကလာသူ အဲဒီလူဟာ တံတားရဲ့အလယ်အရောက်မှာပဲ တံတားကျိုးကျသွားပြီး အောက်က အသူရာချောက်ထဲ ကျရောက်သွားတော့တယ် မဟုတ်လား။ အဲဒီ အသူရာချောက်အောက်ထဲက ရေခဲချောင်းထဲမှာရှိတဲ့ ဖွတ်နဂါးကြီးတွေဟာ အဲဒီလူကို ဝိုင်းပြီး အမဲဖျက်လိုက်





ကြတယ် မဟုတ်လား မျိုးကြီးမတ်ကြီးတို့ရဲ့''

''မှန်ပါတယ် မင်းကြီး၊ ဖွတ်နဂါးကြီးတွေက လူသားမစားရတာကြာလို့ အငမ်းမရ ဝိုင်းပြီးအမဲဖျက်လိုက်ကြတာ လင်းတခွေးဆွဲသလိုပါပဲ''

''ဟုတ်ပဲ့ဗျာ . . . ဟား ဟား ဟား''

ထိုစဉ် အတွင်းဆောင်ထဲမှ ခြူသံလေးတချွင်ချွင် ကြားရပြီးနောက် အဖြူရောင်ရင်စည်းအင်္ကျီအပေါ်မှ ငွေခြည်ထိုးပဝါပါးပါးကို လွှမ်းခြုံလျက် ငွေခြည်ပန်းကနုတ်ထိုး ဖဲဘောင်းဘီအဖြူပွပွကို ဝတ်ဆင်ထားကာ ငွေသားခါးပတ် ပတ်ထားသည့် လုံမပျိုတစ်ဦးသည် ရံရွေတော်မိန်းမပျိုလေးနှစ်ဦးနှင့်အတူ ခြေလှမ်းခပ်ဖွဖွဖြင့် လှမ်းလျှောက်ထွက်လာတော့၏။

ကျွန်ုပ်နှင့် ဆာဝါတို့မှာ လက်ပြန်ကြိုးအတုပ်ခံထားရလျက်မှ ဘုရင်ကြီး၏ရှေ့တော်မှောက်တွင် ဒူးတုပ်ခစားလျက်ရှိကြရာ ငွေသရဖူလေးဆောင်းထားသည့် လုံမပျိုက ကျွန်ုပ်တို့နှစ်ဦးအား မျက်မှောင်လေးအတွန့်ချိုးကာ တစ်ချက်လှမ်းကြည့်လိုက်လေသည်။ သူမသည်ကား ဘုရင့်သမီးတော်လေးရော[illegible]ပင် ဖြစ်ပေချိမ့်မည်။

သူမသည် ဘုရင်ကြီးအား ဦးညွှတ်အရိုအ[illegible]ပြုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ရာဇပလ္လင်ဘေးရှိ ကတ္တီပါဖုံခင်းထားသော ကျောက်ဖြူ သားထိုင်ခုံပေါ် ခပ်ရွရွလေး ထိုင်လိုက်လေ၏။

အဖြူရောင်ရင်စည်းအင်္ကျီနှင့် ပိုးဘောင်းဘီအနက်တို့ ဝတ်ဆင်ထားကြသည့် ရံရွေတော်နှစ်ဦးက သူမတို့၏ သခင်မ ဘေးတစ်ဖက်တစ်ချက်တွင် ဒူးတုပ်ခစားလိုက်ကြတော့သည်။

ကျွန်ုပ်ရော ဆာဝါပါ ဘုရင့်သမီးတော်လေး ရောဘက္ကာ ကို သတိလက်လွတ် ငေးမော့ကြည့်လိုက်မိကြရာ ဤကဲ့သို့သော ထူးခြားလှသည့် ဒေသတွင် ဤမျှ တုလွှတ်ကင်းအောင်လှပ သော မိန်းကလေးမျိုးရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရ သဖြင့် မိမိတို့၏ သေဘေးဒုက္ခကိုပင် ခေတ္တမေ့လျော့ သွားကြ တော့၏။

သူမကမူ ကတ္တီပါဖုံထက်တွင် ဣန္ဒြေအပြည့်ဖြင့် ခြေ နှစ်ချောင်းချိတ်လျက်ထိုင်ရင်း ကျွန်ုပ်တို့ကို ခပ်စိန်းစိန်း လှမ်း ကြည့်လိုက်ပြီးမှ မျက်နှာလွှဲလိုက်တော့သည်။

ဘုရင်ကြီး ဂူလစ်ခမ်က ပြောလက်စ စကားကိုရပ်ကာ သူ့သမီးတော်လေးအား ပြုံးကြည့်လိုက်ပြီး ချီးကျူးစကားဆိုလေ သည်။

"သမီးတော်လေးက ဒီတိရစ္ဆာန်တွေကို မာယာသုံးပြီး





အမိအရ ဖမ်းဆီးနိုင်ခဲ့တာ ဖခမည်းတော်ဖြင့် ဂုဏ်ယူလို့မဆုံးပါ ဘူးကွယ်၊ ဖခမည်းတော်တို့ ဘယ်လူစိမ်းကိုမှ ညှာတာလို့ မဖြစ် ဘူး သမီးတော်"

"ဒါကြောင့် . . . သူတို့ကို ပြင်ပကမ္ဘာဆီ အသက်ရှင် လျက် ပြန်ထွက်သွားခွင့်မပြုနိုင်ဘူး၊ အခုပဲ သူတို့ မရဏာလမ်း သွားနိုင်ဖို့ စီရင်ချက်ချတော့မယ်ကွဲ့"

"သင့်မြတ်လှပါတယ် ဖခမည်းတော်"

မင်းသမီးလေးကလည်း လှိုက်လှဲစွာ ထောက်ခံလိုက်ပါ တော့၏။

"သူတို့ပြင်ပကမ္ဘာက လာသူတွေဟာ လောဘကြီးမား သူတွေပဲ ခမည်းတော်၊ သူတို့ရဲ့စိတ်ကို စမ်းတဲ့အနေနဲ့ သူတို့ လာရာလမ်းမှာ ကျောက်မျက်ရတနာတွေ ထားပြီး သမီးတော် စမ်းသပ်ပြီးပါပြီ၊ သူတို့ဟာ ရတနာတွေကိုမြင်တာနဲ့ လောဘ ဇော မသတ်နိုင်လို့ သမီးတော်ရဲ့ထောင်ချောက်ထဲ တန်းမိခဲ့တယ် လေ၊ ဒါကြောင့် အဲဒီလို လောဘသမားတွေကို အရှင်မထားသင့် ပါဘူး ဖခမည်းတော်၊ သူတို့ဟာ တိရစ္ဆာန်သာသာအဆင့်တွေပဲ"

"ဟုတ်တယ် သမီးတော်၊ ဖခမည်းတော်တို့ဗြိုဒြာဝိဒိယန် တွေကို ဒီရာမရဲ့အနွယ်အာရိယန်တွေဟာ အကွကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပေလိမ့်မယ်၊ ဖခမည်းတော်တို့ရဲ့ ဘိုးဘွားဘီဘင်တို့ ထုံးစလေ့အတိုင်း သင်းတို့ကို စီရင်ရမှာပဲ''

ဘုရင်ကြီး ဂူလစ်ခမ်နှင့် သမီးတော် ရေဘက္ကာတို့က သူတို့ပြောဆို အသုံးပြုနေကြသည့် ရှေးဟောင်းသက္ကတဘာသာစကားကို ကျွန်ုပ်တို့ နှစ်ဦးစလုံး နားလည်မည်ဟု လုံးဝမယူဆထားသဖြင့် ကျွန်ုပ်တို့၏အကြောင်းကို စိတ်ထင်တိုင်း နင့်နင့်နဲနဲ ပြောဆိုလျက်ရှိကြတော့သည်။

ဤတွင် ဆာဝါက ကျွန်ုပ်ဘက်သို့ လှည့်ကြည့်ကာ အင်္ဂလိပ်လို မေးမြန်းလိုက်တော့၏။

''သူတို့ ဘာတွေပြောနေတာလဲဗျ အစ်ကိုစိုး''

ကျွန်ုပ်လည်း သူတို့ပြောသမျှ စကားအားလုံးတို့ကို အတိုချုပ် ရှင်းပြလိုက်တော့သည်။

ဘုရင်ကြီးဂူလစ်မ်နှင့် မင်းသမီးလေးရေဘက္ကာတို့က ကျွန်ုပ်တို့ အင်္ဂလိပ်လိုပြောဆိုသမျှကို အထူးအဆန်းသဖွယ် နားစွင့်နေကြတော့၏။

ကျွန်ုပ်၏စကားအဆုံးတွင် ဆာဝါက နှုတ်ခမ်းကိုမဲ့လိုက်ပြီး ဦးခေါင်းကိုရမ်းလိုက်တော့သည်။

''ကျွန်တော်လောဘစိတ်နဲ့ သူတို့နဲ့ကျောက်မျက်ရတနာ





တွေကို လုယူဖို့ ကြိုးစားခဲ့တာ မဟုတ်ရပါဘူးဗျာ၊ အုံ့အားသင့်ပြီး ကျောက်ခုံကို လက်ထောက်ကြည့်မိတာပါ''

''အေးပါ . . . ငါ ရှင်းပြကြည့်ပါဦးမယ်၊ ငါက သူတို့ အသုံးပြုနေတဲ့ ရှေးဟောင်းသက္ကတဘာသာစကားကို နားလည်ပါတယ်ကွ၊ နားမလည်ချင်ဟန်ဆောင်ပြီး သူတို့ဘာပြော ဘာလုပ်မလဲသိချင်လို့ အသာနားထောင်ခဲ့တာကွ၊ ငါက အိန္ဒိယ တက္ကသိုလ် စရောက်တဲ့နှစ်ကတည်းက သက္ကတဘာသာကို လေ့လာဆည်းပူးခဲ့တာကွ''

ထို့နောက် ကျွန်ုပ်က မင်းသမီးလေးရေဘက္ကာအား တည့်တည့်စူးစူးမော့ကြည့်လိုက်ပြီး ရှေးဟောင်းသက္ကတဘာသာစကားဖြင့် ပြောလိုက်ရတော့၏။

''မင်းသမီးလေး . . . ကျုပ်တို့ဟာ လောဘသမားတွေ မဟုတ်ပါဘူး၊ မင်းသမီးလေးတို့ရဲ့ ကျောက်မျက်ရတနာတွေကိုလည်း မက်မောတဲ့စိတ် လုံးဝမရှိပါဘူး၊ ဟောဒီ ကျုပ်ရဲ့သူငယ်ချင်းက အံ့အားသင့်ပြီး ကျောက်ခုံကို လက်ထောက်လို့ ရတနာတွေကို ငုံ့ကြည့်မိရာက မင်းသမီးရဲ့ ထောင်ချောက်ထဲ ရောက်ရှိခဲ့ရတာပါ၊ ကျုပ်တို့ဟာ လောဘသမားတွေ မဟုတ်ရပါဘူး''

ကျွန်ုပ်က ယင်းတို့၏ ရှေးဟောင်းသက္ကတဘာသာ



www.burmeseclassic.com

www.burmeseclassic.com



စကားဖြင့် ပြောလိုက်ရာ မင်းသမီးလေး ရေဘက္ကာသာမက ဘုရင်ကြီးနှင့် မှူးမတ်တို့ပါ အံ့အားသင့်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတော့၏။

"ဟင် . . . ရှင် ရှင်က ရေဘက္ကာတို့ရဲ့ဘာသာစကားကို ပြောတတ်နေပါလား၊ ရှင်ဟာ ဘယ်သူလဲ"

ဤတွင် မှူးမတ်တို့ကပါ ဒေါသတကြီး ဝင်ပြောကြတော့သည်။

"ဒီလူဟာ ကျွန်တော်မျိုးတို့နဲ့ ဘာသာစကားပြောတတ်တာကို လျှို့ဝှက်ဖုံးဖိထားပြီး ကျွန်တော်မျိုးတို့ပြောတဲ့စကားတွေကိုပဲ သတင်းယူတဲ့အနေနဲ့ ငြိမ်ပြီးနားထောင်နေခဲ့တယ်၊ ဒါဟာ သူလျှိုတွေရဲ့လုပ်ရပ်မျိုးပဲ၊ သူ့ကို ချက်ချင်းသတ်ပစ်ပါ . . . အရှင်မင်းကြီး"

"ဟုတ်တယ် . . . ကျွန်တော်မျိုးတို့ရဲ့ အေးငြိမ်းလှတဲ့ သီးသန့်ကမ္ဘာလေးကို ဖျက်ဆီးပြီး သူတို့ အာရိယန်အနွယ်တွေ လာရောက်ကြီးစိုးဖို့ ကြံစည်နေတာပါပဲ၊ အရှင်မင်းကြီး . . . သင်းတို့ကို သေမိန့်ချက်ချင်းပေးလိုက်ပါ"

ဤတွင် ကျွန်ုပ်လည်း စိတ်ပျက်စွာ ညည်းညူမိတော့၏။

"တယ်ခက်ပါလား . . . ပေါ့စေလိုလို့ ကြောင်းဆေးတို။





ဆေးအတွက်လေး ဆိုသလို ဖြစ်ရပြီ၊ သူတို့ရဲ့စကားနဲ့ ရှင်းပြမိခါမှ သေဒဏ်ကျရတော့မယ်"

ကျွန်ုပ်သည် ယင်းသို့ စိတ်ပျက်စွာ အသံထွက်ညည်းညူမိရာတွင် မိခင်ဘာသာစကားဖြစ်သော မြန်မာစကားဖြင့် ညည်းညူမိလိုက်ခြင်း ဖြစ်ပေ၏။

ဘာသာစကားများစွာ မည်မျှကျွမ်းကျင်သူ ဖြစ်ပါစေ တကယ်တမ်း ဘေးဒုက္ခရောက်လေလျှင် မိမိတို့၏ မိခင်ဘာသာစကားဖြင့်သာ အော်ဟစ်ညည်းညူမိမည် ဖြစ်ပါ၏။

ကျွန်ုပ်၏ ညည်းညူသံကိုကြားရသည်တွင် အခြားသူများအတွက် ထူးခြားလှုပ်မရသော်လည်း မင်းသမီးလေးရေဘက္ကာကမူ နှုတ်ခမ်းဖူးဖူးလေးများ ပွင့်ဟသွားလျက် ကျွန်ုပ်အား လွန်စွာစိတ်ဝင်စားသည့် မျက်ဝန်းပြာပြာကြီးများဖြင့် စူးစူးလေး ကြည့်လိုက်လေသည်။

မည်သို့ဖြစ်စေ ကျွန်ုပ်သည် အသက်ဘေးမှ လွတ်လိုလွတ်ငြား လျှောက်လဲချက်ပေးလိုက်မိတော့၏။

"မင်းသမီးလေး ရေဘက္ကာ . . . ကျုပ်တို့ဟာ လော[illegible] သမားတွေ မဟုတ်ပါဘူး၊ သူလျှိုတွေလည်း မဟုတ်[illegible]ဘူး ရက္ခဗေဒပညာရှင်တွေပါ၊ ဟိမဝန္တာရေခဲတောင်တန်းတွေအပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်ပြီး ထူးဆန်းအာနိသင်ရှိတဲ့ သစ်ပင် သစ်ဥတွေကို စူးစမ်းရှာဖွေလေ့လာဖို့ ရောက်ရှိလာကြရာက မင်းသမီးလေးတို့နဲ့ ဆက်နွယ်နေတဲ့ ကျောက်ဂူကြီးထဲဝင်မိပြီး ခုလို ဒီကိုရောက်လာရတာပါ၊ ကျုပ်တို့ဟာ လောဘသမားတွေ မဟုတ်သလို သူလျှိုတွေလည်း မဟုတ်ရပါဘူး''

သို့သော် ကျွန်ုပ်၏လျှောက်လဲချက်မှာ အချည်းနှီးဖြစ်ခဲ့ရလေသည်။ ဘုရင်ကြီး ဂူလစ်ခမ်က ရာဇပလ္လင်ထက်မှနေ၍ ကျွန်ုပ်ကို ဒေါသတကြီး အော်ပြောလိုက်၏။

''ဟေ့ ဒီမှာ ရာဇဝတ်သား ... အကြောင်းအမျိုးမျိုးပြမနေနဲ့၊ ကျုပ်တို့ရဲ့ ငြိမ်းအေးနယ်မြေဆီ ကျူးကျော်တာဟာ ကျူးကျော်တာပဲ၊ ကျူးကျော်သူတွေကို ခပ်ပေါ့ပေါ့သဘောထားပြီး ပြင်ပကမ္ဘာဆီ ပြန်လွှတ်ပေးလိုက်ရင် ကျုပ်တို့ရဲ့သေတွင်း ကျုပ်တို့ တူးသလို ဖြစ်သွားမယ်၊ ပြင်ပကမ္ဘာကလူတွေဟာ ဘယ်တော့မှ သစ္စာရှိမှာမဟုတ်ဘူး၊ ပါးစပ်လုံမှာ မဟုတ်ဘူး၊ ကျုပ်တို့ဒေသရဲ့ အညွန့်အဖူး သဘာဝရတနာတွေရဲ့အကြောင်းသိသွားရင် သင်တို့ ပြင်ပကမ္ဘာက လောဘသမားတွေ အုံနဲ့ကျင်းနဲ့ လာရောက်ကျူးကျော်ပြီး ကျုပ်တို့ရဲ့ ငြိမ်းချမ်းလှတဲ့ကမ္ဘာလေးကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲဖျက်ဆီးကြလိမ့်မယ်၊ ဒါကြောင့် ကျုပ်





တို့ရဲ့ သီးသန့်ကမ္ဘာထဲကနေ သင်တို့ကို အသက်ရှင်လျက် ထွက်ခွင့်မပြုနိုင်ဘူး''

''ဒီမှာ ဘုရင်ကြီး ... ကျုပ် ကတိပေးပါတယ်၊ ကျုပ်တို့ဟာ သာမန်လူတွေ မဟုတ်ပါဘူး၊ ပညာတတ်ပညာရှင်တွေပါ၊ ကျုပ်ရော ဟောဒီက ကျုပ်ရဲ့သူငယ်ချင်းပါ ရုက္ခဗေဒနဲ့ပတ်သက်ပြီး ပါရဂူဘွဲ့တွေကို နာမည်ကျော်တက္ကသိုလ်ကနေ ရခဲ့တာပါ၊ ကျုပ်တို့ ကတိပေးပါတယ် ... သင်တို့ရဲ့အကြောင်း ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး၊ သင်တို့ရဲ့ သီးခြားကမ္ဘာလေး ဒီ ဟိမဝန္တာရေခဲတောင်ဒေသထဲမှာ လျှို့လျှို့ဝှက်ဝှက်ရှိနေတဲ့အကြောင်း ကျုပ်တို့နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိစေရပါဘူး၊ ကျုပ်တို့ကို ငဲ့ညှာတဲ့အနေနဲ့ သင်တို့ရဲ့ဒေသကနေ ထွက်ခွာသွားခွင့်ပြုပါ''

ကျွန်ုပ်၏စကားကိုကြားတော့ ဘုရင်ကြီးက ပြုံးသည်။ သူ့အပြုံးက လှောင်ပြုံးဖြစ်၏။

''ဟင်း ဟင်း ... သင်တို့က ပညာတတ်ပညာရှင်တွေဆိုတော့ ပိုဆိုးတာပေါ့၊ လူတွေဟာ လမ်းပေါ်က လူလေလူလွင့်တွေရဲ့စကားကိုသာ မယုံချင်ကြတာ၊ သင်တို့လို ပညာရှင် ဂုဏ်သရေရှိသူတွေရဲ့စကားကို ကျိန်းသေယုံကြမှာပဲ၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သင်တို့ကို ပြန်လွှတ်ပေးရတာဟာ လူသာမန်တွေကို ပြန်လွှတ်ပေးရတာထက် ပိုပြီးအန္တရာယ်များတယ်''

''ကဲ ကဲ ... အမိန့်ချမှတ်မယ်၊ ရာဇဝတ်ဝန် နားထောင်စေ''

''မှန်ပါ့ ... ကျွန်တော်မျိုးကြီး နားဆင်လျက်ပါ ဘုရင်မင်းမြတ်''

''ဒီ ရာဇဝတ်သားတွေကို တောင်စူးစူးအရပ်က နွယ်ရှင်ဂူဆီ ပို့စေ၊ သူတို့က ရက္ခပေဒဆိုင်ရာကျွမ်းကျင်တဲ့ ပညာရှင်တွေဆိုတော့ သူတို့ရဲ့ပညာနဲ့ ဝိညာဉ်နွယ်တွေကို လိုရာနိုင်းစေနိုင်မလား၊ ဝိညာဉ်နွယ်တွေရဲ့ ဝါးမျိုမှုပဲ ခံရမလားဆိုတာ ကြည့်ကြရသေးတာပေါ့''

''ရာဇဝတ်သားတွေကို ခုချက်ချင်း နွယ်ရှင်ဂူဆီပို့စေ''

ဘုရင်ကြီးဂူလစ်ခမ်၏ အမိန့်သံအဆုံးတွင် တပ်မှူးရမ်ဘာနှင့်စစ်သည်ဂမ်လီတို့သည် ကျွန်ုပ်တို့အား ဆွဲထုလိုက်ကြတော့၏။

ကျွန်ုပ်သည် နန်းတော်ထဲမှ ထွက်ခွာခါနီးတွင် ကတ္တီပါဖုံထက်၌ ထိုင်နေသည့် မင်းသမီးလေး ရောဘက္ကာအား တစ်ချက်လှမ်းကြည့်လိုက်ရာ သူမကလည်း ကျွန်ုပ်ကို လှမ်းကြည့်နေသည်





နှင့် မျက်လုံးချင်းဆုံမိလေ၏။

ဘာကြောင့်မှန်းမသိ၊ သူမ၏ မျက်ဝန်းပြာပြာကြီးများကို မြင်လိုက်ရစဉ်အခိုက်အတန့်လေးမှာပင် ကျွန်ုပ်၏ရင်သည် သိမ့်ခနဲ ခုန်သွားပြီး ထူးဆန်းသည့်အကြည့်ဓာတ်တစ်မျိုး ရင်ထဲအသည်းထဲ ဖြတ်စီးသွားသည့်နှယ် ခံစားလိုက်ရလေ၏။

တပ်မှူးရမ်ဘာနှင့် စစ်သည်ဂမ်လီတို့သည် နန်းတော်ထက်မှ ဆင်းမိသည်နှင့် ရာဇဝတ်ဝန်ဟူသော အသားမည်းညိုညိုနှင့် ဝဝဖိုင့်ဖိုင့်လူကြီး၏လက်သို့ ကျွန်ုပ်တို့နှစ်ယောက်ကို အပ်နှံလိုက်တော့သည်။

ရာဇဝတ်ဝန်သည်ကား ကြေးစလွယ်ကြီးလွယ်ထားပြီး နောက်လိုက်နောက်ပါ အကျဉ်းထောင်ဝန်ထမ်း အာဏာပါးကွက်သားလေးဦးနှင့်အတူ ကျွန်ုပ်တို့ကို မြို့ပြင်သို့ ခေါ်သွားလေ၏။

ကျွန်ုပ်တို့သည် လှပသော အိမ်ကလေးများရှိရာ တောင်ကုန်းအချို့ကို ကွေ့ပတ်ဖြတ်ကျော်ပြီးနောက် မြို့တံခါးဝသို့ ရောက်သွားတော့၏။

ယင်း မြို့တံခါးကို သစ်သားများဖြင့်ပင် တည်ဆောက်ထားပြီး ကြေးမင်းတုပ်ကြီးများဖြင့် ခိုင်ခံ့စွာ ထိုးခတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ဘက်တံခါးမှူး . . . ရာဇဝတ်သားတွေပါတယ်၊ နွယ်ရှင်ဂူမှာ စီရင်ဖို့ ခေါ်သွားရမယ်၊ မြို့တံခါးဖွင့်ပေတော့"

ရာဇဝတ်ဝန်၏ အော်ပြောသံအဆုံးတွင် တောင်ဘက်တံခါးမှူးနှင့် တံခါးစောင့်ရဲမက်များက ကြေးမင်းတုပ်ကြီးများကို ဖြုတ်ကာ မြို့တံခါးတို့ကို ဖွင့်ပေးလိုက်ကြတော့၏။

"ဒါ . . . တခြားကမ္ဘာက ရောက်လာသူတွေ မဟုတ်လား၊ ဒီရာဇဝတ်သားတွေကို မရဏနွယ်ရှင်ဂူဆီ ပို့မယ် . . . ဟုတ်လား ရာဇဝတ်ဝန်ကြီးရဲ့"

"ဟုတ်တယ်လေ . . . ဒါ ဘုရင်မင်းမြတ်ရဲ့အမိန့်ပဲ"

"အေးပါဗျာ . . . ကျူးကျော်သူ ရာဇဝတ်သားတွေမို့ အဲဒီလို ရဏနွယ်ရှင်ဂူလိုဏ်ထဲ ပို့တော့မယ်ပေ့ါ၊ ကျုပ်ဆိုရင်တော့ ဓားစက်နဲ့သာ လည်ပင်းအဖြတ်ခံလိုက်ချင်ပါရဲ့၊ နွယ်ရှင်ဂူတော့ မသွားဝံ့ပေါင်ဗျာ"

တောင်ဘက်တံခါးမှူး၏စကားကို ဆာဝါက မေးသဖြင့် ကျွန်ုပ်က ဘာသာပြန်ပြောပြလိုက်ရာ တီဗက်လုလင်လေးမှာ သွေးမနည်းသူဖြစ်သည့်တိုင် မျက်နှာမှ အတန်ငယ်ပျက်သွားပါချေ၏။

ကျွန်ုပ်တို့သည် အာဏာပါးကွက်သားတို့၏ ချုပ်နှောင်





ခေါ်ဆောင်မှုဖြင့် မြို့တံခါးဝမှ ကိုက်လေးငါးရာခန့်အကွာရှိ ကျောက်တောင်ကြီးတစ်တောင်၏ ခြေရင်းသို့ ရောက်ရှိသွားရာ ယင်းကျောက်တောင်ကြီး၏ ဟိုမှာဘက်မှာမူ ဆီးနှင်းလွင်ပြင်သည် အစပြုလျက်ရှိပေ၏။

ကျွန်ုပ်တို့ရောက်ရှိရာ ကျောက်ဆောင်၏ခြေရင်း တစ်နေရာ၌ အချင်းဆယ်ပေခန့်ရှိသော ကျောက်ပြားကြီးက ဂူဝတစ်ခုကို ပိတ်ဆီးထားကြောင်း တွေ့ရလေသည်။

ရာဇဝတ်ဝန်နှင့် အာဏာပါးကွက်သားသုံးဦးတို့က ယင်းဂူတံခါးကျောက်ဖျာပြားကြီးကို ဝဲဘက်သို့ရောက်အောင် တွန်းကြလေ၏။

အနီကျောက်ပြားကြီး အတန်ငယ်လိမ့်ကာ ရွေ့သွားလေလျှင် ဂူပေါက်ဝကြီးတစ်ခုကို ဘွားခနဲတွေ့မြင်ရတော့၏။

ထို့နောက်မှာမူ ရာဇဝတ်ဝန်သည် သူ၏တပည့် အာဏာပါးကွက်သားတို့ သယ်ဆောင်လာသည့် ရိက္ခာတောင်းကို ဂူထဲသို့ အရင်ပို့စေပြီးမှ ကျွန်ုပ်နှင့်ဆာဝါအား တုပ်နှောင်ချည်ထားသည့် လက်ပြန်ကြိုးတို့ကို ဓားမြှောင်ဖြင့် ဖြတ်လိုက်လေသည်။

"ကဲ . . . သင်တို့ကို ဟောဒီဂူကြီးထဲမှာ နေစေညတာ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရမယ်၊ ဒီဂူကြီးထဲက မရဏနွယ်တွေရဲ့ရန်ကို သင်တို့လမွန်းတည့်ချိန်ကနေ မနက်မိုးလင်းတဲ့အထိ ကြံ့ကြံ့ခံတွန်းလှန်နိုင်ရင် သင်တို့ရဲ့အသက်ကို ရန်မရှာဘဲ ပြန်လွှတ်ပေးလိုက်မယ်၊ ရိက္ခာတောင်းထဲမှာ သင်တို့လိုရာ ယူသုံးပေတော့''

ရာဇဝတ်ဝန်က ထိုမျှသာပြောပြီး ကျွန်ုပ်တို့နှစ်ဦးကို ဂူကြီးထဲသို့ လှမ်းဝင်စေတော့၏။

ကျွန်ုပ်ရော ဆာဝါပါ ဂူကြီးထဲရောက်သွားသည်နှင့် ရာဇဝတ်ဝန်နှင့် သူ့တပည့်တို့က ကျောက်ပြားကြီးကို တွန်းရွှေ့ကာ ဂူပေါက်ဝကို ပိတ်လိုက်တော့သည်။

ကျောက်ပြားကြီးပိတ်ဆီးသွားသည်နှင့် ဂူလိုဏ်ကြီးမှာ မှောင်အတိကျသွားတော့ရာ ရှေ့တစ်လံကွာခန့်ကိုပင် မမြင်တွေ့နိုင်တော့ချေ။

ကျွန်ုပ်က ယင်းသို့ဖြစ်လာမည်ကို ကြိုသိနေသဖြင့် ဂူတံခါးစမပိတ်မီမှာပင် ရိက္ခာတောင်းထဲမှ ကျောက်ခွက်ငယ်အချို့နှင့် ထင်းရှူးဆီခဲတို့ကို ထုတ်ယူခဲ့ပြီးပေပြီ။

ဂူတံခါးဝပိတ်ပြီး မှောင်အတိကျသွားသည်နှင့် ကျွန်ုပ်၏ ကုတ်အင်္ကျီအောက်အိတ်ထဲမှ ဇစ်ပိုမီးခြစ်ထုတ်ခြစ်ကာ ကျောက်ခွက်ငယ်များအထဲမှ ထင်းရှူးဆီအခဲတို့ကို မီးရှို့လိုက်တော့ရာ





ဂူကြီးတစ်ခုလုံး မြင်ရလောက်အောင် လင်းကျင်းသွားပါတော့၏။

ထိုအခါမှ ကျွန်ုပ်တို့သည်လည်း မိမိတို့ရောက်ရှိနေသည့် ဂူလိုဏ်ကြီးကို စူးစမ်းလေ့လာနိုင်ပါတော့၏။

ဂူလိုဏ်ကြီးသည် အလျားအားဖြင့် ပေသုံးဆယ်ကျော်လေးဆယ်ခန့်ရှိပြီး အတွင်းဘက်မှာ ပေငါးဆယ်ခန့် ကျယ်ဝန်းသော်လည်း ဂူလိုဏ်အဝမှ ပေနှစ်ဆယ်ခန့်အထိသာ ဂူကြမ်းပြင်ရှိကာ ဟိုမှာဘက်မှာမူ ချောက်ကမ်းပါးကြီးတစ်ခုက တွင်းကြီးတစ်ခုကဲ့သို့ ဖြစ်ပေါ်နေလေ၏။

ဂူလိုဏ်ကြီး၏အမိုးမျက်နှာကြက်သည်ကား အမြင့်ပေနှစ်ဆယ်ခန့်ရှိပြီး ကျောက်စက်ပန်းဆွဲအချို့ လေးငါးခြောက်ပေခန့်အထိ တွဲရရွဲကျနေသော်လည်း ယင်းကျောက်စက်ပန်းဆွဲတို့သည် ဂူကြမ်းပြင်အထိမူ ရောက်မလာချေ။

အနီကျောက်စက်ပန်းဆွဲတို့ကြားမှ နေ့၏အလင်းပျပျလေးက ဂူကြီးထဲ တိုးဝင်လျက်ရှိရာ မှောင်ထဲတွင် နေသားကျသွားသူအဖို့ ယင်းအလင်းရောင်ပျပျလေးကို အတော်အတန်အားကိုး၍ရနိုင်မည်ဖြစ်ပါ၏။

ကျွန်ုပ်တို့သည်မူ ထင်းရှူးမီးရောင်အားကိုးဖြင့် ဂူကြီးအနှံ့လေ့လာကြည့်ရှုမိရာ ဂူလိုဏ်ကြီးမှာ တဝဂူဆန်ဆန် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဂူကြီးဖြစ်ကာ အခြားအတွင်းဂူပေါက်ငယ်တို့ကိုလည်း မတွေ့မြင်ရချေ။

ဂူကြမ်းပြင်၏ ထက်ဝက်ခန့်မှာ ချောက်ကမ်းပါးလို တွင်းကြီးလို ဖြစ်နေသဖြင့် ယင်းတွင်းကြီးကို လှေလာနိုင်ရန် တွင်းအစပ်မှ ငုံ့ကြည့်ကြရာ ပေနှစ်ဆယ်ခန့်နက်မည်ထင်ရသော တွင်းကြီးထဲတွင် စိမ်းလန်းသောသစ်ပင်ပုပုလေးများကိုသာ တွေ့ရပေသည်။

အားနည်းလှသည့် အလင်းရောင်ဖြင့် တတ်အားသ၍ စူးစမ်းလှေလာကြည့်သည်တွင် အရွက်စိမ်းဖားဖားကြီးများရှိသည့် သစ်ပင်ပုပုလေးများမှာ ဆယ်ပင် ဆယ့်ငါးပင်ခန့်ရှိပြီး ပင်စည်တို့မှာ လုံးပတ်ထွာဆိုင်ခန့်သာရှိကာ အဖြူရောင်ဖျော့ဖျော့အရောင်အဆင်းရှိလေရာ စကားပင် ပင်စည်၏အရောင်အသွေးမျိုးဟု ဆိုနိုင်၏။

ကျွန်ုပ်တို့ ရုက္ခဗေဒဘာသာရပ်အခေါ်အဝေါ်ဖြင့်ဆိုလျှင် မက်ခနိုလီဧစီး (Magnoliaceae) ဟု ခေါ်တွင်သော စကားဝါ၊ တောင်စကားပင်မျိုးဟု ယူဆရပါမည်။ သို့သော် ထူးခြားသည်မှာ ယင်းသစ်ပင်တို့၏ပင်စည်မှ တစ်တောင်၊ နှစ်တောင်ခန့်ရှည်လျားသည့် နွယ်လေးများ လိမ်ယှက်ထွက်နေခြင်းပင်။





ကျွန်ုပ်တို့ မြင်သမျှ တွေ့သမျှ သုံးသပ်ရလျှင် ဤဂူလိုဏ်ကြီးသည်လည်းကောင်း၊ ချောက်ကမ်းပါးတွင်းကြီးထဲမှ သစ်ပင်ပုပုလေးများသည်လည်းကောင်း ကျွန်ုပ်တို့အား တစ်စုံတစ်ရာ အန္တရာယ်ပြုနိုင်ပုံ မပေါ်ချေ။

“ဘယ်လိုလဲ အစ်ကိုစိုး . . . ဒီဂူကြီးထဲ ကျွန်တော်တို့ကို ဘာဖြစ်လို့ထည့်ထားသလဲ မသိဘူး၊ အန္တရာယ်ရဲ့အရိပ်အငွေ့ တစ်စုံတစ်ရာလည်း မတွေ့ရပါလားဗျ”

“ဟုတ်တယ် . . . ကိုယ်လည်း အဲဒါကိုပဲ အံ့သြနေတာ၊ ဒါပေမဲ့ စောစောတုန်းက ရာဇဝတ်ဝန်ဆိုတဲ့လူ ပြောသွားတဲ့ အထဲမှာ ဒီဂူကြီးထဲက မရဏာနွယ်တွေရဲ့ရန်ကို လမွန်းတည့်ချိန်ကနေ မနက်မိုးလင်းတဲ့အထိ ကြံ့ကြံ့ခံကာကွယ်ရမယ်လို့ ပြောသွားတယ်ကွ၊ ပြီးတော့ တောင်ဘက်တံခါးမှူးဆိုတဲ့လူကလည်း ပြောလိုက်သေးတယ်၊ ဒီဂူကြီးထဲက မရဏာနွယ်တွေရဲ့ရန်ကို ရင်ဆိုင်သေရမယ့်အစား ခေါင်းဖြတ်စက်ထဲမှာ အသေခံရတာက မှ တော်ဦးမယ်ဆိုလား၊ သူတို့ရဲ့ပြောပုံအရဆို ဒီဂူကြီးထဲမှာ အန္တရာယ်ကြီးကြီးမားမား ရှိပုံပဲကွ”

“ဟား ဟား ဟား . . . ဘာလဲဗျ မရဏာနွယ်၊ ဘယ်မှာလဲ အဲဒီနွယ်တွေက နွယ်နေနေသာသာ ဟိုချောက်တွင်းကြီးထဲက



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေရဲ့အဖျားက ချောက်ကမ်းပါးပေါ်တောင် ရောက်မလာနိုင်ဘူး''

သို့ဖြင့် ဇဝေဇဝါအတွေးများဖြင့်သာ ကျွန်ုပ်တို့နှစ်ဦးသည် ယောင်ချာချာဖြစ်လျက်ရှိရာ ဂူနံရံတစ်နေရာ၌ ကျောမှီထိုင်နေရင်း အချိန်ဖြုန်းနေမိကြတော့၏။

အတော်ကြီးကြာလာသည်တွင် ဗိုက်ဆာလာကြရာ ရိက္ခာတောင်းထဲသို့ ဖွေရှာကြည့်လေလျှင် ဖက်စိမ်းဖြင့်ပတ်ထုပ်ထားသည့် အထုပ်လေးထုပ်ကို တွေ့ရလေ၏။

ကျွန်ုပ်တို့လည်း ဖက်ထုပ်တစ်ထုပ်စီဖြည်ကာ ပေါက်စီကဲ့သို့ ဖြူဖြူစီးစီးမုန့်တို့ကို စားကြည့်ရာ အရသာလွန်စွာရှိလှသောကြောင့် ဗိုက်ဆာဆာဖြင့် အားရပါးရ စားလိုက်မိကြတော့သည်။

ထို့နောက် သတ္တုဘူးရှည်ထဲမှ ရေအေးအေးကို မော့သောက်လိုက်ကြပြီး အိပ်ငိုက်လာကြသဖြင့် ဂူကြမ်းပြင်မှာပင် လှဲလျောင်းအိပ်စက်လိုက်ကြရာ ခဏအတွင်းမှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြပါတော့၏။

❋ ❋ ❋





## ကာယ်တင်ရှင်

ကျွန်ုပ်နှင့်ဆာဝါတို့မှာ မည်မျှအိပ်ပျော်သွားကြသည်မသိ လှုပ်လှုပ်ရှားရှား အသံတချို့ကို နားထဲ၌ကြားလာရသလိုလို ရှိသဖြင့် အအိပ်ဆတ်သူပီပီ ကျွန်ုပ်မှာ ဖျတ်ခနဲလန့်နိုးလာတော့၏။

'ရွှတ် ရွှတ် ရွှတ် ... ရှုရွှတ် ရှုရွှတ် ရှုရွှတ်'

တစ်စုံတစ်ရာ ပွတ်တိုက်သံလိုလို အသံတိုးလျလျတို့ကို နားထဲဝယ် အမှန်တကယ် ကြားနေရခြင်းဖြစ်၏။ ဆိတ်ငြိမ်လှသည့် ဂူလိုဏ်ကြီးထဲတွင် အပ်ကျသံပင် ကြားရနိုင်ရာ ယ[illegible]အသံတိုးလျလျတို့ကိုလည်း ဆိတ်ငြိမ်လွန်းသဖြင့်သာ ကြားရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လဲလျောင်းနေရာမှ အသာလူးလဲထထိုင်လိုက်ရင်း ထင်းရှူးဆီမီးအလင်းဖြင့် ဝန်းကျင်ကို အကဲခတ်စူးစမ်းကြည့်လိုက်တော့သည်။

သို့သော် မည်သည့်လှုပ်ရှားမှုမျှ ထူးထူးခြားခြား မတွေ့မြင်ရဘဲ သစ်ရွက်ချင်းပွတ်တိုက်သံလိုလိုအသံမျိုးကိုသာ တဖြည်းဖြည်း ပိုပြင်းသည်ထက် ပိုပြင်းစွာကြားလာရလေ၏။

တစ်ခုခုတော့ထူးခြားပြီဟူသောအသိစိတ်ဖြင့် အန္တရာယ်၏ အငွေ့အသက်ကိုလည်း ရရှိခံစားလိုက်ရသလို ဖြစ်လာသောကြောင့် ရင်တထိတ်ထိတ် ခုန်လာပြီးလျှင် ဆာဝါကို လှုပ်နှိုးလိုက်ရတော့သည်။

"ဆာဝါ ဆာဝါ . . . ထစမ်း ထစမ်း"

"ဟင် . . . ဘာ ဘာလဲ"

ဆာဝါက အိပ်ချင်မူးတူးအသံဖြင့် လူးလဲထလာတော့၏။

"အစ်ကိုစိုး ဘာလဲဗျ"

"ရှူး . . . တစ်ခုခုတော့ ထူးခြားနေပြီ ဆာဝါ၊ မှောင်ထဲမှာ အသံတစ်ခုခု ကြားနေရတယ်"

ကျယ်ဝန်းလှသော ဂူလိုဏ်ကြီးထဲဝယ် ကျွန်ုပ်တို့ ထွန်းညှိထားသည့် ကျောက်ခွက်ငယ်တို့ထဲမှ ထင်းရှူးဆီမီးတောက်တို့





က နေရာအနှံ့သို့ အလင်းရောင်မပေးနိုင်ရာ အထူးသဖြင့် တွင်းချောက်ကြီးဘက်မှာ အတော် အမှောင်ကျလျက်ရှိတော့၏။

သို့သော် တိုးလျလျအသံတို့သည်လည်း အနီ မှောင်ရိပ်ကျနေသည့် တွင်းချောက်ကြီးဘက်မှ ထွက်ပေါ်လာနေခြင်းဖြစ်ရာ အန္တရာယ်သည် ထိုနေရာမှ အစပြုပြီထင်၏။

"ဟုတ်တယ် အစ်ကိုစိုး . . . ဘာသံတွေလဲ မသိဘူးဗျ၊ ပြီးတော့ ဟိုမှာကြည့်စမ်း"

ကျွန်ုပ်လည်း ဆာဝါညွှန်ပြရာ ဂူလိုဏ်ကြီး၏အမိုးမျက်နှာကြက်ဆီ မော့ကြည့်လိုက်ရာ အမှောင်ထုသိပ်သည်းလျက်ရှိသော ကျောက်စက်ပန်းဆွဲတို့ကြားမှ ဘော်ငွေရောင်အလင်းတန်းတစ်ခုက တွင်းချောက်ကြီးထဲ တိုက်ရိုက်ကျရောက်လျက်ရှိသည်ကို တွေ့ရတော့၏။

"အဲ . . . အဲဒါ လရောင်ထင်တယ်"

"ဟုတ်တယ် အစ်ကိုစိုး၊ ကျွန်ုပ်တို့ အတော်အိပ်ပျော်သွားတာပဲ၊ လတောင် ထွက်နေပြီ"

ဤတွင် ကျွန်ုပ်က လမွန်းတည့်ချိန်တွင် အန္တ[illegible]စနိုင်သည်ဟူသောသဘောမျိုး ပြောကြားသွားခဲ့သည့် [illegible]ဝတ်ဝန်၏ စကားကို ပြန်လည်ကြားယောင်မိရာ ရင်ထဲ[illegible]တ်ခနဲ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုင်ရာမှ အသာထရပ်လိုက်မိတော့၏။

ဆာဝါသည်လည်း ထရပ်လိုက်ကာ ကျွန်ုပ်ကို ခပ်တိုးတိုးပြောသည်။

''ပြဿနာတော့ စပြီထင်တယ် ... အစ်ကိုစိုးရေ၊ ကျွန်တော်တို့မှာ ဘာလက်နက်မှလည်းမရှိဘူး၊ အန္တရာယ်ကျရောက်လာရင်တော့ ဒုက္ခပဲ''

''အေး ... ဘယ်လိုအန္တရာယ်မျိုးလဲတော့ မသိဘူး၊ ငါတို့ရဲ့လက်နက်တွေကိုလည်း ဟိုလူတွေက သိမ်းလိုက်ပြီ၊ ကြုံလာမယ့်အန္တရာယ်ကို လည်စင်းခံရမှုယ့်ကိန်းပဲကွ''

''ဘာပဲဖြစ်ဖြစ် အစွမ်းကုန်တော့ ခုခံတိုက်ခိုက်ရမှာပဲဗျာ''

သို့ဖြင့် ကျွန်ုပ်တို့သည် စိတ်အားတင်းကာ ထင်းရှူးဆီခဲတချို့ကိုယူလျက် တွင်းချောက်ကြီး၏နှုတ်ခမ်းဝဆီ သတိကြီးစွာဖြင့် လှမ်းလျှောက်သွားကြပြီး တွင်းအစပ်မှနေ၍ အောက်သို့ငုံ့ကြည့်လိုက်ကြတော့၏။

မှောင်နှင့်မည်းမည်း တွင်းချောက်ကြီးထဲမှ သစ်ပင်ပုလေးများပေါ်သို့ လရောင်တန်းက ကျရောက်လျက်ရှိရာ ယင်းအလင်းပျပျဖြင့် သစ်ပင်တို့၏ထိပ်ဖျားပိုင်းမှ သစ်ရွက်သစ်ခက်





တို့ကို ခပ်ဝါးဝါး မြင်နေကြရသည်။

''သစ် ... သစ်ရွက်တွေ, သစ်ကိုင်းတွေ လှုပ်နေပါလား အစ်ကိုစိုး''

''အေး ... လေမတိုက်ဘဲ လှုပ်နေကြတာကွ၊ အတော်ထူးဆန်းတာပါလား''

ကျွန်ုပ်သည် တွင်းချောက်ကြီးထဲမှ သစ်ပင်သစ်ကိုင်းတို့၏ အခြေအနေကို ပိုမိုသိမြင်နိုင်စေရန် ထင်းရှူးဆီခဲတို့ကို မီးရှို့ပြီး တွင်းချောက်ကြီးထဲသို့ ပစ်ချလိုက်တော့၏။

ထိုအခါမှ ပိုမိုအံ့အားသင့် တုန်လှုပ်ဖွယ်မြင်ကွင်းတို့ကို မယုံနိုင်ဖွယ် တွေ့မြင်ကြရတော့သည်။

တွင်းချောက်ကြီး၏အောက်ခြေရှိ မြေသားနီကြင်ကြင်တို့တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်ပုပုလေးတို့၏ ပင်စည်တို့မှာ လရောင်အောက်တွင် တဖြည်းဖြည်း တစ်စုံတစ်ဦးက ဆွဲဆန့်သည့်နှယ် ရှည်ထွက်လာလျက်ရှိလေသည်။

သစ်ကိုင်းတို့သည်လည်း လရောင်အောက်တွင် သက်ရှိသတ္တဝါများနှယ် တရွရွလှုပ်ရှားလူးလွန့်လျက် တွင်းချောက်ကြီး၏အပေါ်သို့ လုတက်လျက်ရှိကြရာ ယင်းသစ်ရွက်သစ်ကိုင်းတို့အချင်းချင်း ပွတ်တိုက်တိုးဝှေ့သံတို့က တိုးလျလျ ထွက်ပေါ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပေ၏။

"ဟာ အစ်ကိုစိုး . . . သစ် သစ်ပင်တွေက တဖြည်းဖြည်း ကြီးထွားလာနေကြပါလား"

ဟုတ်ပါသည်၊ တွင်းချောက်ကြီးထဲမှ သစ်ပင်ပုပုလေးများမှာ လရောင်အောက်တွင် ကြီးထွားသည်ထက် ကြီးထွားရှည်လားလာနေကြရာ ကျွန်ုပ်တို့ကြည့်နေစဉ်မှာပင် သစ်ပင်တို့၏ထိပ်ဖျားပိုင်းမှ သစ်ရွက်သစ်ခက်တို့မှာ တွင်း၏နှုတ်ခမ်းအစပ်နားသို့ပင် ရောက်ရှိလာကြတော့၏။

ကျွန်ုပ်တို့မှာ ရုက္ခဗေဒပညာရှင်များဖြစ်ကြသဖြင့် သစ်ပင်တို့၏ ရှင်သန်ခြင်းသဘော အသက်ရှိခြင်းသဘောကို လက်ခံပြီးဖြစ်၏။

သက်ရှိတို့၏သဘာဝအတိုင်း သူတို့သည် ရှင်သန်ကြီးထွားခွင့်ရှိသည်သာဖြစ်၏။

သို့သော် ယခုကဲ့သို့ တမဟုတ်ခြင်း လျင်မြန်စွာ လှုပ်ရှားကြီးထွားလာပုံမှာမူ မယုံနိုင်စရာပင် ဖြစ်ပါ၏။

ယင်းမယုံနိုင်ဖွယ် သစ်ပင်တို့သည်ကား ပိုမိုကြီးထွားသည်ထက် ကြီးထွားလာရာ ချောက်တွင်းကြီး၏ နှုတ်ခမ်းဝကိုပင် ကျော်လာခဲ့ကြချေပြီ။





ထိုသို့ သစ်ပင်တို့ ကြီးထွားမြင့်မားလာသည်နှင့်အမျှ ယင်းတို့၏ပင်စည်မှ ထွက်ကျလျက်ရှိသော နွယ်တို့သည်လည်း မြွေတို့နှယ် တလွန့်လွန့် လူးလွန့်လှုပ်ရှားရင်း ရှည်လျားသည်ထက် ရှည်လျားလာကြတော့၏။

နွယ်တံတို့သည်ကား သွေးဆာလျက်ရှိသည့် မြွေငန်းကြီးများသဖွယ် ကျွန်ုပ်တို့ရှိရာဆီသို့ တလွန့်လွန့်ဖြင့် ဆန့်တန်းလာရောက်လျက်ရှိရာ ကျွန်ုပ်တို့လည်း လွန်စွာ ထိတ်လန့်လျက် နောက်သို့ ခြေလှမ်းလှမ်းကာ ဆုတ်လာရတော့သည်။

"ဟာ နွယ် နွယ်ရှင်တွေပဲဗျ . . . အစ်ကိုစိုး"

"အေး . . . အဲဒီကောင်တွေဟာ ငါတို့ကို ညှစ်သတ်ကြတော့မယ် ဆာဝါ"

"ဘယ် ဘယ်လိုလုပ်ကြမလဲဟင် အစ်ကိုစိုး"

ကျွန်ုပ်လည်း ဘာလုပ်ရမှန်းမသိတော့ချေ။

ယခုဆိုလျှင် သစ်ပင်တို့သည် တွင်းချောက်ကြီးကိုပင် မိုးလျက်ရှိပြီး သူတို့ဆီမှ နွယ်တို့သည် ကျွန်ုပ်တို့နှစ်ယောက်အား ဖမ်းဆီးနိုင်ရန် အာသာငမ်းငမ်းဖြင့် ရှေ့သို့ သူ့ထက်ငါ လုယက်တိုးဝှေ့လာလျက်ရှိကြချေပြီတည်း။

ကျွန်ုပ်တို့သည်လည်း နောက်သို့ ဆုတ်ပြောင်ရင်း ဂူနံရံ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျော ကပ်လုနီးလာကြတော့၏။

"အစ်ကိုစိုးရေ ... ကျွန်တော်တို့ သစ်ပင်သမားတွေတော့ သစ်ပင်ကြောင့် သေရတော့မယ် ထင်ပါရဲ့ဗျာ"

ဆာဝါသည် အသံတုန်တုန်ယင်ယင်ဖြင့် လှမ်းပြောရှာလေ၏။

ထိုစဉ် လရောင်ထိုးဖောက်ကျရောက်လျက်ရှိရာ ဂူအမိုးရှိ အပေါက်ငယ်မှနေ၍ တစ်စုံတစ်ရာသည် မြွေတစ်ကောင်နှယ် တလူးလူး တလွန့်လွန့်ဖြင့် ကျရောက်လာတော့၏။

ယင်းအရာသည်ကား ကြိုးဖြူဖြူတစ်ချောင်းပင် ဖြစ်ပါ၏။

"ဟော ... ဟို ဟိုမှာ ကြိုးတစ်ချောင်းပါလား၊ ကျွန်တော်တို့ကို တစ်ယောက်ယောက်က ကြိုးချပေးနေတာပဲဖြစ်မယ် အစ်ကိုစိုး"

ကျွန်ုပ်သည်လည်း ထိုကြိုးကို မျှော်လင့်ချက်မဲ့စွာ ငေးကြည့်နေမိတော့၏။

ယင်းကြိုးမှာ ချောက်တွင်းကြီးပေါ်ကျရောက်လာခြင်းဖြစ်ရာ ကျွန်ုပ်တို့ရှိနေရာနှင့် အတော်အလှမ်းကွာလျက်ရှိသဖြင့် ကျွန်ုပ်တို့ လက်လှမ်းမီရန် မဖြစ်နိုင်ချေ။





သို့သော် ... ယင်းကြိုး၏ထိပ်ဖျားတွင် ခဲကြီးတစ်လုံးချည်ထားပြီး ထိုခဲကြီး၏အလေးချိန်ကို အားပြုလျက် ကြိုးကိုလွှဲတော့ရာ ကြိုး၏အဖျားပိုင်းမှာ ကျွန်ုပ်တို့၏ခေါင်းပေါ် နားသို့ ပုခက်လွှဲသကဲ့သို့ လွှဲကာရောက်ရောက်လာတော့သည်။

ဤသည်ကား ကျွန်ုပ်တို့အတွက် တစ်ခုတည်းသော အသက်ရှင်သန်ခွင့်ရနိုင်မည့် အခွင့်အရေးပင်ဖြစ်ပါ၏။

မည်သူကများ ယင်းအခွင့်အရေးကို ဖန်တီးပေးပါလိမ့်။

သို့သော် နွယ်ရှင်တို့၏ ဖမ်းဆီးခြင်းခံရဖို့ လက်မတင်လေးသာ လိုတော့သည့် ယခုလိုအချိန်မျိုးတွင် ကျွန်ုပ်တို့မှာ တောင်တောင်အီအီ စဉ်းစားရန် အချိန်မရဘဲ မိမိ၏ဦးခေါင်းနားသို့ လွှဲရမ်းရောက်ရှိလာချိန်မှာပင် ကျွန်ုပ်သည် ခဲလုံးကြီးချည်ထားသည့် ကြိုး၏အစပိုင်းကို လှမ်းခုန်ဆွဲလိုက်တော့၏။

ကျွန်ုပ်သည် ကြိုး၏အဖျားပိုင်းကို ဆုပ်ကိုင်မိပြီး ကြိုးလွှဲရာသို့ပါသွားချိန်မှာပင် ကွန်ဖူးပညာရှင်တစ်ဦးဖြစ်သည့် ဆာဝါသည်လည်း ကျွန်ုပ်၏ခြေကျင်းဝတ်တို့ကို ဖမ်းဆွဲခိုလျက် လိုက်ပါလာတော့သည်။

ယင်းအခိုက် နွယ်ရှင်တို့ကလည်း ကျွန်ုပ်တို့အား ရစ်ပတ်ဖမ်းဆီးနိုင်ရန် ပြေးဝင်လာကြရာ ကျွန်ုပ်က ဘာမျှမလုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဆာဝါက ခြေထောက်တို့မြှောက်လျက် နွယ်တို့၏ အဖျားပိုင်းတို့ကို ကန်ထုတ်နေတော့၏။

တကယ်တော့ ကျွန်ုပ်တို့သည် ကယ်တင်ရှင်ကြိုးကို ဆွဲခိုလိုက်နိုင်သည့်တိုင် သစ်ပင်သစ်ကိုင်းတို့နှင့် မလွတ်သဖြင့် ရိုက်ခတ်မိပြီး ပြုတ်ကျသေရန်သာရှိပါတော့သည်။

သို့သော် ထိုစဉ်မှာပင် ကျွန်ုပ်တို့ ခိုတွယ်ထားသည့်ကြိုးမှာ တင်းခနဲဖြစ်သွားပြီး အပေါ်သို့ လျင်မြန်စွာ တက်သွားရာ ကျွန်ုပ်တို့မှာ နွယ်ရှင်တို့၏ရစ်ပတ်ခံရမှုဘေးမှရော သစ်ပင် သစ်ကိုင်းတို့နှင့် ရိုက်ခတ်ခံရမည့်ဘေးမှပါ သီသီလေးလွတ်သွားကာ ဂူလိုဏ်ကြီး၏အမိုးမျက်နှာကြက်ဆီ တွဲလောင်းခိုလျက်သား ပါသွားတော့သည်။

မကြာမီမှာပင် ကျွန်ုပ်တို့သည် ကျောက်စက်ပန်းဆွဲတို့ကြားမှနေ၍ လရောင်ထိုးလျက်ရှိသော အပေါက်ဝအနီး ရောက်ရှိသွားကာ ကျွန်ုပ်လည်း ယင်းအပေါက်ဝမှ ကျောက်အမိုးစွန်းကို လက်တစ်ဖက်ဖြင့် ဖမ်းကိုင်လိုက်တော့၏။

ထိုအခါ သန်မာလှသော လက်တစ်ဖက်က ကျွန်ုပ်၏ လက်ကို ဖမ်းဆုပ်လိုက်ပြီး အပေါ်သို့ အားဖြင့်ဆွဲတင်တော့ရာ ကျွန်ုပ်တို့နှစ်ယောက်မှာ မယုံနိုင်ဖွယ်ကောင်းအောင်ပင် သေမင်း





ခံတွင်းဝမှ လက်မတင်ကလေး လွတ်မြောက်ခဲ့ကြပြီး ဂူခေါင်မိုးပေါ်ဝယ် ပိုးလိုးပက်လက်ဖြစ်သွားကြရတော့၏။

ထိုအခါမှ ဖွေးထင်းသောလရောင်ဖြင့် ကျွန်ုပ်တို့၏ အသက်သခင် ကယ်တင်ရှင်ကို မော့ကြည့်လိုက်ရာ အသားမည်းနက်ကာ ထွားကျိုင်းလှသော ကြေးစလွယ်သိုင်းထားသည့် စစ်သည်ကြီးက ဂူပေါက်ဝနားတွင် မားမားကြီးရပ်လျက် ကျွန်ုပ်တို့ကို တွေတွေကြီးကြည့်နေသည်ကို တွေ့ရလေ၏။

သူ၏နောက်နားတွင်မူ ဇာပဝါဖြူဖြူကို ရစ်ပတ်ခြုံလွှားထားသည့် ဘုရင်ကြီး ဂူလစ်ခမ်၏သမီးတော် ရေဘက္ကာသည် မတ်မတ်ရပ်လျက် လက်ပိုက်ကာ ကျွန်ုပ်တို့ကို ငြိမ်သက်စွာ ကြည့်ရှုနေလေသည်။

''မင်း ... မင်း သမီးလေးပါလား၊ ကျုပ် ကျုပ်တို့ကို မင်းသမီးလေးတို့က လာကယ်တာပေါ့ ဟုတ်လား၊ ကျေးဇူးတင်ပါတယ်ဗျာ၊ သိပ်ကိုကျေးဇူးတင်ပါတယ်''

''ရပါတယ် ... ရေဘက္ကာဖမ်းမိခဲ့တဲ့သူတွေကို ရေဘက္ကာကပဲ အချိန်မီ ပြန်လာကယ်ရတာပါရှင်''

''သူကတော့ ရေဘက္ကာရဲ့သစ္စာရှိလူယုံတော်ကြီး ပိုလေးပါ။ ရှင်တို့ကို ကယ်တင်ဖို့ သူ့ရဲ့အကူအညီကို ရယူရမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လာ လာ၊ ဒီမရဏကျောက်တောင်ပေါ်က ပြန်ဆင်းကြစို့"

ကျွန်ုပ်တို့လည်း မတ်တတ်ရပ်လိုက်ကြရပြီး မင်းသမီးလေး ရောဘက္ကာခေါ်ဆောင်ရာနောက်သို့ လိုက်ကြရတော့၏။

ကျွန်ုပ်တို့ရောက်ရှိနေရာ ကျောက်တောင်ကြီးမှာ မတ်စောက်သော်လည်း ကျောက်စွန်းကျောက်ခက်များကို ဖေးကိုင်လျက် သတိထားဆင်းသက်နိုင်သဖြင့် လမ်းကြောင်းသိသော မင်းသမီးလေးရောဘက္ကာ၏ ကျေးဇူးကြောင့် အန္တရာယ်ကင်းစွာဖြင့် ကျောက်တောင်ကြီး၏အောက်ခြေသို့ ဆင်းသက်နိုင်ခဲ့ကြပါ၏။

ကျောက်တောင်ကြီး၏ဝန်းကျင်တွင် လရောင်သည် ဖွေးထင်းစွာ ကျရောက်လျက်ရှိပြီး အဝေးတစ်နေရာမှ ရေခဲတောင်မြေခွေးတို့၏ အူသံကို ခပ်သဲ့သဲ့ကြားရလေသည်။

ရေခဲတောင်တန်းတို့ဘက်မှ တိုက်ခတ်လာသော လေအအေးဓာတ်က ကြီးစိုးလျက်ရှိ၏။ ဤနေရာသည်ကား မြို့၏အစွန်အဖျားအကျဆုံး ဆင်ခြေဖုံးနေရာ ဖြစ်သဖြင့် မြို့ကလေးဆီမှ မြေငွေ့တို့၏ အနွေးဓာတ်က ပါးလျားလျက် နှင်းတောင်တို့ဘက်ဆီမှ အအေးဓာတ်က ပိုမိုကြီးစိုးလျက်ရှိပုံ ရလေသည်။





ခပ်လှမ်းလှမ်းရှိ ဆီးနှင်းတောင်တန်းများပေါ်သို့ လရောင် ကျရောက်လျက်ရှိရာ ရေခဲထီးဆောင်းထားသည့် ထိုတောင်တန်းတို့၏ ဘော်ငွေရောင်တောက်လက်နေသောအလှမှာ ညလရောင်အောက်ဝယ် ရှုမငြီးဖွယ်ပင်။

မင်းသမီးလေး ရောဘက္ကာက ကျောက်တုံးများ၊ ဆူးချုံများနှင့်ဝေးရာ ချောက်ကမ်းပါးတစ်ခုအနီးရှိ မြေကွက်လပ်ဆီ ကျွန်ုပ်တို့ကို ခေါ်သွားပြီး နောက်လက်လေးပိုက်ရပ်လျက် ကျွန်ုပ်တို့ဘက် လှည့်ကြည့်ကာ မေးခွန်း စတင်ထုတ်တော့၏။

"ဒီမှာ ရှင့်နာမည် ဘယ်သူလဲ"

"ရန်နိုင်စိုး၊ ဒေါက်တာရန်နိုင်စိုးပါ"

"သူကရော"

"သူလည်း ဒေါက်တာတစ်ယောက်ပါပဲ၊ ဒေါက်တာဆာဝါပါ"

"ဒေါက်တာဆိုတာ ဘာလဲ"

"ဘွဲ့ထူး၊ ဂုဏ်ထူးတစ်ခုပါ၊ ကျုပ်တို့ဟာ ရူပဗေဒဘာသာရပ်မှာ အထူးကျွမ်းကျင်တဲ့ပညာရှင်များဖြစ်တဲ့အတွက် တက္ကသိုလ်ကနေ အဲဒီဘွဲ့တွေ ပေးအပ်ထားတာပါ"

"ဩော် ... ရှင်တို့က ဝိဇ္ဇာတွေပေါ့၊ ရူပဗေဒဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာတွေပေါ့''

''အဲဒီလို ပြောလို့လည်း ရပါတယ်''

''ဟုတ်ပြီလေ ထားပါတော့၊ ဒါပေမဲ့ ရေဘက္ကာအနေနဲ့ ခေါ်ရလွယ်အောင် ရှင့်ကို စိုးလို့ခေါ်မယ်၊ သူ့ကို ဝါလို့ခေါ်မယ်၊ ဟုတ်ပြီလား''

''ရပါတယ် . . . ခေါ်ပါ မင်းသမီးလေး''

''အို အို . . . ရေဘက္ကာလို့ပဲ ခေါ်ပါ''

''ဒီမှာစိုး . . . ရှင့်ကိုမေးစရာရှိလို့၊ ဒီည မဖြစ်ဖြစ်တဲ့နည်းနဲ့ နန်းတော်ထဲက ခိုးထွက်ပြီး လာကယ်ရတာပဲ၊ ရှင် ဖခမည်းတော်ရဲ့ရှေ့မှာ ညည်းညူသံကြားလိုက်ရကတည်းက ရှင့်ကို ရေဘက္ကာ စိတ်ဝင်စားသွားပြီး မေးစရာရှိလာခဲ့တယ်''

''ဟုတ်ကဲ့ မေးပါ''

''ဒီမှာ ဖခမည်းတော်ရဲ့ရှေ့မှာ ရှင်ညည်းလိုက်တာ ဘာဘာသာစကားနဲ့ ညည်းလိုက်တာလဲ''

''ဩော် . . . ကျုပ် ဘယ်လိုပဲရှင်းပြ ရှင်းပြ၊ မင်းသမီးလေး အဲလေ . . . ရေဘက္ကာကရော မှူးမတ်တွေကပါ လက်မခံလို့ ခက်ပါလား၊ ပေါ့စေလိုလို့ ကြောင်ဆေးထိုး ဆေးအတွက်လေးဆိုသလို ဖြစ်ရပြီလို့ ညည်းညူမိတာကိုပြောတာလား''





''ဟုတ်တယ် . . . ဟုတ်တယ်၊ အဲဒါ ဘာ ဘာသာစကားလဲ''

''အဲဒါ မြန်မာစကားပါ''

''မြန်မာစကား ဟုတ်ပြီ၊ အဲဒီစကားကို ရှင် ဘာကြောင့်တတ်တာလဲ''

''ဟ . . . ကျုပ်က မြန်မာလူမျိုးပဲ၊ မြန်မာစကားတတ်တာပေါ့''

''ရှင်က ရာမရဲ့မျိုးနွယ်ဝင် အာရိယန်မဟုတ်ဘူးလား''

''မဟုတ်ရပါဘူးဗျာ . . . ဘယ်ကအာရိယန်ဖြစ်ရမှာလဲ''

''ဒီမှာ ဒီလျှို့ဝှက်မြို့တော်လေးက လူတွေအားလုံးဟာ ဒသဂီရိလို့ လူတွေသိထားကြတဲ့ ဒြာဝိဒီယန်ဘုရင် ရာဝဏရဲ့ နောက်ဆုံးကျန်ရစ်ခဲ့တဲ့ မျိုးဆက်တွေပဲရှင့်''

''ဩော် . . . ဒီလိုလား''

''ဟုတ်တယ် . . . မဇ္ဈိမဒေသ ဂင်္ဂါ–ဗြဟ္မပုတ္တရမြစ်ဝှမ်းဒေသတွေမှာ ရှေးအတိအတေတုန်းက ဒေသခံ ဒြာဝိဒီယန်မျိုးနွယ်စုကြီးနဲ့ ကျူးကျော်သူ အသားဝါအာရိယန်မျိုးနွယ်စုကြီးတို့ရဲ့ ရန်ပွဲတွေ၊ စစ်ပွဲတွေအကြောင်း စိုးသိတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''သိပါတယ် ရောဘက္ကာ၊ အဲဒီလိုမျိုးနွယ်စုကြီးနှစ်စုရဲ့ ပဋိပက္ခတွေ၊ တိုက်ပွဲတွေ၊ ရန်ငြိုးဖွဲ့မှုတွေကို အခြေခံပြီး အိန္ဒိယ စာဆိုကြီး ဝါလမိကိက ရာမရဏဆိုတဲ့ ကဗျာရှည်ကြီး ရေးခဲ့တာပဲ၊ အဲဒီကဗျာရှည်ကြီးထဲမှာ ဒေသခံအသားညို ဒြာဝိဒိယန်တွေဟာ ကျူးကျော်ဝင်ရောက်လာသူ အသားဝါအာရိယန်တွေကို တွန်းလှန်တိုက်ပွဲဝင်တဲ့အကြောင်း ရေးဖွဲ့ခဲ့တယ်၊ ရောဘက္ကာရဲ့ ဒေသခံ ဒြာဝိဒိယန်တို့ဘက်က ရာဝဏဆိုတဲ့ ဒဿဂီရိဘုရင်က ဦးဆောင်ပြီး အသားဝါ အာရိယန်တွေဘက်က ရာမဆိုတဲ့ မင်းသားကဦးဆောင်ခဲ့တဲ့အကြောင်း ရေးဖွဲ့ခဲ့တယ်လေ၊ တကယ်တော့ ရာဝဏနဲ့ရာမတို့နှစ်ယောက်ကြားမှာ ဗျာများရတဲ့ သီတာဒေဝီဆိုတာ စာဆိုတော်ကြီး ဝါလမိကိရဲ့စိတ်ကူးယဉ် ဇာတ်ကောင်တွေပါ ရောဘက္ကာ၊ သမိုင်းရာဇဝင်မှာ သူတို့ တကယ်မရှိခဲ့ကြပါဘူး''

''အို . . . ရှင်မှားနေပြီ စိုး၊ သူတို့ဟာ တကယ်ရှိခဲ့တာပါ''

''တကယ်မရှိခဲ့ပါဘူး ရောဘက္ကာ၊ အိန္ဒိယစာဆိုကြီး ဝါလာမိကိဟာ သူ့ရဲ့ ရာမရဏကဗျာရှည်ကြီး အသက်ဝင်စေဖို့ ဒဿဂီရိလို့ခေါ်တဲ့ ရာဝဏနဲ့ ရာမ, လက္ခဏ, သီတာဒေဝီတို့ကို





စိတ်ကူးယဉ်ဇာတ်ကောင်တွေအဖြစ် ဖန်တီးခဲ့တာပါ''

ကျွန်ုပ်၏စကားအဆုံးတွင် ရောဘက္ကာ၏လူယုံတော်ကြီး မိုးလေးက ခါးတွင်ချိတ်ထားသော ဓားကောက်ကြီးကို ဓားအိမ်ထဲမှနေ၍ ရွှမ်းခနဲ ဆွဲထုတ်လိုက်တော့၏။

''မိုးလေး . . . အသာနေစမ်း၊ ကမ်းပါးစပ်နားမှာ သွားနေ၊ ငါ့ရဲ့အမိန့်မရဘဲ ဘာမှမလုပ်နဲ့၊ ငါ သူတို့ကို သေချာရှင်းပြမယ်''

''ကောင်းပါပြီ ထိပ်ထားလေး''

လူယုံတော်ကြီးမိုးလေးက ကျွန်ုပ်ကို အတော်မကျေနပ်ဟန်ဖြင့် အံကြိတ်ကာ မျက်စောင်းထိုးကြည့်ပြီးနောက် ချောက်ကမ်းပါးစပ်နားသို့ လှမ်းသွားကာ ကျောက်တုံးတစ်တုံးပေါ် ထိုင်လိုက်တော့၏။

သူ့လက်ထဲမှဓားကိုမူ တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲဖြစ်သည်။

''သူ ဘာဖြစ်သွားတာလဲ၊ သူ ကျုပ်ကို ဘာဖြစ်လို့ စိတ်ဆိုးသွားတာလဲ''

''ဒီ ဒြာဝိဒိယန် တစ်မြို့လုံးက မြို့သူမြို့သားတွေဟာ ဒဿဂီရိဆိုတဲ့ ရာဝဏရဲ့မျိုးဆက်တွေလို့ အရိုးထိစွဲအောင်



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားကြတာရှင့်၊ ဒါကို ရှင်က ရာဝဏဟာ ရာဇဝင် သမိုင်းမှာ တကယ်မရှိခဲ့ဘူးလို့ပြောတော့ ဒြာဝိဒိယန်မြို့သားဖြစ်တဲ့ မိုးလေးက ရှင့်ကို စိတ်ဆိုးသွားတာပေါ့၊ ပြီးတော့ သူတို့က ရှင်တို့ကို သူတို့မျိုးနွယ်ရဲ့ မဟာရန်သူ ရာမရဲ့အဆက်အနွယ် အာရိယန်တွေလို့ ယူဆထားကြတယ်လေ''

''ကျုပ်က ဘယ်အာရိယန်မှ မဟုတ်ပါဘူးဗျာ၊ မြန်မာလူမျိုးတစ်ယောက်ပါ''

ဤတွင် မင်းသမီးလေး ရေဘက္ကာက ခပ်လှမ်းလှမ်းတွင် ကျွန်ုပ်တို့အား ကျောခိုင်းထိုင်နေသည့် မိုးလေးကို တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် ခပ်တိုးတိုးပြောလိုက်တော့၏။

''ကျွန်မလည်း မြန်မာလူမျိုးတစ်ယောက်ပဲရှင့်''

ထိုစကားကို သူမက မြန်မာလိုပြောလိုက်ခြင်းဖြစ်သဖြင့် ကျွန်ုပ်မှာ လွန်စွာမင်သက်မိသွားပြီး သူမကို မယုံနိုင်စွာ မျက်လုံးပြူးကြည့်လိုက်မိတော့သည်။

''ဟင် ... ရေ ရေဘက္ကာက မြန်မာမလေးလား''

''ဟုတ်တယ်၊ အဖေမြန်မာ အမေမြန်မာက မွေးတဲ့ မြန်မာမလေးပဲရှင့်''

''နေပါဦး ... ရေဘက္ကာဟာ ဘုရင်ကြီးဂူလစ်ခမ်ရဲ့





သမီးတော် မဟုတ်ဘူးလား''

''အင်း ... ဖြစ်ရပုံက ဒီလိုရှင့်၊ ရေဘက္ကာရဲ့အဖေဟာ အိန္ဒိယက အင်္ဂလိပ်ယန္တရားတပ်မှာ အင်ဂျင်နီယာ လက်ဖနင်တင်ဗိုလ်အဖြစ် အမှုထမ်းနေရာက မေမေ့မှာ ကိုယ်ဝန်ရှိလာတော့ သူ့ရဲ့တပ်ရှိရာ ကက်ရှမီးယား (Kashimir) ကနေ မြန်မာပြည်မှာ ကျန်ရစ်တဲ့ မေမေရဲ့မိဘတွေဆီ ပြန်ပို့ပေးဖို့ စစ်လေယာဉ်ကြီးနဲ့ လိုက်ခဲ့ကြတယ်ရှင့်၊ ဖေဖေနဲ့မေမေ လိုက်ပါလာတဲ့လေယာဉ်ဟာ ဟိမဝန္တာတောင်တန်းကိုဖြတ်ပြီး ပျံသန်းတုန်း နှင်းမုန်တိုင်း ရိုက်ခတ်တာခံလိုက်ရတယ် ...၊

အဲဒီမှာတင် လေယာဉ်ရဲ့တောင်ပံတစ်ခု ကျိုးသွားပြီး လေယာဉ်ဟာ ရေခဲတောင်တွေရဲ့အကြား ပျက်ကျခဲ့တယ် စိုးရဲ့ ...၊

အဲဒီအခါ ဖေဖေနဲ့မေမေဟာ လေထီးကိုယ်စီနဲ့ လေယာဉ်ထဲက ခုန်ထွက်နိုင်ခဲ့ကြပြီး ဆီးနှင်းလွင်ပြင်ပေါ်အကျ ဒြာဝိဒိယန်တွေရဲ့ ဖမ်းဆီးတာခံခဲ့ရတယ်လေ၊ အဲဒီအချိန်တုန်းက ဘုရင်ဂူလစ်ခမ်ရဲ့ မိဖုရားဟာလည်း မီးယပ်ရောဂါနဲ့ ကွယ်လွန်ခဲ့စအခါမို့ ဇနီးမယားအတွက် ပူဆွေးသောကပြင်းပြနေတဲ့ ဘုရင်ဂူလစ်ခမ်ဟာ မေမေ့ကိုလည်း တွေ့သွားရော အလှအပကို စွဲမက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ်တဲ့လေ ...။

အဲဒီမှာတင် ဖေဖေ့ကို ဥပါယ်တံမျဉ်နဲ့ သေအောင် ရေခဲတုံးတားဟောင်းကို ပြုပြင်ခိုင်းခဲ့တယ်၊ ဒီမှာတင် ဖေဖေဟာ ရေခဲတုံးတားကျိုးပြီး ရေခဲချောက်ထဲ ပြုတ်ကျရာက ဖွတ်နဂါးကြီးတွေရဲ့ အစားခံခဲ့ရတယ် ...။

အဲဒီနောက် ... ဘုရင်ဂူလစ်ခမ်ဟာ မေမေ့ကို သိမ်းပိုက်ပြီး မိဖုရားအရာမြှောက်ခဲ့တယ် ...။

ဒြာဝိဒိယန်တွေဟာ မေမေရဲ့ဝါဝင်းတဲ့အသားအရေကို ကြည့်ပြီး အာရိယန်လို့ ထင်ခဲ့ကြတယ်၊ ဒါကြောင့် သူတို့ဘုရင်က မိဖုရားမြှောက်တာကို သဘောမတူချင်ကြဘူး ...။

ဒါပေမဲ့ ... ဘုရင်ဂူလစ်ခမ်က မေမေဟာ အာရိယန် မဟုတ်ဘူး၊ အရှေ့ဖျားနိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာဆိုတဲ့နိုင်ငံက မြန်မာလူမျိုးတစ်ဦးပဲဖြစ်တယ်လို့ အခိုင်အမာ ပြောခဲ့တယ်တဲ့ ...။

ဒြာဝိဒိယန်တွေဟာ ဒသဂီရိ ရာဝဏရဲ့ရာဇသွေး ပါသူလို့ သူတို့ယုံကြည်ယူဆထားကြတဲ့ ဘုရင်ဂူလစ်ခမ်ရဲ့အမိန့်ကို မလွန်ဆန်လိုတာကတစ်ကြောင်း၊ သူတို့ရဲ့ဘုရင် မယားတရှူးလို ဖြစ်နေရာက အချစ်အသစ်ကိုတွေ့ပြီး ပျော်ရွှင်နေတာကို မဖျက်ဆီးလိုတာကတစ်ကြောင်းတို့ကြောင့် မေမေ့ကို သူတို့ရဲ့မိဖုရား





အဖြစ် လက်ခံလိုက်ကြတော့တယ် စိုးရဲ့ ...။

ဖခမည်းတော်ဘုရင် ဂူလစ်ခမ်ဟာ သားသမီးလည်း တအားလိုချင်နေသူဖြစ်တော့ မေမေ့မှာ ကိုယ်ဝန်ပါလာတာကို သဘောကျပြီး အဲဒီကိုယ်ဝန်ဟာ သူနဲ့ရတဲ့ကိုယ်ဝန်လို့ သူ့ရဲ့ မြို့သူမြို့သားတွေကို သိစေခဲ့တယ် ...။

အဲဒီလိုနဲ့ ရောဘက္ကာကို မွေးဖွားလာတော့ ဒီကလူ အားလုံးဟာ သူတို့ဘုရင်ရဲ့သမီးတော်လေးလို့ ယုံကြည်လက်ခံခဲ့ကြတယ် ...။

ဖခမည်းတော် ဘုရင်ဂူလစ်ခမ်ကလည်း ရောဘက္ကာကို သမီးတော်အရင်းလို သဘောထားပြီး အင်မတန်ချစ်ခဲ့တယ် စိုးရဲ့ ...။

ဒါပေမဲ့ ... မေမေဟာ ချစ်ရတဲ့လင်သားကို သေတွင်းထဲ ပို့ခဲ့တဲ့ ဒြာဝိဒိယန်ဘုရင်အပေါ် အငြိုးမပြေခဲ့ဘူး၊ အသတ်ခံရမှာ ကြောက်လို့ ရေလိုက်ငါးလိုက် နေခဲ့ပေမယ့် ဒီကနေ ထွက်ပြေးဖို့ အမျိုးမျိုးကြံစည်ခဲ့တယ် ...။

ရောဘက္ကာကိုလည်း ငယ်ငယ်ကတည်းက အဖြစ်မှန်တွေ သိစေခဲ့ပြီး မြန်မာစာနဲ့မြန်မာစကား လျှို့ဝှက်ပြီး သင်ကြားပေးခဲ့တယ်၊ ရောဘက္ကာ ခုနစ်နှစ်အရွယ်လောက်ကတည်းက မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



သားအမိ အမိမြန်မာပြည်ကြီးဆီ တစ်နေ့ပြန်ကြမယ်လို့ တဖွဖွ ပြောခဲ့တယ် . . .၊

ဒါပေမဲ့ . . . မေမေဟာ ဆုတောင်းမပြည့်ရှာပါဘူး။ ပြီးခဲ့တဲ့နှစ်တုန်းက မေမေ ဆုံးပါးသွားခဲ့ရတယ်၊ မေမေဟာ မဆုံးပါးခင်မှာ ရေဘက္ကာကို တိုးတိုးလေးမှာခဲ့တယ်၊ သမီး မြန်မာပြည်ကို ရောက်အောင်ပြန်ပါ၊ မြန်မာလူမျိုးတွေ ကိုးကွယ်တဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်အောင် ကြံဆောင်ပါ၊ မေမေရဲ့အရိုးပြာကို ရအောင်ယူပြီး မြန်မာ့မြေပေါ်မှာ မြှုပ်နှံပေးပါ၊ အသက်ရှင်လျက်နဲ့ အမိမြန်မာပြည်ဆီ ပြန်ရောက်ခွင့်မကြုံရင်တောင် အရိုးပြာဘဝနဲ့ ရောက်ပါရစေလို့ အထပ်ထပ်မှာခဲ့တယ် စိုးရယ် . . .၊

ဒါကြောင့် ရေဘက္ကာဟာ မေမေ့ရဲ့ဆန္ဒအတိုင်း မြန်မာပြည်ဆီ အင်မတန်သွားချင်ပေမယ့် ဒီကနေ ရုန်းထွက်ဖို့မလွယ်သလို မြန်မာပြည်ဆီ ဘယ်လိုသွားရမှန်းလည်းမသိ ဖြစ်နေလို့ ဝမ်းနည်းပက်လက်ဖြစ်နေခဲ့ရတယ်လေ . . .၊

မနက်ကတော့ စိုးဆီက မြန်မာစကားသံကြားရတော့ မယုံနိုင်အောင်ဖြစ်ခဲ့ရတယ်၊ မြန်မာတစ်ဦးဖြစ်ပုံရတဲ့ စိုးနဲ့ ဆက်နွယ်ပြီး မြန်မာပြည်ဆီ သွားလို့ရနိုင်တယ်လို့ မျှော်လင့်ခဲ့မိတယ်၊ ဒါကြောင့် စိုးတို့ကို အရဲစွန့်ပြီးလာကယ်ရတာပါပဲ၊ ဗြာဝိဒိယန်တွေ





သာ သိသွားရင် . . . ဒါဟာ ကြီးမားတဲ့ ရာဇဝတ်မှုပဲ စိုး၊ ရေဘက္ကာကို မြန်မာပြည်ဆီ ခေါ်သွားနိုင်မလားဟင်"

"ဒီကနေ လွတ်အောင်သာ ကြံပါ ရေဘက္ကာ၊ ကျန်တာ ကျုပ်ရဲ့တာဝန်ထားပါ"

ကျွန်ုပ်၏စကားကြောင့် မင်းသမီးလေးရေဘက္ကာ၏ မျက်နှာလှလှလေးမှာ လရောင်အောက်တွင် ဝင်းလက်သွားတော့၏။

"ဝမ်းသာလိုက်တာရှင်၊ မြန်မာပြည်ပြန်ရောက်ရင် မေမေ ဖေဖေတို့ရဲ့ အမျိုးတွေကို ရှာရမယ်၊ မေမေမဆုံးခင်က သေသေချာချာပြောသွားခဲ့လို့ အမျိုးတွေ ဘယ်မှာရှိတယ်ဆိုတာ ရေဘက္ကာသိတယ်"

"စိတ်ချပါ . . . မြန်မာပြည်ရောက်ရင် ရေဘက္ကာဖြစ်ချင်တာအားလုံး ဖြစ်စေရမယ်၊ အစစအရာရာမှာ ကျုပ်ကူညီမယ်"

"ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာရှင်"

ဤတွင် ကျွန်ုပ်က နန်းဆန်ဆန်လှပနေသည့် သူမ၏ မျက်နှာလေးကို ငေးကြည့်ရင်း စနောက်ကြည်စယ်လိုစိတ်ဖြင့် ပြုံးလျက် ပြောလိုက်မိ၏။

"တစ်ခုတော့ရှိတယ် ရေဘက္ကာ . . . မြန်မာပြည်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဘုရင့်သမီးတော်ထိပ်ထားလေးအဖြစ် ဆင်စွယ်နန်းမှာ အချီတော် အချတော် ရံရွေတော်တွေနဲ့ စံမြန်းရမှာ''

''အို . . . တော်ပါရှင်၊ အဲဒီရာထူးစည်းစိမ်တွေကို ရေဘက္ကာ မမက်မောပါဘူး၊ ပြီးတော့ ဒီမှာဆက်နေရင် ရေဘက္ကာအတွက် ငရဲကျမှာထက်ဆိုးမယ့်အဖြစ်က ရှိနေတယ်ရှင့်၊ ဒါကိုတော့ နောင်အချိန်ရမှ ရှင်းပြပါ့မယ်၊ ခုလောလောဆယ် ရှင်တို့ကို လုံခြုံစိတ်ချရတဲ့နေရာ ပို့ရမယ်၊ ပြီးရင် ရေဘက္ကာတို့ နန်းတော်ထဲကို ဘယ်သူမှမသိအောင် ပြန်ဝင်ရဦးမယ်၊ ဒီနယ်ကလွတ်မြောက်ဖို့ကိစ္စကိုတော့ နောက်နေ့တွေကျမှ ဆွေးနွေးတိုင်ပင်ကြံစည်ကြတာပေါ့ . . . ဟုတ်လား''

''သင့်တော်တယ်ထင်သလိုလုပ်ပါ ရေဘက္ကာ၊ ခုအချိန်မှာတော့ ကျုပ်တို့ရဲ့အသက်ဟာ ရေဘက္ကာရဲ့လက်ထဲမှာ ရှိပါတယ်''

''ကဲ ကဲ . . . ဒါဆို လာ၊ ရှင်တို့ ပုန်းခိုရမယ့်နေရာ လိုက်ပြမယ်၊ မကြာခင် အရုဏ်က လာတော့မှာရှင့်''

ထို့နောက် မင်းသမီးလေး ရေဘက္ကာသည် ကျွန်ုပ်တို့ကို ချောက်ကမ်းပါး၏ဝဲဘက်အစွန်သို့ ခေါ်သွားကာ ထိုနေရာမှနေ၍ ကျောက်တုံးကျောက်ခက်တို့ကို လရောင်ဖြင့် ရှောင်ရှားလျက်





အောက်ဘက်ဆီသို့ အတန်ငယ်ကွေ့ကွေ့ကောက်ကောက် ဆင်းသွားကြရတော့သည်။

ပေသုံးဆယ်ခန့်မြင့်မားသည့် ချောက်ကမ်းပါး၏ အောက်ဘက်တွင် ချောင်းတစ်ခုသည် တသွင်သွင်စီးဆင်းလျက်ရှိရာ လရောင်ကြောင့် ချောင်းရေပြင်သည် တလက်လက်ဖြစ်နေတော့၏။

ယင်းချောင်းလေး၏ ကမ်းစပ်တစ်လျှောက် မြောက်ဘက်သို့ အတန်သွားမိလျှင် အဖြူရောင်ပန်းများ ဝေဆာစွာ ပွင့်နေသည့် ရောမချုံကြီးတစ်ချုံကို တွေ့ရတော့သည်။

မင်းသမီးလေး ရေဘက္ကာ၏အမိန့်ဖြင့် မိုးလေးက ဓားကောက်ကြီးကို အသုံးပြုလျက် ချုံကြီး၏တစ်နေရာကို ရှင်းလိုက်သည်တွင် ဂူပေါက်ဝတစ်ခုကို တွေ့ရတော့၏။

ယင်းဂူသည်ကား ကျွန်ုပ်နှင့်ဆာဝါတို့ ပုန်းခိုနေထိုင်ရမည့် လျှို့ဝှက်ဂူပင် ဖြစ်ပါတော့သတည်း။

* * *

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

အချစ်ည

ထွက်ပေါက်သို့

လွတ်မြောက်ခြင်း

ရှမ္မက်ဆိုးနိဂုံး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၃)

## အချစ်ည

ကြည်လင်သောစမ်းချောင်းလေး၏နံဘေးမှ ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် တစ်ဝဂူလေးမှာ ကျွန်ုပ်နှင့်ဆာဝါတို့အတွက် သက်သောင့်သက်သာ နေထိုင်နိုင်သော ကျောက်ဂူလေးပင်ဖြစ်ပါ၏။

ဤလျှို့ဝှက်မြို့နေရာလေး၏ ထူးခြားမှုကြောင့် ရေခဲဆီးနှင်းတောင်တန်းကြီးများ ပတ်လည်ဝိုင်းနေသည့်တိုင် ကျွန်ုပ်တို့ နွေးအောင်းနေရာ ကျောက်ဂူလေးမှာ ဗြာဝိဒိယန်မြို့လေး၏ အခြားနေရာတို့ကဲ့သို့ပင် အေးစက်လွန်းခြင်းမရှိဘဲ နေသာထိုင်သာရှိလှပေ၏။

ခု နှစ် စဉ် ကြယ် တာ ရာ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒြာဝိဒိယန်မြို့လေး၏ အခြားနေရာတို့ကဲ့သို့ပင် ကောင်းကင်ဝန်းကျင်တစ်ခိုဌ် အဖြူရောင်မြူငွေ့တိမ်လွှာတို့ အုံ့ဆိုင်းလျက်ရှိရာ နေ၏အလင်းရောင် တိုက်ရိုက်ရရှိမှုနည်းပါးလှပါသည်။

ကျွန်ုပ်တို့သည်ကား ဒြာဝိဒိယန်မြို့သူမြို့သားများကဲ့သို့ပင် တိမ်လွှာဖြူဖြူတို့ကို ဖြတ်သန်းဝင်ရောက်လာသည့် နေ၏တစ်ဆင့်ခံအလင်းဖြင့်သာ တစ်နေ့တာကို ဖြတ်သန်းကြရပြီး ညဥ့်အခါဝယ် ထင်းရှူးဆီမီးဖြင့် နေထိုင်ကြရပေ၏။

မြို့လေးအပေါ် ထာဝရယှက်သန်းလွှမ်းခြုံထားသည့် မြူငွေ့တိမ်လွှာဖြူဖြူလေးများသည်ပင် ဒြာဝိဒိယန်တို့ကို ပြင်ပကမ္ဘာနှင့် ပိုင်းခြားစွာ လျှို့ဝှက်ရပ်တည်နိုင်ရန် အထောက်အကူကောင်းစွာပြုထားသည့်အရာများဖြစ်ပေသည်။

ကျွန်ုပ်နှင့် ဆာဝါတို့အတွက် စားနပ်ရိက္ခာတို့ကို နှစ်ရက်ခြားတစ်ခါဆိုသလို မိုးလေးက လျှို့ဝှက်စွာလာရောက်ပေးပို့ပြီး မင်းသမီးလေး ရောဘက္ကာကမူ လေးငါးရက်ခြားမှ တစ်ခါသာ ကျွန်ုပ်တို့ကို လာတွေ့နိုင်ပေ၏။

''ဖခမည်းတော်ကြီးနဲ့ဒြာဝိဒိယန်အားလုံးကတော့ စိုးတို့ကို မရဏနွယ်ရှင်ဂူထဲမှာ ကိစ္စချောပြီလို့ တစ်ထစ်ချယုံကြည်ထား





ကြလေရဲ့၊ အခုလို လွတ်မြောက်ခဲ့တာကိုများသိရင် မြေလှန်ရှာကြမှာရှင့်''

တစ်ညချမ်းဝယ် ရောဘက္ကာရောက်ရှိလာရာ စမ်းချောင်းလေး၏နံဘေးရှိ ကျောက်တုံးတို့ပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်ရင်း သူမနှင့် စကားအေးအေးဆေး ပြောဖြစ်ကြလေ၏။

''ရောဘက္ကာ . . . ကိုယ်တို့ ဒီမှာဘယ်လောက်ကြာကြာ ခိုအောင်းနေရဦးမှာလဲဟင်၊ လွတ်လမ်းကို ရှာမတွေ့သေးဘူးလား၊ ဒီဂူကြီးမှာနေရတာ လုံခြုံတယ်ဆိုပေမယ့် နောက်ကျောမလုံတာတော့ အမှန်ပဲ၊ ဖြစ်နိုင်ရင် ဒီကနေ အမြန်ဆုံး ဖောက်ထွက်သွားချင်ပြီ''

ကျွန်ုပ်၏ဆန္ဒကို ထုတ်ဖော်ပြောလိုက်လေလျှင် ရေဘက္ကာက သက်ပြင်းလေးချလိုက်လေသည်။

''ခုတလော အခြေအနေတွေက ရှုပ်ထွေးနေတယ် စိုး၊ ဒါကြောင့် ခဏတော့ သည်းခံပါဦး၊ မှန်တာပြောရရင် ဒီဒေသကနေ စိုးထက် ရောဘက္ကာက ပိုပြီး မြန်မြန်ထွက်ပြေးချင်သူပါ၊ ဘာဖြစ်လို့လဲဆိုတော့ ရောဘက္ကာအတွက် ငရဲကျရမယ့်အရေးက တစ်နေ့ထက်တစ်နေ့ ပိုပြီး နီးကပ်လာလို့ပါ''

တိုးလျလျပြောရင်း ညိုးငယ်သွားရှာသည့်ရောဘက္ကာ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးကို လရောင်ဖြင့် အနီးကပ်မြင်တွေ့နေရရာ ကျွန်ုပ်က နားမလည်နိုင်စွာ သူမကို ငေးကြည့်နေမိတော့သည်။

"နေပါဦး ရောဘက္ကာ ... ဟိုနေ့ကလည်း ပြောခဲ့တယ်နော်၊ ရောဘက္ကာအတွက် ငရဲကျရမယ့်အဖြစ်မျိုး ရှိတယ်လို့လေ၊ အဲဒါ ဘာကိုဆိုလိုတာလဲ ရောဘက္ကာ"

သူမက သက်ပြင်းလေးထပ်ချပြီးနောက် ခပ်ဖြည်းဖြည်း ရှင်းပြရှာ၏။

"ဒါက ဒီလိုပါစိုးရယ် ... ဖခမည်းတော်မှာ တူအရင်း မင်းသားတစ်ပါးရှိတယ်၊ ရမ်ဒီလစ်တဲ့၊ ဒြာဝိဒိယန်တို့ရဲ့ ထီးနန်းကိုဆက်ခံဖို့ရာ ဖခမည်းတော်မှာ ရောဘက္ကာအပြင် အခြား သားတော် သမီးတော်မရှိဘူးလေ၊ ဒီတော့ ဖခမည်းတော်ရဲ့ တစ်ဦးတည်းသော သမီးတော် ရောဘက္ကာအနေနဲ့ အနီးစပ်ဆုံး မင်းမျိုးမင်းနွယ်မင်းသားတစ်ပါးပါးကို လက်ဆက်ပြီး ထီးမွေ နန်းမွေ ဆက်ခံရမယ်လေ ...၊

ဒြာဝိဒိယန်တို့ရဲ့ ထုံးဓလေ့အရ မိန်းကလေးဟာ ရာဇပလ္လင်ကို စိုးပိုင်ခွင့်မရှိဘူး၊ ဒါကြောင့် ဖခမည်းတော် နတ်ရွာစံသွားရင် ဒြာဝိဒိယန်မင်းသားတွေထဲက နောင်တော်အကြီးဆုံးဖြစ်တဲ့ ရမ်ဒီလစ်ကို လက်ဆက်ရမှာဖြစ်ပြီး ရာဇပလ္လင်ကိုလည်း





ရမ်ဒီလစ်ပဲ စိုးပိုင်သွားရမှာဖြစ်တယ် ...၊

ဖခမည်းတော်အနေနဲ့လည်း ရောဘက္ကာကို ဘယ်လောက်ပဲ သမီးတော်အရင်းလို ချစ်ပေမယ့် ဒြာဝိဒိယန်သွေးပြည့်သူပီပီ ဒြာဝိဒိယန်ထီးနန်းကိုတော့ မျိုးနွယ်မတူတဲ့ ပြင်ပကမ္ဘာက ရောဘက္ကာရဲ့လက်ထဲ မအပ်ဘဲ ဒြာဝိဒိယန် သွေးရင်းသားရင်း သူ့တူရမ်ဒီလစ်ရဲ့လက်ထဲပဲ အပ်ခဲ့ချင်တဲ့ဆန္ဒ ရှိတယ်လေ ...၊

ရောဘက္ကာအနေနဲ့လည်း ရောဘက္ကာရဲ့ဖခင်အရင်းကို သေစေခဲ့တဲ့ ဖခမည်းတော်ဘုရင်ကြီးအပေါ် နာကျည်းသင့်ပေမယ့် ဖခမည်းတော်ရဲ့ ရောဘက္ကာအပေါ်ထားရှိတဲ့ မေတ္တာတရားဟာ သန့်စင်မွန်မြတ်လွန်းလို့ ပထွေးလို့မမြင်ဘဲ ဖခင်အရင်းလိုပဲ ရင်ထဲမှာသတ်မှတ်မိပြီး ဖခမည်းတော် စိတ်ဆင်းရဲမယ့်အလုပ်မျိုး မလုပ်ချင်ဘူးလေ ...၊

ဒါကြောင့် ဖခမည်းတော်ရဲ့ စီမံရာကို နာခံဖို့ ခေါင်းညိတ်ခဲ့ရတယ်၊ ခုဆို ဖခမည်းတော်ဟာ လေနာရောဂါ ပြန်ထပြီး အိပ်ရာထဲလဲနေပြီ စိုးရဲ့၊ အစားအစာမစားတာလည်း ရက်အတော်ကြာပြီဖြစ်လို့ အတော်ကြီးကို အားနည်းနေရှာတယ် ...၊

အခုလို ဖခမည်းတော် စက်ရာခန်းဆောင်ထဲ ပက်လက်ဖြစ်နေချိန်မှာ နန်းတော်ထဲ တန်ခိုးထွားနေတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ရမ်ဒီလစ်ပါပဲ၊ သူဟာ ဖခမည်းတော် တိမ်းပါးသွားရင် ထီးနန်း ဆက်ခံရမယ့် ဘုရင်လောင်းမို့ မှူးကြီးမတ်ကြီးတွေကအစ အငြို အငြင် မခံဝံ့ဘဲ သူ့ရဲ့ကျေးကျွန်တွေလုံးလုံး ဖြစ်နေကြပြီ ...၊

ဖခမည်းတော်ရဲ့ အုပ်ချုပ်ရေးအာဏာဟာလည်း သူ့ရဲ့ လက်ထဲရောက်နေရပြီ၊ ရေဘက္ကာကိုလည်း အရင်ကလို လေးစား မှု မရှိတော့ဘဲ သူ့ရဲ့မိဖုရားဖြစ်ရမယ့်သူဆိုပြီး မထေမဲ့မြင် ပိုင်စိုးပိုင်နင်း ပြောဆိုပြုမူလာတယ် ...၊

ဒီနေ့မနက်ကလည်း ရေဘက္ကာရဲ့ခွင့်ပြုချက်မရှိဘဲ ရေ ဘက္ကာရဲ့စက်ရာဆောင်ထဲ စပါးရောဖွဲရော ဝင်လာလို့ မောင်း ထုတ်လိုက်ရတယ်၊ ဒါကို သူက မကျေမနပ်ဖြစ်ပြီး သူ့ရဲ့မိဖုရား ဖြစ်မှ တွေ့မယ်လို့ ကြိမ်းသွားသေးတယ် ...၊

သူ့ကို ရေဘက္ကာ အရမ်းမုန်းတာပဲ၊ ငယ်ငယ်ကတည်း က မုန်းခဲ့တာ၊ ဘယ်သူ့အပေါ်မဆို မိုလ်ကျချင်တဲ့စိတ်ဓာတ် ငယ်ငယ်ကတည်းက သူ့မှာရှိတယ်၊ ရေဘက္ကာကိုတော့ ဘုရင့် သမီးတော်မို့ သူ မထိပါးရဲခဲ့ပေမယ့် ခုတော့ မကြာခင်မှာပဲ ရေဘက္ကာဟာ သူရဲ့လက်ခုပ်ထဲကရေ ဖြစ်ရတော့မယ် ...၊

ကိုယ်မချစ်မနှစ်သက်တဲ့ မုန်းတဲ့ လူရမ်းကားရဲ့လက် ထဲ ကျရောက်ရတာဟာ ရေဘက္ကာအတွက်တော့ ငရဲကျရောက်





ရသလို ဖြစ်မှာပဲ၊ ဒါကြောင့် ငရဲကျရမယ့်အရေး ရှိတယ်လို့ ပြောခဲ့တာပါပဲ''

ရေဘက္ကာရှင်းပြမှ ကျွန်ုပ်မှာ သူမ၏ ဘေးကျပ်နံကျပ် အဖြစ်ကို သိရသဖြင့် သူမအတွက် လွန်စွာစိတ်မကောင်းဖြစ်မိ တော့သည်။

လရောင်အောက်ဝယ် ခါတိုင်းကဲ့သို့ပင် အဖြူရောင် ဝတ်စုံလေး ဝတ်လျက် ဇာပဝါဖြူဖြူလေးကို ပခုံးထက်လွှမ်းခြုံ ထားသော ရေဘက္ကာမှာ နှင်းဆွတ်ပန်းလေးနှယ် ရွှန်းလဲ့လှပလို့ နေသည်။

သူမ၏ ချောမွတ်သန့်စင်လှသည့် အလှမျက်နှာလေးမှာ မူ နေထိပန်းနှယ် နွမ်းလျလျရှိဘိ၏။

''ခုဆို ... သူဟာ ရေဘက္ကာကို သိမ်းပိုက်ဖို့နဲ့ ဒြာဝိဒီ ယန်တစ်မြို့လုံးကို စိုးပိုင်ဖို့ စိုင်းပြင်းနေပြီ၊ တစ်နန်းတော် လုံးကလည်း သူ့ဘက်ကဖြစ်နေပြီ''

ကျွန်ုပ်သည် ရေဘက္ကာ၏ အလှမျက်နှာလေးကို ငေး ကြည့်ရင်း မြန်မာမလေးတစ်ယောက် တိုင်းတစ်ပါးမှာ ဒုက္ခ ရောက်နေသည့်နှယ် သူမ ခံစားနေရမှုအပေါ် များစွာ ကရုဏာ သက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမင်းသားဟာ တော်တော်ဆိုးသလား ရှေဘက္ကာ"

"သူဟာ အတ္တလောဘ အလွန်ကြီးတယ်၊ ဘယ်သူနဲ့မဆို ဘယ်နေရာမှာမဆို အနိုင်ယူလိုစိတ်ကြီးမားတယ်၊ သူတစ်ပါးအပေါ် ရက်စက်တတ်တယ်၊ အဆိုးဆုံးကတော့ မြာပွေတာပါပဲ၊ သက်ဦးဆံပိုင် ဘုရင်မဖြစ်သေးဘူး မင်းသားဘဝပဲရှိသေးတယ်၊ မိန်းမပျိုလေးသုံးယောက်ကို သူ ဖြားယောင်းသွေးဆောင်ပြီး ဖျက်ဆီးပြီးပြီ၊ သူ ဘုရင်ဖြစ်ရင် သူကြိုက်တဲ့အပျိုမိန်းကလေးကို သူကြိုက်သလို ခေါင်းခေါက်ယူနိုင်တယ် ...၊

ဒီ ဒြာဝိဒိယန် လှျို့ဝှက်မြို့တော်မှာ စည်းကမ်း သတ်မှတ်ချက်ရှိတယ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမ ဘယ်နှယောက်ကိုမဆို ယူခွင့်ရှိတယ် ...၊

အရွယ်ရောက်ပြီးတဲ့ မိန်းကလေးဟာလည်း လွတ်လပ်တဲ့ ယောကျ်ား, အိမ်ထောင်ရှိ မလွတ်လပ်တဲ့ယောကျ်ား, ဘယ်သူနဲ့မဆို သူသဘောတူရင် တွဲလို့ရတယ်၊ မိဘဆွေမျိုးတွေက တားပိုင်ခွင့်မရှိဘူး ...၊

ပြီးတော့ ယောကျ်ားချင်း အဆင်မပြေရင် စိန်ခေါ်ပြီး ဓားရေးယှဉ်ကြလေ့ရှိတယ်၊ ရမ်ဒီလစ်ဟာ တစ်ခါက လင်ရှိမိန်းမတစ်ဦးကို တွဲချင်တယ်၊ ခြေတော်တင်ချင်တယ်၊ အဲဒီလိုလုပ်နိုင်ဖို့





အဲဒီမိန်းမရဲ့လင်ကို ဗျစ်ရည်ဆိုင်မှာ တမင်ရန်စတယ်၊ ဟိုလူ သူ့ဘာသာ မိတ်ဆွေတစ်ယောက်နဲ့ စကားပြောနေတာကို သူ့ကို စောင်းပြောတယ်လို့ စွပ်စွဲပြီး ရန်ရှာတယ်၊ ဟိုလူက တောင်းပန်ပေမယ့် မရဘူး၊ သူက ဟိုလူရဲ့လက်ယာဘက်နားရွက်ကို တံတွေးဆွတ်လိုက်တယ် ...၊

ဒီ ဒြာဝိဒိယန်မြို့တော်ဟောင်းမှာ လက်ဝဲဘက် နားရွက် တံတွေးဆွတ်တာဟာ ကဲ့ရဲ့ရှုတ်ချတဲ့သဘောဖြစ်ပြီး လက်ယာဘက်နားရွက်ကို တံတွေးဆွတ်တာဟာ ဓားချင်းယှဉ်ခုတ်ဖို့ စိန်ခေါ်တာပဲ ဖြစ်တယ် ...၊

စိန်ခေါ်မှုကို လက်မခံဝံ့တဲ့ယောကျ်ားဟာ စိန်ခေါ်သူယောကျ်ားရဲ့ ကျေးကျွန်ဖြစ်သွားရတယ်၊ ဒါကြောင့် အဲဒီမိန်းမလင်ရဲ့ လင်ဟာ ရမ်ဒီလစ်ရဲ့ စိန်ခေါ်မှုကို မလွှဲမကင်းသာ လက်ခံလိုက်ရတယ် ...၊

သူတို့နှစ်ယောက်ရဲ့ ဓားခုတ်ပွဲဟာ ဒြာဝိဒိယန်တွေရဲ့ကြားမှာ အထင်ကရဖြစ်ခဲ့ရတယ်၊ ထုံးစံအတိုင်း မြို့တော်ရဲ့ မြောက်ဘက် လုလင်တောင်ကုန်းလွင်ပြင်မှာ ဓားရေးချင်း ယှဉ်ပြိုင်ကြရတယ် ...၊

ဓားရေးထက်မြက်လှတဲ့ ရမ်ဒီလစ်ကို ဟိုလူဟာ မယှဉ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူး၊ ရမ်ဒီလစ်ရဲ့ဓားဖျားမှာ ဟိုလူ့ အသက်ဆုံးရှုံးခဲ့ရတယ်၊

အဲဒီလူသေသွားတော့မှ ရမ်ဒီလစ်ဟာ အဲဒီလူရဲ့မိန်းမ စင်ဒီယာကို ပြောင်တွဲခုတ်တော့တယ်၊ ညော်ခံပွဲတော်တော်များ များကို စင်ဒီယာနဲ့အတူ တွဲတက်တယ်၊ စင်ဒီယာက သူ့ကို မကြည်ဖြူလှပေမယ့် သူ့ရဲ့ရန်ကိုကြောက်ရတော့ သူ့ရဲ့အလို လိုက်ပြီး တွဲနေရတယ် ...၊

ရမ်ဒီလစ်ဟာ အဲဒီလောက် ယုတ်မာဆိုးသွမ်းတယ်၊ အဲဒီလို အကျင့်သီလစိတ်ဓာတ် စုတ်ပဲ့နေသူကို ရေဘက္ကာက ဘယ်လိုကြင်ရာတော်အရာ ထားနိုင်မှာလဲ ...၊

ဖခမည်းတော်ကလည်း သူ့ရဲ့စိတ်ဓာတ်နဲ့ အကျင့် သီလကို မကြိုက်ပေမယ့် ဒြာဝိဒီယန်တို့ရဲ့ နန်းဓလေ့အရ အသက်ရော ဝါပါ အကြီးဆုံး မင်းညီမင်းသားဖြစ်တဲ့ သူကိုပဲ ထီးနန်းလွှဲရမှာမို့ သူ့ကို အိမ်ရှေ့ဥပရာဇာအရာ မလွှဲမရှောင်သာ ထားခဲ့ရတယ် ...၊

ခုဆို ဖခမည်းတော်ဟာ ရောဂါသည်းနေပြီ၊ နတ်ရွာစံ ဖို့ နေ့လား ညလားပဲ၊ ဖခမည်းတော် ဆုံးပါးသွားပြီး ခုနစ်ရက် ပြည့်တာနဲ့ သူဟာ ရေဘက္ကာရဲ့လက်ကိုဆွဲပြီး ဘိသိက်ခံတော့ မယ်၊ အဲဒီနေ့ကစပြီး ရေဘက္ကာအတွက် ငရဲကျရပြီပဲ''





''ဒါထက် ရေဘက္ကာ ကိုယ်တို့ကို ရေဘက္ကာဖမ်းဆီးခဲ့တဲ့ ဝက်ပါဂူလိုဏ်လမ်းတွေထဲမှာ မသေဆေးပင်တွေရှိတယ် မဟုတ် လား၊ အဲဒီဆေးပင်တွေဟာ အင်မတန် အစွမ်းထက်တယ် မဟုတ်လား၊ အဲဒီဆေးပင်တွေရဲ့အစွမ်းနဲ့ ရေဘက္ကာရဲ့ ခမည်း တော်ကို ကုသလို့မရဘူးလား''

ကျွန်ုပ်၏အမေးစကားကြောင့် ရေဘက္ကာမှာ အံ့အားသင့် သွားပုံရလေသည်။

''ဘယ်လို ... မသေဆေးပင် ... ဟုတ်လား၊ ဘယ် မှာလဲ မသေဆေးပင်''

''ဂူလိုဏ်လမ်းတစ်နေရာက ဂူအမိုးမျက်နှာကြက်နားမှာ ကျောက်ချပ်တွေအကြား ပေါက်ရောက်နေတဲ့ နွယ်ပင်တွေလေ၊ ရေဘက္ကာတို့မြို့သူတွေနဲ့ စစ်သည်တွေ အဲဒီမသေဆေးပင်တွေကို မကြာခင်ကပဲ ယူသွားကြတယ်ထင်တယ်''

ရေဘက္ကာက ခေတ္တမျှ တွေခနဲစဉ်းစားလိုက်ပြီးမှ –

''ဪ ... စိုးတို့ကို ဖမ်းမိတုန်းက စိုးတို့ရဲ့ကျောပိုး အိတ်ထဲမှာ တွေ့ရတဲ့ နတ်သစ်ရွက်ပင်ကိုပြောတာလား''

ဟု မေးလေသည်။

''ဟုတ်တယ် ရေဘက္ကာ၊ တကယ်တော့ ကိုယ်တို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ အဲဒီမသေဆေးပင်ကို ရှာဖွေဖို့ ဟိမဝန္တာတောင်တန်းတွေအပေါ် တက်လာပြီး ရှာဖွေသုတေသနပြုရာက ဝက်ပါဂူလိုဏ်ကြီးထဲမှာ အဲဒီ မသေဆေးပင်ကို တွေ့ခဲ့ကြတာပါပဲ''

ဤတွင် ကျွန်ုပ်က ကျွန်ုပ်တို့၏ခရီးစဉ် စတင်ဖြစ်ပေါ်လာပုံ အကြောင်းစုံကို အတိုချုံးပြောပြလိုက်တော့၏။

ကျွန်ုပ်၏စကားအဆုံးတွင် ရောဘက္ကာက ပြုံးလိုက်သည်။

''စိုးတို့ မှားနေပြီ၊ အဲဒါ မသေဆေးပင်လို့ခေါ်တဲ့ အာယုသိဒ္ဓိဆေးပင် မဟုတ်ပါဘူး ... အဲဒါ ဒေဝရုက္ခနတ်ဆေးပင်ပါ၊ ရုက္ခဗေဒဆရာကြီးတွေ အလွဲကြီးလွဲပြီ၊ အာယုသိဒ္ဓိအသက်ရှည်ဆေးပင်ဟာ ဟိမဝန္တာအရပ်မှာ လုံးဝမရှိဘူး စိုးရဲ့ ...၊

ဒေဝဝိဇ္ဇာမိုရ်၊ မန္တဝိဇ္ဇာမိုရ်၊ ဂန္ဓာရီဝိဇ္ဇာမိုရ်၊ လောကီယဝိဇ္ဇာမိုရ်၊ အရိယဝိဇ္ဇာမိုရ် စတဲ့ ဝိဇ္ဇာမိုရ် ၅ မျိုးတို့ ပျော်မွေ့ရာ ဂန္ဓာရီအမြုတေဒေသဖြစ်တဲ့ ရှမ်ဗဲလားအရပ်မှာမှ ပေါက်ရောက်တာ စိုးရဲ့''

''အဲဒီ ရှမ်ဗဲလားအရပ်ဒေသဆိုတာကရော ဒီကမ္ဘာလောကကြီးမှာ တကယ်ရှိလို့လား ရောဘက္ကာ''

''တကယ်ရှိတယ် စိုး၊ ဒြာဝိဒိယန်တို့ရဲ့ ရှေးဟောင်းကျမ်းထဲမှာ အသေအချာပါတယ်၊ အဲဒီ ဗိသဏုပုရာဏကျမ်းဟာ





ဒြာဝိဒိယန်နန်းတော်ထဲမှာရှိပြီး ရောဘက္ကာကိုယ်တိုင် ဖတ်ခဲ့ရတယ်၊ အဲဒီ နန်းတွင်းရှေးဟောင်းကျမ်းကြီးကို မင်းမျိုးမင်းနွယ်ရာဇနွယ်တွေပဲ ကြည့်ခွင့်ရှိတယ်၊ အဲဒီရှေးဟောင်းကျမ်းကြီးထဲမှာ အာယုသိဒ္ဓိဆေးပင်အကြောင်း ရေးသားထားတာ ရောဘက္ကာဖတ်ရတယ်၊ အပင်ပုံစံ၊ အရွက်ပုံစံတွေပါ ရေးဆွဲထားတယ် စိုးရဲ့ ...၊

အဲဒီ အာယုသိဒ္ဓိဆေးပင်ဟာ ဒြာဝိဒိယန်တွေ အထွတ်အမြတ်ထားတဲ့ ဒေဝရုက္ခ နတ်ဆေးပင်နဲ့ ပုံသဏ္ဌာန်ချင်း ခပ်ဆင်ဆင်တူတယ်၊ မတူကွဲပြားတာက အာယုသိဒ္ဓိ အသက်ရှည်ဆေးပင်ရဲ့ အရွက်ကျောဘက်က အကြောလေးတွေဟာ နေမင်းရဲ့ ရောင်ခြည်ဖြာနေပုံမျိုး ဖြစ်ပေါ်နေတယ်၊ နေဆိုတာ အသက်ဓာတ်ရဲ့အစလို့ ရှေးဦးလူတွေက ယူဆခဲ့ကြတယ်လေ ...၊

ဒေဝရုက္ခနတ်ဆေးပင်မှာတော့ အဲဒီလိုအသွင်သဏ္ဌာန်မျိုးမရှိဘူး၊ ဒါကြောင့် စိုးတို့ နတ်ဆေးပင်နဲ့ မသေဆေးပင်တို့ကို မှားယွင်းမှတ်ယူမိတာ ဖြစ်ပါတယ်''

ရောဘက္ကာ၏စကားအဆုံးတွင် ကျွန်ုပ်တို့မှာ ရေလိုက်လွဲခဲ့ခြင်းအတွက် မျှားစွာရင်မောသွားရတော့၏။

ကျွန်ုပ်နှင့် ရောဘက္ကာတို့မှာ စမ်းချောင်းလေး၏နံဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုံးတို့ပေါ်တွင်ထိုင်ရင်း လရောင်၏ အေးမြမှုရသကို ခံစားလျက် စကားစမြည်ပြောဆိုနေကြခြင်းဖြစ်ကာ ဆာဝါမှာ ကျောက်ဂူထဲမှ မီးလင်းဖိုနံဘေးတွင် ထိုင်နေပြီး မိုးလေးမှာမူ သူ၏အရှင်သခင်မလေး ရေဘက္ကာအား ကျွန်ုပ်တို့၏ ကျောက်ဂူဆီ လိုက်ပို့ပြီးနောက် ချောက်ကမ်းပါးအထက်နားရှိ သစ်ပင်ချုံဘေးမှ ကျောက်တုံးတစ်တုံးပေါ် ထိုင်လျက် ကင်းစောင့်နေပေ၏။

ရေဘက္ကာ၏စကားကို ဆာဝါအားပြန်ပြောလိုက်ပါက ဆာဝါသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ရင်မောသွားမည်မှာ သေချာလှပေသည်။

"ဒေဝရက္ခနတ်ဆေးပင်ဟာ နေရာတကာမှာ မပေါက်ရောက်ဘူး၊ ရှေးဟောင်းဒြာဝိဒိယန်ဘုရင်တွေရဲ့ ဝိညာဉ်တွေပျော်စံရာ ဘုရင့်ဂူဗိမာန်တွေရှိတဲ့ နတ်တောင်ဂူလိုဏ်ထဲမှာပဲ ပေါက်ရောက်လေ့ရှိတယ်"

"နတ်တောင်ဂူလိုဏ်က ဘယ်မှာလဲဟင်"

ရေဘက္ကာက ပြုံးလိုက်ပြန်သည်။

"စိုးတို့ဝင်လာတဲ့ ဝက်ပါဂူလိုဏ်ဟာ နတ်တောင်ဂူလိုဏ်ပဲပေါ့၊ အဲဒီဂူလိုဏ်ဟာ နတ်တောင်ထဲမှာ ရှိတယ်လေ"

"ဟင် ... ဟုတ်လား၊ ကိုယ်တို့ဝင်ခဲ့တဲ့ ဝက်ပါဂူလိုဏ်





ကြီး ရှိတဲ့တောင်ဟာ နတ်တောင်လား"

"ဟုတ်တယ် စိုး ... အဲဒီတောင်ကြီးရဲ့ ဝက်ပါဂူလိုဏ်တွေထဲက ဂူလိုဏ်တစ်ခုထဲမှာ ဒြာဝိဒိယန် အကြီးအကဲဘုရင်တွေရဲ့ရုပ်အလောင်းတွေ မြှုပ်နှံထားတယ်လေ ...၊

အဲဒီ နတ်တောင်ဂူလိုဏ်ထဲမှာ ပေါက်ရောက်ရှင်သန်တဲ့ ဒေဝရက္ခနတ်ဆေးပင်တွေကို တစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ နတ်ဒေဝတာ ပူဇော်ပွဲနီးမှ ခူးဆွတ်ကြရတယ်၊ နတ်ဆရာတွေရဲ့ စီမံမှုနဲ့ နတ်ဒေဝတာတို့ကို ပူဇော်ရတယ်လေ၊ အခု နတ်ပွဲကျင်းပဖို့ရက်က နီးကပ်လာပြီ၊ ဒြာဝိဒိယန်မြို့ရဲ့ အရှေ့ဘက်က ယဖ်တောင်ကုန်းမှာ နောက်နှစ်ရက်ဆို နတ်ဒေဝတာပူဇော်ပွဲကြီး ကျင်းပတော့မယ်လေ"

"ဩော် ... ဒါကြောင့် ဟိုနေ့က နတ်ဆေးပင်တွေ ခူးယူသွားကြတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ် စိုး၊ အဲဒီဒေဝရက္ခနတ်ဆေးပင်ကို နတ်ဒေဝတာတွေက သိပ်ကိုနှစ်သက်ကြလို့ နတ်ဒေဝတာ ပူဇော်ပွဲတိုင်း နတ်ဆေးပင်ကို အခြားစားသောက်ဖွယ်ရာတွေနဲ့အတူ ငွေလင်ပန်းနဲ့ထည့်ပြီး နတ်ဒေဝတာတွေကို ဆက်သရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ဒီဟိမဝန္တာတောင်တန်းတွေမှာ မသေဆေးပင် အာယုသိဒ္ဓိကို ရှာဖွေလို့ မဖြစ်နိုင်တော့ဘူးပေါ့ ... ဟုတ်လား ရေဘက္ကာ"

"ဟုတ်တယ်၊ အာယုသိဒ္ဓိမသေဆေးပင်ကို လိုချင်ရင်တော့ ရှမ်ဗဲလားကိုပဲ သွားကြပါ"

"အင်း ... ကမ္ဘာမြေရဲ့ ဘယ်အရပ်မှာ တကယ်ရှိနေမှန်း မသိတဲ့ ရှမ်ဗဲလားကိုရှာဖွေဖို့ မသေဆေးပင် အာယုသိဒ္ဓိကို ရှာဖွေဖို့ထက် ဒီဒြာဝိဒိယန်ဒေသထဲကနေ မသေမပျောက် လွတ်မြောက်စေမယ့်လမ်းကို အရင်ဖွေရှာရမယ် ရေဘက္ကာရေ"

"ဟုတ်ပါတယ် စိုးရယ်၊ စိုးတို့ လွတ်မြောက်ဖို့ ရေဘက္ကာကိုယ်တိုင် လွတ်မြောက်ဖို့ ဒီတစ်ရက်နှစ်ရက်အတွင်း ကြိုးစားရမယ်၊ နတ်ဒေဝတာပူဇော်ပွဲကျင်းပတဲ့ညမှာ ဒြာဝိဒိယန်တွေအားလုံးရဲ့အာရုံဟာ ယဇ်တောင်ကုန်းက နတ်ပွဲဆီရောက်နေကြလိမ့်မယ်၊ အဲဒါကို အခွင့်ကောင်းယူပြီး ပြေးကြရမယ်ထင်တယ်၊ ရေဘက္ကာ အခြေအနေကြည့်လိုက်မယ်လေ၊ ခုနေမှာတော့ နန်းတော်ထဲမှာ တန်ခိုးထွားနေတဲ့ ရမ်ဒီလစ်က နေရာအနှံ့မှာ သူ့သြဇာနာခံတဲ့ ရဲမက်တွေချထားတဲ့အတွက် လှုပ်ရှားရခက်နေတယ်"





"ရေဘက္ကာကိုလည်း သူ့လူတွေက တစ်နေ့လုံး မသိမသာ စောင့်ကြည့်နေကြတယ်၊ ခုလိုညအချိန်ကျမှ ရမ်ဒီလစ်မသိသေးတဲ့ နန်းတော်ရဲ့ထိပ်တန်းလျှို့ဝှက်တံခါးပေါက်ကနေ ရေဘက္ကာ ထွက်လာရတာ၊ အဲဒီအရေးပေါ် လျှို့ဝှက်တံခါးပေါက်ကို ဒြာဝိဒိယန်ရဲ့ထိပ်တန်းအကြီးအကဲဘုရင်ပဲ သိခွင့်ရှိတာမို့ ဖခမည်းတော်ပဲသိခဲ့တယ်၊ အခု နေထိုင်မကောင်းဖြစ်မှ အဲဒီထိပ်တန်းလျှို့ဝှက်တံခါးပေါက်အကြောင်း ဖခမည်းတော်က ရေဘက္ကာကိုပြောခဲ့တာပဲ၊ ခုဆို အဲဒီလျှို့ဝှက်တံခါးပေါက်ကို သိသူဆိုလို့ ဖခမည်းတော်ရယ်၊ ရေဘက္ကာရယ်၊ လူယုံတော်ကြီးမိုးလေးရယ်ပဲရှိတယ် စိုးရဲ့"

"ကဲ ... အချိန်လည်း အတော်လင့်နေပြီ၊ ရေဘက္ကာ နန်းတော်ထဲ ပြန်ဝင်တော့မယ်၊ သတိဝီရိယနဲ့တော့နေနော် စိုး"

ရေဘက္ကာက သတိပေးစကားဆိုရင်း ထိုင်ရာမှ ထလိုက်လေသည်။

ကျွန်ုပ်လည်း ထိုင်ရာမှထလိုက်ကာ လရောင်အောက်မှ မိန်းမချောလေးကို တမ်းမောစွာ ငေးကြည့်လိုက်မိလေ၏။

"ရေဘက္ကာ ဘယ်တော့ပြန်လာဦးမလဲဟင်"

"သြော် စိုးရယ် ... မနက်ဖြန်ည ဒါဖြင့်ဟုတ် သန်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဂူအဝမှထွက်ကာ ချောက်ကမ်းပါးပေါ် မျှော်ကြည့်နားစွင့်လိုက်သည်။ မြူးကြွလှသည့် ဗုံသံနှင့်အတူ လူတို့၏ တဟေးဟေးအော်သံတို့ကိုပါ ကြားလာရ၏။

ဆာဝါပါ ဂူထဲမှထွက်လိုက်လာပြီး ကျွန်ုပ်၏နံဘေးတွင်ရပ်ကာ လဝန်းကိုမော့ကြည့်သည်။

"ဒီနေ့ညဟာ လပြည့်ညပဲဗျ၊ သူတို့ နတ်ပွဲကျင်းပနေကြပြီ ထင်တယ်"

"ဖြစ်နိုင်တယ် ဆာဝါ၊ ဖြစ်ချင်တော့ ဘုရင်ကြီးနတ်ရွာစံတဲ့နေ့နဲ့ နတ်ပူဇော်ပွဲကျင်းပမယ့်နေ့ဟာ တစ်ထပ်တည်းသွားကျတာကိုး"

လဝန်းပြည့်ဝန်းသည်ထက် ပြည့်ဝန်းလာသည်နှင့်အမျှ မြူးကြွသောကခုန်တီးမှုတ်သံတို့က စီစီညံလာခဲ့ပြီ။

'တုံ တုံ တုံ တုံ'

"ဟေး ဟေး ဟေး ဟေး"

ထိုစဉ် ချောက်ကမ်းပါးအောက်ခြေရှိ မှောင်ရိပ်ထဲမှ လူရိပ်တစ်ခု ထွက်လာသည်ကို တွေ့ရ၏။

"ဟာ ...ရေ ရေဘက္ကာပါလား"

သူမသည် ခါတိုင်းလို အဖြူရောင်ဝတ်စုံဖြင့် မဟုတ်





တော့။ သားကောင်သားရေကိုယ်ကျပ်အင်္ကျီလက်ရှည်ကို ဝတ်ထားပြီး အပေါ်မှ သားမွေးခြုံထည် အညိုရင့်ရင့်ကို ခြုံထား၏။

သားကောင်သားရေဖြင့် ချုပ်လုပ်ထားသည့် ဒူးဖုံးဂါဝန်ကို ဝတ်ဆင်ထားပြီး ခြေထောက်တွင် လည်ရှည်ဖိနပ်ကို စီးထားလေသည်။

ကျောပေါ်မှာမူ လေးတစ်လက်နှင့် မြားကျည်တောက်ကို လွယ်ထားပြီး ခါး၌ တောလိုက်ဓားမြှောင်တစ်ချောင်းကို သားရေဓားအိမ်ဖြင့် ချိတ်ထားလေသည်။ ဝက်ဝံသားရေဖြင့် ချုပ်ထားသည့် အိတ်ကြီးကိုလည်း စလွယ်သိုင်းလွယ်ထားသေး၏။

သူမ၏သွင်ပြင်က ဘုရင့်သမီးတော် မင်းသမီးလေးနှင့် လုံးဝမတူတော့ဘဲ မုဆိုးတစ်ပိုင်း မိန်းမရိုင်းလေး၏သွင်ပြင်မျိုး ဖြစ်နေပေ၏။

"ရေ ရေဘက္ကာ ...မင်း လာသေးတယ်နော်"

"လာရတာပေါ့ စိုးရယ်၊ ရော့ ...ဒီမှာ စိုးတို့ရဲ့ အိတ်နှစ်အိတ်ထဲက ဒီအိတ်ကိုပဲ ယူလာနိုင်ခဲ့တယ်"

ရေဘက္ကာကမ်းပေးသည့် သားရေကျောပိုးအိတ်[illegible]ဖွင့်ကာ ဆာဝါက စစ်ဆေးလိုက်သည်။

"အစ်ကိုစိုးရေ ရေဘက္ကာက တော်တော်[illegible]ားကိုးရတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘက်ခါည ပြန်လာမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ နတ်ဒေဝတာ ပူဇော်ပွဲရက်ကလည်း ကပ်နေပြီလေ၊ ဘာဖြစ်လို့မေးရတာလဲ''

''မှန်တာပြောရရင် ရေဘက္ကာ ကိုယ့်ဆီပြန်မလာမှာကို အရမ်းစိုးရိမ်နေမိတယ် ရေဘက္ကာရယ်၊ ရေဘက္ကာကို ညတိုင်း တွေ့မြင်ချင်တယ်''

''အို ... ညတိုင်းတွေ့မြင်ချင်လို့တော့မဖြစ်ဘူးလေ၊ ရေဘက္ကာက အခြေအနေကြည့်ပြီး လာရတာ၊ ဒါထက် ဘာဖြစ်လို့ ညတိုင်း တွေ့ချင်ရတာလဲ စိုးရဲ့''

ကျွန်ုပ်က လရောင်အောက်ဝယ် ဖြူဝင်းစိုပြည်လျက်ရှိသော ရေဘက္ကာ၏မျက်နှာ ဝင်းမွတ်မွတ်လေးကို တရှိုက်မက်မက် ငေးကြည့်လိုက်ရင်း သက်ပြင်းရှိုက်လိုက်မိတော့၏။

''မှန်တာပြောရရင် ညဘက်တင်မကဘူး နေ့ဘက်မှာပါ တွေ့ချင်တာပါ ရေဘက္ကာ၊ အို ရှင်းရှင်းပြောရရင် နှစ်ဆယ့်လေးနာရီစလုံး ရေဘက္ကာကို တွေ့မြင်နေချင်သူပါ ရေဘက္ကာရယ်''

''အို ... စိုးရဲ့စကားက ဘယ်လိုကြီးလဲ''

သူမ ရှက်သွေးဖြန်းသွားပုံရ၏။ ဦးခေါင်းလေးကို ငုံ့သွားရှာသည်။ ကျွန်ုပ်က မထင်မှတ်ဘဲ သူမ၏ပခုံးဝန်းဝန်းလေးတို့ကို လက်နှစ်ဖက်ဖြင့် အသာဆုပ်ကိုင်လိုက်မိသည်။





''ရေဘက္ကာ ... ကိုယ့်ရဲ့ရင်ထဲမှာရှိတာတွေကို ပြောပါရစေတော့၊ ကိုယ် ကိုယ် ရေဘက္ကာကို ချစ်မိနေပြီကွယ်''

''အို''

သူမက တိုးလျှစွာသော အာမေဋိတ်သံလေးပြုလိုက်သည့်တိုင် ကျွန်ုပ်၏လက်အတွင်းမှ ရုန်းထွက်ခြင်းမပြုချေ။

''ရေဘက္ကာ ... ကိုယ့်ကိုခွင့်လွှတ်ပါ၊ ကိုယ်လေ ရေဘက္ကာကို အရမ်းချစ်မိနေပြီကွယ်''

လပြည့်ရက်နီးလာပြီမို့ လရောင်က ဝန်းကျင်တခွင်ဝယ် ဖွေးထင်းစွာ ကျရောက်လျက်ရှိသည်။ အဖြူရောင်ပန်းလေးမှာ ဝေဆာစွာပွင့်နေသည့် ကျောက်ဂူအဝရှိ ချုံနွယ်ကြီးဆီမှ မွှေးရနံ့က သည်မှာဘက် စမ်းချောင်းလေးဆီ တိုးဝှေ့ပြေးလာလျက်ရှိသည်။

စမ်းချောင်းလေး၏ တစ်ဖက်ကမ်းရှိ သစ်တောအုပ်အောက်ဝယ် အမှောင်ရိပ်တို့ တိတ်ဆိတ်စွာကျရောက်လျက်ရှိ၏။

ဤဒေသ၏ ထူးခြားချက်မှာ နေ့ဘက်တွင်သာ မြေခိုးမြေငွေ့များထွက်လျက် မြူငွေ့တိမ်လွှာတို့ကောင်းကင်ဝန်းကျင်တစ်ခိုဌ် အုံ့ဆိုင်းနေလေ့ရှိသော်လည်း ညဘက်တွင်မူ မြေခိုးမြေငွေ့များ ထွက်ခြင်းမရှိဘဲ မြူငွေ့တို့သည်လည်း ဥဒ္ဒှလေပြည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လွင့်ပြယ်သွားလေ့ရှိခြင်းပင်။

သို့ကြောင့်လည်း လဝန်း၏အလင်းငွေ့ကို တိုက်ရိုက်ခံစားခွင့်ရပြီး လရိပ်စွန်းထင်းနေသည့် ဘော်ငွေရောင်ဆီးနှင်းရေခဲတောင်တန်းတို့ကို ဝန်းကျင်တစ်ခိုဝယ် ညဥ့်ပန်းချီကားချပ်များအဖြစ် လွမ်းမောဖွယ် ရှုမြင်ခံစားရခြင်း ဖြစ်သည်။

ထိုလှပသော ဝန်းကျင်ဝယ် ညဥ့်လေပြေ၌ လွင့်မျောနေသည့် ညဥ့်မွှေးပန်းတို့၏ ရနံ့သည် ကျွန်ုပ်၏ရင်မှ ချစ်ခြင်းနှင့်အတူ ဆွတ်ပျံ့သင်းထုံလျက်ရှိဘိ၏။

ရေဘက္ကာသည် ကျွန်ုပ်၏အချစ်ကို ငြင်းပယ်ခြင်းလည်း မပြု၊ လက်ခံသည်ဟုလည်း ခွန်းတုံ့မဆို ရှက်အားပိုလျက်သာ ဦးခေါင်းကိုငုံ့ထားရာမှ ခဏအကြာဝယ် မျက်ဝန်းလဲ့လဲ့တို့ဖြင့် မော့ကြည့်လာပြီး –

"စိုး ... ရေဘက္ကာကို လွှတ်ပါဦးနော်၊ မိုးလေးမြင်သွားလို့ မသင့်ဘူး"

ဟု တိုးလျစွာ ပြောရာသည်။

"အို ... ကိုယ် ခုအချိန်မှာ ဘယ်သူမှ ဂရုမစိုက်ပါရစေနဲ့ ရေဘက္ကာ၊ ကိုယ့်ရဲ့ဘဝမှာ ဒီတစ်ကြိမ်ပဲ ချစ်ဖူးတာပါ၊ အဲဒီအချစ်ကို ဖွင့်ဟခွင့်ပြုပါကွယ်"





"ဟုတ်ပါပြီလေ ... စိုးရဲ့အချစ်ကို ရေဘက္ကာ သိပါပြီ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်သလဲ ရေဘက္ကာ၊ ကိုယ်က အကျဉ်းသား၊ ရေဘက္ကာက ဘုရင့်သမီးတော်လေး ဖြစ်နေလို့လား"

"အို ... ဘာတွေပြောနေတာလဲကွယ်၊ ရေဘက္ကာရဲ့ ရင်ထဲမှာ အဲဒီလို ပိုင်းခြားအတွေးတွေ မရှိပါဘူး၊ ရေဘက္ကာဆိုလိုတာက ခုအချိန်မှာ အချစ်ထက် ရေဘက္ကာတို့ရဲ့ အသက်ရှင်သန်ဖို့ အန္တရာယ်အသွယ်သွယ်ကနေ လွတ်မြောက်ဖို့ ပိုအရေးကြီးတယ်လို့ ဆိုချင်တာပါ"

"အဲဒီအန္တရာယ်တွေကို ကိုယ် ကျော်ဖြတ်ဖို့ ဝန်မလေးပါဘူး ရေဘက္ကာ၊ ကိုယ်တို့ဆီက သိမ်းဆည်းသွားတဲ့လက်နက်တွေ ပြန်ရအောင်သာကြံပါ ရေဘက္ကာ၊ ကိုယ်တို့ဟာ ပညာရှင်တွေဆိုပေမယ့် တိုက်ခိုက်ရေးအတတ်တွေကိုပါ ကျွမ်းကျင်ပါတယ်၊ ရေဘက္ကာကိုခေါ်ပြီး ဒီနယ်မြေကနေ အမြန်ဆုံး ထွက်ချင်ပြီ"

"ခဏပဲစောင့်ပါ စိုးရယ်၊ ရေဘက္ကာ ကြိုးစားစီစဉ်ပေးပါ့မယ်၊ ခုတော့ ... လွှတ်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမက တောင်းပန်စကားဆိုရင်း အသာအယာ ရှန်းသည်။ ကျွန်ုပ်လည်း ချစ်ရသူလေးကို မချင့်မရဲဖြင့် လွှတ်ပေးလိုက်ရလေ၏။

သည်စဉ်နိုက်မှာပင် ချောက်ကမ်းပါးအောက်ခြေရှိ မှောင်ရိပ်ထဲမှ မိုးလေးက လုံတံကို ဆွဲကိုင်လျက် လရောင်အောက်သို့ တိုးထွက်လာသည်။

"ရေဘက္ကာ သွားတော့မယ်နော်"

သူမက တိုးသက်စွာ နှုတ်ဆက်စကားဆိုပြီး မိုးလေးရှိရာဆီ လှမ်းလျှောက်သွား၏။

ကျွန်ုပ်သည် လရောင်အောက်တွင် မလှုပ်မယှက် ရပ်လျက် မှောင်ရိပ်ထဲသို့ ချစ်ရသူလေး၏ ဖြူလွလွအရိပ်ကလေး နစ်ဝင်ပျောက်ကွယ်သွားသည်ကို လှမ်းမောစွာ ငေးကြည့်ကျန်ရစ်သည်။ ညဉ့်ဝန်းကျင်သည် အေးမြစွာ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသော်လည်း ကျွန်ုပ်၏ရင်မှာမူ ခုန်လှုပ်နွေးထွေးလို့ နေပါသတည်း။

※ ※ ※

၂၄

## ထွက်ပေါက်သို့

နောက်နေ့ညတွင်မူ ရေဘက္ကာ ပေါ်မလာချေ။

ကျွန်ုပ်မှာ သူမ လာမည့်အချိန် ညချမ်းအခါကို မျှော်မောရင်းသာ ရင်ခုန်လှုပ်ရှားလျက်ရှိတော့၏။

"အစ်ကိုစိုးရေ ... အစ်ကိုစိုးရဲ့အဖြစ်က အစဉ်အလာမြန်မာစကားရဲ့ ပြောင်းပြန်ဖြစ်နေပြီဗျ"

ကျွန်ုပ်ကို ပြုံးစိစိကြည့်ရင်း ပြောလာသည့် ဆာဝါအား ကျွန်ုပ်က မျက်မှောင်ကြုတ်ကြည့်လိုက်မိ၏။

"ဘာလဲကွ ... အစဉ်အလာပြောင်းပြန်ဆိုတာ"

"အစ်ကိုစိုးတို့ မြန်မာတွေရဲ့အစဉ်အလာစကားက



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောက်ျားကြိုက်တော့ ဆိုက် ဆိုက်လာဆို မဟုတ်လားဗျ၊ အစ်ကိုစိုးပဲ ပြောဖူးတယ်လေ၊ ဟဲ ဟဲ ခုတော့ အစ်ကိုစိုးက ယောက်ျားကြိုက်တော့ မျှော်လိုက် တာဖြစ်နေပြီဗျ . . . ဟင်း ဟင်း ဟင်း''

''အေးကွာ . . . ငါတို့နှစ်ယောက်ရဲ့အဖြစ်က နေ့ဘက် ဆို ဒီဂူကြီးထဲက လုံးဝမထွက်ဝံ့၊ ညဘက်မှ ဖီးကွက်တွေလို မရဲတရဲထွက်ပြီး ခြေညောင်းလက်ဆန့် လုပ်နေရတာ မဟုတ် လားကွာ၊ ပြင်ပနဲ့ အဆက်အသွယ်ဆိုလို့ ရှေဘက္ကာပဲ ရှိတာလေ၊ ဒီနယ်မြေမှာ ငါတို့ရဲ့အသက်ကို ညှာတာပေးမယ့်သူဟာ ရှေ ဘက္ကာပဲ ရှိတယ်မဟုတ်လား၊ ဒီတော့လည်း သူလေးလာမယ့် အချိန်ကို ကမ္ဘာဦးလူတို့ နေနဲ့လကို မျှော်သလို မျှော်ရတာပေါ့ ကွာ''

''ဟုတ်ပါတယ် . . . ကျွန်တော်လည်း မျှော်မိတာပါပဲ၊ ဒါပေမဲ့ အစ်ကိုစိုးကတော့ ပိုကိုပိုပါတယ်ဗျာ . . . ဟဲ ဟဲ''

''ဒါကတော့''

''ဒါကတော့ လုပ်မနေပါနဲ့၊ ရှင်းရှင်းပြောပါ အစ်ကိုစိုး ရာ။ နှင်းကေရီလေးကို အစ်ကိုစိုး စွဲလမ်းနေပြီမဟုတ်လား၊ ဒါကြောင့် ကျွန်တော့်ထက်ပိုပြီး မျှော်တော်ဇောနဲ့ မောနေရတာ





မဟုတ်လားဗျ . . . ဟဲ ဟဲ ဟဲ''

ကျွန်ုပ်က ကျောက်ဂူကြီး၏နံရံကို ကျောမှီထိုင်လိုက်ရင်း ရင်ခုန်လှုပ်ရှားစွာ ပြုံးလိုက်မိသည်။

''အေး . . . ဟုတ်ပါတယ်ကွာ၊ ငါ ဝန်ခံပါတယ် ဆာဝါ၊ သူလေးကို ငါ မြတ်မြတ်နိုးနိုး ချစ်မိပြီ၊ သူလေးကို ခွဲမသွားရက် နိုင်ဘူး၊ ဒါကြောင့် ဒီနယ်မြေကနေ အလွတ်ရုန်းပြေးကြတဲ့အခါ သူလေးကို မပါပါအောင် ခေါ်သွားဖို့ ဆုံးဖြတ်ပြီးပြီ''

''ကျွန်တော်တို့ ဒီနယ်မြေကနေ ရုန်းထွက်ဖို့ဆိုတာက လည်း ရှေဘက္ကာရဲ့အကူအညီပါမှ ဖြစ်မှာမဟုတ်လား အစ်ကိုစိုး ရဲ့''

''ဟုတ်တယ်လေ၊ ငါတို့ဆီက သိမ်းထားတဲ့ လက်နက် တွေ ပြန်ယူလာပေးဖို့လည်း သူလေးကို သေချာပြောပြီးပြီကွ''

''ကျွန်တော်တို့ကိုကူညီတာ ရှေဘက္ကာအတွက် အန္တ ရာယ်ကြီးလှတယ်နော် အစ်ကိုစိုး''

''ဟုတ်တယ်ကွ . . . မောင်ရင့်ကို ကိုယ်ပြောပြထားသား ပဲ၊ အခု ထီးနန်းဆက်ခံမယ့်မင်းသား ဒီလစ်ရမ်ရဲ့အန္တရာယ်[illegible] အင်မတန်ကြီးမားတာပဲ၊ သူဟာ အင်မတ်ရက်စက်[illegible]သူဆို တော့ ကိုယ်တို့ကို ရှေဘက္ကာကူညီနေတာ၊ ဝှက်ထား[illegible]တွေသာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလစ်ရမ်သိသွားရင် ကိုယ်တို့နှစ်ယောက်ရော ရေဘက္ကာရော လွယ်မှာမဟုတ်ဘူး၊ ခုအခြေအနေမှာက ရေဘက္ကာရဲ့ဩဇာ လုံးဝမရှိတော့ဘူး၊ ဘုရင်ကြီးကလည်း နေ့သေမလား ညသေ မလား ဖြစ်နေပြီ၊ ဩဇာအာဏာအားလုံးဟာ ဒီလစ်ရမ်ရဲ့လက် ထဲ လုံးလုံးကျရောက်နေပြီ''

''အင်း ...ဒီလိုအနေအထားမျိုးမှာ ရေဘက္ကာက အစ်ကိုစိုးကို အသက်စွန့်ကူညီနေတာဟာ တော်ရုံမေတ္တာနဲ့ မဖြစ် နိုင်ဘူးဗျ၊ အစ်ကိုစိုးရဲ့အပေါ် သူ တော်တော် သံယောဇဉ်ရှိနေပုံ ရတယ်ဗျ''

''အေးကွာ ...သူကိုယ်တိုင် ဒီလစ်ရမ်ရဲ့လက်ထဲက လွတ်မြောက်ချင်တာ၊ ဒီနယ်မြေကနေ ထွက်ပြေးချင်တာဟာ သူ့မိဘအရင်းရဲ့ဇာတိမြေကိုသွားပြီး သူ့အမေရဲ့ နောက်ဆုံး ဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့ စိတ်ဓာတွေလည်း ပါမှာပေါ့''

''အဲဒါတွေထက် အစ်ကိုစိုးအပေါ်ထားတဲ့ မေတ္တာက ပိုမယ်ထင်ပါရဲ့ဗျာ''

''အဲဒီလို ပိုပါစေလို့ပဲ ဆုတောင်းပါတယ်ကွာ၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ်က သူလေးကို သိပ်ချစ်မိနေလို့ပဲကွ''

''အဲဒီလိုချစ်တော့လည်း မျှော်ပေါ့ဗျာ ...မျှော် မျှော်





ဟုတ်လား''

''အေးကွာ ...ဘာတဲ့ ယောက်ျားကြိုက်တော့ မျှော် လိုက်တာတဲ့ ...ဟုတ်လား ...ဟား ဟား ဟား''

''ဟုတ်ပါ့ဗျာ ဟုတ်ပါ့ ...ဟား ဟား ဟား''

⁂

ထိုနေ့လွန်မြောက်ပြီး နောက်နေ့၏ညနေဆည်းဆာ အချိန်တွင် ချောက်ကမ်းပါးအပေါ် ဒြာဝိဒိယန်မြို့ဘက်မှ ခရုသင်း မှုတ်သံထွက်ပေါ်လာသည်ကို သဲ့သဲ့ကြားရလေသည်။

'တူ ဟူဟူ ဟူ ..တူ တူ ဟူဟူ ဟူ'

ခရုသင်းမှုတ်သံကား သံရှည်မှုတ်သံဖြစ်၏။ ဆွဲဆွဲငင်ငင် မှုတ်သောအသံဖြစ်၏။

ယင်းအသံသည် တိုးရာမှ တဖြည်းဖြည်းကျယ်လာပြီး ဝန်းကျင်မှ ဆီးနှင်းတောင်တန်းတို့တွင်ပါ ပဲ့တင်ရိုက်လျက်ရှိတော့ သည်။

အဆက်မပြတ်မှုတ်လျက်ရှိသော ခရုသင်းမှုတ်သံသည်



www.burmeseclassic.com

www.burmeseclassic.com



လေးလေးတွဲတွဲ ရှိလွန်းလှပြီး တတုံတုံတုံဖြင့် တစ်ချက်ချင်း တီးလိုက်သည့် ဗုံသံကိုပါ ကြားလာရ၏။

"အစ်ကိုစိုးရေ . . . ဒြာဝိဒ်ယန်မြို့ဘက်မှာ တစ်ခုခုတော့ ထူးခြားပြီထင်တယ်ဗျ"

"အေးကွ . . . အဲဒီ ခရုသင်းမှုတ်သံကို သေသေချာချာ နားစွင့်ကြည့်စမ်း၊ တစ်ခုခု အောင်မြင်ခြင်းအထိမ်းအမှတ်အတွက် မှုတ်တဲ့အသံမျိုး မဟုတ်ဘူးကွ"

"ဟုတ်တယ်ဗျ၊ အလွမ်းတေးသွားသံစဉ်တစ်ခုအတိုင်း မှုတ်နေပုံပဲ အစ်ကိုစိုးရဲ့"

ဤတွင် ကျွန်ုပ်က တွေးတွေးဆဆဖြင့် မှတ်ချက်ချလိုက်မိတော့၏။

"အင်း . . . ကျေန္တ မဟုတ်မှလွဲရော . . . ဘုရင်ကြီး နတ်ရွာစံပြီ ထင်တယ်ကွ"

"ဟာ . . . ဟုတ်လောက်တယ် အစ်ကိုစိုး"

လေးလေးတွဲတွဲထွက်ပေါ်နေသည့် ခရုသင်းမှုတ်သံက တဖြည်းဖြည်း တိုးသက်လာကာ ခဏအကြာဝယ် လုံးဝ ဆိတ်ငြိမ်သွားပါတော့၏။

ညနေဆည်းဆာသည်လည်း အမှောင်ထု၏ ဝါးမျိုမှုခံရ





ကာ အေးစက်စက်အမှောင်ရိပ်တို့က ဝန်းကျင်အနှံ့ စိုးမိုးလာခဲ့ပြီ။

ကျောက်ဂူကြီးထဲဝယ် အနွေးဓာတ်ရစေရန် ထင်းခြောက်တို့ကိုစုပြီး ဆာဝါက မီးမွှေးလိုက်၏။

ကျွန်ုပ်သည်မူ ကျောက်ဂူအဝဝယ် ကျောက်နံရံကို ကျောမှီထိုင်လျက် လဝန်းကိုငေးကြည့်နေမိသည်။

နံဘေးဝန်းကျင်ရှိ ရေခဲတောင်ကြားတို့မှ တိုက်ခတ်လာသည့် အေးစက်သောလေကြမ်းတို့က ဝှေ့တိုက်စပြုလာခဲ့ပြီ။

လဝန်းအတန်ငယ်မြင့်လာသည့်တိုင် ရေဘက္ကာတစ်ယောက် ပေါ်မလာခဲ့ပါ။

လဝန်းက ပြည့်ရွှန်းသည်ထက် ပြည့်ရွှန်းလာခဲ့ပြီ၊ ရာသီဥတုက အတော်အေးလာသဖြင့် ကျွန်ုပ်သည် ကျောက်ဂူထဲဝင်ကာ မီးလှုံရတော့၏။

အတော်လေးနွေးထွေးလာချိန်ဝယ် ဗုံသံတို့ကို စတင်ကြားလာရတော့သည်။

'တုံ တုံ တုံ တုံ တုံ'

"အစ်ကိုစိုး . . . ဗုံသံတွေပါလားဗျ၊ ဒီတစ်ခါဗုံသံက သွက်တယ်"

"အေး . . . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ကျွန်တော်တို့ရဲ့သေနတ်နဲ့ ကျည်တွေ ပြန်ပါလာတယ်ဗျ''

ပစ္စတိုသေနတ်များကို ကျည်ဘူးများနှင့်အတူ ပြန်ရ သဖြင့် ကျွန်ုပ်တို့မှာ လွန်စွာအားရှိသွားကြပါတော့၏။

''မိုးလေးရော မပါလာဘူးလား ရေဘက္ကာ''

''အခု ရေဘက္ကာ ဒီကိုထွက်လာတာတောင် မိုးလေး မသိဘူး စိုး၊ သူသိလို့လည်း မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာလည်း ဒြာဝိဒိယန်သားပဲလေ၊ သူဟာ ရေဘက္ကာကို ဘယ်လောက်ပဲ လေးစားလေးစား ဒြာဝိဒိယန်ဒေသကနေ ရေ ဘက္ကာထွက်သွားမှာကိုတော့ သူ လိုလားမှာမဟုတ်ဘူး''

''ဟင် . . . ရေ ရေဘက္ကာက အခုတစ်ခါတည်း ဒီ ဒေသကထွက်ဖို့ ထွက်လာတာလား''

''ဟုတ်တယ် စိုး၊ ဖခမည်းတော်ကြီးဟာ ညနေတုန်းက ပဲ နတ်ရွာစံသွားခဲ့ပြီလေ''

''ဩော် . . . ခရုသင်းမှုတ်သံ ကြားခဲ့တာဟာ ဘုရင်ကြီး နတ်ရွာစံလို့ မဟုတ်လား''

''ဟုတ်တယ် စိုး၊ တိုက်ဆိုင်ချင်တော့ ဖခမည်းတော်ကြီး နတ်ရွာစံတဲ့ ဒီနေ့ညမှာပဲ နတ်ဒေဝတာပူဇော်ပွဲကလည်း ရှိနေ တယ်လေ၊ အဲဒီအချက်ကို အခွင့်ကောင်းယူပြီး ရေဘက္ကာက





နတ်ဒေဝတာပူဇော်ပွဲကိုမသွားတော့ဘဲ ဖခမည်းတော်ကြီးရဲ့ အလောင်းစင်တော်နားက မခွာစတမ်းငိုကြွေးနေခဲ့တယ်၊ မှူးကြီး မတ်ကြီးတွေကအစ အားလုံးက ရေဘက္ကာကိုသနားပြီး နတ်ပူ ဇော်ပွဲ မသွားတာကို ခွင့်လွှတ်ကြတယ်၊ နတ်ဆရာကြီး ဂေါသက နဲ့ ဒီလစ်ရမ်တို့ကတော့ နတ်ပွဲကိုလာစေချင်ကြတယ်၊ ဒီလစ်ရမ် က အဲဒီနတ်ယဇ်ပူဇော်ပွဲမှာ ရေဘက္ကာကို ကြင်ယာတော်လောင်း အဖြစ် လက်တွဲပြီး ကခုန်ချင်ခဲ့တာလေ၊ သူက သေရည်မူးပြီး ရေဘက္ကာနဲ့ တွဲလို့ ဂုဏ်ယူကခုန်ချင်ခဲ့တာလေ . . .၊

ဒါပေမဲ့ ရေဘက္ကာကလည်း ကိုယ့်အကြံနဲ့ကိုယ် ဖခမည်း တော်ရဲ့ အလောင်းစင်တော်နားကကိုမခွာဘဲ ငိုကြွေးနေလိုက် တော့ သူလည်း ဘာမှမတတ်သာဘဲ နတ်ပွဲဆီ ညီတော်မင်းသား တွေနဲ့အတူ ထွက်သွားလေရဲ့ . . .၊

နတ်ပွဲအရှိန်တက်နေတဲ့အချိန်ကျမှ ခေါင်းမူးလို့အနား ယူမယ်ဆိုပြီး ရေဘက္ကာဟာ စက်ရာခန်းဆောင် သဥ္ဇာလီထဲ ဝင်သွားခဲ့တယ်၊ ရံရွေတော်တွေကိုလည်း နတ်ပွဲဆီလွှတ်လိုက် တယ်၊ နန်းတော်ထဲက လူအများစုဟာလည်း ဝန်ကြီးမှူးမတ်တွေ နဲ့အတူ နတ်ပွဲရောက်နေကြတယ်လေ၊ အိပ်ဖန်စောင့်တွေနဲ့ ရေ ဘက္ကာရဲ့ သက်တော်စောင့်လူယုံတော်ကြီး မိုးလေးနဲ့ ခန်းသဥ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



လီရဲ့အပြင်ဘက်မှာ စောင့်ကြပ်နေကြလေရဲ့၊ သူတို့ကတော့ ငိုရလွန်းလို့ ရေဘက္ကာ ခေါင်းမူးပင်ပန်းပြီး အိပ်စက်နေပြီလို့ ထင်ကြမှာပဲ၊ ဖခမည်းတော်အတွက် ရေဘက္ကာ တကယ်ပဲ ဝမ်းနည်းပူဆွေးပေမယ့် သူတို့အားလုံးကို လှည့်စားဖို့ တမင် ဟန်ဆောင်ငိုကြွေးရှည်ခဲ့တယ်လေ …၊

အဲဒီလို ရေဘက္ကာ စက်ရာခန်းဆောင်ထဲမှာ အိပ်စက်ပျော်သွားပြီလို့ သူတို့ယူဆချိန်မှာပဲ လျှို့ဝှက်တံခါးပေါက်ကနေ အသာလစ်ခဲ့ရတယ် စိုးရဲ့၊ လျှို့ဝှက်တံခါးဟာ ရေဘက္ကာရဲ့ စက်ရာခန်းဆောင်ထဲက နံရံကပ်ပန်းချီကားချပ်ကြီးရဲ့နောက်မှာ ရှိတာလေ၊ ပန်းချီကားချပ်ကြီးထဲက နေနဲ့လရုပ်ပုံနှစ်ခုကို တစ်ပြိုင်နက် လက်ညှိုးနှစ်ခုနဲ့ထောက်လိုက်တာနဲ့ ပန်းချီကားဟာ လည်ထွက်သွားပြီး လျှို့ဝှက်အပေါက်ပေါ်လာတာပဲလေ …၊

ရေဘက္ကာဟာ အသင့်ရှာဖွေစုဆောင်းထားတဲ့ ဒီ အဝတ်အစားတွေ လဲဝတ်ပြီး အဲဒီလျှို့ဝှက်အပေါက်ထဲဝင်၊ လျှို့ဝှက်တံခါးကို ပြန်ပိတ်ပြီးတော့ လျှို့ဝှက်မြေအောက်လိုဏ်လမ်းအတိုင်း နန်းတော်ကြီးရဲ့တောင်ဘက်က ဥယျာဉ်တော်ထဲမှာရှိတဲ့ စံပယ်ရုံကြီးရဲ့ဘေးက ကျောက်ဖျာကြီးရဲ့အောက်ရောက်လာခဲ့တယ်လေ၊ အဲဒီကျောက်ဖျာကြီးကို လျှို့ဝှက်ယန္တရားခလုတ်





နှိပ်ဖွင့်လိုက်တော့ ကျောက်ဖျာကြီးဟာ အပေါ်ကို နှစ်တောင်လောက် ကြွသွားပြီး ထွက်ပေါက်ပေါ်လာတယ် စိုးရဲ့”

“ရေဘက္ကာက အဲဒီလျှို့ဝှက်အပေါက်ကထွက်ပြီး စံပယ်ရုံထဲက လျှို့ဝှက်ခလုတ်ဖြစ်တဲ့ ကျောက်တုံးတစ်တုံးကို ဆွဲလှည့်လိုက်တာနဲ့ ကျောက်ဖျာကြီးဟာ မြေပေါ်တအိအိနဲ့ ပြန်ကျသွားပြီး လျှို့ဝှက်တံခါးပေါက် ပြန်ပိတ်သွားတယ်လေ …၊

အဲဒီနောက်တော့ မှောင်ရိပ်တွေခိုပြီး ဒီအထိ ထွက်ခဲ့တာပါပဲ စိုး။ ခုအချိန်မှာ ဒြာဝိဒိယန်အားလုံးရဲ့ စိတ်အာရုံဟာ ဖခမည်းတော်ဘုရင်ကြီး နတ်ရွာစံတဲ့အပေါ်မှာနဲ့ နတ်ဒေဝတာ ပူဇော်ပွဲမှာ အပြည့်အဝရောက်နေကြတယ်၊ ဒီလိုအချိန်မျိုးမှာ အစောင့်အကြပ်အနည်းဆုံး အနောက်မြောက်ဘက် ရေခဲချောက်ကမ်းပါးကနေ ဆင်းပြီးပြေးကြမယ်၊ ကဲ … လာ လာ သွားကြစို့”

သို့ဖြင့် ကျွန်ုပ်နှင့် ဆာဝါတို့သည်လည်း ကျောက်ဂူထဲမှ မီးဖိုကိုငြိမ်းကာ ရေဘက္ကာဦးဆောင်လမ်းပြခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြပါတော့၏။

ဦးစွာ ကျွန်ုပ်တို့သည် ချောက်ကမ်းပါးအပေါ်သို့ တက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကမ်းပါးအထက်မှ မြေပြန့်လွင်ပြင်ပေါ်သို့ လပြည့်လ၏ လရောင်က ဖွေးထင်းစွာကျရောက်လျက်ရှိသည်။ ထင်းရှူးပင်တန်းတို့၏ ဟိုမှာဘက်ရှိ တောင်ကုန်းတောင်စွယ်တို့အပေါ်ရှိ ဒြာဗိဒိယန်တို့၏ အုတ်ကျောက်အိမ်ကလေးများက လရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ယင်းအုတ်ကျောက်တိုက်အိမ်ကလေးများရှေ့မှ အုတ်ကျောက်လမ်းဖြူဖြူကွေ့ကွေ့ကောက်ကောက်လေးများ၏ ဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်မီးတိုင်တို့အပေါ်မှ ထင်းရှူးဆီမီးတောက်တို့က ညဉ့်လေပြည်အောက်တွင် တလူပ်လူပ် ယိမ်းနွဲ့လို့နေသည်။

သို့သော် အဲဒီအုတ်ကျောက်တိုက် အိမ်ကလေးများဝန်းကျင်ဝယ် လူသူအရိပ်အယောင်ဟူ၍ လုံးဝမတွေ့ရဘဲ အရှေ့ဘက်တောင်ကုန်းမြင့်ပေါ်မှ အဖြူရောင်ကျောက်လုံးတိုင်မြင့်ကြီးများဖြင့် ခံ့ထည်စွာ တည်ဆောက်ထားသည့် နတ်ကွန်းရှေ့တွင်မူ လူတို့ ကြိတ်ကြိတ်တိုး စုရုန်းလျက် ရှိကြလေ၏။

နတ်ကွန်းရှေ့မှ ကျောက်သလင်းလွင်ပြင်ဝယ် ကြီးမားသော မီးပုံကြီးရှိပြီး မီးတောက်တို့က ကောင်းကင်ထက်သို့ လွင့်တက်လျက်ရှိလေသည်။

နတ်ဆရာကြီးဇေါ်သကနှင့် မင်းသား ဒီလစ်ရမ်တို့က





ကျောက်သလင်းဖြူထိုင်ခုံကြီးတစ်လုံးစီဖြင့် နတ်ကွန်းရှေ့မှ ကျောက်သလင်းစင်မြင့်ပေါ်၌ ခံ့ညားထည်ဝါစွာ ထိုင်နေကြလျက် နတ်သဘင်ပွဲကြီးကို စီးမိုးရှုစားလျက်ရှိပေသည်။

သူတို့၏ရှေ့အောက်ဘက်ရှိ ကျောက်သလင်းလွင်ပြင်မှ မီးပုံကြီးအား ပတ်ပိုင်းကာ ဒြာဗိဒိယန် ယောကျ်ားမိန်းမတို့က လက်ချင်းတွဲယှက် ကခုန်လျက်ရှိကြပြီး ဗုံသမားတို့ကလည်း ဗုံတိုတို့ကို လက်ကိုင်တုတ်တိုဖြင့် ပြင်းစွာရိုက်ခတ်လျက်ရှိလေသည်။

'တုံ တုံ တုံ တုံ၊ တုံ တုံ တုံ တုံ'

နတ်ကွန်းဆီမှ ဗုံတိုသံ၊ လူတို့၏ ဟေးခနဲ ဟေးခနဲ အော်ဟစ်သံတို့က အမှောင်ရိပ်တို့ လွှမ်းနေသည့် ရေခဲတောင်ကြားဆီ လွင့်ပျံ့လို့လာနေ၏။

ရောဘက္ကာနှင့် ကျွန်ုပ်တို့သည် ဆူးချုံနွယ်တို့ကို ကွယ်ကာ ရေခဲတောင်ကြားလမ်းအဝဆီသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်လာခဲ့ကြတော့သည်။

"ဒီ ဒြာဗိဒိယန်ဒေသကနေ ထွက်ပေါက်သုံးပေါက်ရှိတယ် စိုးရဲ့ . . . ။

မြောက်ဘက်က နတ်တောင်ဂူလိုဏ်လမ်းပေါက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ လျှို့ဝှက်ထောင်ချောက်တွေ ရှိသလို အစောင့်တွေအများကြီး အထပ်ထပ်ချထားတယ်၊ စိုးတို့ဝင်လာခဲ့တာ အဲဒီဝင်ပေါက်လမ်းပဲလေ၊ ဒါကြောင့် စိုးတို့ အဖမ်းခံခဲ့ရတာပေါ့၊ အဲဒီ လိုဏ်လမ်းပေါက်ကပဲ ဒြာဝိဒီယန်မုဆိုးတွေ အမဲလိုက်ထွက်ကြလေ့ရှိတယ်၊

အနောက်ဘက်မှာတော့ ရေခဲပုံးတွေ၊ ဆီးနှင်းတွေ ထူထပ်တဲ့ မရဏဝင်ပေါက်ရှိတယ်၊ အဲဒီခရီးလမ်းကို ဝံတွေ၊ သစ်ခွေးတွေ၊ မြေခွေးတွေ၊ ဝံပုလွေတွေတောင် မလာဝံ့ကြဘူး၊ ခြေတစ်လှမ်းမှားသွားတာနဲ့ ရေခဲချောက်နှံ့ထဲ ကျွံဝင်သွားပြီး ဆီးနှင်းထုထဲ အရှင်လတ်လတ် သင်္ဂြိုဟ်ပြီးသားဖြစ်သွားမှာမို့ ဒြာဝိဒီယန်တွေလည်း အဲဒီအပေါက်က ဘယ်သူမှ မထွက်ဝံ့ကြဘူး၊ ပြင်ပကမ္ဘာက တိရစ္ဆာန်တစ်ကောင်တောင် မဝင်ဝံ့ဘူး၊ ပြီးတော့ အဲဒီဝင်ပေါက်လမ်းမှာ အင်မတန်အဆိပ်ပြင်းတဲ့ ရေခဲမြွေတွေ၊ သားစားလင်းယုန်ကြီးတွေ ရေခဲပင့်ကူတွေ ရှိသေးတယ်၊ အဲဒီဝင်ပေါက်လမ်းကို ဖြတ်သန်းမိတဲ့လူတွေ၊ တိရစ္ဆာန်တွေ မရဏလမ်းပဲ မြန်းကြရလို့ ရှေးအတီအတောကတည်းက အဲဒီဘက်ဝင်ပေါက်လမ်းကို မရဏဝင်ပေါက်လမ်းလို့ ခေါ်တွင်ခဲ့တာပဲ စိုးရဲ့၊ အဲဒီဝင်ပေါက်လမ်းမှာ အစောင့်လည်း လုံးဝချမထားဘူး ...၊





အခု ရောဘက္ကာတို့ဖြတ်သန်းဖောက်ထွက်မယ့် အနောက်မြောက်ဘက်လမ်းဟာလည်း မရဏလမ်းပါပဲ၊ ဆီးနှင်းရေခဲတောင်တန်းကြီးနှစ်ခုရဲ့ကြားက ရေခဲချောင်းရဲ့ကမ်းစပ်အတိုင်းသွားရမှာ စိုးရဲ့၊ အရင် ရေခဲတံတားရှိတုန်းကတော့ ရေခဲချောက်ထဲဆင်းပြီး ရေခဲချောင်းရိုးအတိုင်း သွားစရာမလိုပါဘူး ...၊ ဆီးနှင်းတောင်စွန်းနှစ်ခုကို ဆက်သွယ်ထားတဲ့ ရေခဲတံတားကနေ ဟိုဘက်တောင်တန်းဆီ ကူးသွားရုံပါပဲ၊ ဒါပေမဲ့ ရောဘက္ကာ မမွေးခင်ကတည်းက ရောဘက္ကာရဲ့အဖေဟာ အဲဒီရေခဲတံတားကိုကျော်ဖြတ်နိုင်စေဖို့ ပြုပြင်ရင်း ရေခဲတံတားကျိုးကျပြီး သေပွဲဝင်ခဲ့ရတယ်လေ"

"ဪ"

"အဲဒီ ရေခဲတံတားမရှိတဲ့အတွက် ချောက်ထဲကနေ ဆင်းလျှောက်ရတော့မယ်၊ အဲဒီရေခဲချောက်ထဲမှာ အင်မတန်ကြောက်စရာကောင်းတဲ့ ဖွတ်နဂါးကြီးတွေရှိတယ် စိုးရဲ့၊ သူတို့ရဲ့ရန်ကို ဖြိုခွင်းနိုင်ဖို့ပဲ လိုတယ်"

ရောဘက္ကာက ခပ်တိုးတိုးရှင်းပြရင်း ထင်းရှူးပင်အုပ်[illegible] အကြား တိုးဝင်သွားရာ ကျွန်ုပ်တို့လည်း လိုက်ပါချီတက်ခဲ့ရပါတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## လွှတ်မြောက်ခြင်း

မရဏာရေခဲချောင်း၏အစပ်ရှိ ဆူးချုံများကြားတွင် အုတ်ကျောက်အဆောက်အအုံငယ်တစ်ခုရှိပြီး ယင်း၌ အစောင့်ရဲမက်လေးဦးရှိကြောင်း ရေဘက္ကာက ခပ်တိုးတိုးပြောကာ ချောက်အစပ်နှင့် ဝါးနှစ်ရိုက်ခန့်အကွာရှိ ကျောက်တုံးကြီးနောက်တွင် ကျွန်ုပ်တို့ကို ခေတ္တနားစေလိုက်သည်။

''အဲဒီကင်းစခန်းမှာ အစောင့်လေးယောက်ရှိတယ်၊ နေ့တစ်ဆိုင်း ညတစ်ဆိုင်း ကင်းစောင့်ကြရတယ်၊ သူတို့ကို တတ်နိုင်ရင် မသတ်ဘဲ ကျော်ဖြတ်နိုင်အောင် ကြိုးစားပါ စို့''

''စိတ်ချပါ ရေဘက္ကာ၊ ကိုယ်တို့ဟာ လူမပြောနဲ့ . . .





တိရစ္ဆာန်တစ်ကောင်ကိုသတ်ဖို့တောင် ဝန်လေးကြသူပါ၊ ယုတ်စွအဆုံး သစ်ပင်ပန်းမာန်တွေကို ခုတ်ဖြတ်သတ်ဖို့တောင် မလုပ်ရက်ကြသူတွေပါ၊ ဒါပေမဲ့ ခုလို သေရေးရှင်ရေးကြုံလာတဲ့အခါမှာတော့ ကိုယ်တို့ ရန်စွယ်မှန်သမျှကို တိုက်ခိုက်ကျော်ဖြတ်ရတော့မှာပဲလေ၊ တတ်နိုင်သရွေ့တော့ လူမသတ်မိအောင် ကြိုးစားပါ့မယ်''

ထို့နောက် ကျွန်ုပ်နှင့်ဆာဝါတို့သည် ရေဘက္ကာအား ယင်းကျောက်တုံးကြီး၏ အနောက်ဘက်တွင် ပုန်းခိုနေရစ်စေပြီး တောလိုက်ဓားမြှောင်ကိုယ်စီ လက်ဝယ်ကိုင်လျက် ချုံကြိုချုံကြားမှနေ၍ ချောက်အစပ်ဆီ ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားကြတော့၏။ ကုတ်အင်္ကျီအောက်အိတ်ထဲမှ ပစ္စတိုတို့ကိုမူ မထုတ်ကြသေးပေ။

ကင်းတဲအဆောက်အအုံ အုတ်တိုက်လေးအတွင်းတွင်ကား မီးလင်းဖိုတစ်ဖိုဖိုထားပြီး ကင်းသမားနှစ်ယောက်က သားမွေးစောင်ကြီးများချုံကာ မီးလှုံလျက် သေရည်တကောင်းကို တစ်လှည့်စီ မော့နေကြလေသည်။

ကင်းသမားတစ်ယောက်ကမူ အုတ်တိုက်၏နံရံ တစ်ဖက်မှာ ကပ်လျက်ရှိသော ကျောက်ခုံရှည်ပေါ်၌ ငုံနေကိုခင်းကာ



www.burmeseclassic.com

www.burmeseclassic.com



သေရည်မူးပြီး ပိုးလိုးပက်လက် အိပ်ပျော်နေလေ၏။

ကင်းစောင့်ရန် အချိန်ပိုင်းအလိုက် တာဝန်ကျသူ ကင်းသမားစစ်သည်ကမူ လုံတံရှည်ကို မြေဝယ်ထောက်လျက် ချောက်အစပ်နားမှ ကျောက်တုံးကြီးတစ်တုံးပေါ်တွင်ထိုင်ရင်း ချောက်ဘက်ဆီသို့ ငေးငိုင်ကြည့်လျက်ရှိလေသည်။

ဤနေရာမှာ မြေငွေ့တို့ထွက်ရှိရာ နွေးထွေးသည့် ဒြာဝိဒိယန်မြို့နှင့် ရေခဲဆီးနှင်းတောင်တန်းလွင်ပြင်အရပ်တို့ကြား၌ရှိရာ အအေးဓာတ်က အတော်လွှမ်းမိုးလျက်ရှိလေ၏။

ထို့ကြောင့် ယင်း အအေးဒဏ်ကိုခံနိုင်ရည်ရှိစေရန် ကင်းသမားသည် သေရည်ကို ရေတကောင်းဖြင့်ထည့်လျက် တစ်ကျိုက်ချင်းမော့ရင်း ကင်းစောင့်လျက်ရှိလေသည်။

ကျွန်ုပ်က ယင်းကင်းသမား၏နောက်ကျောဘက်မှ ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားလိုက်တော့၏။

သို့သော် လရောင်က ကျွန်ုပ်၏ကျောပြင်ပေါ်သို့ ကျရောက်နေရာ အနီးကပ်သွားမိသည်နှင့် ကျွန်ုပ်၏အရိပ်သည် ကင်းသမား၏နံဘေးမှ မြေအပြင်ပေါ် ကျသွားပါတော့၏။

သေရည်ထွေနေသည့်တိုင် သတိရှိဟန်တူသော ကင်းသမားသည် သူ့နံဘေးသို့ အရိပ်ကျလာသည်နှင့် ဖျတ်ခနဲ လှည့်





ကြည့်လေသည်။

သို့သော် သူ၏လှုပ်ရှားမှုက အနည်းငယ်နောက်ကျသွားချေ၏။

ကျွန်ုပ်က သူ့အားခုန်အုပ်လိုက်ပြီး ဓားမြှောင်၏ဓားနောင့်ဖြင့် သူ၏အုတ်ဆက်ကို ထုချလိုက်တော့သည်။

'ဒုတ်'

''အ''

ကင်းသမားသည် အသံခပ်အုပ်အုပ်ဖြင့်သာ ညည်းညူလိုက်နိုင်ပြီး မြေပြင်ပေါ် ခွေခနဲလဲကျသွားပါတော့၏။

ထို့နောက်တွင်မူ ကျွန်ုပ်နှင့်ဆာဝါတို့သည် ကင်းတဲအုတ်တိုက်ငယ်အနီးသို့ ချဉ်းကပ်သွားကာ တစ်ခုတည်းသောဝင်ပေါက်ဝမှနေ၍ အတွင်းသို့ အသာကဲကြည့်လိုက်မိလေသည်။

မီးဖိုနံဘေးမှ ကင်းသမားနှစ်ဦးမှာ အတော် ရေချိန်ကိုက်နေကြဟန်ရှိပြီး သူတို့၏ဆောင်ဓား ဓားကောက်ကြီးများကို နံဘေး၌ချထားလျက် သေရည်တကောင်းကိုမော့လိုက်၊ ဆိတ်သားခြောက်မီးဖုတ်ကို ဝါးလိုက်ဖြင့် ဆက်ရက်မင်းစည်းစိမ်ခံစားလျက်ရှိကြလေသည်။

ကျွန်ုပ်နှင့်ဆာဝါက အုတ်တိုက်ငယ်လေးထဲသို့ ခြေသံဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဝင်လိုက်တော့၏။

ထိုစဉ် ကျောက်ခုံထက်တွင် အိပ်ပျော်နေသူ၏ မျက်ခွံတို့ ပွင့်လာပြီး ကျွန်ုပ်တို့ကို မြင်သွားတော့သည်။

"ဟာ ... လူ လူ"

ထိုသူက ပါးစပ်မှ ဂူးဂူးဝါးဝါးအော်ကာ လဲလျောင်းနေရာမှ လူးလဲထပြီး နံဘေး၌ချထားသော ဓားကောက်ကို ဆွဲယူလိုက်လေသည်။

မီးဖိုနံဘေးမှကင်းသမားတို့သည်လည်း သူတို့အဖော်၏ အော်သံကြောင့် အုတ်တိုက်အပေါက်ဝဆီ ဖျတ်ခနဲလှည့်ကြည့်လိုက်ကြတော့၏။

"ဟင်"

"ရန်သူ ... ရန်သူ"

သူတို့နှစ်ဦးသည်လည်း ဖျတ်ခနဲ လူးလဲထကာ ဓားကောက်ကြီးတို့ကို ကိုင်ဆွဲလိုက်ကြတော့သည်။

ကျွန်ုပ်ရော ဆာဝါပါ ဝဲဘက်လက်တွင် တောလိုက်ဓားမြှောင်ကို ကိုင်ထားကြပြီး လက်ယာဘက်လက်ထဲတွင် ပစ္စတိုတစ်ယောက်တစ်လက်စီ ကိုင်ထားလိုက်ကြပြီဖြစ်၏။

"ရန်သူ ... သတ်"





ဒြာဝိဒ်ယန်ရဲမက်တို့က ဒေါသကြီးစွာ အော်ဟစ်ရင်း ကျွန်ုပ်တို့ကို တိုက်ခိုက်ရန် ပြေးလာကြတော့၏။

ဤတွင် ရှေ့ဆုံးမှဓားကိုဝင့်ကာ ပြေးပိုင်းရန်ပြင်သူ၏ ပေါင်အား ကျွန်ုပ်သည် မလွဲရှောင်သာစွာ ပစ္စတိုဖြင့် ဆီးပစ်လိုက်ရတော့သည်။

'ဒိုင်း'

"အား"

ထိုသူ အုတ်တိုက်လေး၏ကြမ်းပြင်ပေါ် ပုံလဲကျသွားစဉ် ကျောက်ခုံပေါ်မှ ခုန်ဆင်းလာသူ၏ဓားချက်ကို ဆာဝါက နောက်ဆုတ်ရှောင်လိုက်ပြီး ယင်း၏လက်မောင်းတစ်ဖက်ကို ပစ္စတိုဖြင့် ပစ်လိုက်ရတော့၏။

'ဒိုင်း'

"အင့်"

ကျန်ကင်းသမားမှာမူ ကျွန်ုပ်တို့ကို ဝင်ရောက်တိုက်ခိုက်ခြင်း မပြုဘဲ ကျောက်ခုံ၏အစွန်းတွင်တင်ထားသည့် ခရုသင်းကို ပြေးယူလိုက်ပြီး အုတ်တိုက်ငယ်၏အပြင်ဘက်သို့ ပြေးထွက်သွားတော့၏။

ထိုသူ၏အကြံကိုသိသဖြင့် ကျွန်ုပ်က သူ့နောက်မှ ပြေး



www.burmeseclassic.com

www.burmeseclassic.com

ထွက်လိုက်စဉ်မှာပင် ထိုသူက ဒြာဝိဒိယန်မြို့ဘက်သို့ လှည့်လျက် ခရုသင်းကို အားပါးတရ မှုတ်ပြီး အချက်ပေးရန် ကြိုးစားတော့သည်။

သို့သော် ထိုသူ ခရုသင်းကို စတင်မှုတ်လိုက်ချိန်မှာပင် ခပ်လှမ်းလှမ်းရှိ ထင်းရှူးပင်ရိပ်အောက်မှ လူတစ်ယောက်၏ လှုပ်ရှားမှုကို ရိပ်ခနဲတွေ့လိုက်ရ၏။

ထိုလူ၏လက်ထဲမှ အရာဝတ္ထုတစ်ခုသည် လေထဲ လက်ခနဲ ဝဲပျံလာလျက် ခရုသင်းမှုတ်သူ၏ လည်မျိုကို ထွင်းဖောက်စိုက်ဝင်သွားတော့၏။

'ဒုတ်'

ခရုသင်းမှုတ်သူမှာ ပါးစပ်မှ အသံပင်မထွက်နိုင်ဘဲ မြေပြင်ပေါ်ခွေကျကာ ဆန့်ငင်ဆန့်ငင် ဖြစ်နေပြီးနောက် အသက်ပျောက်သွားရတော့၏။

ခရုသင်းမှုတ်သူကို ပေါက်ဓားဖြင့် ပစ်ပေါက်လိုက်သူက ထင်းရှူးပင်တို့၏ မှောင်ရိပ်အောက်မှနေ၍ လရောင်အောက်သို့ လှမ်းထွက်လာတော့၏။

"ဟာ ... မိုး မိုးလေး"

မိုးလေးက သူ၏သခင်မကို ဒူးတစ်ဖက်ထောက်လျက်





ခစားလိုက်ပြီးမှ ရှိသေစွာလျှောက်ထားတော့၏။

"ကျွန်တော်မျိုးကို ခွင့်လွှတ်ပါ၊ ထိပ်ထားလေးရဲ့ လှုပ်ရှားသွားလာမှုကို သံသယဖြစ်ပြီး ထိပ်ထားလေးရဲ့စက်ရာခန်းသဏ္ဌာလီထဲ ဝင်ကြည့်မိရာက ထိပ်ထားလေး လျှို့ဝှက်လိုဏ်ပေါက်ကနေ ထွက်သွားပြီဆိုတာ သတိပြုမိတယ် ...၊

ဒါကြောင့် ထိပ်ထားလေးအပေါ် ကျရောက်လာမယ့် အန္တရာယ်တွေကို ကာကွယ်ပေးဖို့ ကျွန်တော်မျိုး လိုက်လာတာပါ"

ထို့နောက် မိုးလေးက ခရုသင်းမှုတ်သူစစ်သည်၏ လည်ပင်းမှ ဓားမြှောင်ကို ဆွဲနှုတ်ယူလိုက်ပြီး ထိုရဲမက်၏ကိုယ်နှင့်ပင်ဓားမှ သွေးတို့ကို သုတ်လိုက်လေသည်။

"ဒီရဲမက် ခရုသင်းမှုတ်ပြီး အချက်ပေးလိုက်ရင် ချက်ချင်းဆိုသလို မင်းသားဒီလစ်ရမ်ရဲ့လူတွေ ရောက်လာလိမ့်မယ်၊ ဒါကြောင့် သူ့ကို ကျွန်တော်မျိုး တားဆီးလိုက်ရတာပါပဲ ...၊

အခုဆို မင်းသားဒီလစ်ရမ်ဟာ နေရာတကာမှာ အာဏာစိုးမိုးနေပြီ၊ သူဟာ ထိပ်ထားလေးကို ဘုရင်ကြီးရဲ့ရှာပန အခမ်းအနားပြီးတာနဲ့ သိမ်းပိုက်တော့မယ်၊ သူလို အတ္တကြီးလူ တဏှာရူးရဲ့လက်ထဲ ကျွန်တော်မျိုး လေးစားမြတ်နိုးတဲ့ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လေးကို မကျရောက်စေချင်ပါဘူး၊ အခု ဒီနယ်မြေကနေ ထိပ်ထားလေး ထွက်ပြေးတော့မလို့ မဟုတ်လား''

''ဟုတ်ပါတယ် မိုးလေရယ်၊ မိုးလေးပြောသလိုပဲ ထိပ်ထားအနေနဲ့ ဒီလစ်ရမ်ရဲ့လက်ထဲ ကျရောက်ရရင် ငရဲကျသလို ခံစားရမှာ မိုးလေးရဲ့၊ ဒါကြောင့် သူ့ရဲ့လက်ထဲက လွတ်မြောက်ဖို့ ဒီနယ်မြေကိုစွန့်ခွာထွက်ပြေးရတော့မယ်လေ၊ ထိပ်ထားကို မိုးလေး မတားပါနဲ့နော်''

''မတားပါဘူး ထိပ်ထားလေး၊ ကျွန်တော်မျိုးက ဒီလစ်ရမ်ရဲ့လက်ထဲကနေ ထိပ်ထားလေးကို လွတ်မြောက်စေချင်သူပါ၊ ဒါထက် ဒီလူတွေနဲ့ ထိပ်ထားလေး လိုက်သွားမလို့လား၊ သူတို့ကရော ထိပ်ထားအပေါ်ကောင်းပါ့မလား''

''သူတို့အတွက်တော့ စိတ်ချပါ မိုးလေးရယ်၊ သူတို့ဟာ ပြင်ပကမ္ဘာကလာသူတွေဖြစ်ပေမယ့် အသိပညာနဲ့ ယဉ်ကျေးမှု မြင့်မားသူတွေပါ၊ သူတို့ဟာ လူကောင်းသူကောင်းတွေပါ၊ သူတို့ဟာ ထိပ်ထားကို သေချာစောင့်ရှောက်ပါလိမ့်မယ်၊ ဒီလစ်ရမ်ရဲ့ လက်ထဲကျရောက်ရမှာထက်စာရင် အများကြီးသာမှာပါ၊ ပြီးတော့''

ရောဘက္ကာက စကားကို တုံ့ရပ်လိုက်ပြီးမှ ကျွန်ုပ်၏အနီး





သို့ တိုးရွေ့လာကာ ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို ဖွဖွညင်သာ ဆုပ်ကိုင်လိုက်လျက် မပွင့်တပွင့် မရဲတရဲ ပြောလိုက်ရှာသည်။

''သူ သူဟာ ရောဘက္ကာရဲ့ချစ်သူ ဖြစ်နေပါပြီ မိုးလေး၊ ရောဘက္ကာကိုလည်းချစ်ပြီး ရောဘက္ကာကလည်းချစ်တဲ့ ချစ်သူရဲ့ စောင့်ရှောက်မှုအောက်မှာ ဘဝခရီးဆက်ရတာဟာ ဒီလစ်ရမ်လို ငရဲသားရဲ့လက်ထဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ကျရောက်ရမှာထက်စာရင် သာမှာပါ မိုးလေးရယ်''

ရောဘက္ကာ၏စကားကြောင့် ကျွန်ုပ်မှာ ဝမ်းသာလုံးဆို့ပြီး နောက်ကျွမ်းရှေ့ကျွမ်း ပစ်ချင်စိတ်ပင် ပေါက်သွားရတော့၏။

မိုးလေးကမူ ပေါက်ဓားကို ခါးမှခါးပတ်တွင် ပြန်ထိုးထားလိုက်ရင်း ကျွန်ုပ်ကို တင်းမာခက်ထန်သည့်မျက်နှာဖြင့် စူးခနဲ လှမ်းကြည့်လိုက်၏။

သူ၏မျက်လုံးအကြည့်တို့တွင် အမုန်းရိပ်နှင့် မနာလိုရိပ်တို့ကို လရောင်ဖြင့် ကျွန်ုပ် သတိပြုမိသည်ထင်၏။

ပြီးမှ သူက ရောဘက္ကာကို နူးညံ့သည့်လေသံဖြင့် ပြောလေသည်။

''အရာရာကို ထိပ်ထားလေးစိတ်ကြိုက်[illegible]ဖြစ်ပါ၊ ကျွန်တော်မျိုးဟာ ထိပ်ထားလေး အပျိုဘော်ဝင်စကတည်းက

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

စပြီး စောင့်ရှောက်ခဲ့သူပါ၊ ကျွန်တော်မျိုးရဲ့မေတ္တာဟာ ထိပ်ထားလေးအပေါ် အတိုင်းအဆမဲ့ပါတယ်၊ ထိပ်ထားလေး စိတ်ချမ်းသာမယ့် ဘယ်လိုအရေးကိစ္စမျိုးမဆို ကျွန်တော်မျိုး ဆောင်ရွက်ပေးဖို့အသင့်ပါပဲ ...၊

အခု မရဏာရေခဲတောင်ကြားကနေ ထိပ်ထားလေးတို့ ဖြတ်ထွက်ဖို့ ဆုံးဖြတ်ပြီးပြီမဟုတ်လား၊ ဒြာဝိဒီယန်ဒေသကနေ လွတ်လမ်းက ဒီတစ်လမ်းပဲရှိတယ်လေ၊ ဒီတော့ မရဏာရေခဲတောင်ကြားကနေ လွတ်မြောက်တဲ့အထိ ကျွန်တော်မျိုး လိုက်ပို့ပါရစေ ...၊

မှန်တာပြောရရင်တော့ ထိပ်ထားလေးနဲ့အတူ ဘယ်ကမ္ဘာရောက်ရောက်လိုက်ပါပြီး စောင့်ရှောက်ပေးချင်ပါတယ်၊ ဒါပေမဲ့ အမိမြေကို ချစ်တဲ့စိတ်ရယ်၊ ကျွန်တော်မျိုးရဲ့ မျက်မမြင်မိခင်အိုကြီးကို စောင့်ရှောက်ကျွေးမွေးရဦးမယ့်တာဝန်တွေကြောင့် ထိပ်ထားလေးနဲ့ ပြင်ပကမ္ဘာဆီ မလိုက်ပါနိုင်တာကို ခွင့်လွှတ်ပါ''

မိုးလေးက ရောဘက္ကာ၏ရှေ့ဝယ် ဒူးတစ်ဖက်ထောင်ထိုင်ကာ အရိုအသေပြုလိုက်ပြီး ဦးခေါင်းငိုက်စိုက်ချလျက် တောင်းပန်စကားဆိုလေသည်။

ရောဘက္ကာက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး လူထွား





ကြီးမိုးလေး၏ပခုံးတစ်ဖက်အပေါ် လက်ဖဝါးလေးတင်လိုက်ကာ လှိုက်မောတုန်ယင်သောအသံလေးဖြင့် တိုးတိုးဖွဖွ ပြောလိုက်လေသည်။

''မိုးလေးရယ် ... မိုးလေးရဲ့မေတ္တာကို ရောဘက္ကာ နားလည်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်၊ ရောဘက္ကာ ဘယ်ကမ္ဘာကိုပဲရောက်ရောက် ဘယ်ဘဝ ဘယ်အခြေအနေပဲရောက်ရောက် မိုးလေးကို မမေ့ပါဘူး၊ မရဏာရေခဲတောင်ကြားလမ်းဟာ အန္တရာယ်များလှပါတယ်၊ မိုးလေး လိုက်မပို့ပါနဲ့၊ ရောဘက္ကာတို့ ဘာသာသွားပါ့မယ်''

''အို .. မဟုတ်တာဘဲ ထိပ်ထားလေးရယ်၊ မရဏာရေခဲတောင်ကြားထဲက ဖွတ်နဂါးကြီးတွေရဲ့ အန္တရာယ်ဟာ ကြီးမားလှပါတယ်၊ သူတို့ရဲ့အန္တရာယ်ကို ထိပ်ထားလေးတို့ ကျော်ဖြတ်နိုင်ဖို့ မလွယ်ဘူး၊ ကျွန်တော်မျိုးလိုက်ပို့မှဖြစ်မှာပါ၊ ဖွတ်နဂါးကြီးတွေကို တော်ရုံလက်နက်နဲ့ နှိမ်နင်းနိုင်ဖို့ မလွယ်ဘူး၊ ဟောဒီလို မြားထိပ်က သံဟက်မှာ တစ်ဆွေ့ခုန်အဆိပ်မျိုး သုတ်လိမ်းထားပြီးပစ်မှ သင်းတို့ရဲ့ဇီဝိန်ကို ခြွေနိုင်မှာ ထိပ်ထားလေးရဲ့''

မိုးလေးက သူ၏ကျော၌ လေးနှင့်အတူ ရေးဆွဲသိုင်းလွယ်ထားသည့် ကျည်တောက်ဘူးထဲမှ မြားတို့ကို ညွှန်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ဒါကြောင့် ကျွန်တော်မျိုးလိုက်ပို့ပါရစေ၊ ထိပ်ထား လေးကို စိတ်မချလို့ပါ၊ ပြီးတော့ အဲဒီရေခဲတောင်ကြားလမ်းက နေ အမြန်ဆုံးဖောက်ထွက်နိုင်မယ့်ဖြတ်လမ်းကို အမဲပစ်ထွက်ရင်း ကျွန်တော်မျိုး တွေ့ထားတယ်၊ အဲဒီဖြတ်လမ်းကိုလည်း လိုက်ပြ ချင်လို့ပါ"

မိုးလေးက လိုက်ပို့ခွင့်ပြုရန် အတန်တန်တောင်းပန်လေ ရာ နောက်ဆုံးတွင် ရေဘဏ္ဍာက ခွင့်ပြုလိုက်ရတော့၏။

"ကောင်းပြီလေ၊ မရဏာရေခဲတောင်ကြားရဲ့ဖြတ်လမ်း ရောက်တဲ့အထိတော့ လိုက်ပို့ချင်ပို့လေ"

မိုးလေးက ဝမ်းမြောက်ဝမ်းသာဖြစ်သွားဟန်ဖြင့် အားပါး တရ ပြုံးလိုက်ရာ နှုတ်ခမ်းထူထူကြီးများကြားမှ သူ၏သွားဖွေး ဖွေးတို့ လှစ်ခနဲပေါ်လာသည်။

သူက ရေဘဏ္ဍာကို ဦးညွှတ်အရိုအသေပြုလိုက်ပြီး နောက် ထိုင်ရာမှထကာ လေးကိုပြန်လွယ်လျက် မြားကျည် တောက်ကိုလည်း ပြုပြင်လိုက်သည်။

"ထိပ်ထားလေး . . . ကျွန်တော်မျိုးတို့ သွားကြရအောင်၊ မကြာခင် တပ်မှူးကြီးရမ်ဘာ ကင်းစစ်လာတော့မယ်"





"အင်း . . . ဟုတ်ပြီလေ သွားကြမယ်"

ဖြူလဲ့နေသော လဝန်းက ကျွန်ုပ်တို့၏ခေါင်းပေါ်တည့် တည့်သို့ ရောက်နေချေပြီ။ ဒြာဝိဒ်ယန်မြို့လေးဆီမှ ဗုံတိုသံ တတုံတုံနှင့် နတ်ဝင်သည်တို့၏ နတ်ချင်းဆိုသံတို့က သည်မှာ ဘက်သို့ လွင့်ပျံ့လာနေဆဲဖြစ်၏။ ကျွန်ုပ်တို့က ဒဏ်ရာရ ကင်း သမားနှစ်ဦးကို ကြိုးတုပ်ကာ ပါးစပ်ထဲ အဝတ်ဆို့ထားလိုက်ကြ သည်။

ထို့နောက် မိုးလေးက ရှေ့မှဦးဆောင်ကာ ကင်းတဲ၏ ဝဲဘက်ရှေ့နားမှနေ၍ ချောက်ထဲသို့ စတင်ဆင်းသည်။ သူ၏ နောက်မှ ရေဘဏ္ဍာက လိုက်ဆင်းပြီး သူမ၏နောက်တွင် ကျွန်ုပ် နှင့်ဆာဝါတို့ ခက်ရာခက်ဆစ် လိုက်ပါဆင်းသက်ခဲ့ကြပြီ။

ကျွန်ုပ်တို့သည် မီးတုပ်များအသုံးပြု၍ မဖြစ်သောကြောင့် လရောင်အားကိုးဖြင့်သာ ကျောက်တုံးကျောက်ခက်များကြားမှ မတ်စောက်လှသော ချောက်ကြီးထဲသို့ ဆင်းခဲ့ကြရခြင်းဖြစ်ရာ ပေနှစ်ရာခန့်ဆင်းမိလျှင် အောက်ဘက်၌ တသွင်သွင်စီးဆင်းနေ သည့် စမ်းချောင်းတစ်ခုကို လှမ်းတွေ့ရလေသည်။

ယင်းစမ်းချောင်းတွင် ရေခဲတုံးကြီးများ မျောပါလာလျက် ရှိသဖြင့် ရေခဲချောင်းဟုလည်း ခေါ်နိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် နောက်ထပ်နာရီဝက်ကျော်ကျော်ခန့် ဆက်ဆင်းမိလျှင် ချောက်၏အောက်ခြေရှိ စမ်းချောင်းလေး၏ နံဘေးသို့ ရောက်ရှိသွားပါတော့သည်။

ကျွန်ုပ်တို့ ဆင်းသက်ခဲ့သော စမ်းချောင်းလေး၏ဝဲဘက်မှ ကျောက်တောင်ထက် စမ်းချောင်းလေး၏ လက်ယာဘက်မှ ကျောက်တောင်ကြီးက အဆမျှားစွာ ပိုမိုမြင့်မားပြီး ယင်းကျောက်တောင်၏ထိပ်ပိုင်းတွင် ဆီးနှင်းရေခဲတို့ ဖုံးလွှမ်းလျက်ရှိလေသည်။

ကျွန်ုပ်တို့ရောက်ရှိနေရာ ကျောက်တောင်ကြီးနှစ်ခု အကြားရှိ ပေသုံးဆယ်ခန့်ကျယ်သည့် တောင်ကြားလမ်းကလေး၏ ဝန်းကျင်၌ မှောင်ရိပ်တို့ ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိကာ လွန်စွာတိတ်ဆိတ်လျက်လည်း ရှိပေ၏။

ဆီးနှင်းတောင်ထိပ်အပေါ် လရောင်ဟပ်မှုကြောင့်သာ ရောင်ပြန်ဖြင့်အလင်းကို ရရှိနေကြခြင်းဖြစ်ကာ တောင်ကြားလမ်း အတိုင်း တစ်ချက်တစ်ချက် ပြေးဝင်လာသည့် လေအေးကြမ်းကြမ်းကြီးကြောင့် စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွားကြရတော့သည်။

ကျွန်ုပ်တို့သည် ဆယ့်ငါးပေခန့်ကျယ်သည့် ရေခဲချောင်းလေး၏ နံဘေးမှ ဆီးနှင်းဖုံးသောင်ပြင်အတိုင်း ရှုဝံ့ကြွယ်ရှိရာ မြောက်အရပ်ဆီ လျှောက်လှမ်းလာကြရာ ခြေလှမ်းနှစ်ဆယ်ခန့်





လှမ်းမိရုံရှိသေး ရှူးခနဲ ရှူးခနဲ ထူးခြားသည့်လေမှုတ်သံကြီးများကို ကြားလိုက်ရသဖြင့် ခြေလှမ်းတို့ကိုရပ်ကာ လက်နက်တို့ကို အသင့်ပြင်ထားလိုက်ရတော့၏။

"ဖွတ်နဂါးကြီးတွေ လာပြီထင်တယ် ထိပ်ထားလေး၊ ကျွန်တော်မျိုးရဲ့ကျောဘက်နားမှာ နေပါ၊ သင်းတို့ကို အဆိပ်လူးမြားနဲ့ ရင်ဆိုင်ရမယ်"

မိုးလေးက ရေဘဏ္ဍာအား သူ့ကျောနောက်ဘက်တွင် နေစေလိုက်ပြီး သူက မြားကျည်တောက်ထဲမှ အဆိပ်လူးမြားကို ထုတ်ကာ လေးညို့ပေါ်တင်လိုက်လေသည်။

သူ၏သွင်ပြင်ဟန်က မည်သို့သောအန္တရာယ်များကျရောက်လာပါစေ သူ့သခင်မအတွက် ရှေ့မှရင်ဆိုင်ကာကွယ်သွားမည် ဆိုသည့်ဟန်ပန်မျိုးဖြစ်ပါ၏။ သူက သူ့သခင်မအတွက် အသက်ပေးစွန့်လွှတ်ရန် အသင့်ရှိနေပုံရလေသည်။

တရှူးရှူးအသံကြီးများက ဆီးနှင်းဖုံးကျောက်တောင်တန်းကြီးများအကြား နေရာအနှံ့မှကြားနေရရာ ထိုလေးဖက်လေးတန်မှထွက်ပေါ်နေသော အသံကြီးတို့မှာ တဖြည်းဖြည်း များသည်ထက်များပြားလာရာ ကျွန်ုပ်တို့လူစုမှာ ချောင်ပိတ်မိနေသည့်နယ် ခံစားလာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်ဆာဝါသည်လည်း ရေဘက္ကာတို့နှင့်အတူ ကျောခိုင်းရပ်တည်လိုက်ကြကာ လက်ထဲမှပစ္စတိုတို့ကို မောင်း အသင့်တင်ထားလိုက်ကြတော့သည်။

ခဏအကြာမှာပင် ရေခဲတောင်ကြားတို့အကြားမှ ဆီးနှင်းဖုံးကျောက်တုံးကျောက်ဆောင်တို့ကို ကျော်ဖြတ်ကာ ရောမတွားသွားသတ္တဝါကြီးများသည် ပါးစပ်မှ မီးတောက်မီးလျှံ တို့ကို တရှူးရှူးမှုတ်ထုတ်ရင်း ချောက်အောက်ခြေသို့ တရွေ့ရွေ့ ဆင်းလာကြတော့၏။

"ဆာဝါရေ . . . အဲဒါ ဖွတ်နဂါးကြီးတွေပဲကွ၊ အင်္ဂလိပ် လို (Giant Lizards) ဂျိုင်းရင့်လစ်ဇာ့(ဒ်) လို့ခေါ်တယ်၊ ဟူး ကောင်းတောင်ကြားဘက်မှာတော့ တောင်နဂါးလို့ခေါ်ကြတယ်၊ ဟူးကောင်းဒေသဆိုတာ ငါတို့မြန်မာပြည်ရဲ့မြောက်ဘက်စွန်း ကျတဲ့ ဒေသပဲကွ၊ အဲဒီကရေခဲတောင်တန်းတွေမှာ ဒီကောင်ကြီး တွေ ကျက်စားတတ်ကြတယ်ကွ၊ ဟူးကောင်းဒေသက ရေခဲဖုံး တောင်တန်းတွေဟာလည်း ဒီဟိမဝန္တာတောင်မကြီးကနေ ဖြာ ထွက်သွားတဲ့ တောင်စွယ်တောင်တန်းတွေပါပဲ"

ကျွန်ုပ်က ဆာဝါကိုရှင်းပြနေစဉ်မှာပင် ဖွတ်နဂါးကြီးတစ် ကောင်သည် ရေခဲချောင်းကိုဖြတ်သန်းလာရင်း သူ၏ပါးစပ်ထဲမှ





မီးတောက်မီးလျှံကို မှုတ်ထုတ်လိုက်တော့၏။

'ရှူး ရှူး ရှူး'

"ဟာ . . . ပါးစပ်ထဲက မီးတွေမှုတ်ထုတ်နေပြီ"

"အဲဒါ . . . မီးမဟုတ်ဘူးကွ . . . ဆာဝါ၊ ဖွတ်နဂါးကြီး ရဲ့လျှာပဲ"

ဖွတ်နဂါးကြီးကား ရှည်လျားလှသည့် သူ၏လျှာနီနီရဲရဲ ကြီးကို တရှူးရှူးဖြင့်မှုတ်ထုတ်ရင်း ကျွန်ုပ်တို့ကို တိုက်ခိုက်ရန် ပါးတပ်ရပ်လျက် ပြေးဝင်လာတော့၏။

'ထောင်း'

'ရွှီး'

'စွပ်'

'ဂရား ဂရား'

မိုးလေးပစ်လွှတ်လိုက်သည့် အဆိပ်လူးမြားက ဖွတ်နဂါး ကြီး၏မျက်လုံးတစ်ဖက်ထဲ ဖောက်ဝင်သွားရာ ဖွတ်နဂါးကြီးမှာ ယယ်သံပါအောင် အော်ရင်း အမြီးကို တပြန်းပြန်းပုတ်လျက် လူးလိမ့်သွားတော့၏။

'ဘုံး ဘုံး ဘုံး'

ယင်း ရောမဖွတ်နဂါးကြီး၏ အမြီးရိုက်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရေခဲချောင်းထဲမှ အေးမြလှသော ရေစက်ရေမွှားများနှင့် ကွဲကြေကုန်ကြသည့် ရေခဲအစအနတို့က ကျွန်ုပ်တို့ကိုယ်ပေါ်သို့ တဖွားဖွားဖြင့် လွင့်ဝဲကျရောက်လာကြတော့သည်။

မိုးလေးက အဆိပ်လူးမြားဖြင့် ထပ်ပစ်ကာ ထိုသတ္တဝါကြီး၏ ဇိဝိန်ကို ချုပ်ပေးလိုက်ရတော့၏။

ခဏချင်းမှာပင် ထိုဖွတ်နဂါးကြီးမှာ ငြိမ်ကျသွားပါတော့သည်။ ကျွန်ုပ်က ကျေနပ်အားရလှသဖြင့် မိုးလေးအား လက်ယာလက်မထောင်လျက် ဂုဏ်ပြုလိုက်ရာ သူက ခေါင်းညိတ်ရုံညိတ်ပြလေသည်။

ထိုခဏမှာပင် အန္တရာယ်ကောင်ကြီးများမှာ ကျွန်ုပ်မျက်နှာစာသုံးဖက်မှနေ၍ တရှူးရှူး အော်မြည်လျက် ပြေးဝင်လာကြတော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'

မိုးလေးနှင့်ရေဘက္ကာတို့က လေးတို့ဖြင့်ပစ်ခတ်ခုခံလျက်ရှိသလို ကျွန်ုပ်နှင့်ဆာဝါတို့၏လက်မှ ပစ္စတိုတို့မှာလည်း အဆက်မပြတ် မီးပွင့်သွားပါတော့၏။

''ရှပ် ရှပ်''

''ဖောင်း''





''ဂရား ဂရား''

ရေခဲတောင်ကြားထဲမှ ကျွန်ုပ်တို့လူသားလေးဦးနှင့် ဖွတ်နဂါးကြီးတို့၏ တိုက်ပွဲမှာ ပြင်းထန်လှစွာ၏။

'ဒိုင်း ဒိုင်း ဒိုင်း'

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံကြီးများနှင့်အတူ ရောမဖွတ်နဂါးကြီးများ၏ ဒေါသတကြီး မာန်ဖိသံ၊ နာကျည်းစွာအသံနက်ကြီးတို့ဖြင့် အော်ဟစ်သံတို့မှာ ရေခဲတောင်ကြားထဲတွင် ဟိန်းဟိန်းထထွက်ပေါ်လျက်ရှိတော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'

'ဂရား ဂရား ဂရား'

ထိုစဉ်မှာပင် ကျွန်ုပ်တို့ဆင်းသက်ခဲ့ရာ ကျောက်တောင်ကြီးအပေါ်မှ ဒြာဝိဒိယန်တို့၏ အချက်ပေးဗုံသံ တတုံတုံကို အဆက်မပြတ်ကြားလာရပြီး ခဏချင်းမှာပင် မီးတုတ်တို့၏ မီးရောင်တို့ကို အမှောင်ထုထဲတွင် တွေ့လာရတော့၏။

''ဟာ ...ရဲမက်တွေ သိသွားပြီး လိုက်လာကြပြီထိပ်ထားလေး''

''အို ... ဒါဆိုမဖြစ်ဘူး၊ မိုးလေး ပြန်တော့ ပြန်တော့၊ မိုးလေး ရေဘက္ကာတို့နဲ့အတူ ရှိနေတာကို သူတို့သိသွားကြရင်



www.burmeseclassic.com

www.burmeseclassic.com



မိုးလေး မင်းပြစ်မင်းဒဏ် သင့်တော့မယ်၊ သွား သွား ... မိုးလေး သွားတော့''

''မသွားပါရစေနဲ့ ထိပ်ထားလေးရယ်၊ ဖွတ်နဂါးကြီးတွေက ထပ်လာကြဦးမှာဗျ၊ ထိပ်ထားလေးအတွက် အန္တရာယ်တွေ ဝိုင်းနေချိန်မှာ ကျွန်တော်မျိုးအနေနဲ့ ထိပ်ထားလေးကို ဘယ်နည်းနဲ့မှ ပစ်မထားခဲ့နိုင်ပါဘူး''

'ရှူး ရှူး ရှူး'

''ဟော ... သူတို့လာကြပြန်ပြီ၊ ကျုပ်တို့ ပစ်ရင်းခတ်ရင်း တောင်ကြားဖြတ်လမ်းဆီ အရောက်သွားကြရအောင်''

ပထမတစ်သုတ် ဖွတ်နဂါးကြီးတို့ အတုံးအရုံးကျခဲ့၊ သွားကြပြီးနောက် ဒုတိယအသုတ် ဖွတ်နဂါးကြီးတို့က ဆီးနှင်း ဖုံးတောင်ကြောများပေါ်မှ ဆင်းလာကြကာ ပါးစပ်ထဲမှ နီရဲနေသည့် လျှာကို တရှူးရှူးဖြင့် မှုတ်ထုတ်လျက် သူ၏လျှာရှည်ရှည်ကြီးဖြင့် သားကောင်တို့ကို ရစ်ပတ်ဖမ်းဆီးရန် ကြိုးပမ်းလိုက်၏။

သူတို့က ယင်းသို့ လျှာဖြင့် ဖမ်းခြင်းမအောင်မြင်လျှင် ကြီးမားစာတွတ်နိုင်လှသည့် အမြီးကြီးဖြင့် တဖြန်းဖြန်းရိုက်ခတ်တော့ရာ သူတို့၏ရိုက်ချက်မိပြီး ကျွန်ုပ်တို့၏ မီးလင်းဖိုထဲမှ မီးပွားများ၊ ထင်းချောင်းများ တဖွားဖွား လွင့်စင်ကုန်ကြတော့၏။





'ဒိုင်း ဒိုင်း ဒိုင်း'

'ရှပ် ရှပ် ရှပ်'

ကျွန်ုပ်တို့လူသားလေးဦးကလည်း စုပြုပြေးဝင်လာကြသည့် ဖွတ်နဂါးကြီးတို့၏မျက်လုံးတို့ထဲသို့ အဆိပ်လူးမြားများ ခဲပူတောင့်များ ဆက်တိုက်ပစ်လွှတ်ကြတော့၏။

ကျွန်ုပ်တို့ ပစ်အားကောင်းလှသောကြောင့်သာ ဖွတ်နဂါးကြီးတို့၏အစာ မဖြစ်ရခြင်းပင်။

သို့သော် တစ်ချိန်၌မူ ဆာဝါက ကျည်ကုန်သွားသဖြင့် ကျည်ကပ်လဲနေစဉ် ဖွတ်နဂါးကြီးက လျင်မြန်စွာ ပြေးဝင်လာပြီး ဆာဝါ၏ခန္ဓာကိုယ်ကို သူ၏ရှည်လျားနီရဲနေသည့် လျှာကြီးဖြင့် ရစ်ပတ်လိုက်ကာ အာခံတွင်းကြီးဆီသို့ ဆွဲယူသွားတော့၏။

''ဟာ''

ရောမဖွတ်နဂါးကြီးက ဆာဝါအား ပါးစပ်ကြီးဟကာ ကိုက်ခဲမည်ပြုစဉ် ဖျတ်လတ်ရဲရင့်လှသည့်ဆာဝါက ဖွတ်နဂါးကြီး၏ မျက်လုံးတို့ကို တောလိုက်ဓားမြှောင်ဖြင့် ထိုးဖောက်လိုက်တော့၏။

'ဖောင်း'

'ဖောင်း'



www.burmeseclassic.com

www.burmeseclassic.com



'ဂရား ဂရား ဂရား'

ဖွတ်နဂါးကြီးမှာ နာကျင်လှသဖြင့် ဖျတ်ဖျတ်လူးသွားကာ သူ၏လျှာကိုလည်း ဖြည့်လွှတ်လိုက်ရတော့သည်။

ထိုစဉ် ကျောက်တောင်အောက်ခြေသို့ ဆင်းသက်လာကြသည့် ဒြာဝိဒိယန်စစ်သည်တို့၏ တဟေးဟေးဖြင့် ငြာသံပေး အော်ဟစ်သံများနှင့်အတူ မီးတုတ် မီးရောင်တို့ကို ထိန်လင်းစွာ တွေ့ရတော့၏။

ဖွတ်နဂါးကြီးတို့မှာ အော်ဟစ်သံများနှင့်မီးရောင်များရှိရာသို့ အာရုံပြောင်းသွားကြပြီး ဒြာဝိဒိယန်စစ်သည်များဘက်လှည့်ကာ မာန်ဖီလိုက်ကြတော့သည်။

'ဂရား ဂရား ဂရား'

ဖွတ်နဂါးကြီးလေးငါးကောင်က ဒြာဝိဒိယန်စစ်သည်တို့ရှိရာသို့ ဒေါသတကြီးဖြင့် ပြေးသွားကြရာ စစ်သည်တို့ကလည်း လှံများ၊ မြားများဖြင့် ဆီးကြိုပစ်ခတ်တော့၏။

သို့သော် ဒြာဝိဒိယန်စစ်သည်တို့၏ လှံများ၊ မြားများမှာ အဆိပ်လူးထားခြင်းမရှိသဖြင့် ဖွတ်နဂါးကြီးတို့ကို ထိရောက်စွာ မဟန့်တားနိုင်ကြချေ။ ထို့ကြောင့် ရှေ့ဆုံးမှ စစ်သည်အချို့မှာ ဖွတ်နဂါးကြီးတို့၏ ပါးစပ်ဖျားတွင် ပါသွားရတော့၏။





'ဂရား ဂရား'

''အား . . . အောင်မယ်လေး''

'ဖောင်း'

ဖွတ်နဂါးကြီးတို့၏ အမြီးဖြင့်ရိုက်ခတ်မှုကြောင့် အချို့စစ်သည်တို့မှာ လွင့်မြောက်ထွက်သွားကာ ဒဏ်ရာပြင်းစွာရသွားကြရသည်။

''လာ လာ . . . ဖွတ်နဂါးကြီးတွေ ဟိုဘက်မှာ အာရုံရောက်သွားတုန်း ဖြတ်လမ်းဆီပြေးကြရအောင်''

ကျွန်ုပ်တို့မှာ မိုးလေး၏ဦးဆောင်မှုနောက်သို့ အပြေးလိုက်ကြရ၏။

ဖွတ်နဂါးကြီးတို့၏ တိုက်ခိုက်မှုကြောင့် ဒြာဝိဒိယန်စစ်သည်တို့မှာ အထိနာသွားကြသော်လည်း သူတို့ ချက်ချင်းလူသူ ပြန်လည်စုရုံးကာ မီးတုတ်တို့ကို ဝှေ့ယမ်းလျက် ဖွတ်နဂါးကြီးတို့ကို တားဆီးနိုင်ရန် ကြိုးစားကြတော့သည်။

ဖွတ်နဂါးကြီးတို့မှာ အကောင်နှစ်ဆယ်အစိတ်ခန့်ရှိပြီး ရာနှင့်ချီဆင်းလာနေသည့် ဒြာဝိဒိယန်တို့ကို တိုက်ခိုက်ဖမ်းဆီးစားသောက်လိုကြသော်လည်း မီးတုတ်တို့ဖြင့် ဝှေ့ယမ်းတားဆီးလာမှုကြောင့် ရှေ့မတိုးဝံ့ကြတော့ဘဲ တန့်ရပ်သွားကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com


"ဝေး ..ဟေး ဟေး ဟေး"

ဒြာဝိဒိယန် စစ်သည်တို့က တစ်ခဲနက်အော်ဟစ် ကြိမ်းခြောက်လျက် ရှေ့သို့တိုးလာရာ ဖွတ်နဂါးကြီးတို့မှာ တိုက်စစ်ရပ်သွားသည့်အပြင် နောက်သို့သာ ခြေတစ်လှမ်းချင်း ဆုတ်ပေးနေရတော့သည်။

"ဟေး ဟေး ..ဟေး ဟေး"

ဖွတ်နဂါးကြီးတို့၏ တိုက်စစ်ရပ်တန့်သွားချိန်မှာပင် ရဲမက်တစ်စုမှာ ကျွန်ုပ်တို့ထွက်ပြေးရာနောက်သို့ ပြာသံပေးပြီး အပြေးလိုက်တော့၏။

"ဝေး ဟေး ဟေး ...သူလျှိုတွေနဲ့ သစ္စာဖောက်မကို အမိဖမ်းကြဟေ့"

"အမိဖမ်းကြ၊ ခုခံရင် သုတ်သင်ပစ်ကြ"

"ဟာ ...မင်းသားဒီလစ်ရမ်ကိုယ်တိုင် လိုက်လာတာပါလား"

မင်းသား ဒီလစ်ရမ်နှင့်တပ်ဖွဲ့ဝင်တို့ ပြေးလိုက်လာချိန်တွင် ကျွန်ုပ်တို့မှာ ဖြတ်လမ်းဖြစ်သည့် တောင်ကြားလမ်းခွဲ၏အဝသို့ ရောက်ရှိလာကြတော့သည်။ သို့သော် ထိုအဝမှ ဝင်နိုင်ဖို့ ပေသုံးဆယ်အမြင့်ခန့်ကို တက်ရပေဦးမည်။ တောင်ကြားလမ်းခွဲမှာ ရှည်လျားလှသည်နှင့်အမျှ အောက်ခြေက ကျဉ်းမြောင်းကာ လူနှစ်ဦးသွားလာရုံမျှသာ ကျယ်ဝန်းလေသည်။

ကျွန်ုပ်တို့သည် ယင်းတောင်ကြားလမ်းထဲသို့ ဝင်ရောက်နိုင်ရန် ကျောက်တုံးကျောက်ခဲများအပေါ် ခဲရာခဲဆစ် တက်လျက်ရှိစဉ်မှာပင် မင်းသားဒီလစ်ရမ်နှင့် စစ်သည်များမှာ ကျောက်တောင်အောက်ခြေသို့ ရောက်ရှိလာကြတော့၏။

"ထိပ်ထားလေး ...ဒီတောင်ကြားအတိုင်း ဝင်သွားပါ၊ အဲဒါဟာ ဒီတောင်ကြားဒေသရဲ့ ဖြတ်လမ်းပဲ၊ သွား ...သွားကြတော့"

မိုးလေးက အော်ဟစ်ပြောလိုက်ပြီး ဓားကောက်ကြီးကို ဝှေ့ယမ်းကာ ကျောက်ခဲကျောက်ဆောင်များအပေါ် တက်ရောက်လာကြသည့် မင်းသားဒီလစ်ရမ်နှင့် ရဲမက်တို့ကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်တော့၏။

"ဟာ ...မိုးလေးတစ်ယောက်တည်း ဘယ်ဖြစ်မလဲ၊ ကျုပ်တို့ပါ ခုခံမယ်"

မိုးလေးသည် ကျွန်ုပ်ကို လှည့်ကြည့်လိုက်ပြီးနောက် ပြတ်သားစွာပြောလိုက်တော့၏။

"သင်တို့ ထိပ်ထားလေးကိုသာခေါ် သွားကြပါ၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်တည်း ခုခံမယ်၊ သင်တို့ခုခံလို့ မဖြစ်ဘူး၊ ထိပ်ထားလေးကို စောင့်ရှောက်မယ့်သူမရှိဘူး ဖြစ်သွားမယ် . . . သွား၊ သွားကြ''

မိုးလေးက ကျွန်ုပ်ကို အော်ဟစ်ပြောလိုက်ပြီးနောက် ရှေ့ဆုံးမှ ပြေးတက်လာသည့် ဒြာဝိဒိယန်စစ်သည်ကို ဓားကောက်ကြီးဖြင့် ပိုင်းချလိုက်တော့၏။

မိုးလေးသည် နောက်ထပ်ပြေးတက်လာသည့် ရဲမက်နှစ်ဦးကို ဓားကောက်ကြီးဖြင့် ဆီးတားခုခံရင်း ကျွန်ုပ်ဘက်သို့ ခေါင်းငဲ့ကြည့်ကာ ဒေါသတကြီး အော်ပြောလိုက်ပြန်၏။

''ဟေ့လူ . . . ပြောတာ မကြားဘူးလား၊ ထိပ်ထားလေးကို ဘေးလွတ်ရာဆီ မြန်မြန်ခေါ်သွားကြ၊ ခေါ်သွားကြ''

သူသည်ကား သူ့အတွက် အန္တရာယ်ထက် ရောဘက္ကာ အပေါ်ကျရောက်လာမည့် အန္တရာယ်အတွက် များစွာပိုမို စိုးရိမ်နေချေ၏။

မိုးလေးသည် တက်ရောက်လာသမျှ ဒြာဝိဒိန်ယန်စစ်သည်တို့ကို ဆီးမိုးခုခံတိုက်ထုတ်ရင်း ရောဘက္ကာအတွက် စိတ်မချဟန်ဖြင့် နောက်သို့ လှည့်လှည့်ကြည့်နေလေသည်။

ထိုသို့လှည့်ကြည့်သဖြင့် တစ်ချိတွင် ရဲမက်တစ်ဦး၊ ခုတ်ပိုင်းလိုက်သော ဓားချက်ကို ပိုင်နိုင်စွာ မခုခံနိုင်ဘဲ သူ၏လက်မောင်းရင်းတစ်ဖက်ကို ဓားရှပ်ထိသွားတော့၏။

သို့သော် သူက သွေးစက်စက်ကျနေသည့်ဒဏ်ရာကို ဂရုမပြုနိုင်အားဘဲ နောက်ဘက်သို့ စောင်းငဲ့ကြည့်ရင်းသာ အော်ဟစ်လျက်ရှိလေသည်။

''ခေါ်သွား . . . ခေါ်သွားကြ၊ ထိပ်ထားလေးကို မြန်မြန်ခေါ်သွားကြ''

''အစ်ကိုစိုး . . . ဒြာဝိဒိယန်တွေ ပိုများလာပြီ၊ ဟိုမှာလေးသည်တော်တွေပါ ပါလာပြီ၊ ကျွန်တော်တို့ ခုနေမသွားရင် သူတို့ရဲ့ရန်က မလွတ်တော့ဘူး''

ဆာဝါက သတိပေးရင်း ကျွန်ုပ်ကို အတင်းဆွဲခေါ်တော့၏။

ကျွန်ုပ်လည်း ဆီးနှင်းကျောက်တောင်လမ်းကျဉ်းကျဉ်းလေး၏အဝကို ပိတ်ကာလျက် တက်လာသမျှ ဒြာဝိဒိယန်စစ်သည်တို့ကို ရဲဝံ့စွာ တိုက်ခိုက်တားဆီးနေသည့် မိုးလေးကို စိတ်မချစွာကြည့်ရင်း ဆာဝါဆွဲခေါ်ရာသို့ လိုက်ပါခဲ့ရတော့၏။

ရောဘက္ကာသည်လည်း သူမ၏ သစ္စာရှိ[illegible]ကျွန်ကြီး မိုးလေး၏ စွန့်လွှတ်အနစ်နာခံမှုအတွက် များစွာ[illegible]နှင့်ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com

မသုံးဖြစ်လျက် စိတ်မချစွာ အော်ဟစ်နေရှာ၏။

"မိုးလေး မိုးလေး ... သတိထားနော်၊ မိုးလေး ပြီးရင် နောက်က ပြေးလိုက်ခဲ့နော်"

အချိန်က စက္ကန့်နှင့်အမျှ အရေးကြီးနေသဖြင့် ကျွန်ုပ်နှင့် ဆာဝါတို့သည် ရောဘက္ကာကို လက်မောင်းတစ်ဖက်တစ်ချက်မှ ဖေးကိုင်လျက် တောင်ကြားလမ်းထဲ လျင်မြန်စွာ ဖြတ်ပြေးလာခဲ့ကြတော့သည်။

ကျွန်ုပ်တို့ ဖြတ်သန်းပြေးလွှားခဲ့ရာ တောင်ကြားလမ်း၏ ရှေ့မှ ဆီးကာနေသည့် ရင်ခေါင်းခန့်မြင့်သော ကျောက်တုံးကြီး အပေါ်သို့ တွယ်တက်လိုက်ကြပြီးနောက် –

ကျွန်ုပ်တို့ နောက်ဘက်သို့လှည့်ကြည့်လိုက်ကြသည်တွင် တစ်ကိုယ်လုံး သွေးသံရဲရဲဖြင့် ဒဏ်ရာဒဏ်ချက်များစွာရနေသည့် မိုးလေးသည် ကျောဘက်တွင် ဝတ်ရုံနီကြီးတဖားဖားနှင့် ပြောင်ပြောင်လက်လက် ဝတ်ထားသော ဒီလစ်ရမ်ကို · ခုခံတိုက်ခိုက်လျက်ရှိကြောင်း လှမ်းမြင်ကြရလေသည်။

"ဒီလစ်ရမ်ကိုယ်တိုင် တိုက်ခိုက်နေပြီ"

"သူက ဓားရေး အတော်ကျွမ်းကျင်ပုံရတယ်"

"ဟုတ်တယ် ... သူ့ကို ဒဿဂီရိဝင်စားသူလို့ ဒြာဝိ





ဒီယန်တွေက ယူဆယုံကြည်နေကြတယ်၊ ဒီမှာတော့ သူ့ထက် ဓားရေးကျွမ်းသူမရှိဘူး၊ မိုး မိုးလေးတော့ ဒုက္ခပဲ"

ရောဘက္ကာက စိုးရိမ်ပူပန်စွာ ညည်းညူလိုက်ရင်းမှ အသံကုန် ဟစ်အော်လိုက်တော့၏။

"မိုးလေး ... သတိထား သတိထား"

မိုးလေးဆီးတားပိတ်ဆို့ တိုက်ခိုက်နေသည့်နေရာနှင့် ကျွန်ုပ်တို့ရောက်ရှိနေသည့်နေရာမှာ ကိုက်တစ်ရာ့ငါးဆယ်ခန့် ဝေးကွာသဖြင့် ရောဘက္ကာ၏အော်ဟစ်သံကို သူ ကြားနိုင်မည် မဟုတ်ပါ။

လပြည့်လက ကျွန်ုပ်တို့၏ ခေါင်းပေါ်တည့်တည့်သို့ ရောက်ရှိနေသဖြင့် ဘော်ငွေရောင်အလင်းတန်းတို့က တောင်ကြားလမ်းထဲသို့ ဖွေးထင်းစွာ ကျရောက်လျက်ရှိချေ၏။

ကျွန်ုပ်တို့ စိတ်မချနိုင်စွာ လှမ်းကြည့်နေစဉ်မှာပင် မိုးလေးက ဒီလစ်ရမ်၏ဓားချက်ကို ဓားကောက်ကြီးဖြင့် ပက်ထုတ်လိုက်ပြီး မိုးဓားဖြင့် အပေါ်မှဆီးမိုးခုတ်ရန် ဟန်ပြင်လိုက်စဉ် ဒြာဝိဒီယန် လေးသည်တော်တစ်ဦး ပစ်လိုက်သည့်မြှားသည် သူ၏ ရင်ဘတ်ထဲ စိုက်ဝင်သွားတော့၏။

"အို ... မိုးလေး သေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြားချက်ကြောင့် မိုးလေး တန့်ရပ်သွားစဉ်မှာပင် နောက်ထပ် လေးသည်တော်တို့၏မြားချက်တို့က သူ၏ရင်ဘတ်ကြီးထဲ တစ်ချောင်းပြီးတစ်ချောင်း ပြေးစိုက်ဝင်ကုန်ကြတော့၏။

"အို ... မိုးလေး သေပါပြီ၊ သေပါပြီ"

မိုးလေး၏ မရှုရက်စရာမြင်ကွင်းကြောင့် ရေဘက္ကာမှာ ဆောက်တည်ရာမရဖြစ်သွားကာ ကျောက်တုံးကြီးပေါ်မှ ပြန်ခုန်ချရန်ဟန်ပြင်တော့ရာ ကျွန်ုပ်က သူမ၏ခါးလေးကို ကျောနောက်ဘက်မှ သိုင်းဖက်ထားလိုက်ရတော့သည်။

ကျွန်ုပ်တို့ ရင်ထုမနာစွာ လှမ်းကြည့်နေစဉ်မှာပင် ကျောက်တုံးကျောက်ခဲများကြားသို့ ဒူးညွှတ်ကျသွားရှာသည့် မိုးလေး၏ဦးခေါင်းအား ဒီလစ်ရမ်က ခုတ်ဖြတ်ရန် သူ၏ ဆောင်ဓားကြီးကို စုံကိုင်လျက် လွှဲမြှောက်လိုက်တော့၏။

"အို ... မိုးလေး မိုးလေး"

သို့သော် ဒီလစ်ရမ်၏ဓားကြီး ဝဲခနဲကျရောက်လာစဉ်မှာပင် မိုးလေးက သူ၏ဓားဦးချွန်ဖြင့် ဒီလစ်ရမ်၏ရင်ဝကို အားစိုက်ကာ ဆီးထိုးလိုက်တော့၏။ ဒီလစ်ရမ်၏ဓားချက်က မိုးလေး၏ လည်ကုတ်ပေါ် ကျရောက်သွားသလို ဒီလစ်ရမ်သည်လည်း ရင်ဝ၌ ဓားတန်းလန်းဖြင့် ပစ်လဲကျသွားပါတော့သည်။





"မိုးလေးရယ် ... မင်းဟာ နောက်ဆုံးအချိန်အထိ တာဝန်ကျေပွန်ပါတယ်ကွာ"

မိုးလေးပါ ကျောက်တုံးကျောက်ဆောင်များကြားထဲသို့ ပစ်လဲကျသွားသည်တွင် ကျွန်ုပ်နှင့်ဆာဝါတို့သည် ရေဘက္ကာကို တွဲကာ ကျောက်တုံးကြီး၏တစ်ဖက်သို့ ခုန်ချလိုက်ကြပြီးနောက် တောင်ကြားလမ်းကျဉ်းလေးအတိုင်း လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပြေးခဲ့ကြရာ အတော်ကြာကြာပြေးခဲ့ပြီးနောက်မှာမှ ကမ်းပါးစွန်းတစ်ခုသို့ ရောက်ရှိသွားပါတော့၏။

"ဟာ ... ဒီမှာ လမ်းဆုံးပြီပဲ"

ဘေးတစ်ဖက်တစ်ချက်တွင် ဆီးနှင်းတို့ ယိုစီးကျနေသည့် ကျောက်တောင်နံရံကြီးတို့သာရှိပြီး နောက်ဘက်မှ ပြေးလိုက်လာကြသည့် ဒြာဝိဒိယန်စစ်သည်တို့ကိုလည်း လှမ်းတွေ့နေရလေသည်။

ကျွန်ုပ်တို့၏ရှေ့မှာမူ ချောက်ကမ်းပါးသာရှိတော့၏။ သို့သော် ... ချောက်ကမ်းပါး၏အောက်ဘက် ပေနှစ်ဆယ်ခန့်မှာမူ ရေခဲချောင်းတစ်ခုက တသွင်သွင်စီးဆင်းလျက်ရှိရာ ချောင်းရေပြင်မှ လှိုင်းတွန့်တွန့်လေးများအပေါ်သို့ လရောင်ဖြာ ကျနေသဖြင့် ငွေမှုန်ကြဲထားသည့်နှယ် တလက်လက် တဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



တောက်လက်နေတော့သည်။

''ကဲ . . . ရွေးစရာလမ်း မရှိတော့ဘူး ရေဘက္ကာ၊ ရေခဲချောင်းထဲ ခုန်ချကြစို့၊ ရေရောကူးတတ်ရဲ့လား''

''ကူးတတ်ပါတယ်''

''ကဲ . . . ဒါဆို ခုန်ချကြမယ်၊ တစ် နှစ် သုံး''

ကျွန်ုပ်တို့သုံးဦးစလုံး လက်တွဲလျက် ရေခဲချောင်းထဲသို့ ပြိုင်တူခုန်ချလိုက်ကြတော့၏။ ကျွန်ုပ်တို့သည် မျောပါလာသည့် ရေခဲတုံးကြီးများနှင့် လွတ်ရာသို့ ခုန်ချလိုက်ကြခြင်းဖြစ်ပြီး အရိုးကွဲမတတ် အေးမြလှသည့် ရေပြင်ထဲ တစ်ကိုယ်လုံး မြုပ်ဝင်သွားကြသည့်အခါမှာမူ ကျွန်ုပ်တို့၏ တွဲလက်များ ပြုတ်ထွက်သွားကြပြီး တကွဲတပြားဖြစ်သွားကြတော့၏။

သို့သော် ရေပြင်ပေါ်ပြန်ပေါ်လာပြီးသည့်နောက်မှာမူ ရေကူးကျွမ်းကျင်သည့် ကျွန်ုပ်နှင့်ဆာဝါတို့က ရေဘက္ကာ၏ လက်မောင်းတစ်ဖက်တစ်ချက်ကို တွဲလျက် ကိုယ်ကိုဖော့ကာ ရေစီးအတိုင်း မျှောလိုက်သွားကြပါတော့သည်။

ကျွန်ုပ်တို့ကား အန္တရာယ်ကြီးမားလှသည့် ဒြာဝိဒ်ယန်တို့၏ လျှို့ဝှက်ဒေသမှ အမှန်တကယ် လွတ်မြောက်ခဲ့ပြီ ဖြစ်ပါ၏။

❊ ❊ ❊





## ရမ္မက်ဆိုးနိဂုံး

ကျွန်ုပ်တို့ ရေဘက္ကာနှင့် ဆာဝါတို့သည် တစ်ကိုယ်လုံး အေးခဲမတတ် အေးစက်နေသည့် ရေခဲချောင်းရေထဲ ဆက်လက်မနေနိုင်တော့သည့်အခါ ကမ်းစပ်တစ်နေရာ၌ ကမ်းပေါ်သို့ တက်ခဲ့ကြတော့၏။

ထို့နောက် ရေခဲဖုံးကျောက်တောင်တစ်လုံး၏အောက်ခြေရှိ ကျောက်ဂူတစ်လုံးဝယ် မိုးလင်းသည်အထိ ခိုနားရန်ရည်ရွယ်ပြီး သင့်လျော်ဘေးကင်းမည့် ကျောက်ဂူကို လိုက်ရှာကြလေသည်။

ကျွန်ုပ်တို့ ခိုအောင်းနားနေသင့်သည် ထင်ရသော ကျောက်ဂူကိုတွေ့သည့်အခါမှာမူ လပြည့်လမင်းသည် အနောက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ပင် အတော်ယွန်းလျက်ရှိချေပြီတည်း။

"ဒီဂူမှာ နားကြရအောင် အစ်ကိုစိုး"

"အေး ... နေဦး"

ကျွန်ုပ်က ကျောက်ဂူ၏အဝနားသို့ တိုးကပ်သွားကာ ဂူထဲမှ အသံဗလံအချို့ ကြားရလေမလားဟု နားစွင့်လိုက်၏။

တောင်ထိပ်တို့တွင် ရေခဲတို့ ဖုံးလွှမ်းနေပြီး ဤသို့သော တောင်ခြေတို့တွင် ဆီးနှင်းတို့ တူထပ်စွာရှိနေသည့် ရေခဲတောင် တန်းဒေသတွင် လူကို အန္တရာယ်ပြုနိုင်သော ဝံပုလွေများနှင့် ဝက်ဝံကြီးများ၊ ရေခဲကျားများရှိတတ်ရာ ဂူထဲ၌ယင်းသို့သော သားရဲကောင်ကြီးများရှိတတ်သဖြင့် နားစွင့်ရခြင်း ဖြစ်ပေသည်။

ဂူထဲမှ မည်သည့်အသံမျှ မကြားရသဖြင့် ကျွန်ုပ်သည် ထင်းရှူးသားကိုင်းအစိမ်းတို့ကို ချိုးစေကာ ဇစ်ပိုမီးခြစ်ခြစ်ပြီး မီးရှို့ရတော့သည်။

တော်ပါသေး၏။ ကျွန်ုပ်၏ကျောပိုးအိတ်မှာ ရေလုံသဖြင့် ဇစ်ပိုမီးခြစ်က ခြစ်၍ကောင်းကောင်းမီးတောက်ပေသည်။

ထင်းရှူးကိုင်းစိမ်းဖြင့် မှိုင်းတိုက်ရခြင်းမှာ ကျောက်ဂူ ထဲ၌ လွန်စွာအဆိပ်ပြင်းလှသည့် ရေခဲမြွေများနှင့် ရေခဲပင့်ကူများ ရှိပါက ဂူထဲမှ ထွက်ပြေးစေရန်ဖြစ်၏။ သူတို့သည် ထင်းရှူးစိမ်း





ညှော်နံ့ကို မခံနိုင်ကြချေ။

မီးခိုးမှိုင်းတိုက်ပြီးသည့်တိုင် ထူးခြားမှုမရှိမှ ကျွန်ုပ်တို့ သည် ရေဘက္ကာ ဝက်ဝံသားရေအိတ်ကြီးထဲ ထည့်ယူလာသည့် ထင်းရှူးဆီခဲကို မီးရှို့ကာ ဂူထဲသို့ ဝင်ရောက်ခဲ့ကြတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် ရေစိုအဝတ်များကို အဝတ် ခြောက်တို့နှင့် လဲဝတ်လိုက်ကြပြီး သစ်ကိုင်းခြောက်တို့ကို ရှာဖွေ ကာ ဂူအဝတွင် မီးပုံကြီးဖိုပြီးနောက် လွန်စွာပင်ပန်းနေကြပြီ ဖြစ်သဖြင့် အိပ်စက်ရန် ပြင်ကြရတော့၏။

ကျွန်ုပ်က ပါလာသောဂွမ်းစောင်အပါးလေးကို ဂူအတွင်း နံရံနှင့်ကပ်လျက် ခင်းပေးလိုက်ကာ ရေဘက္ကာကို အိပ်စေပြီး အပေါ်မှ ဘာဘူစောင်လေး လွှမ်းခြုံပေးလိုက်လေသည်။

"ရေဘက္ကာ ... စိတ်ချလက်ချ အိပ်နော်၊ သိပ်ပင်ပန်း နေပြီ၊ ဘာမှမပူနဲ့တော့ ... ဟုတ်လား၊ မကြာခင်ဆိုရင်လည်း မိုးလင်းတော့မှာပါ"

မျက်တောင်အတော်စင်းနေပြီဖြစ်သည့် ရေဘက္ကာသည် ဝံရေအိတ်ကို ခေါင်းအုံးလျက် ဂွမ်းစောင်လေးပေါ် လဲလျောင်း လိုက်ကာ ဘာဘူစောင်လေးခြုံပြီးသည်နှင့် ကျွန်ုပ်ကို ခေါင်းသာ ညိတ်ပြနိုင်ပြီးနောက် အိပ်ပျော်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မီးဖိုမီးရောင်ဟပ်နေသည့် သူမ၏ အပြစ်ကင်းစင်လှသော မျက်နှာလေးကို ငေးကြည့်ရင်း ရင်ဝယ် ဖော်မပြနိုင်လောက်အောင် ကရုဏာမိုးတို့ ဖွေလာရတော့သည်။

"ဩော် ရေဘက္ကာ ရေဘက္ကာ . . . နှင်းဖုံးတဲ့ရေခဲတောင်တန်းတွေဘေးမှာ နှင်းကေရီလေးအဖြစ် နေလို့ရလျက်နဲ့ ရွှေဘုံနန်းထက် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံတဲ့ ဘဝကိုစွန့်ပြီးလိုက်လာရှာတယ်၊ ခုလို ခရီးကြမ်းမျိုးမထွက်ဖူးတော့လည်း ခမျာ ပင်ပန်းရှာမယ်၊ အိပ်ပါစေလေ"

ကျွန်ုပ်သည် ဂူနံရံတစ်ဖက်ကို ကျောမှီထိုင်ရင်း လက်ပိုက်လျက် သူမကို ငေးကြည့်လျက်ရှိလေသည်။

ဆာဝါကမူ ကျွန်ုပ်တို့၏ ရေစိုအဝတ်တို့ကို မီးငွေ့ဖြင့် ခြောက်စေရန် ကင်လျက်ရှိတော့၏။

ကျွန်ုပ်သည်မူ ကလေးလေးတစ်ယောက်နှယ် အပြစ်ကင်းစင်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာသည့် ရေဘက္ကာ၏ အလှမျက်နှာလေးကို ငေးကြည့်ရင်း မျက်ခွံများ လေးလံလာကာ ခဏအကြာတွင် အိပ်ပျော်သွားပါတော့သည်။

⁂





နောက်နေ့တွင်မူ ကျွန်ုပ်တို့သည် ရေခဲဖုံးတောင်ကြောများ၊ ရေခဲတောင်ချွန်းများကြားမှ နှင်းရိပ်၊ နှင်းတိမ်တို့ကို ထွင်းဖောက်ကျရောက်လျက်ရှိသည့် နေရောင်အောက်မှာပင် ဖွေးထင်းနေသော ဆီးနှင်းတောတို့ကို ကျော်ဖြတ်ကာ ခရီးနှင်ခဲ့ကြလေသည်။

ကံအားလျော်စွာပင် ကောင်းကင်ယံ၌ နှင်းရိပ်နှင်းတိမ်ထုတို့ ပါးလျားနေကာ ရာသီဥတုက သာယာလှ၏။

နှင်းမုန်တိုင်း နှင်းလေးပွေ နှင်းလေပြင်းတို့ကင်းစင်သဖြင့် ဝန်းကျင်အနှံ့မှ ရေခဲတောင်တန်းများ၊ ဆီးခဲနှင်းမြုပ်လွင်ပြင် ချိုင့်ဝှမ်းများကို ပြတ်ထင်စွာ မြင်ရလေရာ မွန်းတိမ်းချိန်လောက်မှာပင် တောင်လေကွယ်ရာ ကျောက်တောင်ကမ်းပါးကြီးတစ်ခု၏ ဘေး၌ အလံနီနီလေးများကို စတင်တွေ့ရှိကြရတော့သည်။

"ဟော . . . ကျွန်တော်တို့ရဲ့စခန်းကို တွေ့ပြီး အစ်ကိုစိုး"

ကျွန်ုပ်တို့လည်း လွန်စွာ ဝမ်းသာသွားကြပြီးလျှင် ကြက်လျှာစွန်းအလံနီရဲရဲလေးများ စိုက်ထူထားသည့် ရေခဲဆီးနှင်း



www.burmeseclassic.com

www.burmeseclassic.com



လွင်ပြင်ကြီး၏အစပ်ဆီသို့ အသော့နှင်ခဲ့ကြပါတော့၏။

ဆည်းဆာရိပ်တို့ ကျစပြုချိန်မှာပင် ကျွန်ုပ်တို့သုံးဦးသည် စခန်း၏အနီးသို့ ရောက်ရှိလာကြတော့သည်။

"ဝေး ... ဆရာတို့ ပြန်လာပြီ၊ ဆရာတို့ ပြန်လာပြီ ဟေ့"

ကျွန်ုပ်တို့ကို လှမ်းတွေ့သည်နှင့် အထမ်းသမားတို့က ဝမ်းသာအားရ ဆီးကြိုကြတော့၏။

❋

ကျွန်ုပ်တို့သည် အခြေချစခန်းတွင် နှစ်ရက်ခန့်နားနေကာ အားမွေးရန် ဆုံးဖြတ်လိုက်ကြပြီး ရွက်ဖျင်တဲသုံးလုံးရှိသည့်အနက် ကျွန်ုပ်နှင့်ဆာဝါက တစ်လုံးနေထိုင်ပြီး လမ်းပြကြီးဘန်ဒုံးကို အထမ်းသမားတို့နှင့်အတူ ရွက်ဖျင်တဲတစ်လုံးတွင် နေထိုင်နိုင်းလိုက်ရလေသည်။

ရောဘက္ကာကိုမူ လမ်းပြကြီးဘန်ဒုံးနေခဲ့သည့် ရွက်ဖျင်တဲမှာ သီးခြားနေစေလိုက်၏။





ကျွန်ုပ်တို့ကိုစောင့်ရင်း အမဲလိုက်ထားသည့် အထမ်းသမားတို့၏ ကျေးဇူးကြောင့် ရေခဲကြက်ကင်သားနှင့်ထမင်းကို အားရပါးရစားကာ ညရောက်တော့လည်း ကောင်းစွာအိပ်စက်အနားယူနိုင်ကြတော့၏။

နောက်နေ့နံနက်ပိုင်းတွင် ရောဘက္ကာ၏ ရွက်ဖျင်တဲရှေ့၌ ကျွန်ုပ်နှင့်ရောဘက္ကာတို့ ဖျင်ပက်လက်ထိုင်ခုံများဖြင့် အပမ်းဖြေထိုင်ရင်း နေဆာလှုံလျက်ရှိစဉ် လမ်းပြကြီးဘန်ဒုံးသည် ကျွန်ုပ်တို့၏အနားသို့ ချဉ်းကပ်လာကာ ခေါက်ခုံပုလေးဖြင့် ကျွန်ုပ်၏အနီး၌ကပ်ထိုင်လိုက်ပြီး ခပ်တိုးတိုးပြောလာလေသည်။

"ဘွားဆပ် ... ဒီဆီးနှင်းတောင်တွေရဲ့ ဟိုဘက်တောင်ကြားထဲမှာ လူတစ်စု စခန်းချနေကြတယ်၊ အားလုံးသုံးယောက်၊ သူတို့ထဲကတစ်ယောက်က ကျွန်တော်တို့ဆီ နေ့တိုင်းမှန်ပြောင်းနဲ့ ကြည့်ကြည့်နေတယ်"

"ဟုတ်လား သူတို့က ဘယ်သူတွေလဲ၊ မုဆိုးတွေလား"

"မဟုတ်နိုင်ဘူး ဘွားဆပ်၊ အဲဒီထဲကတစ်ယောက်ကတော့ ဘီဟာနယ်က ရာဇဝင်လူဆိုးတစ်ဦးပဲ"

"ဘယ်မှာလဲ ... ကျုပ်လိုက်ကြည့်မယ်"

ကျွန်ုပ်လည်း မှန်ပြောင်းကိုယူပြီး လမ်းပြကြီးဘန်ဒုံး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားသည့် လက်ယာဘက်တောင်စွယ်တစ်ခုအပေါ်သို့ တက်လိုက်သွားလိုက်သည်။

ယင်းတောင်စွယ်ပေါ်မှနေ၍ တောင်ကြားလမ်း၏ဝဲဘက်ရှိ ချိုင့်ဝှမ်းလွင်ပြင်၌ စခန်းချထားသည့် ရှက်ဖျင်တဲနှစ်လုံးဆီသို့ မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်သည်။

မျက်နှာချင်းဆိုင်ထိုးထားသည့် ရှက်ဖျင်တဲနှစ်လုံးအကြား၌ မီးဖိုတစ်ခု ဖိုထားပြီး ယင်းမီးဖိုတွင် လူတစ်ဦးက တစ်စုံတစ်ခုသောအိုးကို တည်နေကာ နောက်လူတစ်ဦးက ခေါက်ခုံတစ်လုံးဖြင့် တဲတစ်လုံးရှေ့တွင် ထိုင်လျက် နေဆာလှုံနေလေသည်။

"နှစ်ယောက်ပဲ တွေ့ပါလား"

"ဟုတ်လား ဘရားဆပ်"

လမ်းပြကြီးဘန်ဒုံးက ကျွန်ုပ်၏လက်ထဲမှ မှန်ပြောင်းကို ယူပြီး ကြည့်သည်။

"ဟုတ်တယ် . . . တဲရှေ့မှာ ထိုင်နေတဲ့သူဟာ လူဆိုးအာမက်ဂီပဲ၊ တစ်ယောက်မတွေ့ဘူး။ အဲဒီမတွေ့ရတဲ့သူဟာ ကျွန်တော်တို့စခန်းဆီ နေ့တိုင်းကြည့်ကြည့်နေတဲ့ သူပဲ ဘရားဆပ်၊ ဟော ဟော . . . တဲတစ်လုံးထဲက အဲဒီလူထွက်လာပြီ"





ကျွန်ုပ်လည်း ဘန်ဒုံး၏လက်ထဲမှ မှန်ပြောင်းကိုယူကာ ကြည့်လိုက်မိသည်။

ရှက်ဖျင်တဲတစ်လုံးထဲမှ ထွက်လာသူသည် လည်ပင်း၌ မှန်ပြောင်းတစ်လက်ကို ဆွဲထားပြီး ချိုင့်ဝှမ်းလွင်ပြင်၏ လက်ယာဘက်ရှိ ကျောက်တောင်စွန်းပေါ်သို့ ခြေလှမ်းမှန်မှန်ဖြင့် တက်လျက်ရှိသည်။

သူ၏မျက်နှာကို အနီးကပ်ဆွဲကြည့်လိုက်မိသည်တွင် ကျွန်ုပ်မှာ လွန်စွာအံ့အားသင့်သွားရတော့၏။

"ဟာ . . . ဒါ ချန္ဒရာဒမ်ပဲ"

ကျွန်ုပ် မှန်ပြောင်းဖြင့်ကြည့်နေစဉ်မှာပင် ချန္ဒရာဒဗ်သည် ကျောက်တောင်စွန်းတစ်ခုပေါ်သို့ ရောက်ရှိသွားသည်တွင် ရပ်လိုက်ပြီး ကျွန်ုပ်တို့ စခန်းချထားရာ ကျောက်တောင်ကြီးဘက်သို့ မှန်ပြောင်းဖြင့် လှမ်းကြည့်နေသည်ကိုတွေ့ရလေသည်။

သူရပ်နေသည့်နေရာမှာ ကျွန်ုပ်တို့ရှိနေရာနှင့် ဝေးလွယ်ခုတ်လောက်ဖြစ်သဖြင့် ကျွန်ုပ်တို့ကို သူ မမြင်နိုင်ချေ။

သူက ကျွန်ုပ်တို့၏တဲများဆီ သေသေချာချာကြည့်လျက်ရှိရာ ကျွန်ုပ်လည်း သူကြည့်ရာဆီ လိုက်ကြည့်လိုက်၏။

ဖိုခုံလောက်ဆိုင်ထိုးထားသည့် ကျွန်ုပ်တို့၏ရှက်ဖျင်တဲ



www.burmeseclassic.com

www.burmeseclassic.com



သုံးလုံးဘေးမှ ကျောက်တောင်ကုန်းမြင့်လေးတွင် အထမ်းသမား တို့က မီးဖိုပြီး ထမင်းအိုးတည်နေကြသည်။

ရောဘက္ကာ၏ ရွက်ဖျင်တဲရှေ့မှ ပက်လက်ကုလားထိုင် နှစ်လုံးတွင် ရောဘက္ကာနှင့်ဆာဝါတို့ ထိုင်နေကြပြီး နေဆာလှုံ လျက် ရှိကြ၏။

ကျွန်ုပ်အံ့ဩသည်မှာ ချန္ဒရာဒမ်သည် ဆာဝါကိုမြင်မည် မှာ သေချာပြီး ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ ဆာဝါကို တွေ့ပါက ဝမ်းသာအားရဖြင့် လာရောက်နှုတ်ဆက်ရမည်သာ ဖြစ်၏။

ယခုမူ သူ၏အမူအရာက ထူးခြားမှုမရှိဘဲ ဆာဝါရှိရာ ဆီသို့သာ စူးစူးစိုက်စိုက်ကြည့်ရှုနေပြီး ခဏအကြာတွင် ကျောက် စွန်းပေါ်မှဆင်းကာ သူတို့၏ ရွက်ဖျင်တဲဟို့ဆီသို့ လျှောက်လှမ်း သွားတော့သည်။

ရွက်ဖျင်တဲနှစ်လုံးရှေ့အရောက်တွင် သူက သူ့လူတို့ကို တစ်စုံတစ်ရာပြောလျက်ရှိပြီး ကျွန်ုပ်တို့စခန်းချရာဘက်ဆီသို့ လက်ဟန် ခြေဟန်ဖြင့် ညွှန်ပြနေသေး၏။

အတန်ကြာမှ ရွက်ဖျင်တဲတစ်လုံးထဲ ဝင်ရောက်ပျောက် ကွယ်သွားတော့သည်။





ကျွန်ုပ်မှာ ချန္ဒရာဒမ်၏ ထူးခြားသောပြုမူပုံတို့ကို အံ့အား သင့်လျက် နားမလည်နိုင်အောင် ရှိပါတော့၏။

※

ထိုနေ့ည ညစာစားပြီးသည့်ခါ ရောဘက္ကာက သူ့ရွက်ဖျင် တဲဆီသို့ လာရောက်ရန်ခေါ်ထားသဖြင့် ကျွန်ုပ်နှင့်ဆာဝါတို့မှာ သူမ၏တဲထဲသို့ ရောက်ရှိနေကြတော့၏။

ရွက်ဖျင်တဲခေါင်တန်း၌ စတွန်းကင်းမီးအိမ်ကို ချိတ်ဆွဲ ထားကာ ကျွန်ုပ်တို့သုံးဦးက တာလပတ်ခင်းထားသည့်ကြမ်းပြင် တွင် သားရေဖုံတစ်ခုစီဖြင့် ဖိုခုံလောက်ဆိုင် ထိုင်လျက်ရှိကြ လေသည်။

"ဒီမှာ စိုးတို့ကို ရောဘက္ကာ ပြစရာရှိလို့"

ရောဘက္ကာက ပြောပြောဆိုဆိုဖြင့် သူမလွယ်လာခဲ့သည့် ဝက်ဝံသားရေအိတ်ကြီးထဲမှ အလျားရှစ်လက်မ အနံလေးလက်မ အမြင့်လေးလက်မခန့်ရှိသည့် လေးထောင့်သစ်သားသေတ္တာနက် ကလေးကို ထုတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ပန်းကနုတ်များဖြင့် လှပသော သေတ္တာနက်ကလေး၏ မျောက်လက်တွင်ခတ်ထားသော ရွှေသော့ခလောက်ကို ရွှေသော့လေးဖြင့် ဖွင့်လိုက်ပြီးနောက် ရေဘက္ကာက သေတ္တာ၏အဖုံးကို ဖွင့်ပြလေသည်။

''ဟာ''

''ဟင်''

ကျွန်ုပ်ရော ဆာဝါပါ အံ့အားသင့်သွားရ၏။

သေတ္တာနက်လေးထဲတွင် ရတနာမျိုးစုံဖြင့် စီခြယ်ထားသည့် ရှေးခေတ်နန်းသုံးရတနာထည်များမှာ စတွန်းကင်းမီးရောင်အောက်တွင် ဖျပ်ဖျပ်လက်လျက်ရှိလေသည်။

''ဒါ ဒါတွေကို ရေဘက္ကာယူလာတယ် . . . ဟုတ်လား၊ ဒါတွေဟာ ဩဝိဒိယန်တွေရဲ့ နန်းစဉ်ရတနာတွေနဲ့တူတယ်၊ ဒါတွေကို ရေဘက္ကာယူမလာသင့်ဘူး''

ကျွန်ုပ်၏စကားကြောင့် ရေဘက္ကာက ပြုံးလိုက်သည်။

''ဒီရတနာထည်တွေဟာ ရေဘက္ကာရဲ့ ကိုယ်ပိုင်ရတနာထည်တွေပါ စိုး၊ ဒါကြောင့် ယူလာခဲ့တာပါ၊ ဘဏ္ဍာတော်တိုက်ထဲကထုတ်ယူပြီး နန်းဓလေ့အရ ဝတ်ဆင်ရတဲ့ လက်ဝတ်တန်ဆာတွေအားလုံးကို ခန်းသဋ္ဌာလီထဲက ရတနာသေတ္တာထဲမှာ





ထားရစ်ခဲ့ပြီး သော့ကို အထိန်းတော်ကြီး မာစန္ဒီရဲ့လက်ထဲ အပ်ထားခဲ့ပါတယ်''

''ဒါ ရေဘက္ကာရဲ့ရတနာထည်တွေ . . . ဟုတ်လား''

''ဟုတ်ပါတယ် စိုး၊ ဩဝိဒိယန်တွေပိုင်တဲ့ လျှို့ဝှက်ဒေသက ကျောက်တောင်တွေ ကျောက်တွင်းတွေကနေ ရွှေနဲ့ကျောက်မျက်ရတနာတွေ တအားထွက်ပါတယ်၊ မယ်မယ်က သူမကွယ်လွန်ခင်မှာ သူပိုင်ရတနာထည်တွေ ရေဘက္ကာကို ပေးခဲ့တာပါ၊ သူ ရှာဖွေစုဆောင်းပြုလုပ်ထားတဲ့ ရတနာထည်တွေပါပဲ''

''အင်းလေ . . . ဒါဆိုရင်တော့ ထားပါတော့၊ ဩဝိဒိယန်တို့ရဲ့ နန်းစဉ်ရတနာတွေဆိုရင်တော့ ယူမလာသင့်ဘူးပေါ့''

''ရေဘက္ကာက အဲဒီလောက်တော့ စည်းကမ်းရှိပါတယ် စိုးရယ်''

''ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ဒါထက် ရေဘက္ကာ ဒီရတနာထည်တွေ ကိုယ်တို့ကို ခေါ်ပြရတဲ့အကြောင်းက''

''ဒီလိုပါ . . . ခုအချိန်ကစပြီး ရေဘက္ကာရဲ့ဘဝနဲ့အနာဂတ်ကို စိုးရဲ့လက်ထဲ ပုံအပ်ရမှာလေ၊ ဆာဝါကတော့ သူ့ရဲ့တိဗက်ပြည်ဆီ ပြန်မှာမဟုတ်လား၊ ရေဘက္ကာက မြန်မာပြည်ဆီ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရမှာဆိုတော့ ခုအချိန်ကစပြီး ရေဘက္ကာရဲ့ဘဝ အနာဂတ်နဲ့ ဟောဒီရတနာတွေအားလုံး စိုးရဲ့လက်ထဲ လွှဲအပ်ပါတယ်၊ စိုး ယူသွားပြီး ထိန်းသိမ်းပေးပါနော်၊ ဒါတွေကို သင့်လျော်သလို ထုခွဲရောင်းချပြီး ရေဘက္ကာရဲ့ဘဝကို တာဝန်ယူပေးပါနော်''

''ရေဘက္ကာရယ် . . . ဒါတွေမပါလည်း ကိုယ်က ရေဘက္ကာရဲ့ဘဝကို ရိုးမြေကျတဲ့အထိ တာဝန်ယူနိုင်ပါတယ်ကွယ်''

ဤတွင် ကျွန်ုပ်နှင့် ပေါင်းသင်းနေသဖြင့် မြန်မာစကားကို ကောင်းစွာပြောနိုင်နေသည့် ဆာဝါက ခပ်ပြုံးပြုံးအမူအရာဖြင့် ဝင်ပြောလိုက်၏။

''မိန်းကလေးတစ်ယောက်ရဲ့ဘဝကို တာဝန်ယူတယ်ဆိုရင် ဒီအတိုင်း တာဝန်ယူလို့မရဘူးနော်၊ လက်ထပ်ပြီး တာဝန်ယူရမှာ''

''ဟာ . . . လက်ထပ်ရမှာပေါ့၊ ကိုယ်တို့က ချစ်သူတွေပဲဟာ လက်ထပ်ရမှာပေါ့၊ မဟုတ်ဘူးလား ရေဘက္ကာ''

''အံမယ် . . . ဘာချစ်သူတွေလဲ၊ ချစ်သူတွေ မဟုတ်သေးပါဘူးနော်''

''ဒီလိုတော့ ဗလောင်းဗလဲမလုပ်ပါနဲ့ ချစ်သူလေးရယ်၊ မိုးလေးနဲ့ဆုံတုန်းက ကိုယ့်ကို ရေဘက္ကာရဲ့ချစ်သူလို့ပြောခဲ့တယ်





လေ''

''ဒါက . . . မိုးလေးအနေနဲ့ စိုးကို အန္တရာယ်ပြုမှာစိုးလို့ပါ''

ပြောရင်း ရေဘက္ကာက သူမအတွက် အသက်စွန့်သွားရှာသည့် မိုးလေးကို သတိရသွားဟန်တူ၏။ လှပရွှန်းလဲ့နေသော မျက်နှာချောချောလေးက နေထိပန်းနွမ်း ညှိုးလျှသွားရှာသည်။

သည်တော့လည်း သူမစိတ်ပြောင်းသွားစေရန် ကျွန်ုပ်က နှစ်သိမ့်ပေးရပါတော့၏။

''ရေဘက္ကာရဲ့ဘဝနဲ့ဆန္ဒအားလုံးအတွက် ကိုယ် တာဝန်ယူပါတယ်ကွယ်၊ ကိုယ့်ရဲ့နောက်ကို စိတ်ချလက်ချလိုက်ခဲ့ပါ၊ ရေဘက္ကာရဲ့တစ်ဘဝလုံးကို တာဝန်ယူပါတယ် . . . ဟုတ်လား''

ကျွန်ုပ်က ပြုံးလျက်ပြောရင်း သူမ၏ပခုံးစွန်းလေးကို လက်ယာလက်ဖြင့် ဖက်ကာ ကျွန်ုပ်ဘက်သို့ ဆွဲယူလိုက်သည်။

သူမက ရှက်မျက်နှာလေးဖြင့် ကျွန်ုပ်၏ရင်ခွင်ဝယ် မှီလိုက်ရှာ၏။ ဆာဝါက အားရပါးရရယ်ပြီး လက်ခုပ်တီးကာ ဝမ်းပန်းတသာ အော်လိုက်ပါတော့သည်။

''ဝမ်းစမိုး''

''ဝမ်းစမိုး''



www.burmeseclassic.com

www.burmeseclassic.com



''ဝမ်းစမိုး''

ထို့နောက် ကျွန်ုပ်တို့သည် ရေဘက္ကာအား နှုတ်ဆက်ကာ သူမအပ်နှံသည့် သေတ္တာနက်ကလေးကိုယူပြီး ကျွန်ုပ်တို့၏ ရွက်ဖျင်တဲဆီ ပြန်လာခဲ့ကြလေသည်။

ရွက်ဖျင်တဲထဲဝင်ပြီး တဲတံခါးကိုဆွဲစေ့ကာ အိပ်ရာများ ပေါ် မလှဲမီ ကျွန်ုပ်က ရတနာသေတ္တာလေးကို ကျွန်ုပ်၏ကျောပိုး အိတ်ထဲ သေချာစွာထည့်လိုက်ပြီးနောက် ခေါင်းအုံးလိုက်တော့၏။

ဆာဝါက အိပ်ရာပေါ်လဲလျောင်းရင်းမှ ပြုံးလျက် ကျွန်ုပ် ကို အင်္ဂလိပ်လို လှမ်းပြောလိုက်သည်။

''အစ်ကိုစိုးရေ ခင်ဗျားတော့ မသေဆေးပင်သွားရှာတာ ဆေးပင်တော့မရခဲ့ဘူး၊ ရတနာသေတ္တာနဲ့ မိန်းမတစ်ယောက် တော့ ရခဲ့ရတယ်ပေါ့ ဟုတ်လား''

''ဒါပေါ့ကွာ ... အသက်စွန့်ကြိုးပမ်းခဲ့ရကျိုးတော့ နပ်ပါတယ်ကွာ၊ ဒီ ငါ့ရဲ့ကျောပိုးအိတ်ထဲက ရေဘက္ကာရဲ့ ရတနာ ထည်တွေဟာ တန်ဖိုးအတော်များမယ်ကွ၊ လေးငါးသိန်းဖိုး လောက် ရှိလိမ့်မယ် ဆာဝါရဲ့''

''ရှိနိုင်တာပေါ့ဗျာ၊ ဒါကြောင့် အစ်ကိုစိုးတစ်ယောက် မသေဆေးပင်ထက် လက်တွေ့ကျပြီး အကျိုးပြုမယ့် နှင်းကောရီ

ခု နှစ် စဉ် ကြယ် စာ ပေ



သူဌေးမလေးကို ရခဲ့ပြီလို့ ပြောရတာပေါ့ ... ဟဲ ဟဲ ဟဲ''

''ထားပါတော့ကွာ ... ထားပါတော့၊ ကဲ ... အိပ်ကြစို့ သူငယ်ချင်း''

ကျွန်ုပ်က ထိုင်ရာမှထကာ စတွန်းကင်းမီးအိမ်၏မီးစာ ကို လျှော့လိုက်စဉ် ကျွန်ုပ်တို့၏ ရွက်ဖျင်တဲနားမှ တစ်စုံတစ်ဦး အဝေးသို့ ထွက်ပြေးသွားသည့် ခြေသံကိုကြားလိုက်ရ၏။

ထို့နောက်မှာမူ ကျွန်ုပ်တို့မှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ် မောကျသွားကြပါတော့သတည်း။

❋

နောက်တစ်နေ့နံနက် နေထွက်လာချိန်မှာပင် ကျွန်ုပ်တို့ သည် ရွက်ဖျင်တဲများကို သိမ်းကာ ရေခဲတောင်တန်းဒေသအား ဖြတ်ကျော်လျက် ခရီးပြင်းနှင်ခဲ့ကြတော့၏။

ဆီးနှင်းဖွေးဖွေးတို့ကိုနင်းလျက် အပြန်ခရီးနှင်ခဲ့ကြရာ ဝယ် လူတန်း၏ရှေ့ဆုံးမှ လမ်းပြကြီးဘန်ဒုံးက ဦးဆောင်လျက် လေရာ –

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှကျွန်ုပ်က ရေဘက္ကာကို လက်တွဲလျက် ဆီးမြုပ်များထဲ တစွပ်စွပ်နင်းကာ လိုက်ပါခဲ့ပြီး ကျွန်ုပ်တို့၏နောက်တွင် အထမ်းသမားနှစ်ဦးက ထမ်းပိုးဖြင့် သေတ္တာကြီးအား ဦးပဲ့ထမ်းလျက် လိုက်ပါလာကြလေသည်။

လူတန်း၏နောက်ဆုံးမှ ဆာဝါသည်မူ ပစ္စတိုကို ခါးမှာချိတ်လျက် အမဲပစ်သေနတ်ပြောင်းရှည်ကို အသင့်ကိုင်ကာ ဝန်းကျင်ကို သတိထားရင်း လိုက်ပါလာခဲ့လေသည်။

ငါးနာရီလုံးလုံး ဆီးနှင်းတောထဲ ဖြတ်သန်းခဲ့ကြပြီးနောက် စမ်းချောင်းလေးတစ်ခုအနီးသို့ရောက်သည်တွင် ကျွန်ုပ်တို့သည် နံနက်စာစားရန် ခေတ္တစခန်းချရပ်နားလိုက်ကြတော့၏။

ကျွန်ုပ်၊ ရေဘက္ကာနှင့် ဆာဝါတို့ စမ်းချောင်းလေးနံဘေးကျောက်တုံးတို့ပေါ်တွင် ထိုင်နားနေကြစဉ် လမ်းပြကြီးဘန်ဒုံးနှင့် အထမ်းသမားတို့က ထမင်းချက်ရန် ထင်းခြောက်များကောက်ပြီး မီးမွေးလျက်ရှိကြစဉ် –

ဆီးနှင်းဖုံးကျောက်တောင်ငယ်နှစ်လုံးကြားမှ လူသုံးဦး ရုတ်တရက် ထွက်လာပြီး လက်ထဲမှ ပစ္စတိုသေနတ်များဖြင့် ကျွန်ုပ်တို့ကို ထိုးချိန်လိုက်ကြတော့၏။

"မလှုပ်နဲ့ . . . နည်းနည်းမှ မလှုပ်နဲ့"





ကျွန်ုပ်က ထိုင်ရာမှ ထရပ်လိုက်ပြီး အမိန့်ပေးလာသည့် အရပ်မြင့်မြင့်နှင့်လူကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ထိုသူသုံးဦးစလုံးမှာ ဘောင်းဘီရှည်ပွပွများဝတ်ကာ သားရေလည်ရှည်ဖိနပ်တို့ စီးထားကြပြီး သိုးမွေးကုတ်အင်္ကျီရှည်ကြီးတို့ဝတ်လျက် သက္ကလတ်ဦးထုပ်ဆောင်းထားကြ၏။ ထူးခြားသည်က သူတို့သုံးဦးစလုံး၏မျက်နှာတွင် နှာခေါင်းအောက်ပိုင်း၌ ပဝါနက်များစည်းထားကြခြင်းပင် ဖြစ်သည်။

သူတို့က သက္ကလပ်ဦးထုပ်တို့ကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆောင်းထားပြီး မျက်နှာအောက်ပိုင်းကိုလည်း ပဝါတို့စည်းထားသဖြင့် သူတို့၏ရုပ်အဆင်းကို မှန်းရခက်စေသည်။ သို့သော် ကျွန်ုပ်ကမူ အရပ်ရှည်ရှည်နှင့် ခေါင်းဆောင်ဖြစ်ဟန်တူသူကို ကောင်းစွာမှတ်မိနေပါ၏။

"ချန္ဒရာဒပ် . . . ဒါဟာ ဘာသဘောလဲကွ"

ချန္ဒရာဒပ်မှာ ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားပြီးနောက် ကျွန်ုပ်ကို အတန်ကြာ စားတော့ဝါးတော့မလို စူးစူးရဲရဲကြည့်လိုက်ပြီးမှ သူ၏မျက်နှာမှ ပဝါကို ဆတ်ခနဲ ဆောင့်ကြီးအောင့်ပြီး ဆွဲဖြုတ်လိုက်၏။

"ဩော် . . . မင်းက ငါမှန်းသိနေပါလားကွ . . . ဟင်



www.burmeseclassic.com

ရန်နိုင်စိုး''

''အေး ...မင်း ဘယ်လိုပဲရုပ်ဖျက်ဖုံးကွယ်ထားထား မင်းရဲ့အသံကို ဘယ်လိုပဲဖျက်ထားထား၊ မင်းရဲ့လှုပ်ရှားမှုအားလုံးကို ငါက သိထားပြီးပြီကွ ...သိရဲ့လား၊ မင်းဟာ ဒါရာဒွန်းမြို့က ဘော်ဒါဆောင်အိမ်မှာတုန်းကလည်း ငါနဲ့ဆာဝါတို့ စကားပြောတိုင်ပင်နေကြတာကို ချောင်းနားထောင်ခဲ့တယ်၊ ပြီးတော့ ဒီရေခဲတောင်တန်းတွေဆီ ငါတို့ ခရီးထွက်လာတော့လည်း နောက်ကနေ တိတ်တိတ်လိုက်ခဲ့တယ်၊ စခန်းချနားတဲ့ တစ်ညမှာ မင်းဟာ ငါတို့ရဲ့ရွက်ဖျင်တဲနားကပ်ပြီး ငါနဲ့ဆာဝါပြောသမျှကို ခိုးပြီး နားထောင်ခဲ့တယ်၊ မနေ့ညကလည်း ငါနဲ့ဆာဝါတို့ရဲ့ ရွက်ဖျင်တဲနားကပ်ပြီး ပြောဆိုသမျှကို ချောင်းနားထောင်ခဲ့တယ် မဟုတ်လားကွ ...ဟေ၊ ငါတို့ရဲ့စခန်းချထားရာကို မင်း နေ့တိုင်း မှန်ပြောင်းနဲ့ ချောင်းချောင်းကြည့်နေတာကိုလည်း ငါတို့ မသိဘူးမမှတ်နဲ့ ချန္ဒရာဒဗ်''

''ဩော် ...မင်းက တော်တော်ကို သိနေပါလားကွယ်၊ ရန်နိုင်စိုး ...မင်းဟာ ငါထင်ထားတာထက် ပိုလည်နေပါလား''

''ငါက လည်ပေမယ့် မင်းလို မယုတ်မာ,မကောက်ကျစ်ဘူး၊ ဆိုပါဦး ...မင်းက ဘာသဘောနဲ့ ခုလိုတွေ လုပ်ရတာလဲ''





''ရှင်းရှင်းပြောရရင် ငါ အဆောင်ဆီ ပြန်လာလည်တုန်း မင်းနဲ့ဆာဝါတို့ ဒါရာဒွန်းမြို့မှာတုန်းက တီးတိုးပြောဆိုဆွေးနွေးနေကြတာတွေကိုကြားပြီး မင်းတို့ရှာဖွေမယ့် မသေဆေးပင်ကို လိုချင်လို့ မင်းတို့ရဲ့နောက် တိတ်တိတ်လေး လိုက်လာခဲ့တာပဲကွ၊ ငါလည်း မင်းတို့လို ကမ္ဘာကျော် ရုက္ခဗေဒပညာရှင်ဖြစ်ချင်တာပဲကွ၊ မင်းတို့ပြောတဲ့ မသေဆေးပင်ကိုသာ ရရင် ငါဟာ ကမ္ဘာကျော်ပါမောက္ခကြီး ဖြစ်လာမယ့်အပြင် သုံးမကုန် ဖြုန်းမကုန်အောင်လည်း ချမ်းသာကြွယ်ဝလာမှာကွ၊ ဒီကမ္ဘာပေါ်မှာ အရွယ်တင်နုပျိုချင်သူတွေ, အသက်ရှည်ချင်သူတွေ အများကြီးပဲကွ၊ သူတို့ဆီက ငွေကြေးစည်းစိမ်တွေကို ငါ ကောင်းကောင်းကြီး ချူစားနိုင်မှာလေကွာ၊ မပိုင်လား ...ဟား ဟား ဟား၊ ဒါကြောင့် မင်းတို့ ခက်ခက်ခဲခဲရှာဖွေလာမယ့် မသေဆေးပင်ကို စောင့်ယူဖို့ မင်းတို့စခန်းချထားရာနဲ့ မနီးမဝေးမှာ ငါက စခန်းချပြီး မင်းတို့ပြန်အလာကို စောင့်ကြည့်နေခဲ့တာပဲကွ''

''အေး ...မနေ့ညကတော့ မင်းနဲ့ဆာဝါတို့ ပြောဆိုနေကြတာကို ငါ ချောင်းနားထောင်လို့ မသေဆေးပင် မရခဲ့တာ သိခဲ့ရပြီးပြီ''

''ဒီတော့ မင်းတို့ဟာ မသေဆေးပင်ကိုမရခဲ့တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ဒါပေမဲ့ မင်းတို့နဲ့အတူ ရတနာသေတ္တာရခဲ့တာကို သိခဲ့ရတယ်၊ ဒါကြောင့် ခုလိုလုပ်ရတာပဲ၊ မင်းတို့ရလာတဲ့ ရတနာသေတ္တာကို ပေးပေတော့''

''ဟား ဟား ဟား ... ချန္ဒရာဒပ် ... မင်းဟာ ရက္ခဗေဒပညာရှင်ဘဝကနေ ဓားပြဘဝရောက်နေရပါလားကွ ... ဟေ ... ကျလည်း ကျတဲ့ကောင်ပဲကွာ ... ဟား ဟား ဟား''

ဤတွင် ချန္ဒရာဒပ်က နှုတ်ခမ်းကိုမဲ့ရွဲ့လိုက်ပြီး ထွီခနဲ တံတွေးတစ်ချက်ထွေးလိုက်၏။

''ထွီ ... ဟောကောင်ရန်နိုင်စိုး ... မင်းကြားဖူးတယ် မဟုတ်လား၊ ငါးမရရင် ရေချိုးပြန်ရမယ်ဆိုတာလေ၊ အေး ... ငါဟာလည်း ရက္ခဗေဒပညာရှင်အဖြစ် မသေဆေးပင်ကို မရမှတော့ ချမ်းသာကြွယ်ဝစေဖို့ ရတနာသေတ္တာကို လုယူရမယ့် ဓားပြဘဝရောက်ခဲ့ရတာပေါ့ကွာ၊ အေး ... ဘာပဲဖြစ်ဖြစ် ခုအချိန်မှာတော့ ငါလိုချင်တာ မင်းတို့ရဲ့လက်ထဲက ရတနာသေတ္တာပဲကွ၊ ကဲ ... ပေး ပေးစမ်း၊ ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်ရင်တော့ အားလုံး သေဖို့သာပြင်ပေတော့''

သူက ကျွန်ုပ်၏နဖူးတည့်တည့်ကို ပစ္စတိုသေနတ်ဖြင့် ထောက်ကာ ခက်ထန်စွာတောင်းဆိုတော့၏။





''အေးကွာ ... ကျောင်းနေဖက်သူငယ်ချင်း အချင်းချင်း မျက်နှာမထောက်ဘဲ ဒီလိုလုချင်ယက်ချင်တယ်ဆိုရင်လည်း ရပါတယ်ကွာ''

ကျွန်ုပ်က မဲ့ပြုံးပြုံးလိုက်ပြီးလျှင် နံဘေး၌ချထားသည့် ကျောပိုးအိတ်ကို ဖစ်ဆွဲဖွင့်ကာ ရတနာသေတ္တာအနက်လေးနှင့် ရွှေသော့လေးကို ဆွဲထုတ်လိုက်၏။ ပြီးတော့ သူ့ကို လှမ်းပေးလိုက်သည်။

''ကဲ ... ရော့''

ချန္ဒရာဒပ်က ရတနာသေတ္တာကို ရမ္မက်ဇောများကြောင့် တောက်လက်နေသည့် မျက်လုံးတို့ဖြင့် စူးခနဲ ကြည့်လိုက်ပြီးနောက် ဖျတ်ခနဲ ဆွဲယူလိုက်၏။ ပြီးတော့ ရွှေသော့လေးကိုပါ ယူလိုက်သည်။ ပြီးလျှင် သူက သူ့လူတစ်ယောက်ကို လှမ်းအမိန့်ပေးလိုက်၏။

''ဟော့ အာမက်ဂီ ... သူ့ကို သေနတ်နဲ့သေချာချိန်ထားစမ်း၊ လှုပ်တာနဲ့ သူ့ခေါင်းကိုပစ်ခွဲလိုက် ကြားလား''

''ဟုတ်ကဲ့ပါ ဘရားဆပ်''

ရာဇဝင်လူဆိုးတစ်ဦးဟုသိထားရသည့် အာမက်ဂီဆိုသူ ဂင်တိုတိုနှင့်လူက ကျွန်ုပ်၏နံဘေးတွင်ရပ်ကာ ကျွန်ုပ်၏နားထင်



www.burmeseclassic.com

www.burmeseclassic.com



ကို သေနတ်ပြောင်းဖြင့် တေ့ထောက်ထားလိုက်တော့၏။

ချန္ဒရာဒဗ်က ရွှေသော့ခလောက်ကို ရွှေသော့လေးဖြင့် လှည့်ဖွင့်လိုက်ပြီးနောက် ရတနာသေတ္တာနက်ကလေး၏အဖုံးကို အလျင်စလို ဖွင့်လိုက်တော့သည်။

သေတ္တာနက်ကလေး၏အဖုံး ပွင့်သွားသည်နှင့် သေတ္တာထဲမှ ရေခဲပင့်ကူကျားတစ်ကောင်သည် ချန္ဒရာဒဗ်၏မျက်နှာကို ခုန်ဟပ်လိုက်တော့၏။

''အား''

လွန်စွာအဆိပ်ပြင်းသည့် ရေခဲပင့်ကူကျားက ချန္ဒရာဒဗ်၏ နှာခေါင်းချွန်ချွန်ကောက်ကောက်ကြီးကို မလွှတ်တမ်းခဲထားရာ အဆိပ်က ငယ်ထိပ်အထိ ပေါက်ထွက်မတတ် ပြင်းထန်လှသဖြင့် ချန္ဒရာဒဗ်မှာ သွေးရူးသွေးတန်းဖြစ်ကာ သူ၏မျက်နှာမှ ရေခဲပင့်ကူကျားကြီးကို လက်နှစ်ဖက်ဖြင့် အတင်းဆွဲခွာတော့၏။ ဆွဲခွာလေ ရေခဲပင့်ကူက ခဲလေဖြစ်နေတော့၏။

''အား အား''

ရုတ်တရက် မထင်မှတ်ဘဲ တွေ့လိုက်ကြရသည့် ချန္ဒရာဒဗ်၏အဖြစ်ဆိုးကြောင့် သူ့လူနှစ်ယောက်ရော ရေဘက္ကာတို့အားလုံးပါ မင်တက်မိလျက် ကြောင်ကြည့်နေကြစဉ် ကျွန်ုပ်က





လက်ထဲမှ ကျောပိုးအိတ်ဖြင့် အာမက်ဂီ၏ သေနတ်ကိုင်လက်ကို ပင့်ရိုက်ထည့်လိုက်တော့သည်။

'ဖောင်း'

အာမက်ဂီ၏လက်ထဲမှပစ္စတိုသေနတ်မှာ လွင့်ထွက်သွားပြီး လူကလည်း ယိုင်သွားစဉ် ကျွန်ုပ်က သူ၏နံကြားကို ခြေစောင်းဖြင့် ခတ်ထည့်လိုက်လေသည်။

'ဖောင်း'

'အု'

သူ့ခန္ဓာကိုယ်ကြီး ရှေ့သို့ကိုင်းကျလာစဉ် သူ၏မေးရိုးကို ညာပင့်လက်သီးဖြင့် ကော်ထည့်လိုက်ရာ –

'ဒေါက်'

မာကျောသည့်အရိုးနှစ်ခု ထိခတ်သံထွက်ပေါ်လာပြီးနောက် အာမက်ဂီမှာ ဆီးနှင်းဖုံးကျောက်တုံးကျောက်ခဲတို့အပေါ် မှောက်လျက်ကြီး လဲကျသွားပါတော့၏။ ထိုစဉ် ဆာဝါကလည်း သူတို့ကို သေနတ်ဖြင့်ချိန်ထားသည့် လူဆိုး၏ သေနတ်ကိုင်လက်ကို ကွန်ဖူးကန်ချက်ဖြင့် ခုန်ကန်ထည့်လိုက်ပြီးနောက် –

'ဖောင်း'

ထိုသူ၏သေနတ် လွင့်ထွက်သွားသည်နှင့် ထိုသူ၏



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်အား ဘယ်ညာလက်သီးများပစ်သွင်းတော့၏။

ချက်ချင်းဆိုသလိုပင် ထိုလူဆိုးမှာ ဗိုက်ကိုနှိပ်ကာ ဆီးနှင်းလွှမ်းကျောက်ကြမ်းပြင်ပေါ် ခွေလဲကျသွားပါတော့၏။

ထို့နောက်မှာမူ ကျွန်ုပ်နှင့်ဆာဝါတို့က ချန္ဒရာဒပ်တို့၏ လက်နက်အားလုံးကို သိမ်းယူလိုက်ကြတော့၏။

ချန္ဒရာဒပ်မှာ ရေခဲပင့်ကူကို ခွာ၍ရသွားပြီး ယင်းပင့်ကူကို စမ်းချောင်းဘက်ဆီ ပစ်ပေါက်ထည့်လိုက်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်လျက် အဆိပ်တက်နေသောကြောင့် တဟင်းဟင်း ညည်းညူလျက်ရှိလေသည်။

"ကဲ ချန္ဒရာဒပ် . . . မင်း ဒီလိုလုပ်လာမယ်ဆိုတာသိလို့ ရတနာသေတ္တာထဲက ရတနာတွေကိုဖယ်ပြီး ရေခဲပင့်ကူကျားကို ငါ ထည့်ထားခဲ့တာကွ၊ မင်းကို အဲဒီရတနာတွေပေးလိုက်လို့ မဖြစ်ဘူး။ အဲဒီရတနာတွေဟာ ကောင်းမှုကုသိုလ်ပြုရာမှာ သုံးဖို့ကွ၊ ပြီးရင် ငါ့ချစ်သူလေးရဲ့ဘဝရှေ့ရေးအတွက် သုံးဖို့ကွ၊ မင်းလို အချောင်သမားကိုပေးဖို့ မဟုတ်ဘူး . . . သိရဲ့လား"

ထို့နောက် ကျွန်ုပ်က ကျွန်ုပ်၏လူများအား ချက်ပြုတ်ထားသမျှကို ယူဆောင်ကာ စခန်းပြောင်းကြဖို့ ပြောလိုက်ရလေသည်။





"ကဲ ချန္ဒရာဒပ် . . . မင်းတို့ ဒီမှာ နေရစ်ပေတော့၊ ငါတို့ကို ထပ်ပြီးဒုက္ခပေးဖို့လည်း မကြံနဲ့တော့ . . . ဟုတ်လား၊ မင်းတို့ရဲ့အသက်ကို ရှာကြံမွေးရင်း နေရစ်ကြပေတော့"

ယင်းနောက် ကျွန်ုပ်တို့သည် ထိုနေရာမှ ထွက်ခွာခဲ့ကြပါတော့၏။ ဆာဝါက ကျွန်ုပ်၏အနားကပ်ကာ ချီးကျူးစကားဆိုသည်။

"တော်ပါသေးရဲ့ဗျာ၊ အစ်ကိုစိုးက ဒီအယုတ်တမာကောင်ရဲ့ရန်ကို ကြိုတွေးပြီး ကြိုတင်စီစဉ်ထားနိုင်လို့၊ နို့မို့ဆို အဲဒီကောင်တွေက ပစ္စည်းယူရုံမကဘူး လူတွေကိုပါ သတ်မှာဗျ၊ တော်ပါသေးရဲ့"

"အဲဒီလို အဖြစ်မခံနိုင်ဘူးလေကွ၊ ငါ့မှာ ရောဘက္ကာကို ဘေးမသီရန်မခအောင် စောင့်ရှောက်ပေးဖို့တာဝန်ရှိတယ်လေ၊ ပြီးတော့ သူ့ရဲ့ ရတနာတွေကိုလည်း ထုခွဲပြီး သူ့အမေရဲ့ဆန္ဒအတိုင်း သူ့အမေရဲ့အရိုးပြာတွေကို အခြေပြုလို့ အရိုးအိုးစေတီလေး တည်ပေးရဦးမယ်၊ ပြီးတော့ ရောဘက္ကာရဲ့ဘဝ တင့်တင့်တယ်တယ်လေး ဖြစ်စေဖို့ ဆောင်ရွက်ပေးရဦးမယ်လေ"

"ဟုတ်ပါတယ်ဗျာ . . . ဟုတ်ပါတယ်"

ဤတွင် ရောဘက္ကာက ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်လိုက်ပြီး -

"ရေဘက္ကာရဲ့ဘဝကို စိုး သေသေချာချာ စောင့်ရှောက်နိုင်မယ်ဆိုတာ သေချာသွားပြီ၊ စိုးရဲ့ထက်မြက်မှုနဲ့ ရဲစွမ်းသတ္တိရှိမှုကို ရေဘက္ကာ ချီးကျူးပါတယ်ရှင်"

ဟု ပြုံးလျက် ပြောလာလေသည်။

"ဟင့်အင်း ... ရေဘက္ကာ၊ အဲဒီလောက်နဲ့ မချီးကျူးနဲ့ဦးလေ"

"ဟင် ... ဘယ်တော့မှ ချီးကျူးရမှာလဲရှင့်"

"ရေဘက္ကာအတွက် လင်ယောကျ်ားကောင်းပီသတယ်ဆိုတာ သေချာမှ ချီးကျူးတော့"

"အို ကြည့်စမ်း ... သူ ဘာတွေပြောနေမှန်း မသိဘူး"

ရေဘက္ကာက ရှက်ရမ်းလေးရမ်းပြီး ကျွန်ုပ်၏ရင်ဘတ်အား လက်သီးဆုပ်လေးများဖြင့် ထုနေစဉ် ဆာဝါက တဟားဟား အော်ရယ်ကာ လက်ခုပ်လက်ဝါးတီးလိုက်တော့၏။

"ဝေး ... ဝမ်းစမိုး ဝမ်းစမိုး"

"ဟား ဟား ဟား"

"ဖြောင်း ဖြောင်း ဖြောင်း"

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ


BURMESE CLASSIC .com

# စိတြအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဒ္ဒနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ မီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေဟောက်
၇။ အင်းဘီလူး
၈။ သဝင်မြိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာဒိမ်ကြီး ရှေ့ကဆီး
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒယကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇူရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလား

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com